# တရိစ္ဆမြင်ဝဲ

**မေတ္တာရှင်** [ရွှေပြည်သာ]



ပိုကောင်းဖို့
စာရိတ္တ ကောင်းဖို့ဆိုတာ
ထောင်ချ ဒဏ်ခတ်ပြီး
ပြုပြင်တာထက်၊
စာရိတ္တကောင်းတဲ့သူကို
ဂုဏ်ပြု ဆုပေးလိုက်ခြင်းက
ပိုကောင်းပါတယ်။
ရောဂါဆိုတာ
ဖြစ်ပြီးမှ ကုသတာထက်
မဖြစ်ခင်က ကြိုတင် ကာကွယ်တာ
ပိုကောင်းပါတယ်။

**မေတ္တာရှင် (ရွှေပြည်သာ)**

## စီစဉ်သူ၏ ဝန်ခံချက်

ဤစာအုပ်သည် အနိုင်းမဲ့ဗုဒ္ဓ၏ ဓမ္မရတနာများနှင့် ပညာရှိသူတော်ကောင်းများ ရေးသား ပြုစုသော စာအုပ်အမျိုးမျိုးတို့မှ မှတ်သားဖွယ်ရာ အဆုံးအမ ဩဝါဒများကို ကိုးကားပြီး လူမျိုးဘာသာမရွေး သိစေလိုသည်များကို စေတနာရှေ့ထား၍ ဖြေကြားခြင်းသာ ဖြစ်ပါသည်။

ပုထုဇဉ်မှန်သမျှ အမှားမကင်းနိုင်ကြသည့် သဘောရှိကြသည်ဖြစ်ရာ ဤစာစုတွင် မှားယွင်းနေသည်များ လစ်ဟာ လိုအပ်နေသည်များ တွေ့ရှိပါက ရဟန်းရှင်လူ မည်သူမဆို ထောက်ပြဝေဖန် အကြံဉာဏ် ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

## မျက်နှာဖုံး သရုပ်ဖော်ပုံ၏ ရည်ရွယ်ချက်

မည်သည့် ပြိုင်ပွဲ အမျိုးအစားပင်ဖြစ်စေ၊ ပြိုင်ပွဲတစ်ခု ကျင်းပသည်နှင့် ထိုပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သူများ၏ အနိုင်အရှုံးကို ဆုံးဖြတ် သတ်မှတ်ရန် စည်းကမ်းနည်းလမ်းများ၊ ခေတ်မီ ကိရိယာ များ ထားရှိကြပါသည်။ ဥပမာ -

ဘောလုံးပွဲဆိုလျှင် နှစ်ဘက်ယှဉ်ပြိုင်ကစားကြသော အသင်းများ၏ ရရှိသော သွင်းဂိုးအရေအတွက်ကို ကြည့်၍ လည်းကောင်း၊ ကြက်တောင်ရိုက်၊ ဘော်လီဘော စသည့် အားကစားများတွင် ပါဝင်ယှဉ်ပြိုင် ကစားကြသည့် သူများ ရရှိသည့် အမှတ်များကို ကြည့်၍ လည်းကောင်း၊ အနိုင်အရှုံး ဆုံးဖြတ်ကြပါသည်။

မည်သည့် ကစားနည်းများမှာမဆို အနိုင်အရှုံး ရှိကြမြဲဖြစ်ပါသည်။ ဤသို့ ယှဉ်ပြိုင်ကြရာတွင် အနိုင်ရသူအတွက် ဂုဏ်ယူဝင့်ကြွားစရာ၊ ပြုံးမော်စရာ ဖြစ်သော်လည်း ရှုံးနိမ့်သူအတွက် မျက်နှာငယ်ရသည်မှာ ဓမ္မတာဖြစ်ပါသည်။ အားကစား ပြိုင်ပွဲများတွင် ဝင်ရောက် ယှဉ်ပြိုင်ရာတွင် ရှုံးနိမ့်ခဲ့ပါက အပါယ်ငရဲ မကျနိုင်ပါ။ သို့သော် စာရိတ္တပြိုင်ပွဲတွင် ရှုံးနိမ့်ခဲ့ပါမူ၊ အပါယ်ငရဲ ကျမည်မှာ သေချာလှပါသည်။

အဘယ်ကြောင့် ဆိုသော် - ယနေ့ကျင်းပလျက် ရှိသော ပြည်တွင်း ပြည်ပ အားကစားပြိုင်ပွဲများနှင့် နိုင်ငံတကာတွင် ကျင်းပလျက်ရှိသော အားကစား ပြိုင်ပွဲများတွင် သတ်မှတ်ထားသော စည်းမျဉ်းစည်း ကမ်းနည်းဥပဒေများနှင့် စာရိတ္တပြိုင်ပွဲတွင် ပြဋ္ဌာန်းချမှတ်ထားသော စည်းမျဉ်းဥပဒေများသည် အနေ

အထားခြင်း မတူပါ။ အားကစား ပြိုင်ပွဲများတွင် သတ်မှတ်ထားသော စည်းမျဉ်း စည်းကမ်းများကို ဖောက်ဖျက်လျှင် ပြိုင်ပွဲမှ ထုတ်ပယ်ခံရရုံသာ ရှိမည်ဖြစ်ပြီး၊ အပါယ်မကျနိုင်ပါ စာရိတ္တပြိုင်ပွဲတွင် ညွှန်ကြားပြဋ္ဌာန်းထားသော စည်းမျဉ်း စည်းကမ်းများကို ဖောက်ဖျက် ကျူးလွန်ပါက၊ ပစ္စုပ္ပန်တွင် ပညာရှိ သူတော်ကောင်းများ၏ ကဲ့ရဲ့ခြင်းခံရမည် သာမက သံသရာတွင်ပါ အပါယ်လား ရတတ်ပါသည်။

အားကစားပြိုင်ပွဲများနှင့် စရိတ္တပြိုင်ပွဲသည် ပြိုင်ပွဲချင်းတူပါလျက် ပြိုင်ပွဲစည်းကမ်း မတူညီဘဲ စာရိတ္တပြိုင်ပွဲ၏ စည်းကမ်းများသည် ပိုမို တင်းကျပ်ပြီး အဆင့်အတန်းလည်း ပိုမြင့်ပါသည်။ ထို့ကြောင့် စာရိတ္တပြိုင်ပွဲတွင် ပန်းဝင် အနိုင်ရလိုသူတိုင်း ထိုစည်းကမ်းများကို အလေးထားပြီး တိကျစွာ လိုက်နာရန် လိုအပ်ပါသည်။ စာရိတ္တပြိုင်ပွဲ၏ စည်းမျဉ်း စည်းကမ်းများကို ရှုပ်ထွေး များပြားခြင်း မရှိပါ။ ကိုယ်ကျင့် သိက္ခာ ကောင်းမွန်မှုအတွက် ငါးပါးသီလ စောင့်ထိန်းခြင်း စည်းကမ်းပင် ဖြစ်ပါသည်။

ဤသည်ကို ရည်ရွယ်ပြီး စာအုပ်၏ နောက်ကျောဖုံးတွင် ပစ်မှတ် တစ်ခုပုံကို သရုပ်ဖော်ပြီး ထိုပစ်မှတ်ပေါ်တွင် ငါးပါးသီလကို ရေးသားထားပါသည်။ ယနေ့ကမ္ဘာပေါ်ရှိ အင်အားကြီး နိုင်ငံများသည် လက်နက်ဆန်းမျိုးစုံကို အကောင်းဆုံး တီထွင်နေကြသည် မှန်သော်လည်း ထိုလက်နက်ဆန်းများသည် ငါးပါးသီလ စောင့်ထိန်းခြင်းတည်းဟူ သောပစ်မှတ်ကိုပစ်ရန် မဟုတ်ဘဲ မိမိနှင့် မသင့်မြတ်သော တိုင်းပြည် နိုင်ငံများကို ပစ်ခတ်ရန် ရည်ရွယ်ပြီး တီထွင် ထုတ်လုပ်ထား သည်ဖြစ်ရာ ကုန်ကျစရိတ် မည်မျှများပြားပြီး တန်ဖိုးကြီးမားသည် ဖြစ်စေ မိမိလိုရာ ပစ်မှတ်ကို ထိရောက်အောင် ပစ်ခတ်နိုင်စေကာမူ အပါယ်ကျမည့် လုပ်ရပ်များသာ ဖြစ်သဖြင့် နိုင်သော် လည်းရှုံးပါသည်။ ကိုယ်ကျင့်

သီလကို စောင့်ထိန်းပြီး ငါးပါးသီလတည်းဟူသော ပစ်မှတ်ကို ထိအောင် ပစ်နိုင်သူသာ စာရိတ္တပြိုင်ပွဲတွင် အမှန်တကယ် အောင်နိုင်သူဖြစ်ပါသည်။

ယနေ့ ကျွန်တော်တို့နိုင်ငံသည် နိုင်ငံတကာ အားကစားပြိုင်ပွဲ များတွင် ဝင်ရောက် ယှဉ်ပြိုင်လျက်ရှိရာ ထိုက်သင့်သလောက် ဆုများ ရရှိသော်လည်း ရွှေတံဆိပ်ဆုကို အကြိမ်ကြိမ် မရရှိသဖြင့် ကျွန်တော့ အနေနှင့် ဝမ်းနည်းဖြစ်မိပါသည်။ ရွှေတံဆိပ်အကြိမ်ကြိမ် ရရှိပြီး ဝမ်းသာမှုကို ခံစား လိုပါသော်လည်း ရွှေတံဆိပ် အကြိမ်ကြိမ် ရပြန်ပါလျက် ကျွန်တော့အနေနှင့် ဝမ်းသာကြည်နူးမှု မဖြစ်သည့်အပြင် ဝမ်းနည်းကြေကွဲပြီး ဗုဒ္ဓဘာသာဝင် တစ်ယောက် အနေနှင့် ရှက်မိသည့် အဖြစ်တစ်ခု ရှိပါသည်။ ၎င်းကား အခြားမဟုတ်။

ထေရဝါဒ ဗုဒ္ဓဘာသာထွန်းကားသော မြန်မာနိုင်ငံတွင် ဗုဒ္ဓဟောကြား သော ငါးပါးသီလကို ဗုဒ္ဓဘာသာဝင်တိုင်း လိုက်နာစောင့်ထိန်းရမည့်အစား ငါးပါးသီလတွင် တစ်ပါးအပါအဝင် ဖြစ်သော "သုရာမေရယ" ကံကို မျက်ကွယ်ပြုပြီး တစ်ဘဝစာ ချမ်းသာရေးကိုသာ ရှေးရှုကြသည့် ဝိသမ လောဘသား စီးပွားရေးသမား လုပ်ငန်းရှင်ကြီးများက အရက်သေစာ မျိုးစုံကို တံဆိပ် အမည်မျိုးစုံဖြင့် ထုတ်လုပ် ရောင်းချနေပြီး နိုင်ငံတကာ အရက်သေစာ ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင် ခဲ့ရာ မြန်မာနိုင်ငံမှ ထုတ်လုပ်သော မြန်မာ ဘီယာသည် အကောင်းဆုံးနံပါတ် (၁) အဖြစ် ရွှေတံဆိပ်ဆု အကြိမ်ကြိမ် ရရှိခဲ့လေသည်။ ထုတ်လုပ်သူများ အနေနှင့် ဝမ်းသာဂုဏ်ယူစရာဟု မှတ်ယူမည် ဖြစ်သော်လည်း ဗုဒ္ဓဘာသာဝင် တစ်ယောက်အနေနှင့် ဝမ်းနည်းစိတ်မကောင်း ဖြစ်ရပါသည်။

ကမ္ဘာပေါ်တွင် ရှိရှိသမျှ ဘီယာများတွင် မြန်မာဘီယာသည် အကောင်းဆုံး ဘီယာအဖြစ် နံပါတ် (၁) စွဲနေသော်လည်း စာရိတ္တပစ်မှတ် နှင့် ဆန့်ကျင်နေပါသည်။ ယနေ့ ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးတွင် မည်သည့်တိုင်းပြည်၊ မည်သည့် နိုင်ငံသားများသည် အကျင့် စာရိတ္တ အကောင်းဆုံးဆိုသည်ကို ယှဉ်ပြိုင်ရမည့် အချိန်အခါ ကို ရောက်ရှိသင့်ပါပြီ။ မည်သည့် အားကစားပြိုင်ပွဲတွင် ရှုံးနိမ့်စေကာမူ ဗုဒ္ဓဘာသာနွယ်ဝင် မြန်မာနိုင်ငံသားများအနေနှင့် စာရိတ္တ ပြိုင်ပွဲတွင် အရှုံးမရှိဘဲ နိုင်ပွဲရစေလိုပါသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင် မြန်မာနိုင်ငံသားတိုင်း အလေးထား စောင့်ထိန်းအပ်သော-

(၁) သူ့အသက် သတ်ခြင်း၊

(၂) သူတစ်ပါးပစ္စည်းဥစ္စာ ခိုးယူခြင်း၊

(၃) သူတစ်ပါး သားမယားကို ပစ်မှားခြင်း၊

(၄) လိမ်ညာပြောဆိုခြင်း၊

(၅) သေရည်သေရက် မူးယစ်ဆေးဝါးများ သုံးစွဲခြင်း၊ သည့် အချက် ငါးချက်ကို အလေးထားကြစေရန် အတွက် မြန်မာပြည်ဖြစ် လေးခွဖြင့် မှန်အောင်၊ တည့်အောင်၊ ချိန်ရွယ်ထားပုံကို သရုပ်ဖော် ထားပါသည်။

ဤရည်ရွယ်ချက်ဖြင့် မျက်နှာဖုံးပုံကို ရေးဆွဲထားသကဲ့သို့ မြန်မာ နိုင်ငံသားတိုင်း ငါးပါးသီလ စောင့်ထိန်းခြင်းဖြင့် ကိုယ်ကျင့် တရား ကောင်းမွန် လာကြစေလိုသော ဆန္ဒဖြင့် ဤ စာအုပ်ကို ထုတ်ဝေခြင်း ဖြစ်ပါသည်။

မြန်မာနိုင်ငံသား အများစု၏ အကျင့်စာရိတ္တ မည်မျှ ချွတ်ယွင်း ပျက်စီးနေသည်ကို သရော်ထားသည့် လွန်ခဲ့သော ငါးနှစ်ခန့်က ကြည့်ခဲ့ရသော အငြိမ့်ပြက်လုံးတစ်ခုကို ယနေ့တိုင် အမှတ်ရနေပါ သေးသည်။

နိုင်ငံခြားသား မိတ်ဆွေ နှစ်ဦး လေယာဉ်ပျံဖြင့် ခရီးထွက်လာစဉ် တစ်ဦးက-

"စဉ်းစားတွေးခေါ်တဲ့နေရာမှာ ငါဘယ်လောက်တော်လဲ ဆိုရင် လေယာဉ်ပျံ စီးလာတဲ့အခါ ပြတင်းပေါက်ကနေ လက်ထုတ်ကြည့်ပြီးတာနဲ့ ဘယ်နိုင်ငံ ရောက်နေပြီဆိုတာ ငါအတတ်ပြောနိုင်တယ်ကွ"

"အောင်မာ ... တယ်ဟုတ်ပါလား၊ ဘယ်လို သိတယ်ဆိုတာ ပြောပါဦး"

"လေယာဉ်ပြတင်းကနေ လက်ထုတ်ကြည့်ပြီးတာနဲ့ ငါ့လက်ငါ ပြန်နမ်း ကြည့်လို့ မဆလာနံ့ရတယ်ဆိုရင် အိန္ဒိယနိုင်ငံကို ရောက်နေ ပြီဆိုတာ သိလိုက်ပြီ။ နောက်တစ်နေရာ ရောက်လို့ လက်ထုတ်ပြီး နမ်းကြည့်လိုက်တာနဲ့ ဝက်သားနံ့ရနေပြီဆို တရုတ်ပြည်ပေါ် ရောက်နေပြီ။ နောက်တစ်ခါ တစ်နေရာ ရောက်တော့ လက်ထုတ်ကြည့်ပြီး ရေနံဆီနံ့ ရတာနဲ့ အီရတ်မြေပေါ် ရောက်နေပြီ ဆိုတာတွေကို တန်းသိတယ်။ ဒါပေမယ့် တစ်နေရာရောက်လို့ လက်ထုတ် ကြည့်ပြီး လက်ပြန် အရုတ်မှာ ဘာနံ့မှ မရတဲ့အပြင် ပတ်ထားတဲ့ နာရီတောင် ပါမလာတော့ဘူး"

"ဒါဆိုရင် ဘယ်နိုင်ငံပေါ် ရောက်နေပြီဆိုတာကို မသိတော့ဘူးပေါ့"

"သိတာပေါ့၊ မြန်မာပြည်ပေါ်ရောက်နေပြီဆိုတာ သိလိုက်ပြီ"

ဟာသတစ်ခုအနေနဲ့ ပျော်စေ၊ ပြက်စေ၊ ပြောဆိုခြင်း ဖြစ်သော်လည်း ဤပျက်လုံးသည် မြန်မာနိုင်ငံတွင် စာရိတ္တပျက်ပြား နေမှုကို မီးမောင်း ထိုးပြထားခြင်း ဟုဆိုလျှင် မမှားပါ။

ဗုဒ္ဓဘာသာဝင်တိုင်း သို့မဟုတ် မြန်မာနိုင်ငံသားတိုင်း အကျင့် သိက္ခာ ဖြူစင်သင့်၏။

အကျင့်သိက္ခာ ဖြူစင်ခြင်းမရှိလျှင် ရတနာသုံးပါးနှင့် တကွ မိမိ၏ ဆရာအပြင် မြန်မာနိုင်ငံပါ သိက္ခာ ကျသောကြောင့်တည်း။

ပစ္စည်းဥစ္စာကို လိုချင်မက်မော၍ ရလာသော ချမ်းသာသည် ယခုဘဝတွင် မျှမက သံသရာတိုင်အောင် ချမ်းသာသည်။

စာရိတ္တပြိုင်ပွဲတွင် ရွှေဆုများ ဆွတ်ခူးရရှိနိုင်ကြပါစေ။

**ညီမေတ္တာ(ရွှေပြည်သာ)**

**ဇာတ်လမ်းအစ နမ္မားက**

စာရေးသူသည် တရားပွဲပေးသောအခါ အောက်ပါ အင်္ဂါ (၄) ချက်နှင့် ပြည့်စုံသော နေရာများကို ဦးစားပေးလေ့ရှိသည်။ ထိုအင်္ဂါရပ်များမှာ-

၁။ မပေါဖူးသေးသောနေရာ ဖြစ်ခြင်း၊

၂။ ခေါင်လွန်းသော နေရာဖြစ်ခြင်း၊

၃။ ဆင်းရဲလွန်းသော နေရာဖြစ်ခြင်း၊

၄။ လူမိုက်များလွန်းသော နေရာ ဖြစ်ခြင်းတို့ဖြစ်သည်။

ထို့ကြောင့်လည်း ဓမ္မကထိက အများစု မကြွချင်သော ကောလင်း၊ ဝန်းသို၊ ထီးချိုင့်၊ ကသာ၊ နမ္မား၊ မိုးညှင်း၊ မော်လူး (မလူးရွာ) တို့သို့ မီးရထားတစ်လှည့်၊ ကားကြမ်း တစ်လှည့်ဖြင့် ခရီးဆက်ကာ ဟောပြော ပေးခဲ့သည်။

ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် ပင်လျှင် တရားဟော ကြွရာ၌ အများအားဖြင့် ခြေကျင်သာ ကြွလေ့ရှိရာ စားရေးသူတို့ သာမန် ရဟန်းတော် များသည် အဘယ့်ကြောင့် ခြေကျင်မကြွနိုင်ဘဲ ရှိရပါအံ့နည်း။ ယာဉ်အခက်အခဲ ရှိသော နေရာများတွင် ခြေကျင်ကြွသင့်ပါက ကြွရမည်သာ ဖြစ်သည်။

ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် ဘုရားဖြစ်ပြီး ချင်း၊ ဗုဒ္ဓဂါယာမှ ဗာရာဏသီပြည်၊ မိဂဒါဝုန်တောသို့ တရားဟောကြွရာ၌၊ မိုင် (၂၀၀) ကျော်ခန့် ခြေကျင် လျှောက်ခဲ့သည်သာ ဖြစ်သည်။

စီးစရာယာဉ် ရှိဖို့ဝေး၍ လမ်းကောင်းကောင်းပင် ရှိဟန်မတူပေ။ ချုံနွယ် ပိတ်ပေါင်းများကို တိုး၍ တရားနာပရိသတ်အတွက် အပင်ပန်းခံ အနစ်နာ ခံခဲ့ပေသည်။ သစ်လုံးတင်ကားများသာ သွားလေ့ ရှိသော ဖုံရှစ်လက်မခန့်ထူသည့် လမ်းပေါ်သို့ စာရေးသူတို့ကို တင်လာသော လိုက်ထရပ်ကားလေး၏ ဘီးများမှာ မြင်ပင်မမြင်ရတော့ပေ။

တစ်မြို့မှ တစ်မြို့သို့ ကူးလျှင် ဆွမ်းအဝ ဘုန်းပေးနိုင်ဖို့ မသေချာ သော်လည်း၊ နာခေါင်းစီး မပါသောကြောင့် ဖုံမှုန့်များကိုကား နာခေါင်းမှ တစ်ဆင့် တဝတပြဲ ဘုဉ်းပေးခဲ့ရပေသည်။ ထိုသို့ တရားဟောကြွရင်းမှ နမ္မားမြို့ သို့ ရောက်စဉ် ပြဿနာ ဖြစ်ရတော့သည်။

●

## အဓိကနှင့် သာမည ပြဿနာ

မြန်မာအများစုသည် အဓိကနှင့် သာမညယှဉ်လာလျှင် အဓိကကို ဦးစားမပေးဘဲ သာမညကို ဦးစားပေးတတ်ကြသည်။ ထို့ကြောင့်လည်း ကြီးပွား သင့်သလောက် မကြီးပွားဟု စားရေးသူ ယူဆသည်။ တရားပွဲကျင်းပလျှင် ပရိသတ်များ အသံ ကြည်ကြည်လင်လင် နားကြားရဖို့သည် အဓိကဖြစ်သည်။ နေရာအပြင် အဆင် အလှအပ၊ အခမ်းအနားသည် သာမညဖြစ်သည်။

နမ္မားမြို့သို့ ရောက်သောအခါ ကျောင်းအပေါ်ထပ်တွင် လှလှပပ ခမ်းခမ်းနားနား ပြင်ဆင်ထားသည်ကို တွေ့ရသည်။ သို့သော် အနံပေ ၃၀′ x အလျား ၇၀′ ခန့်သာရှိသော အဆောင်သည် နှစ်ထပ်လုံးပေါင်းမှ အများဆုံး လူ ၇၀၀ ခန့်သာ ဆံ့ပေသည်။ တရားနာလာမည့် ပရိသတ်အရေအတွက်ကို မေးမြန်းစုံစမ်း၍ ခန့်မှန်း ကြည့်လိုက်သောအခါ ပရိသတ် ၂၅၀၀ အထက်မှာ ရှိမည်ဟု သိရသည်။

မိုက်ကို အသံစမ်းကြည့်လိုက်သော အခါ လိုက်ဖ်သံပေါက်ပြီး မပီမသ ဖြစ်နေသည်ကို ကြုံရပြန်သည်။ ထို့ကြောင့် နေရာလည်း ပြောင်းဖို့ လိုသလို၊ အသံချဲ့စက်လည်း ပြောင်းဖို့ လိုနေသည်။ သို့သော် တရားပွဲ အကျိုးဆောင် များက လွင်ပြင်ထဲသို့ ပြောင်း၍ ကျင်းပရမည်ကို လည်းကောင်း၊ အသံချဲ့စက် ကောင်းကောင်း ထပ်ငှားရန်ကို လည်းကောင်း သဘော မတူကြ။

အောက်သို့ပြောင်းလျှင် ခမ်းနားစွာ ပြင်ဆင်ထားသော အလှအပများကို ကျောင်းပေါ်၌ ထားပစ်ခဲ့ရမည်ကို မလိုလားကြ။ ထို့အပြင် သူတို့ ဝယ်ထားသော အသံချဲ့စက်ကိုလည်း ပရိသတ် အများထဲတွင် အစွမ်းပြလိုက်ချင်ကြသည်။

စာရေးသူက ကပ္ပိယကြီးနှင့် ညှိနှိုင်းနိုင်းသော်လည်း မည်သို့မျှ အဆင်မပြေ။ ထို့ကြောင့် နောက်ဆုံးတွင် စာရေးသူကိုယ်တိုင် တရားပွဲ အကျိုးဆောင် (၁၀) ယောက်ခန့်၏ အမုန်းကိုခံယူပြီး လွင်ပြင်သို့ ဖွတ်ပြောင်းရွှေ့ ရတော့သည်။ စာရေးသူ၏ နဝကမ္မဖြင့်ပင် အသံချဲ့စက် ကောင်းကောင်းကိုလည်း ချက်ချင်း ငှားနိုင်းရသည်။

လူ (၂၅၀၀) ကျော် စိတ်ချမ်းသာဖို့ အတွက် လူ (၁၀) ယောက်ခန့်၏ စိတ်ချမ်းသာမှုကို စတေးလိုက်ရတော့သည်။ စာရေးသူတို့ အဖွဲ့က တရားနာ ပရိသတ်များ စိတ်ချမ်းချမ်းသာသာ ကျယ်ကျယ်လွင့်လွင့် တရားနာ ရမှုကို အဓိက ထားသည်။ မြို့ခံ အကျိုးဆောင်အဖွဲ့က ခမ်းနားလှပမှုကို အဓိက ထားသည်။

ဤအခက်အခဲမျိုးကို နေရာတကာ၌ တွေ့ကြုံရသည်။ မန္တလေးမြို့တွင် စာရေးသူ၏ တရားပွဲများ စတင်ကျင်းပစဉ် အခါကလည်း ထိုကဲ့သို့သော အခက်အခဲမျိုး မကြာခဏ ကြုံရသည်။ တစ်ခါကလည်း စာရေးသူ၏ အခက်အခဲမျိုး မကြာခဏ ကြုံရသည်။ တစ်ခါကလည်း စာရေးသူ၏ အစ်မ ဝမ်းကွဲတော်သော မတင်ညိမ်းတို့ မိသားစုက ချမ်းသာရ ဘုရားဝိုင်းအတွင်း တရားပွဲကျင်းပခဲ့သည်။ ကျင်းပမည့်နေရာကို သွားကြည့်ရာ၌ အနံပေ ၃၀' x အလျားပေ ၆၀' ကျယ်သော အလုံပိတ် ဓမ္မာရုံ ဖြစ်နေသည်ကို တွေ့ရသည်။

ပြတင်းပေါက်လည်း နည်းသည်၊ မိုက်စမ်းကြည့်သောအခါ အသံများ လုံးနေသည်ကို ကြုံရပြန်သဖြင့် အပြင်သို့ ထုတ်နိုင်းရသည်။ ထုံးစံအတိုင်း အခမ်းအနား ပြင်ဆင်ထားသူများ မထုတ်ချင်ကြ။ ထို့အပြင် သူတို့ဘက်က

မဲတစ်ပြား အသာထပ်ရ သွားပြန်သည်။ ထိုမဲတစ်ပြားက ကျယ်ပြန့်သော လွင်ပြင် မရှိခြင်းပေတည်း။ ကံကောင်းသည်က စာရေးသူဘက်မှာလည်း မဲနှစ်ပြား အသာ ထပ်ရလိုက်ပြန်ပါသည်။ ထိုနှစ်ပြားက ကျယ်ပြန့်သော လွင်ပြင်ထဲတွင် ဇာတ်စင် ကြီး ဆောက်ထားခြင်း ပေတည်း။

●

## ဇာတ်စင်ပေါ်က တရားပွဲ

နောက်ဆုံး ထိုဇာတ်စင်ပေါ် ပလ္လင်တင်၍ တရားပွဲကျင်းပလိုက်ရသည်။ နမ္မားမှ အကျိုးဆောင် ဒကာများသည်လည်း ပထမတစ်ရက်၌ သူတို့အလိုကျ လုပ်ခွင့်မရ၍ စိတ်ဆိုးကြသော်လည်း၊ ပထမည တရားနာပြီးချိန်မှ စ၍ ပရိသတ်များ၏ စိတ်ချမ်းသာမှုများသည် သူတို့ထံသို့ ကူးပြီး တရားပွဲ အကျိုးဆောင်အားလုံး စိတ်ချမ်းသာသွား ကြလေသည်။ နမ္မားမြို့၌ ဒုတိယနေ့ည မပေါ့ခင် နေ့လည်ပိုင်းတွင် ရဟန်းစာဆို အရှင်မဏ္ဍလ (အင်းကြင်းပင်) ကို တွေ့ဆုံဖူးမြော်ခွင့် ရလိုက်သည်။

အရှင်မဏ္ဍလမှာ စစ်ကိုင်းတိုင်း၊ ခင်ဦးမြို့နယ်၊ ဝေဘူဆရာတော် ဘုရားကြီး၏ ဇာတိရွာဖြစ်သော အင်းကြင်းပင်ရွာရှိ စာသင်တိုက်မှ တိုက်အုပ်၊ စာချ ဆရာတော်တစ်ပါး ဖြစ်သည်။ ထိုရွာလေးသည် အိမ်ခြေ (၈၀) ကျော်ခန့်သာ ရှိသော်လည်း တစ်ရာကျော်ရှိသော စာချစာသင် သံဃာတော်များကို မငြိုမငြင် မပင်ပန်းရအောင် ပစ္စည်း (၄) ပါး ထောက်ပံ့ နိုင်စွမ်းရှိပေသည်။

စာရေးသူမှာ ခေါင်းပါးခြိုးခြံစွာ ပရိယတ္တိတာဝန်ကို ထမ်းဆောင် နေကြ သော စာချစာသင် သံဃာတော်များကိုလည်း၊ မနိုင်ဝန်ကြီးကို စိတ်မပျက်ဘဲ

ထမ်းဆောင်နေကြသော အင်ကြင်းပင် ရွာသူရွာသားများကို လည်းကောင်း၊ ကြည်ညို၍ မဆုံးနိုင်အောင် ဖြစ်မိတော့၏။

တိုက်အုပ်ဆရာတော် ကြွလာခြင်း၏ အကြောင်းကို မေးမြန်းစုံစမ်း ကြည့်သောအခါ၊ တစ်နှစ်စာ တယ်လီဖုန်းကြေး ငွေပေးသွင်းရန် ဖြစ်ကြောင်းသိရသည်။ ပေးသွင်းရမည့်ငွေ (၁) သိန်းကိုလည်း ဆွေမျိုး ဒကာ တစ်ဦးထံမှ ခေတ္တယူထားရကြောင်း သိရသဖြင့် စာရေးသူကပင် ထို (၁) သိန်းကို လှူဒါန်းပေးလိုက်ရသည်။

ထိုအချိန်က အရှင်မဏ္ဍလ ပြန်ပြောခဲ့သောစကားလေးမှာ အလွန်အံ့သြဖွယ်ကောင်းသည်။ "ဦးဇဝနရေ . . . အပေါ်ယံကြည့်ရင်တော့ ငွေ (၁) သိန်းဆိုတာကို တပည့်တော်က ရသွားတာပါ။ နက်နက်နဲနဲ တွေးကြည့်လိုက်ရင်တော့ လှူရတဲ့ ဦးဇဝနက တကယ်ရသွားတာပါ"

အထက်ဖော်ပြပါစကားမှာ လှူရတာကိုပျော်သော ပညာရှိသူတော်ကောင်းများအတွက်သာ အဓိပ္ပါယ်ရှိပြီး၊ ယူရတာကို ပျော်သော ပညာမဲ့လူမိုက်များအတွက်ကား ဘာမှအဓိပ္ပါယ်ရှိ လိမ့်မည် မဟုတ်ချေ။

●

## ပျော်ခြင်းနှင့်မျိုး

"ယူရတာကို ပျော်သောသူများသည်၊ ဘဝဆက်တိုင်း ယူရသော ဘဝချည်း (သို့) ဆင်းရဲသော ဘဝချည်း ရောက်ရတတ်သည်။ လှူရတာကို ပျော်သောသူများသည် လှူရသောဘဝချည်း (သို့) ချမ်းသာသောဘဝချည်း ရောက်ရတတ်သည် မဟုတ်ပါလား"

ထို့ကြောင့် ဗုဒ္ဓက ဥပရိပဏ္ဏာသပါဠိတော် စူဠကမ္မဝိဘင်္ဂသုတ်တွင်၊ လူချင်းတူပါလျက် ဒါနပြုသောသူများသာ လူချမ်းသာများ ဖြစ်လာကြပြီး ဒါနမပြုသောသူများက လူဆင်းရဲများ ဖြစ်လာကြကြောင်း ဟောကြားခဲ့ပေသည်။

အင်ကြင်းပင်စာသင်တိုက်မှ သံဃာတော်များကိုရော၊ အင်ကြင်းပင် ရွာသူရွာသားများကိုရော ကြည်ညိုလွန်းလှသဖြင့် ခင်ဦးနယ် တစ်ဝိုက် တရားဟောရင်း ရက်တစ်ရက်တွင် အရောက်လာခဲ့မည် ဖြစ်ကြောင်း ကတိပေး လိုက်သည်။ သံဃာတော်များ၏ ဘုန်းသည် အံ့သြဖွယ် ကောင်းလှ၏။ ခင်ဦးနယ် တစ်ဝိုက် တရားပွဲများမှရသော သင်္ကန်းပရိက္ခရာ အားလုံးကို အင်ကြင်းပင် စာသင်တိုက်သို့ လှူမည်ဟု အဓိဋ္ဌာန်ထားသောကြောင့်လား မသိ။

သင်္ကန်းအစုံပေါင်း (၄၄) စုံခန့်အထိ ရရှိခဲ့သည်။ သတ်မှတ်ထား သောရက်တွင် ခင်ဦးမြို့မှ အင်ကြင်းပင် စာသင်တိုက်သို့ ရောက်အောင် တောလမ်းခရီးကို တစ်နာရီနီးပါးခန့် မောင်းခဲ့ရသည်။ ထိုစာသင်တိုက်ထဲတွင်

နွမ်းပါးသော ကလေးငယ်များအတွက် ဘုန်းတော်ကြီးသင် အလယ်တန်းကျောင်း ကိုလည်း ဖွင့်လှစ်ထားရှိသည်။

သင်္ကန်း (၄၄) စုံနှင့် ဓမ္မပူဇာငွေ (၄) သိန်းကျော်တို့ကို စာသင်တိုက် အတွက် လိုအပ်သော နေရတွင်အသုံးပြုရန် ပြန်လည်လှူဒါန်းခဲ့သည်။ နေ့တရားပွဲတွင် ရွာသူရွာသားများသာကမဘဲ ကျောင်းသား ကျောင်းသူလေး များပါ နာကြားကြသည်။ တရားဟောအပြီးတွင် ကျောင်းသားကျောင်းသူများအား သိလိုရာကို မေးမြန်းခွင့် ပြုခဲ့သည်။

မေးခွန်းများစွာအနက်မှ ခုနစ်တန်းကျောင်းသူလေး တစ်ယောက်၏ မေးခွန်းနှင့်အတူ စာရေးသူ၏အဖြေမှာ စာဖတ်သူများအတွက် စိတ်ဝင်စားဖွယ် ကောင်းလှသဖြင့် ပြန်လည်တင်ပြပါမည်။ ထိုကျောင်းသူကလေး၏ မေးခွန်းမှာ. . .

မေး။ ။ ဆရာတော်ဘုရား. . . မြန်မာပြည်သူတွေဟာ ဗုဒ္ဓဘာသာ ဖြစ်ပါလျက် ဘာဖြစ်လို့ ကမ္ဘာမှာ အဆင်းရဲဆုံးဖြစ်ရတာ လဲဘုရား။ အမေရိကန်၊ အင်္ဂလန်စတဲ့ နိုင်ငံတွေက ဘာသာခြား (ခရစ်ယာန်ဘာသာဝင်) တွေ ဖြစ်နေ ပါလျက် ဘာဖြစ်လို့ ကမ္ဘာမှာ အချမ်းသာဆုံး ဖြစ်နေရတာလဲဘုရား။

●

**မီးအလောင်ဆုံးနိုင်ငံ**

"ဗုဒ္ဓက ခိုးသောသူ ဆင်းရဲမည်။ မခိုးသောသူ ချမ်းသာမည်" ဟု ဟောထားရာ မြန်မာများတွင် ခိုးသောသူများသောကြောင့် ဆင်းရဲခြင်း ဖြစ်သည်။ ဥရောပနိုင်ငံအများစုသည် မခိုးသောကြောင့် ချမ်းသာကြခြင်း ဖြစ်သည်။ ဗုဒ္ဓက ဆက်ဟောရာတွင် ခိုးတတ်သော သူ၏ ဥစ္စာစည်းစိမ်များကို မီး၊ ရေ၊ မင်း၊ ခိုးသူ၊ အမွေခံစိုးဟူသော ရန်သူမျိုး ငါးပါးက ဖျက်ဆီးမည်ဟူ၍ ဖြစ်၏။

မြန်မာပြည်တွင် ၂၀၁၀ ခုနှစ်က မီးလောင်သော အကြိမ်ပေါင်း တစ်ထောင့်တစ်ရာ ကျော်ခဲ့သည်။ အပေါ်ယံကြည့်လျှင်ကား၊ ပေါ့ဆမီး၊ ရှို့မီး တစ်ခုခုပင်ဖြစ်၏။ နက်နဲစွာကြည့်လျှင်ကား၊ ခိုးတတ် သောသူများသာကြောင့် မီးလောင်ရခြင်း ဖြစ်၏။ အိမ်ခြေ တစ်ထောင်ရှိသောရပ်ကွက် မီးလောင် ပြာကျသည်။ ဆိုင်ခန်းတစ်ထောင် မီးလောင်ပြာကျသည် ဟူရာ၌ အားလုံး ခိုးတတ်သည်ကား မဟုတ်။

အိမ်ခြေ တစ်ထောင်တွင် ကိုးရာက ခိုးတတ်သည်။ ဆိုင်ခန်း တစ်ထောင်တွင် ကိုးရာက ခိုးတတ်သည်ဆိုလျှင် ထိုရပ်ကွက်၊ ထိုဆိုင်ခန်းမှာ မီးလောင်မှာ သေချာပေသည်။ မီးများမီးနိုင်ဟု ဆိုထားသည် မဟုတ်ပါလော။

ရန်ကုန်တိုင်းအတွင်းရှိ ဈေးကြီးတစ်ဈေး အပေါ်ဆုံးထပ် ဆိုင်ခန်းများကို မီးလောင်ရာ ဆေးပစ္စည်းများ ကျပ်ငွေ ကုဋေနှင့်ချီ၍ မီးလောင်ပျက်စီးခဲ့ရသည်။

အပေါ်ယံကြည့်လျှင်ကား ပေါ့ဆမီးပင် ဖြစ်၏။ နက်နဲစွာကြည့်လျှင်ကား ခိုးတတ်သော ဆိုင်ခန်းများခြင်းကြောင့် မီးလောင်ရခြင်းပင်ဖြစ်၏။ ပေးသင့်သော အခွန်ကို ပြည့်စုံအောင် မပေးဘဲ အခွန်ဝန်ထမ်းကို လာဘ်ထိုးခြင်း၊ ခွင့်မပြု၊ တရားမဝင်သော ဆေးဝါးများကို မှောင်ခိုနည်းဖြင့် သယ်ယူရောင်း ချခြင်းတို့သည် ခိုးယူခြင်းတစ်မျိုးပင် ဖြစ်၏။

ထို့အပြင် ဆေးရောင်းချရာ၌ ယူသင့်သော အမြတ်ငွေထက် ပိုတင်ပြီး အဆမတန် ယူခြင်းသည် ခိုးမှုဟု တိုက်ရိုက် မပြောနိုင်သော်လည်း ရိုးသားမှုကား မဟုတ်တော့ပေ။ ရိုးသားမှု မပါပါက မတရားမှု၊ လိမ် လည်မှု၊ ခိုးယူမှုများကို သွယ်ဝိုက်၍ ကျူးလွန်ခြင်းတစ်မျိုးပင် ဖြစ်၏။ ဆေးနှင့် ဆေးပစ္စည်းများ ကျပ်သိန်းပေါင်း (၇) ထောင်ကျော် မီးလောင်ပျက်စီးခံရသော ဆေးကုန်သည်ကြီး တစ်ဦးသည် စာရေး သူ၏ ဒကာတစ်ဦးထံ ယခုလို ဖွင့်ဟဝန်ခံဖူးသည်။

"မတရားသောနည်းနဲ့ရတဲ့ ပစ္စည်းဥစ္စာတွေဟာ မတရားသောနည်းနဲ့ ပြန်ကုန်တယ် ဆိုတာ အမှန်ပါပဲ။ မြန်မာပြည်မှာ အပူလှိုင်းဖြတ်တဲ့ ရက်တွေ အတွင်းမှာ ကျွန်တော်တို့ ဆေးကုန်သည် အများစုဟာ လက်ဝါးချင်းရိုက်ပြီး တစ်ရာလောက်သာတန်တဲ့ ဓါတ်ဆားထုပ်လေး တွေကို ကျပ် (၄၅၀)၊ (၅၀၀) လောက်အထိ တင်ရောင်းခဲ့ကြတယ်။ ဒါဟာ မရိုးသားမှု တစ်ခုပဲဆိုတာ ယခုလို ဆိုင်ခန်းကြီး မီးလောင်မှ သတိထားမိတာပါ။ ကျွန်တော် မတရားသောနည်းနဲ့ ဘယ်သောအခါမှ ပိုက်ဆံမရှာတော့ဘူး"

မြန်မာပြည်၌ ခိုးမှုအများဆုံး ကျူးလွန်သော ပစ္စည်းမှာ စက်သုံးဆီ ဖြစ်သည်။ မြန်မာပြည်ရှိ အထင်ကရ လမ်းမကြီးတစ်ခု ဖေါက်လုပ်ရာ၌ စက်သုံးဆီများကို ကားအစီးလိုက် စာရင်းလိမ်၍ ခိုးယူကြကြောင်း သိရသည်။

တစ်ကမ္ဘာလုံး၏ စံချိန်မှာ တစ်ဂါလန်လျှင် (၆) ပုလင်း ဖြစ်သောလည်း၊ မြန်မာပြည်၌ တစ်ဂါလန်လျှင် (၅)ပုလင်း ဖြစ်နေသည်မှာ ကြာပြီဟုဆို၏။

စက်သုံးဆီများကို ကားအစီးလိုက် ဝယ်ရသောအခါ အထူးသတိထားသင့်သော အချက်တစ်ချက် ရှိ၏။ တစ်စီးလျှင် အနည်းဆုံး ဂါလန် (၁၆၀၀) ခန့်ဆံ့၏။ ဆီဂါလန်ပြည့်၊ မပြည့် ကားအပေါ်ပိုင်းမှ အဖုံးကို ဖွင့်ကြည့်လေ့ရှိကြ၏။ အဖုံးဖွင့်ကြည့်လျှင် ကားဆီအပြည့်ပါသည်ကို တွေ့ရလိမ့်မည်။ သို့သော် ဆီကန်ထဲ ထည့်ပြီးသောအခါ ချိန်တွယ်ကြည့်ပါက ဂါလန် ငါးဆယ်ခန့် လျော့နေသည်ကို တွေ့ရ လိမ့်မည်။ အဘယ်ကြောင့်နည်း. . .။

ဆီထည့်ယူလာသော တိုင်ကီကြီးထဲတွင် ခြောက်လက်မ အကျယ်ရှိ မိုးကာပိုက်ကြီးကို အခွေလိုက် ထည့်ထားသောကြောင့်ပေတည်း။ တိုင်ကီကြီးထဲမှ ဆီများကို အကုန်ဖေါက်ချပေးပြီး ဖြစ်သော်လည်း ခြောက်လက်မ မိုးကာပိုက်ခွေကြီးထဲတွင် ဆီဂါလန် ငါးဆယ်ခန့် ကျန်နေတတ်သောကြောင့်ပေတည်း။

●

## စက်သုံးဆီကို အပြစ်ကင်းအောင်လစ်တဲ့နည်း

"တစ်ခါကလည်း တံတားကြီးတစ်စင်း ဆောက်ရာတွင် ကိုရီးယား အင်ဂျင်နီယာများ လာရောက် ကြီးကြပ်ဆောက်လုပ်ကြသည်။ မြန်မာကားသမား အချို့ ဆီခိုးတတ်သည်ကို ကြားဖူးထားသော ကိုရီးယားများက မြေသယ်သော ကားကြီး ဆယ်စင်းကို ကိုယ်တိုင် မြေတင်၊ ဆီထည့်ပြီး နာရီတွက်ကာ မောင်းကြည့်ကြသည်။

ဆယ်ဂါလန်ဆိုလျှင် တစ်ရက်တာ အခေါက် ငါးဆယ်ရကြောင်း တွေ့သွားကြသည်။ ထို့ကြောင့် မြန်မာကားသမားများ လုပ်ငန်း စဆင်းသော နေ့မှာပင် ကိုရီးယားများက ဆယ်ဂါလန်ထုတ်ပေးပြီး အခေါက် ငါးဆယ် ပြည့်အောင် မောင်းပေးဖို့၊ အခေါက် ငါးဆယ်ပြည့်၍မှ ပိုလျှင် စက်သုံးဆီများကို အပြင်တွင် ရောင်းစားနိုင်ကြောင်း ခွင့်ပေးကြသည်။

အခေါက် ငါးဆယ်ပြည့်ပါက ကားတွင် ဆီမကျန်တော့ကြောင်း ကိုယ်တိုင် သိထားသောကြောင့် ယခုလို ခွင့်ပြုကြခြင်း ဖြစ်၏။ သို့သော် မြန်မာ ကားသမားများသည် ကိုရီးယားများ မှာထားသည့် အတိုင်း အခေါက် ငါးဆယ်စီလည်း ပြည့်အောင် မောင်းပေးကြ၏။ နေ့စဉ်လည်း ဆီများကို ပီပါလိုက် ရောင်းစားနေကြ၏။

ကိုရီးယားများ ဘယ်လိုမှ စဉ်းစားလို့မရအောင် ဖြစ်သွားကြ၏။ မြေသယ်သော ကာဆယ်စီးလုံး တစ်စီးမှ ဆီပို၍လည်း မရ၊ ကားတိုင်းလည်း အခေါက်ငါးဆယ်ပြည့်အောင် မောင်းပေးကြသည်။ ဆီတွေဘယ်လိုများ ပိုနေကြပါလိမ့်။ နောက်ဆုံး ဘယ်လိုမှ ဉာဏ်မမီနိုင်တော့သဖြင့် မြန်မာ ကားသမားများ မြေသယ်ရာသို့ ကိုယ်တိုင် လာကြည့်ကြရတော့၏။

မြန်မာတို့၏ ဆီပိုအောင်လုပ်နည်းကို လက်တွေ့ မြင်ကြရလေပြီ။ မြေသယ်ကား ဆယ်စီးကို ရှေ့ငါးစီး၊ နောက်ငါးစီး ညီညီ ညာညာ ရပ်ပြီး မြေများ အထည့်ခံကြသည်။ ဆယ်စီးလုံး မြေပြည့်သည်နှင့် ရှေ့ငါးစီးကို စက်နှိုးပြီး၊ နောက်ငါးစီးကို စက်မနှိုးတော့ဘဲ ကြိုးနှင့်ဆွဲသွားလေ၏။ ထို့ကြောင့်လည်း ကားငါးစီးစာဆီများ နေ့စဉ် ပိုနေခြင်း ဖြစ်၏။ ကိုရီးယားများသည် မြန်မာ ကားသမားများ၏ ဆီပိုအောင်လုပ်နည်း ဖေါ်မြူလာကို ကိုရီးယားထိ အပါယူသွားကြ၏။

●

## တောက်ပြားနှင့်တူသော ကြွက်များ

ရန်ကုန်သာကသနာ့ တက္ကသိုလ်တွင် သံဃာများအတွက် ချက်ကပ်ရန်ထားသော ဘဲဥအလုံး တစ်ရာကျော်မှာ တစ်ညတည်း လက်ရာ ခြေရာ မပျက်ဘဲ ပျောက်ဆုံးသွားသဖြင့် စားဖိုမှူးကြီးမှာ တော်တော် အတွေးရခက်သွားလေ၏။ လူလာခိုးတာဆိုလျှင် ဝင်ရာ၊ ထွက်ရာ တွေ့ရမည်။ ယခုကား မတွေ့။

တိရစ္ဆာန်တစ်ကောင်ကောင် ခိုးစားလျှင်လည်း ကွဲရာ ရှရာ တွေ့ရမည်သာဖြစ်၏။ ဤကဲ့သို့လည်း မတွေ့ရ။ နောက်ဆုံး ကိုယ်တိုင်သိခွင့်ရအောင် နောက်ထပ် ကြက်ဥတစ်ရာဝယ်၍ ယခင်နေရာမှာပင် ထားလိုက်သည်။ မီးမှိန်မှိန်ထဲတွင် ခြင်ထောင် ထောင်ကာတစ်ညလုံး ချောင်းကြည့်နေလိုက်သည်။ ညသန်းခေါင် လောက်တွင် လူမဟုတ်သော သူခိုးများကို တွေ့ရလေပြီ။

မြေကြွက်ကြီး အကောင်ခြောက်ဆယ်ခန့် ဝင်လာသည်ကို တွေ့ရသည်။ တရားခံတော့ တွေ့လေပြီ။ သို့သော် ဘဲဥတွေကို မကွဲမရှအောင် ဘယ်လိုများ သယ်ပါလိမ့်ဟု စဉ်းစား နေဆဲမှာပင် ကြွက် အကောင်သုံးဆယ်က ဘဲဥတွေ ရှေ့နားတွင် ပက်လက်လှန်လိုက်သည်ကို တွေ့ရသည်။ ပြီးလျှင် ဘဲဥတစ်လုံးစီကို သူတို့၏ ဝမ်းဗိုက်ပေါ်သို့ ဖြည့်းညင်းစွာ တင်ကြသည်။

ကျန်အကောင်သုံးဆယ်က ကြက်ဥများ ဗိုက်ပေါ်တင်ကာ ပက်လက်လှန်နေသော ကြွက်များ၏ အမြီးတို့အား ကိုက်ဆွဲယူသွား ကြသည်ကို တွေ့ရလေသည်။ ဘဲဥတွေကို မကွဲအောင် ခိုးယူ တတ်သော အာဂကြွက်များ ပေတကား။ သူတို့၏ တွင်းထဲသို့ လိုက်တူးကြည့်သော အခါ မနေ့ညက ခိုးထားသော ဘဲဥ အလုံးတစ်ရာကို ပြန်တွေ့ကြရသည်။

သည်ကြွက်တွေကို ဘဲဥ မကွဲအောင် ခိုးယူနည်း မည်သူကများ သင်ပေးလေသနည်း။ မည်သူကမှ သင်ပေးမည် မဟုတ်ပါ။ ထိုကြွက်များသည် ခိုးတတ်သော ဝန်ထမ်းများသေပြီး ကြွက်ဘဝသို့ ရောက်သွားခြင်း ဖြစ်ပါလိမ့်မည်။ လူ့ဘဝမှ ခိုးတတ်သော အလေ့အထသည် ကြွက်ဘဝထ လိုက်လာခဲ့ပေသည် တကား။

●

## လေထဲမှ ဒေါ်လာများ

တစ်ခါက အမေရိကန်နိုင်ငံ၊ နယူးယောက်မြို့ရှိ ဘဏ်တစ်ဘဏ်တွင် အမေရိကန် အမျိုးသားကြီးတစ်ဦး ငွေအပ်နေ၏။ ထိုစဉ်မှာပင် လေပွေ တစ်ခု ဝင်မွှေ့လိုက်ရာ ကောင်တာပေါ် တင်ထားသော ဒေါ်လာများ လေထဲသို့ ပါသွားလေသည်။ လေပွေသည် ဒေါ်လာများကို တော်တော်မြင့်မြင့် ထိ ဆွဲယူသွားသောကြောင့် ပြေးလိုက်ရန် မဖြစ်နိုင်တော့ပေ။

သူသေချာ မှတ်ထားလိုက်သည်။ ဆယ်ဒေါ်လာတန် လေးရွက်နှင့် ငါးဒေါ်လာတန် ခြောက်ရွက်၊ စုစုပေါင်း ဒေါ်လာ (၇၀) ဖြစ်သည်။ ဘဏ်ကိစ္စများ ပြီးစီးသောအခါတွင်မှ အနီးစပ်ဆုံး ရဲစခန်းတစ်ခုသို့ သွားပြီး ယခုလို မှာကြားလိုက်သည်။

စခန်းမှူးကြီးခင်ဗျား ကျွန်တော်ရဲ့ ဒေါ်လာ (၇၀) လေထဲကို လွင့်ပါသွားခဲ့ပါတယ်၊ ကောက်ရလို့ ပြန်အပ်လာသူများ ရှိရင် ကျွန်တော့်ထံ အကြောင်းကြားပေးပါ၊ ဟောဒါ ကျွန်တော့ရဲ့ ဖုန်းနံပါတ်နဲ့ လိပ်စာ ကတ်ပါ”

ထိုအခါ စခန်းမှူးက ဝမ်းပန်းတသာ ယခုလို ပြန်ပြောသည်။ ဟာ အတော်ပဲ၊ စောစောလေးကမှ (၃၅) ဒေါ်လာ လမ်းမှာ ကောက်ရလို့ ဆိုပြီး လာအပ်သွားတယ်၊ တစ်ခါတည်း ယူသွားလိုက်ပါ။

ထိုအချိန်မှာပင် အမျိုးသားတစ်ယောက် စခန်းထဲကို ဝင်လာပြီး လမ်းမှာ ကောက်ရသောကြောင့် ဟုဆိုကာ (၃၅) ဒေါ်လာ လာအပ်ပြန် လေသည်။ ထို့ကြောင့် ဒေါ်လာ (၇၀) ပျောက်သွားသော အမေရိကန်ကြီးသည် တစ်နာရီခန့် အတွင်း အားလုံး ပြန်ရသွားခဲ့သည်။

ထို စာရိတ္တတန်ခိုးကြောင့်ပင် အမေရိကန်နိုင်ငံသူ၊ နိုင်ငံသားများသည် တစ်ကမ္ဘာလုံးတွင် အချမ်းသာဆုံးဘဝသို့ ရောက်နေကြခြင်း ဖြစ်သည်။ ထို့ကြောင့် ဣစ္ဆတိဘိက္ခဝေ သီလဝတော စေတော ပဏိဓိ ဝိသုဒ္ဓတ္တာ။ သီလရှိသူ၏ တောင့်တချက်သည် စင်ကြယ်သောကြောင့် အလုံးစုံ ပြည့်စုံ ရသည်ဟု ဘုရားရှင် အင်္ဂုတ္တိုရ် ပါဠိတော်တွင် ဟောကြားတော် မူခဲ့ခြင်းဖြစ်သည်။

အထက်ပါ ဖြစ်ရပ်ကို အကြောင်းပြုပြီး ရိုးသားဖြောင့်မတ်သော စိတ်ကြောင့် သူတို့ နိုင်ငံသူ နိုင်ငံသားများ ချမ်းသာကြွယ်ဝခြင်း ဖြစ်ကြောင်းကို အုပ်ချုပ်သူ နှင့် အုပ်ချုပ်ခံရသူနှစ်ဦးလုံး နားလည်လက်ခံသွားကြသည်။

ထို့ကြောင့် တစ်ပြည်လုံး အတိုင်းအတာဖြင့် စာရိတ္တပြိုင်ပွဲကြီး ကျင်းပလိုက်ကြသည်။ ထို ပြိုင်ပွဲကြီး ထဲမှာ ဒုတိယဆုရသော ရိုးသားဖြောင့်မတ် မှုနှင့် ပထမဆုရသော ရိုးသားဖြောင့်မတ်မှုတို့ကို ပြန်လည် တင်ပြလိုက်ရ ပေသည်။

ရိုးသားဖြောင့်မတ်မှု ဒုတိယ ဆုကို အာမခံ ကုမ္ပဏီ ပိုင်ရှင် တစ်ဦးက ရရှိသွားခဲ့သည်။ ထိုဆုကို လွယ်လွယ်ကူကူရရှိ ခဲ့ခြင်းတော့ မဟုတ်။ ဒေါ်လာ

သန်းနှင့်ချီပြီး အကုန်အကျခံသည့် ရိုးသား ဖြောင့်မတ်မှုကြောင့်သာ ရရှိခဲ့ခြင်း ဖြစ်သည်။

မှတ်မိလွယ်စေရန် အာမခံကုမ္ပဏီ ပိုင်ရှင်၏ နာမည်ကို ဦးဖြူဟု မှတ်ပြီး သင်္ဘောပိုင်ရှင်၏ နာမည်ကို ဦးနီ ဟုမှတ်ပါ။ တစ်ခါတွင် ဦးဖြူနှင့် ဦးနီတို့ မထင်မှတ်ဘဲ လမ်း၌ ဆုံမိကြသည်။ တစ်ယောက်လုပ်ငန်း အကြောင်း တစ်ယောက် ပြောပြရင်းဖြင့် ဦးနီက သူ့ကိုယ်ပိုင် ကုန်တင် သင်္ဘောကြီးကို အာမခံထားချင်ကြောင်း စကားစလိုက်သည်။

ကျွန်တော် ကုန်တင်သင်္ဘောကြီးဟာ ဥရောပတိုက်ကနေ အမေရိကန် နိုင်ငံကို ခုတ်မောင်းလာနေပြီ၊ အဲဒါ အာမခံထားလို့ ရမလား

ထိုအခါ ဦးဖြူက

ဟာ... ရတာပေါ့၊ အခုပဲ ခင်ဗျားသင်္ဘော တန်ဖိုးနဲ့ ကုန်ချိန်တန်ဖိုး တွေကို စာရွက်ထဲ တစ်ခါတည်း ရေးပေးလိုက်ပါ၊ ပိုက်ဆံပါရင် အာမခံကြေးပါ တစ်ခါတည်း ထည့်ပေးလိုက်ပေါ့။

ဟုပြောရာ ဦးနီက စာရွက်တစ်ရွက် ထဲတွင် သင်္ဘောတန်ဖိုး၊ ကုန်ချိန် တန်ဖိုးများကို ရေးပြီး အာမခံ ငွေ နှင့်အတူ ထည့်ပေးလိုက်သည်၊ အာမခံကုမ္ပဏီပိုင်ရှင် ဦးဖြူက ယခုလိုပြန် ပြောသည်။

ဒီနေ့တော့ ရုံးဆင်းချိန် ရောက်သွားပြီ၊ အာမခံ စာချုပ်ထဲမှာ ခင်ဗျား လက်မှတ်ထိုးဖို့ အချိန် မရတော့ဘူး၊ အဲဒီ စာချုပ်ထဲမှာ လက်မှတ်ထိုး ပြီးမှ တရားဝင်ဖြစ်မှာ၊ ဒီနေ့ မမီတော့လည်း နက်ဖြန်ပေါ့ဗျာဟု ပြောပြီး နှစ်ဦးသား လမ်းခွဲလိုက်ကြသည်။

တိုက်တိုက်ဆိုင်ဆိုင် ထိုညမှာပင် ဦးနီ၏ သင်္ဘောသည် ပင်လယ်ထဲ၌ မုန်တိုင်းမိပြီး နစ်မြုပ်သွား လေသည်။ နောက်တစ်နေ့ ဦးဖြူနှင့် တွေ့သော အခါ ဦးနီမှာ ထီပေါက်ပြီးမှ လက်မှတ်ပျောက်သွားသူကဲ့သို့ မချိတင်ကဲ ယခုလို တဖွဖွ ပြောလေသည်။

ကျွန်တော် ကံဆိုးလိုက်တာဗျာ၊ ခင်ဗျားဆီမှာ အာမခံ ထားပြီး လက်မှတ်ထိုးဖို့ တစ်ခုလေး လိုအပ်လိုက်တာနဲ့ ကျွန်တော့်မှာ အများကြီး နစ်နာသွားတယ်။ အခု ကျွန်တော့်သင်္ဘောကြီး ပင်လယ်ထဲမှာ နစ်သွားပြီလေ။

ထိုအခါ ဦးနီ ဘယ်လိုမှ မျှော်လင့် မထားသော စကား တစ်ခွန်းကို ဦးဖြူက ယခုလို ပြောလိုက်သည်။

ဘာလို့ ကံဆိုးရမှာလဲဗျ၊ ကုမ္ပဏီပိုင်ရှင် ဖြစ်တဲ့ ကျွန်တော့်ဆီမှာ ခင်ဗျား ကိုယ်တိုင် အာမခံကြေး သွင်းထားပြီးပြီပဲ၊ ကိုယ်ကျင့်သီလကို အသက်ထက် တန်းဖိုးထားသူတွေအတွက် လက်မှတ်ဆိုတာ ဘာမှ အရေးကြီးတဲ့ဟာ မဟုတ် ပါဘူး။

ပျက်စီးသွားတဲ့ ခင်ဗျား သင်္ဘောနဲ့ ကုန်ပစ္စည်း အတွက် တန်ဖိုးငွေကို ကျွန်တော့ ကုမ္ပဏီက အလျော်ပေးဖို့ ဆုံးဖြတ်ပြီးပါပြီ

မည်မျှ လေးစားအားကျစရာ ကောင်းလိုက်ပါသနည်း။

သီလ စောင့်မှ အရှမတောင့်မည်

သီလံ ရက္ခတိ မေဓါဝီ၊

ပတ္ထယာ နော တယော သုခေ။

ပသံသံ ဝိတ္တ လာဘဥ္စ၊

ပစ္စ သင်္ဂေစ မောဒန်။

(ထေရဂါထာ ပါဠိတော်)

ချီးမွမ်းမှု ကို ခံယူချင်လျှင်

ပစ္စည်း ဥစ္စာ ပေါများ ချမ်းသာချင်လျှင်

သေပြီးနောက် နတ်ပြည်သို့ ရောက်ချင်လျှင်

(အရူမ တောင့်ချင်လျှင်) ပညာရှိသည်

သီလစောင့်ပါ။ ဟူသော-

ဗုဒ္ဓဒေသနာအတိုင်း အမေရိကန် နိုင်ငံသားများသည် သီလ စောင့်သော ကြောင့် အရူမ တောင့်နေကြခြင်းင် ဖြစ်ပါလေ၏။ မြန်မာတိုင်းကိုလည်း သီလ စောင့်စေချင်စမ်းပါဘိ။

●

## ပထမ ဆုရသော စာရိတ္တ

ပထမဆုရသော စာရိတ္တပိုင်ရှင်မှာ ပို၍ပင် လေးစားစရာ ကောင်းလှသည်။ မှတ်မိလွယ်အောင် ဦးဖြူနှင့် ဦးနီဟုပင် မှတ်ပါ။ တစ်ရက်တွင် ဦးဖြူက မိတ်ဆွေ ဖြစ်သူ ဦးနီကို ဘူတာသို့ လိုက်ပို့ခဲ့သည်။ ဦးနီက ရထားတွဲထက်က ထိုင်ခုံပေါ်မှာ ဦးဖြူက ရထားတွဲအောက်မှာ မတ်တပ်ရပ်လျက် ရထားမထွက်ခင်လေး စကားပြောနေကြသည်။

ရထားထွက်ဖို့ အချက်ပြလိုက်သော အခါတွင်မှ ဦးနီက ထီထိုးဖို့ သတိရသည်။ ထီတစ်စောင်ထိုးပေးဖို့ လှမ်းပြောနေစဉ်မှာပင် ရထားက ထွက်သွားသည်။ ဦးနီမှာ အိတ်ထဲမှ ပိုက်ဆံကို ဦးဖြူအား ပေးချိန် မရတော့ပေ။ ပိုက်ဆံ မပေးလိုက်နိုင်သဖြင့် ဦးနီ စိတ်ထဲမှာ မေ့မေ့ ပျောက်ပျောက်ပင် ဖြစ်သွားသည်။

တစ်လ ကျော်ကျော်လေး အတွင်းမှာပင် ဦးနီသည် ကိစ္စ တစ်ခုဖြင့် ဦးဖြူတို့ မြို့သို့ မီးရထားဖြင့်ပင် ပြန်လာရသည်။ ဖုန်းဆက်ထား သဖြင့် ဦးဖြူက ဘူတာမှ လာကြိုနေသည်။ ရထားပေါ်မှာ လှမ်းကြည့်လိုက်ရာ ဦးဖြူကို တွေ့လိုက်ရသဖြင့် ဦးနီက လက်ပြလိုက်ရာ ဦးဖြူကလည်း ပြန်၍ လက်ပြသည်။ ရထား အရှိန်လျော့ အသွားတွင် ဦးဖြူတစ်ယောက် ဝမ်းသာရွှင်လန်းသော မျက်နှာဖြင့် ရထားနားသို့ ကပ်လာပြီး ယခုလို ပြောပါလေ၏။

"သူငယ်ချင်း မင်းထီပေါက်တယ်"

"ဟင် ငါက ဘယ်တုန်းက ထီထိုးလို့လဲ"

"ဒီလဆန်းပိုင်းက ရထားထွက်ခါနီး ထီတစ်စောင် ထိုးပေးပါလို့ မင်း ငါ့ကို မှာခဲ့တယ်လေ"

"ဟုတ်ပါတယ်၊ ဒါပေမယ့် ငါက မင်းကို ထီလက်မှတ်ဖိုး ပေးချိန် မရခဲ့ဘူး မဟုတ်လား"

"မရတော့ ဘာဖြစ်လဲ၊ သူငယ်ချင်းပဲဟာ ငါစိုက်ပြီး ထိုးထား လိုက်တာပေါ့"

"မင်းအတွက်ရော ထိုးသေးလား"

"ငါ့အတွက်လည်း တစ်စောင်ထိုးတယ်"

"နှစ်စောင် ထိုးထားတာ ဆိုတော့ ရောနေမှာပေါ့။ ဒီတော့ ငါ့အတွက် ထိုးထားတဲ့ အစောင်က ထီပေါက်တယ်ဆိုတာ ဘယ်လိုလုပ် သိသလဲ"

"ဒါက လွယ်ပါတယ်၊ စထိုးစဉ်ကတည်းက စာအိတ်နှစ်အိတ်မှာ ဦးဖြူ၊ ဦးနီလို့ နာမည်ရေးထားတယ်၊ မင်းအတွက် ထီလက်မှတ်ကို ဦးနီလို့ ရေးထားတဲ့ စာအိတ်ထဲ ထည့်လိုက်ပြီး ငါ့အတွက် ထီလက်မှတ်ကိုတော့ ဦးဖြူလို့ ရေးထားတဲ့ စာအိတ်ထဲမှာ ထည့်ထားလိုက်တယ်လေ။ ပေါက်ဂဏန်းကြေညာတဲ့ အခါ မင်းရဲ့က နာမည်ရေးထားတဲ့ စာအိတ်က ပေါက်နေတယ်။

"ဖြောင့်သော် စားမကုန်" ဟူသော စကားအတိုင်း အမေရိကန်နိုင်ငံသားတို့သည် ရိုးသားဖြောင့်မတ်ကြသောကြောင့် စားလို့ မကုန်အောင် ချမ်းသာ ကြွယ်ဝနေကြခြင်းဖြစ်၏။

●

## ရောင်းသူမဲ့ ဂျာနယ်ဆိုင်

အမေရိကန်၊ အင်္ဂလန် စသော ခရစ်ယာန် ဘာသာနိုင်ငံ အများစု၌ ဂျာနယ် ရောင်းလိုသူများသည် လူစောင့်မရှိဘဲ ရောင်းနိုင်သည်။

ဥပမာ။ ။ ဂျာနယ်တိုက်မှ ဂျာနယ်အစောင် ၂၀၀ ဝယ်လာပြီး လူစည်းကားသော ဈေးထဲ၌ စားပွဲတစ်လုံးချ ထားကာ ဂျာနယ်၊ ပိုက်ဆံခွက်နှင့် စာတန်းတစ်ခု ကတ်ပြားတွင် ရေးပြီး ထောင်ထား လိုက်ရုံသာ ဖြစ်သည်။

ကတ်ပြားပေါ်တွင် ဂျာနယ်တစ်စောင် ငါးဒေါ်လာဟု ရေးထားသည်။ ဂျာနယ် ရောင်းသူသည် စားပွဲနောက်တွင် ထိုင်နေစရာ မလိုဘဲ အခြား အလုပ်တစ်ခုကို နေဝင်ချိန်အထိ သွားရောက်လုပ်ကိုင် နိုင်သည်။ ဈေး သိမ်းချိန်ရောက်သော အခါတွင်မှ ပိုက်ဆံ သွားသိမ်း လိုက်ရုံသာ၊ ဂျာနယ် အရေအတွက်နှင့် ခွက်ထဲထည့်ထားသော ပိုက်ဆံ အရေအတွက်မှာ အမြဲတမ်း ကွက်တိဖြစ်နေသည်။

အလကား ယူသွားသော လူဟူ၍ တစ်ယောက်မှ မရှိပေ။ ထိုသို့ မခိုး သောကြောင့်လည်း သူတို့ နိုင်ငံများမှာ ချမ်းသာခြင်း ဖြစ်သည်။ မြန်မာနိုင်ငံ၊ မြို့နယ် အသီးသီးရှိ ဈေးတိုင်းတွင် ထိုသို့ သွားလုပ်ပါက ဈေးသိမ်းချိန်တွင် စားပွဲပါ ရှာရမည် မဟုတ်တော့ပေ။ ထိုသို့ ခိုးသူများ သောကြောင့်လည်း မြန်မာနိုင်ငံသည် ကမ္ဘာတွင် အဆင်းရဲဆုံး ဖြစ်နေရခြင်းပင်။

## စာရိတ္တကို အသက်ထက် တန်ဖိုးထားသူများ

ရန်ကုန် လမ်း (၅၈) တွင် ဖိုးသင်းနိုင်အမည်ရှိ စာအုပ် အဟောင်း ရောင်းသော ဆိုင်တစ်ဆိုင် ရှိသည်။ ဆိုင်ရှင် နာမည်မှာလည်း ဖိုးသင်းနိုင် ပင်ဖြစ်သည်။ လွန်ခဲ့သော ဆယ်နှစ်ကျော် ခန့် (၁၉၉၅) ကပင် ဖြစ်၏။ ဖိုးသင်းနိုင် ဆိုင်ထဲသို့ အမျိုးသမီး လေးတစ်ဦး မြန်မာ့စွယ်စုံကျမ်း အတွဲလိုက်ကြီးကို ဆွဲ၍ ဝင်လာသည်။ ဖိုးသင်းနိုင်ရှေ့ ရောက်သည်နှင့် အရောင်းအဝယ် စကား ပြောကြသည်။

"တူမရဲ့ စွယ်စုံကျမ်း အတွဲလိုက်ကြီးကို ဦးလေး ဘယ်လောက် ပေးရမလဲ"

"သုံးထောင်ပေးပါ"

"တူမကြီး စာအုပ်တွေကို မြင်လိုက်ကတည်းက ဘယ်လောက် တန်တယ်၊ ဘယ်လောက် ပေးသင့်တယ် ဆိုတာ ဦးလေး ဆုံးဖြတ်ပြီးသားပါ။ ဦးလေးက စာအုပ်အဟောင်း အရောင်းအဝယ် လုပ်တာ နှစ်ပေါင်း (၄၀) ကျော် ရှိပြီဆိုတော့ စာအုပ်ကို မြင်လိုက်တာနဲ့ ဘယ်လောက်တန်တယ်ဆိုတာ သိပြီးသားပါ။ ရောင်းမယ့်သူက တန်ဖိုး အမှန်ကို သိသည် ဖြစ်စေ၊ မသိသည်

ဖြစ်စေ ဦးလေးကတော့ တန်ရာတန်ကြေး ပေးလိုက်တာပဲ၊ တစ်ခါမှ ဈေးနှိမ်ပြီးတော့ မဝယ်ဘူး၊ အခုလည်း တူမ စာအုပ်အတွက် ပေးသင့်တဲ့ တန်ဖိုးငွေကို ဦးလေ လက်ဝါးမှာ ဘောလ်ပင်နဲ့ အပြီးရေးထားတယ်။ ဟောဒီမှာ ကြည့်လိုက်ပါ"

ဟု ပြောပြီး လက်ဝါးကို ထောင်ပြလိုက်ရာ သုံးသောင်းဟု ရေးထားကြောင်း တွေ့ရသည်။ အမှန်တကယ်ပင် (သုံးသောင်း) ပေးလိုက်ပေသည်။ လေးစားကြည်ညိုစရာ မြန်မာတစ်ဦး ပါတကား။

●

## မြိတ်မြို့က ကိုတင်ဝဏ္ဏ

ကိုတင်ဝဏ္ဏသည် ရန်ကုန်မှ ကွန်ပျူတာ ပစ္စည်းများကို ဝယ်ယူ၍ မြိတ်မြို့တွင် တပ်ဆင်ကာ ရောင်းချသူ ဖြစ်သည်။ တစ်ခါတွင် သင်္ဘောဖြင့် ရောက်လာသော ကွန်ပျူတာ ပစ္စည်းများကို ရန်ကုန် ကုမ္ပဏီမှ တွက်ချက်ထားသော စာရင်းစာရွက်များနှင့် တိုက်ကြည့်ရာ ငွေ (၅) သိန်း ကွာနေသည်ကို တွေ့ရသည်။

ပစ္စည်းက သိန်း (၅၀) ဖိုး ဖြစ်နေပြီး၊ ငွေစာရင်းတွင် (၄၅) သိန်းသာ မှားတွက်ထားသည်။ ထိုအချိန်က သူ့စိတ်တွင် ဖြစ်ပေါ်နေသည်များကို ကိုတင်ဝဏ္ဏက စာရေးသူအား ယခုလို ပြောပြသည်။

"တပည့်တော် အရင်က စိတ်မျိုးဆိုရင် ပိုနေတဲ့ ငါးသိန်းဖိုးကို ယူလိုက်မိမှာပဲ ဘုရား၊ အခုတော့ ဆရာတော်ရဲ့ စာအုပ်တွေဖတ်၊ တရားတွေ နာထားတော့ မိမိကိုယ်ကို အကြည်ညိုပျက်မယ့် အလုပ်ကို သူတစ်ပါး သိသည် ဖြစ်စေ၊ မသိသည်ဖြစ်စေ မလုပ်ချင်တော့ဘူးဘုရား။"

"ဆရာတော်ရဲ့ စာအုပ်တွေထဲမှာ ရေးထားတယ်လေ...

'သူတစ်ပါးကို မကြည်ညိုရင် ကုသိုလ်မရရုံဘဲ ရှိမယ်။ ကိုယ့်ကိုယ်ကို မကြည်ညိုရင် အပါယ်ကျတတ်တယ်။ အကြောင်းကား သူတစ်ပါးကို လိမ်ညာ၍

ရသော်လည်း မိမိ ကိုယ်မိမိ လိမ်ညာ၍ မရသောကြောင့်တည်း..' ဆိုတဲ့ ဒဿနလေးဟာ တပည့်တော်တို့လို လူငယ်တွေကို မရိုးသားတာတွေ မလုပ်မိအောင် အနီးကပ်လာပြီး ဆုံးမနေသလိုပါပဲဘုရား။

"ဒါကြောင့် ကုမ္ပဏီပိုင်ရှင်ဆီ ဖုန်းဆက်ပြီး လိုနေတဲ့ ငါးသိန်းကိုပါ ပြန်ထည့် ပေးလိုက်တယ်ဘုရား၊ ဆရာတော် ဟောခဲ့ဖူးသလို သီလစောင့်မှ အရူမ တောင့်မယ်ဆိုတာလည်း အမှန်ပါပဲဘုရား။

"တပည့်တော်က ကိုယ်တွေ့ပါ၊ တစ်ခါတော့ တပည့်တော် ရန်ကုန်မှာ ကားတစ်စီး ဆင်းဝယ်တယ်။ ကြိုက်တဲ့ကားက တွေ့နေပြီ။ ခက်တာက သိန်းငါးဆယ် ချက်ချင်းလိုနေတာပဲ၊ ဒီအခက်အခဲကို သိသွားတဲ့ ကွန်ပျူတာ ကုမ္ပဏီပိုင်ရှင်က ကိုတင်ဝဏ္ဏ ဆိုရင် ဘာစာချုပ်မှ မလိုဘူး ဆိုပြီး လိုနေတဲ့ သိန်းငါးဆယ်ကို ချက်ချင်း ထုတ်ချေးပါတယ်။

"ထုတ်ပေးတဲ့ ကုမ္ပဏီက ပိုနေတဲ့ ငါးသိန်း တပည့်တော် ပြန်ပေးခဲ့တဲ့ ကုမ္ပဏီပါပဲ။ စာရိတ္တဆိုတာ တန်ဖိုးဖြတ်လို့ မရဘူး ဆိုတာ တပည့်တော် ကိုယ်တွေ့ပါပဲဘုရား"

●

## ဟသ်ာတက ကလေးမ

၂၀၀၉ ခုနှစ်ခန့်က ဟင်္သာတနယ်ရှိ ရွာကြီးတစ်ရွာမှ ကလေးမလေး တစ်ယောက်နှင့် အဘွားတစ်ယောက် စုစုပေါင်း မြေးအဘွား နှစ်ယောက်တို့သည် သူတို့ရွာအတွက် တရားပွဲလာပင့်ကြသည်။

-မဟောဖူးသေးသောနေရာ ဖြစ်ခြင်း၊

-ခေါင်သောနေရာ ဖြစ်ခြင်း၊

-အဆင်းရဲဆုံးသော နေရာဖြစ်ခြင်း၊

-လူမိုက်အများဆုံးရှိသောနေရာဖြစ်ခြင်း၊

ဟူသော အင်္ဂါလေးချက်နှင့် ညီသောကြောင့် စာရေးသူက တရားပွဲ နှစ်ည ပေးလိုက်သည်။ ထိုကလေးမသည် စက်သုံးဆီမှ စပြီး စားသောက်ကုန် ပစ္စည်း အလယ်၊ အလှကုန်ပစ္စည်း အဆုံး၊ ကုန်မျိုးစုံ ရောင်းသော ဆိုင်ကြီးကို ဖွင့်လှစ်ထားသည်။ အလကား ဝေနေသကဲ့သို့ တခြားကျေးရွာက လူများပါ လာရောက်ပြီး တိုးဝှေ့ ဝယ်ယူနေသည်ကို တွေ့ခဲ့သည်။ သူမ၏ အသက်သည် (၂၈) နှစ်ခန့် အရွယ်သာ ရှိသေးသော်လည်း ဤရွာနှင့်တကွ ရွာနီးချုပ်စပ်တွင် အချမ်းသာဆုံး စာရင်းဝင် သူဌေးမလေးတစ်ယောက် ဖြစ်နေပေပြီ။ သူမ

ကြီးပွားတိုးတက် ချမ်းသာခြင်း၏ အဓိက အကြောင်းများကို စာရေးသူအား ယခုလို ရှင်းပြခဲ့သည်။

"တပည့်တော် အရင်က လောဘနဲ့ပဲ စီးပွားရှာခဲ့တယ် ဘုရား၊ မေတ္တာနဲ့ စီးပွားရှာလို့ ရတယ်ဆိုတာ သိကို မသိခဲ့ဘူး၊ လောဘနဲ့ စီးပွား ရှာတော့ အမြတ်ငွေတော့ ရတာပေါ့ဘုရား၊ ဒါပေမဲ့ ကုသိုလ်မရဘူး၊ စိတ်ချမ်းသာမှု မရဘူး၊ လုပ်ငန်းလည်း ထိထိရောက်ရောက် တကယ် မအောင်မြင်ပါဘူး။ ဆရာတော် ရေးတဲ့ မေတ္တာဖြင့် စီးပွားဖြင့် စီးပွားရှာခြင်း စာအုပ်ကို ဖတ်ပြီးတဲ့ အခါကျမှ မေတ္တာနဲ့ စီးပွား ရှာရကောင်းမှန်း သိခဲ့ရတယ်။ ဒီစာအုပ်ကို ဖတ်ပြီးတဲ့ အချိန်ကစပြီး ဝယ်ယူသူတွေ ချမ်းသာဖို့အတွက်ကို အဓိက ထားလိုက်တယ်။ ပစ္စည်း ကောင်းကောင်းလည်း သုံးရပါစေ၊ ဈေးလည်း သက်သာကြပါစေဆိုတဲ့ မေတ္တာ စေတနာပေါ့။ မေတ္တာနဲ့ စီးပွားရှာတော့ အမြတ်ငွေလည်းရ၊ ကုသိုလ်လည်းရ၊ စိတ်လည်း ချမ်းသာ၊ စီးပွားလည်း အရင်ထက် ဆယ်ဆမက တိုးတက် လာတာပါပဲ။

"မေတ္တာထဲမှာ ကိုယ့်ကျင့်သီလကိုပါ ထည့်လိုက်တော့ တခြား ဈေးသည်တွေက တပည့်တော်ကို ဘယ်လိုမှ မမီနိုင်တော့ဘူး ဖြစ်သွားတာပေါ့ ဘုရား၊ တစ်ခါက ဆိုရင် ကုမ္ပဏီတစ်ခုက စက်သုံးဆီတွေ ပီပါလိုက် လာချပေးတယ်။ တပည့်တော် မှာတာက (၁၈) လုံး၊ သူတို့ လူတွေက မှားပြီး (၂၃) လုံးတောင် ချပစ်ခဲ့တယ်။ ပိုက်ဆံ ရှင်းနိုင်းတဲ့ အခါကျတော့ (၁၈) လုံးဖိုးပဲ ဖြစ်နေတယ်။ ဆရာတော် ဟောတဲ့တရားတွေ နာရတဲ့ ကျေးဇူး၊ ဆရာတော် ရေးတဲ့ စာအုပ်တွေ ဖတ်ရတဲ့ ကျေးဇူးကြောင့် ကောက်ကျစ်တဲ့ စိတ်ကို ဖြောင့်မတ်တဲ့စိတ်က အနိုင်ရသွားတယ်။

"တပည့်တော် ပိုနေတဲ့ ပီပါ (၅) လုံးအတွက်ပါ ပိုက်ဆံ ရှင်းပေးလိုက်ပါတယ်။ စာရိတ္တသတ္တိ စာအုပ်ထဲမှာ ဆရာတော် ရေးခဲ့တဲ့အတိုင်း လူသေပုပ်ပဲ အဖြစ်ခံမယ်၊ လူရှင်ပုပ်တော့ အဖြစ်မခံနိုင်ဘူး ဘုရား။ လူသေပုပ်က မြေကြီးထဲ မြှုပ်ထားတာ ဆိုတော့ သူ့ရဲ့အနံ့ဆိုးက ဘယ်သူ့ကိုမှ ဒုက္ခ မပေးဘူးဘုရား။ လူရှင်ပုပ်ကတော့ စာရိတ္တမကောင်းသူ သွားလေရာ နေရာတိုင်းမှာ သူခိုး၊ လူလိမ်၊ လူညာ၊ လာဘ်စားတတ်သူ၊ အထက်ဖါး အောက်ဖိသူ အစရှိတဲ့ အပုပ်နံ့တွေနဲ့ ပတ်ဝန်းကျင်ကို အမြဲတမ်း ဒုက္ခပေးနေမှာပါ"။

●

## စစ်ကိုင်းမြို့က ကိုနေလင်း

ကိုနေလင်းသည် စစ်ကိုင်းမြို့၊ ရွာထောင်ရပ်တွင် 'လင်းမြန်မာ' အမည်ဖြင့် ငွေထည်၊ ကြေးထည်လုပ်ငန်း လုပ်ပြီး အသက်မွေးဝမ်းကျောင်း ပြုနေသူ ဖြစ်သည်။ ကိုနေလင်းသည် စာရေးသူ၏ စာဖတ်ပရိသတ်၊ တရားနာ ပရိသတ်တစ်ဦးပင် ဖြစ်သည်။ တစ်ရက်တွင် ကိုနေလင်းဆိုင်သို့ မန္တလေးတိုင်း သာသနာရေးမှူးက နိုင်ငံတော်သုံး ကြေးရေစက်ခွက် အစုံ (၄၀) ကို အရောင်တင်ပြီး ပြုပြင်မွမ်းမံရန် အပ်နှံခဲ့သည်။ ဘောက်ချာစာရွက်ထဲတွင် ကြေးရေစက်ခွက် အစုံ (၄၀) ဟု အတိအကျရေးပြီးသား ဖြစ်သည်။ သို့သော် လုပ်ငန်းစတင်ရန်အတွက် ဟောင်းနွမ်းနေသော ရေစက်ခွက်များကို လေ့လာ ကြည့်ရှုလိုက်သောအခါ အကြီးဆုံး ရေစက်ခွက်ကြီး (၃) စုံက ငွေသားအစစ် ဖြစ်နေသည်ကို တွေ့ရသည်။ ထိုအချိန်က သူ၏ စိတ်ထားနှင့်ပတ်သက်၍ ကိုနေလင်းက စာရေးသူကို ယခုလို ပွင့်ပွင့်လင်းလင်း ပြောပြခဲ့သည်။

"အဲဒီ ငွေသားရေစက်ခွက် (၃) စုံကို အပြင်မှာ ရောင်းချပြီး ကြေးရေစက်ခွက် (၃) စုံနဲ့ အစားထိုးလိုက်မယ်ဆိုရင် တပည့်တော်အတွက် အနည်းဆုံး (၅) သိန်းလောက်ကျန်မှာပါ။ ဒါပေမဲ့ တပည့်တော် မတရားသဖြင့် လိုချင်စိတ်ကို ပေါ်မလာဘူးဘုရား။ ဘာကြောင့်လဲဆိုတော့ တရားမျိုးစုံနာ၊ တရားစာအုပ်မျိုးစုံ ဖတ်တဲ့ ကျေးဇူးတွေကြောင့်ပါပဲ ဘုရား။

"ဆရာတော် ဟောကြားခဲ့တဲ့ တရားတွေထဲက ကြည်ညိုခြင်း (၃) မျိုးနဲ့ ဘေး (၄) မျိုးအကြောင်းကို ချက်ချင်း အမှတ်ရလိုက်မိတယ်။

"ဆရာတော်က ကြည်ညိုခြင်း (၃) မျိုးကို ရဟန်းအတွက်ရော၊ လူအတွက်ရော၊ သေချာခွဲပြီး ဟောပေးခဲ့တယ်၊ ရဟန်းတော်များအတွက်. . .

အဝေးနေ ဒကာ၊ ဒကာမများ ကြည်ညိုခြင်း။

အနီးနေ သီးတင်းသုံးဖော် ရဟန်းများက ကြည်ညိုခြင်း။

မိမိကိုယ်မိမိ ကြည်ညိုခြင်း။

လူပုဂ္ဂိုလ်များအတွက် အဝေးနေသူစိမ်းများက ကြည်ညိုခြင်း၊ အနီးနေ မိသားစုဝင်များက ကြည်ညိုခြင်း၊ မိမိကိုယ်မိမိ ကြည်ညိုခြင်း ပါပဲ။ အဲဒီ (၃) မျိုးထဲမှာ ရှေ့နှစ်မျိုးက လိမ်ညာလို့ ရနိုင်တယ်။ မိမိကိုယ်မိမိ ကြည်ညိုဖို့ကတော့ လိမ်ညာလို မရနိုင်ဘူး။ နိဗ္ဗာန်ဆိုတာ မိမိကိုယ်မိမိ တကယ်ကြည်ညိုတဲ့ သူတွေပဲ ရောက်နိုင်တယ်ဆိုတဲ့ စကားလေးကို ဘယ်တော့မှ မမေ့နိုင်ပါဘူး ဘုရား"

●

**ဘေး (၄) မျိုး**

မကောင်းမှုတစ်ခု လုပ်လိုက်ပြီးဆိုရင် ဘေး (၄) မျိုး ဆိုက်တယ်။ နံပါတ်တစ်က သူတစ်ပါးက စွပ်စွဲကဲ့ရဲ့ အကြည်ညိုပျက်တဲ့ဘေးပဲ၊ နံပါတ်နှစ်က ထောင်တန်ကျပြီး အပြစ်ပေးခံရတဲ့ဘေးပဲ၊ ဒါပေမဲ့ ဒီဘေးနှစ်မျိုးက ပိပိရိရိ ခိုးတတ်မယ်၊ လာဘ်စားတတ်မယ် ဆိုရင် သူတစ်ပါး စွပ်စွဲကဲ့ရဲ့၊ အကြည်ညို ပျက်တဲ့ ဘေးက လွတ်သွားတယ်။ အာဏာပိုင် အချို့ကို လာဘ်ထိုးလိုက်မယ် ဆိုရင် ထောင်ကျမယ့် အပြစ်ဒဏ်လေးကလည်း လွတ်သွားနိုတယ်။

ဒါပေမဲ့ ဘယ်လိုမှ ရှောင်လွှဲလို့ မရတဲ့၊ လာဘ်ထိုးလို့ မရတဲ့ ဘေး (၂) မျိုး ကျန်သေးတယ်။ အဲဒါတွေကတော့ မိမိကိုယ်မိမိ စွပ်စွဲကဲ့ရဲ မကြည်ညိုတဲ့ ဘေးနဲ့၊ သေတဲ့အခါ အပါယ်သို့ ကျတဲ့ ဘေးတို့ပါပဲ။

ဒီနေရာမှာ ဆရာတော်က လာဘ်စားပြီး ငရဲကျသွားတဲ့ အရာရှိကြီး တစ်ယောက် အကြောင်းကို ထုတ်ပြလိုက်မယ်။ အဲဒီ အရာရှိကြီးက ပိပိရိရိ အလွဲသုံးစား လုပ်တတ်တော့ သူတစ်ပါး စွပ်စွဲတဲ့ဘေးကတော့ လွတ်သွားတယ်။ ဒါပေမဲ့ အလွဲသုံးစား လုပ်ပြီးကတည်းက သူ့ကိုယ်သူ မကြည်ညိုတော့ဘူး။

"ဒီအကြောင်းတွေကို စဉ်းစားမိတိုင်း သူ့ကိုယ်သူ ရွံရှာနေတယ်။ သေတဲ့ အခါမှာလည်း ညည်းညူ အော်ဟစ်ပြီး ခုတင်ပေါ် ကလိမ့်ကျ၊ မရှုမလှ သေးဆုံးခဲ့ရတယ်။ ဒီတရားတွေကို နာကြားရတဲ့အတွက် ကြောင့်လည်း သူတစ်ပါး

သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ မကောင်းတဲ့၊ မရိုးသားတဲ့ အလုပ်မှန်သမျှ မလုပ်တော့တာပါပဲ ဘုရား"

"အင်္ဂုတ္တုရ် ပါဠိတော်တွင် သီလစင်ကြယ်သူ၏ အလိုဆန္ဒသည် စင်ကြယ်သော်ကြောင့် ချက်ချင်း ပြည့်စုံရသည်" ဟူသော ဒေသနာ သည်အလွန် မှန်လှ၏။ ကိုနေလင်းသည် ကြေးဖြင့်ထုလုပ်သော ရွှေတိဂုံပုံတူများကို ထုလုပ် ရောင်းချသူ ဖြစ်သည်။

သူသည် အမြင့်ဆုံး ငါးပေအထိလောက်သာ ထုလုပ်ခဲ့ဖူးသည်။ သူထုလုပ်ခဲ့သော ရွှေတိဂုံစေတီ ပုံတူပေါင်း အဆူငါးထောင်ကျော် သွားပြီဟု သိရသည်။ သူသည် ဉာဏ်တော်မြင့်မြင့် ရွှေတိဂုံပုံတူကို အလွန်ထု လုပ်ချင်နေသည်။

ထိုအချိန်မှာပင် စားရေးသူ၏ မော်ဘီမြို့ရှိ သုံးထပ်ကျောင်းဆောင် ခေါင်မိုးပေါ်တွင် (၁၆) ပေအမြင့်ရှိ ရွှေတိဂုံ ပုံတူကိုထုလုပ်ရန် အကြောင်းဖန် လာခဲ့သည်။ ကိုနေလင်း၏ ကိုယ်ကျင့်သီလအကြောင်းကို ကြားသိထားသော စာရေးသူက ကိုနေလင်းကိုပင် အလုပ်အပ်နှံလိုက်ပေသည်။ (၁၆) ပေ အမြင့်ရှိ ကြေးဖြင့်ထုလုပ်သော ရွှေတိဂုံပုံတူသည် ပစ္စည်းနှင့် လက်ခ အပါအဝင် တန်ဖိုးကျပ် သိန်း (၃၀) ခန့် ကုန်ကျခဲ့ပေသည်။

ထိုစေတီကို ဦးအောင်ကောင်း၊ ဦးကိုကြီးတို့ အပါအဝင် အလှူရှင် သုံးဦးက စုပေါင်း လှူဒါန်းကြခြင်း ဖြစ်သည်။

●

## ဓမ္မသူရဲကောင်း

အဓမ္မဝါဒ ကြီးစိုးလျှင် လောကကြီးသည် ပူလောင်ဆင်းရဲ၏ ဓမ္မဝါဒ ကြီးစိုးလျှင် လောကကြီးသည် အေးငြိမ်းချမ်းသာ၏။ လောကဟူသည် လူသားများကို ဆိုလိုခြင်း ဖြစ်၏။ ပညာရှိသူတော်ကောင်း ဖြစ်သူတိုင်း ဓမ္မဘက်မှ ရပ်တည်၍ အဓမ္မကို တိုက်ခိုက်သင့်၏။ ဆွေမျိုးထက် ဓမ္မကို ချစ်သူများ ပေါ်များလာမည် ဆိုလျှင် လောကကြီးသည် တစ်နေ့ နေချင့်စဖွယ် အေးချမ်း လာမည်သာ ဖြစ်၏။ ဓမ္မဘက်မှ တကယ်ရပ်တည် လိုသူများသည် မိမိကိုယ်တိုင် သူတစ်ပါးအသက်ကို သတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ရုံဖြင့် မပြီးသေး အခြားသူများကိုလည်း သူတစ်ပါးအသက် မသတ်အောင် တတ်နိုင်သမျှ တားဆီးရမည်။ ဥပမာအားဖြင့် လယ်တီဆရာတော်ကြီးသည် ကိုယ်တိုင်းလည်း နွားတို့၏ အသက်ကိုမသတ်၊ နွားသားကိုလည်း မစား။ ထို့အတူ တစ်ပါးသူ များကိုလည်း နွားသားမစားအောင် နွားတို့၏ အသက်ကို မသတ်အောင် တစ်ပြည်လုံး လှည့်လည်၍ ဟောပြောစည်းရုံးခဲ့သည်။ သူတစ်ပါးဥစ္စာကို မခိုးဟူရာ၌လည်း ကိုယ်တိုင် မခိုးရုံဖြင့် မပြီးသေး၊ သူတစ်ပါးကိုလည်း မခိုးအောင် တတ်နိုင်သမျှ ဟောပြောစည်းရုံးရမည်။

သူတစ်ပါးမယားကို မိမိကိုယ်တိုင် မဖျက်ဆီးရုံနှင့် မပြီးသေး၊ တခြားသူများကိုလည်း မဖျက်ဆီးအောင် တတ်နိုင်သမျှ ဟောပြော စည်းရုံးရမည်။ မိမိကိုယ်တိုင် မလိမ်ရုံဖြင့် မပြီးသေး။ အခြားသူများကိုလည်း မလိမ်အောင်

ဟောပြော စည်းရုံးရမည်။ မိမိကိုယ်တိုင် သေရည်သေရက် မူးယစ်ဆေးဝါး မသုံးစွဲရုံဖြင့် မပြီးသေး၊ သူတစ်ပါးကိုလည်းသေရည်သေရက် မူးယစ်ဆေးဝါးမသုံး စွဲအောင် တတ်နိုင်သမျှတားဆီး ဟောပြောရမည်။

နားလည်အောင် အနည်းငယ် အကျယ်ချဲ့ရလျှင် သူတစ်ပါးဥစ္စာကို မိမိလည်းမခိုးရ၊ သူတစ်ပါးကိုလည်း မခိုးအောင် တားရမည်။ ခိုးနေသည်ကို တွေ့ရလျှင်လည်း ဝိုင်းဝန်း ဖမ်းဆီးထောင်ချရမည်။ လာဘ်စားသူ လိမ်ညာသူ ခိုးဝှက်သူများကို ထောင်ချနိုင်ရန် သက်သေအဖြစ် ခေါ်လျှင်လည်း သူ မသမာတို့၏ အမုန်းကို ရဲရဲဝံ့ဝံ့ခံယူ၍ သက်သေလိုက်ရဲရမည်။ အမရပူမြို့ မဟာဂန္ဓာရုံ ဆရာတော်ကြီးသည် မိမိထက်ရုပ်ချော၍ မိမိထက် ပညာ ပိုတော်သည့် အပြင် မန္တလေးသကျသီဟ စာမေးပွဲ အောင်ပြီးလည်း ဖြစ်သော ညီအရင်း ရဟန်းတစ်ပါးကို ချက်ချင်း လူဝတ်လဲခိုင်းခဲ့သည်။ အကြောင်းကား ကိုယ်ကျင့်သီလ မကောင်းသောကြောင့် ဖြစ်သည်။

စာရေးသူ၏ တရားပွဲစာရင်းများနှင့် အထွေထွေကိစ္စများကို အနီးကပ် ကူညီပြီး သာသနာပြုပေးနေသော ကပ္ပိယကြီး ဦးသန်းဝင်းသည်လည်း ဓမ္မ ဘက်တော်သား သူရဲကောင်းတစ်ယောက် ဖြစ်ပေသည်။

သူ ငယ်စဉ် (၈) နှစ်သား အရွယ်လောက်ကပင် ဖြစ်၏ သူ့ဖခင်သည် စက်ရုံတစ်ခုမှ ဂုန်နီအိတ်ကြိုးများကို မသမာသောနည်းဖြင့် နည်းနည်းစီ နေ့စဉ် ထုတ်ယူလာတတ်သည်။ များလာသောအခါ အခွေလိုက်ထပ်ပြီး ထုတ်တန်းတွင် ချည်ထားသည်။ ရောင်းချလျှင် ငွေများများ ရနိုင်မည့်အချိန်သို့ ရောက်လာ၏။ မောင်သန်းဝင်းသည် ထိုဂုန်နီအိတ် ကြိုးခွေများကို ကြည့်ပြီး မီးရှို့ချင်စိတ် ပေါ်လာခဲ့သည်။ နောက်ဆုံးတွင် ဘယ်လိုမှ စိတ်မထိန်းနိုင်တော့ဘဲ မီးခြစ်ခြစ်ကာ မသမာမှုဖြင့် ရလာသော ဂုန်နီးအိတ်ကြိုးခွေများကို မီးရှို့လိုက်လေတော့သည်။

## ခိုးတဲ့ပစ္စည်းသာ မီးလောင်

ဝိသမလောဘ ဦးစီးနေသော မောင်သန်းဝင်၏ ဖခင်သည် ခိုးမှု ကျူးလွန်သော မိမိ၏ မြင့်မိုရ်တောင်လောင်ရှိသည့် အပြစ်ကိုကား မမြင့်၊ သားဖြစ်သူ၏ ဆီးစေ့လောက်သာ ရှိသော အပြစ်ကိုကား မြင်ပြီး ရက်စက်စွာ ရိုက်နက်ခဲ့၏။ ဤကဲ့သို့ ရိုက်နက်ခြင်းမျိုးကား ဆုံးမခြင်းမဟုတ်၊ နှိပ်စက်ခြင်း၊ အနိုင်ကျင့်ခြင်းသာ ဖြစ်၏။ ထူးခြားသော အချက်တစ်ချက်ကို တင်ပြပေအံ့။

ဗုဒ္ဓက သူတစ်ပါးဥစ္စာကို ခိုးယူသူများသည် ဘဝဆက်တိုင်း ဆင်းရဲရသည်။ သူ၏ ဥစ္စာများကိုလည်း မီး၊ ရေ၊ မင်း၊ ခိုးသူ သားဆိုးသမီး ဆိုးဟူသော ရန်သူမျိုးငါးပါးက ဖျက်ဆီးတတ်သည်ဟု ဟောကြားခဲ့သည်။ ယခုဖြစ်ရပ်၌လည်း ကြီးမားလှသော ကြိုးခွေကြီးကို မီးရှို့ရာ၌ ပုံမှန်အတိုင်း ဆိုလျှင် တစ်အိမ်လုံး မီးလောင်သွားရမည်သာ ဖြစ်သည်။ သို့သော် အိမ်ကို မလောင်ဘဲ ခိုးလာသော ကြိုးခွေကြီး တစ်ခုတည်းကိုသာ မီးလောင်သွားခဲ့သည် မှာ ဆန်းကြယ်သော အချက်တစ်ချက်ပင်ဖြစ်၏။ အကယ်၍ ကြိုးခွေကြီးကို ရောင်းချပြီး ရရှိသော ငွေများဖြင့် ဆောက်ထားသော အိမ်သာဖြစ်လျှင် မသန့်ရှင်းသော ထိုအိမ်ကြီးပါ မီးလောင်သွားမည်ဟု ယူဆရပေသည်။

မောင်သန်းဝင်း၏ အသက် (၁၄) နှစ် ခန့်အရွယ်ကပင် ဖြစ်၏။ တစ်ခါတွင် မောင်သန်းဝင်းသည် အစိုးရ ဆန်ဂိုဒေါင်ကြီးတစ်ခု၏ ရှေ့တွင် တခြား

ကလေးများနှင့်အတူ ကစားနေကြသည်။ ထိုအချိန်မှာပင် ဂိုဒေါင်ထဲမှ အမှိုက်များ၊ အမှုန်များ လေနှင့်အတူ လွင့်ထွက်လာသည်ကို တွေ့ရသဖြင့် ဂိုဒေါင်အပေါ် သို့တက်ပြီး အမှုန်များလွင့်လာရာ နေရာကို ကြည့်လိုက်ရာ အမျိုးသား တစ်ယောက် ဖန်များကို သွန်ချပြီး အိတ်ခွံများခိုးနေသည်ကို တွေ့ရသည်။ အံ့ဩစရာ ကောင်းသည်ကား ခိုးနေသောသူသည် သူ၏ အစ်ကိုအရင်း တစ်ယောက် ဖြစ်နေခြင်းပင်။ ဓမ္မသူရဲကောင်း မောင်သန်းဝင်သည် ကိုယ်တိုင်လည်း မခိုး၊ ခိုးသူကို တွေ့လျှင်လည်း တားဆီး နှိမ်နင်းရမည်ဟု ခံယူထား၏။ ထို့ကြောင့် ရဲကို ဖုန်းဆက်လိုက်ရာ သူ့အစ်ကိုမှာ ဆန်အိတ်ခွံ ခိုးမှုဖြင့် ထောင်ကျသွားလေတော့သည်။

မြန်မာများသည် ဗုဒ္ဓဘာသာများ ဖြစ်ပါလျက် မိမိကိုယ်တိုင်လည်း မှန်သည့်ဘက်က မရပ်တည်ရဲ။ မှန်သည့်ဘက်၌ ရပ်တည်သူကိုလည်း လေးစားရကောင်းမှန် မသိ။ ထို့ကြောင့်လည်း သဃံဇာတ ပစ္စည်းများ ပေါများကြွယ်ဝပြီး ဗုဒ္ဓဘာသာ ဖြစ်ပါလျက် မြန်မာများသည် ကမ္ဘာနှင့်ယှဉ်လျှင် အဆင်းရဲဆုံး ဘဝသို့ ရောက်နေရခြင်း ဖြစ်သည်။ ယခုလည်း မှန်သည့်ဘက်၌ ရပ်တည်သော မောင်သန်းဝင်ကို သူ့မိခင်က ညီအစ်ကိုချင်း ထောင်ကျအောင် လုပ်သော လူမိုက်ဟု သတ်မှတ်ပြီး တစ်နေ့လုံး ရိုက်နှက်လေသည်။

အစ်ကိုဖြစ်သူ ထောင်မှ လွတ်လာသော အခါတွင်လည်း မောင်သန်းဝင်ကို စားသောက်ဆိုင်ကြီး တစ်ဆိုင်သို့ ခေါ်သွားပြီး အစားကောင်း အသောက်ကောင်းများကို စားပိုးနင့်သေအောင် မတန်တဆ ဖွတ်အတင်း ရိုက်နှက် ကျွေးမွေးခဲ့သည်။ သာသနာပြုရန် အကြောင်းကံ ရှိနေ၍သာ အသက်မသေရခြင်း ဖြစ်သည်။ မောင်သန်းဝင်း အရွယ်ရောက်၍ အလုပ်ဝင်သော အခါတွင် လူကြီးတစ်ယောက်၏ ကားကို မောင်းရသည်။ ထို လူကြီး ကတော်သည် အခိုးအဝှက် ဝါသနာပါသောကြောင့် ဌာနဆိုင်ရာမှ

စက်သုံးဆီများကို မလိုအပ်ဘဲ နေ့တိုင်းထုတ်ပြီး အပြင်တွင် ရောင်းစားသည်။ ထိုအလုပ်ကို ဦးသန်းဝင်းက လုပ်ရသည်။ သူခိုးအလုပ်ကို ရွံမုန်းသော သူ၏ ညဉ်အတိုင်း တစ်ရက်တွင် ခိုးဝှက်လာသော ဆီများ ရောင်းချရန်အသွားတွင် လူကြီးကတော်ကိုပါ ဦးသန်းဝင်းက ကားပေါ်သို့ တင်ခေါ်ခဲ့သည်။

ကားမထွက်မီ အချိန်မှာပင် ဌာနတာဝန်ခံ ရဲအရာရှိ တစ်ယောက်ထံသို့ ဆီခိုးရောင်းမည့်ကား ဘယ်လမ်းက ထွက်လာမည်။ ကားနံပါတ်က ဘယ်လောက် စသည်ဖြင့် ဖုန်းဆက်ထားသည်။ လမ်းခုလတ်သို့ ရောက်သောအခါ လူကြီးကတော် သူခိုးမှာ အဖမ်းခံရတော့သည်။ သို့သော် ဥပဒေ အထက်မှာ အဘိုးကြီးရှိသော မြန်မာပြည်၏ ထုံးစံအတိုင်း လူကြီးကတော်မှ အရက်ကွဲ ရုံသာဖြစ်ပြီး အဖမ်းမခံရဘဲ သူခိုးကိုဖေါ် ထုတ်သော ဦးသန်းဝင်းမှာသာ ရှေ့တန်းသို့ အပို့ခံလိုက်ရသည်။

●

## ကိုအောင်၏ စာရိတ္တသတ္တိ

ရဟန်းသည်ကား ဒကာ- ဒကာမများ၏
စံထားပုဂ္ဂိုလ် ဖြစ်ဖို့လို၏။
မိဘသည်ကား သားသမီးများ၏
စံထားပုဂ္ဂိုလ် ဖြစ်ဖို့လို၏
ဆရာသည်ကား တပည့်များ၏
စံထားပုဂ္ဂိုလ် ဖြစ်ဖို့လို၏
လူကြီးသည်ကား လူငယ်များ၏
စံထားပုဂ္ဂိုလ် ဖြစ်ဖို့လို၏
သမ္မတသည်ကား ပြည်သူများ၏
စံထားပုဂ္ဂိုလ် ဖြစ်ဖို့လို၏
စာရေးဆရာသည်ကား စာဖတ်သူများ၏
စံထားပုဂ္ဂိုလ် ဖြစ်ဖို့လို၏။
**(နတ်မောက်နယ်မှာ ဆရာတော်တစ်ပါး)**

"အထက်ပါ ကဗျာအတိုင်း မန္တလေးမြို့မှ ကိုအောင်၏ အဖေ ဦးသောင်းဌေးသည် ကိုအောင်၏ စံပြပုဂ္ဂိုလ် ဖြစ်ခဲ့၏။ ဦးသောင်းဌေးကား သံရည်ကြိုသည့် သာမန်အလုပ်သမား တစ်ယောက်ပင် ဖြစ်သည်။ သို့သော် သားလေးယောက်လုံးကို ဘွဲ့ရပညာတတ်များ ဖြစ်အောင်လမ်းပြ စောင့်ရှောက် နိုင်ခဲ့သည်။ အငယ်ဆုံးသား ဆိုလျှင် ဆရာဝန်တစ်ယောက်ပင် ဖြစ်ခဲ့သည်။

ကာယလုပ်သားတစ်ယောက်က သားလေးယောက်လုံး ဘွဲ့ရသည်အထိ ကျောင်းထားနိုင်အောင် အဘယ်ကဲ့သို့ ငွေရှာခဲ့ ပါလေသနည်း။ တခြားအလုပ်မရှိ။ သံရည်ကျို အလုပ်တစ်ခုတည်းမှ ငွေဖြင့် ကျောင်းထားခဲ့ခြင်း ဖြစ်သည်။ ကြာမြင့်စွာလုပ်ခြင်း၊ အစွမ်းကုန်လုပ်ခြင်း၊ မပြတ်လုပ်ခြင်း၊ လေးစားစွာလုပ်ခြင်း၊ တက်ကြွပျော်ရွှင်စွာ လုပ်ခြင်းဟူသော အင်္ဂါငါးချက်ဖြင့် ပါရမီ ဖြည့်ဆည်းခဲ့ သောကြောင့် အလောင်းတော်သည် ဘုရားရှင် ဖြစ်ခဲ့၏။

ထိုအင်္ဂါ ငါးချက်ဖြင့် ကြိုးစားလျှင် ဘုရားပင်ဖြစ်သေးရာ ကျန်သော ကိစ္စများဆိုလျှင် စကားထဲပင် ထည့်ပြောဖို့မလိုတော့ပေ။ ဦးသောင်းဌေး သည်လည်း ထိုငါးချက်နှင့်အညီ အလုပ်ကို ကြိုးစားသောကြောင့် အလုပ်သမား ခေါင်းဆောင် အဖြစ်သို့ ရောက်ခဲ့ရသည်။ အလုပ်သမား တစ်ယောက်သည် မိမိ၏ လုပ်ခကို မိမိကိုယ်တိုင် တန်ဖိုးဖြတ်သည်ဟူသော စကားသည် အလွန်မှန်သော စကား ဖြစ်၏။

ဦးသောင်းဌေးသည် မိမိလုပ်ငန်းကဲ့သို့ သဘောထားပြီး လုပ်လေသော အခါ ထိုလုပ်ငန်းတွင် သူသည် မရှိမဖြစ် ပုဂ္ဂိုလ်တစ်ယောက် ဖြစ်လာခဲ့၏။ ထို့ကြောင့်လည်း အလုပ်ရှင်သည် ဦးသောင်းဌေးအား မန်နေဂျာထက် မြင့်သော သူဌေး တစ်ယောက်၏ မျက်နှာလွှဲနေရာကို ပေးထားရ၏။ အလုပ်ရှင်စိတ်ရှိမှ အလုပ်ရှင် ဖြစ်သည်ဟူသော စကားကို အလုပ်သမားတိုင်း သတိပြု

လိုက်နာသင့်၏။ ထိုကမှတစ်ဆင့် သူဌေး ကြီးတစ်ယောက်က ကျပ် သိန်းတစ်ထောင် အရင်းအနှီး ထုတ်ပေးသောကြောင့် ကိုယ်ပိုင် သံရည်ကျို စက်ရုံကို တည်ထောင်နိုင်ခဲ့ခြင်း ဖြစ်သည်။

သစ်တုံးထဲသို့ သံရိုက်သွင်းလျှင် ဝင်၏။ သစ်သားသည် ပျော့သော ကြောင့် မာသောသံချောင်းကို နေရာဖယ်ပေးရခြင်းပင်တည်း။ ကျောက်တုံး ထဲသို့ သံရိုက်သွင်းလျှင် မဝင်။ ထိုသံချောင်း ကောက်ကွေးသွား၏။ ကျောက်တုံးသည် မာသောကြောင့် သံချောင်းသည် နေရာဝင်ယူ၍ မရပေ။

●

## သစ်တုံးလိုလူ ကျောက်တုံးလိုလူ

ထို့အတူ လုပ်ငန်းတစ်ခု လုပ်သောအခါ အချို့သောသူများသည် ဝတ်ကျေ တန်းကျေ လုပ်တတ်ကြသည်။ လုပ်ခရဖို့သာ အဓိကထား ကြသည်။ လုပ်ငန်းကောင်းဖို့၊ တိုးတက်ဖို့စိတ်ပင် မကူးကြ။ ထိုနေရာသို့ စိတ်ပါလက်ပါ အလုပ်တကယ် လုပ်သော သူရောက်လာသောအခါ ထိုသူသည် ဘေးသို့ ရောက်သွားရာသည်။ သစ်တုံးသည် သံချောင်းကို နေရာဖယ်ပေးရသကဲ့သို့ပင် ဖြစ်၏။

ထိုသို့ ကြုံခဲ့ရလျှင် နေရာရသွားသူကို အပြစ်မတင်သင့်။ တကယ် အလုပ်မလုပ်သော မိမိကိုယ်မိမိသာ အပြစ်တင်သင့်သည်။ ဘာသာရေး၊ စီးပွားရေး၊ နိုင်ငံရေး မည်သည့်အလုပ်ကိုမဆို စိတ်ပါလက်ပါ တကယ် လုပ်နေသော သူများ၏ နေရာကို မည်သူမျှ ဝင်လုယူ၍ မရပေ။ ကျောက်တုံးထဲသို့ သံကိုရိုက်သွင်း၍ မရသကဲ့သို့ပါပေတည်း။

နာရေး ကူညီမှု အသင်းကြီးကို စတင် တည်ထောင်တော်မူခဲ့သော ဝါခင်းကုန်း ဆရာတော် ဦးတိက္ခ။ ပရဟိတ၊ သာသနာပြု လုပ်ငန်းကြီးများဖြင့် ကမ္ဘာကျော်နေသော သီတဂူဆရာတော်။ ဘိုးဘွားရိပ်သာများကို စတင် တည်ထောင် ဖွင့်လှစ်ခဲ့သော ဘွားဦးဖွန်း၊ မြန်မာ့လွတ်လပ်ရေးကို ရအောင် ယူပေးခဲ့သော ဗိုလ်ချုပ်အောင်ဆန်း။

ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ၊ မိဘမဲ့ ပရဟိတကျောင်းများ၊ မျက်မမြင်ကျောင်းများတွင် တိုက်အလုံးပေါင်း ငါးဆယ်ကျော်၊ တစ်ပြည်လုံး နေရာအနှံ့ စာကြည့်တိုက်များ၊ ရေလောင်းအိမ်သာများကို အမြဲလှူလျက်ရှိသော ရှိုင်းဟုတ်ကုမ္ပဏီ ဥက္ကဋ္ဌ (လင်ဇီး)၊ ဒေါက်တာ ဒေါ်ခင်ခင်ရီတို့၏ နေရာကို မည်သူ တစ်ဦးတစ်ယောက်ကမှ လာရောက် လုယူ၍ မရနိုင်ပေ။

အပေါ်ယံကြည့်လျှင် ဦးသောင်းဌေးက သိန်းတစ်ထောင်ပေးခြင်းဖြစ်၏။ နက်နဲ့စွာကြည့်လျှင် ဦးသောင်းဌေး၏ ကိုယ်ကျင့်သီလနှင့် လုပ်ရည်ကိုင်ရည်ကို ပေးခြင်းပင်ဖြစ်၏။ ဦးသောင်းဌေးသည် သားများကို ပညာအမွေကိုသာမက ဓမ္မအမွေကိုပါ ပေးခဲ့သည်။ လောကီပညာ အမွေသည် တစ်ဘဝ၊ တစ်နပ်စာသာ ဖြစ်သည်။ သံသရာတွင် သုံး၍ မရပေ။

ဓမ္မ (ကုသိုလ်) အမွေသည်ကား သံသရာအဆက်ဆက် သုံး၍ ရပေသည်။ ဗိမ္ဗိသာရမင်းနှင့် အနာထပိဏ်သူဌေးတို့တွင် တူခြင်းသံချက်ရှိ၏။ ယင်းတို့ကား ဘုရားရှင်၏ ကျောင်းဒကာ ဖြစ်ခြင်း၊ သောတာပန်ဖြစ်ခြင်း၊ ဆိုးသွမ်းသော သားရှိခြင်းတို့ပင်ဖြစ်၏။ သို့သော် အနာထပိဏ်သည် သားသမီးများကို လောကီစည်းစိမ် အမွေသာမက ဓမ္မအမွေပေးဖို့ပါ သတိပြုမိခဲ့သည်။

သူ့တွင် သားသမီးသုံးယောက်၊ သားတစ်ယောက်ရှိ၏ သမီး သုံးယောက်တွင် နှစ်ယောက်က သောတာပန်၊ ကျန်အငယ်ဆုံး တစ်ယောက်က သကဒါဂါမ် ဖြစ်သည်။ တစ်ဦးတည်းသောသား မောင်းကာလကား အရက်သမား၊ ဖဲသမား လူဆိုးဖြစ်နေသည်။ ငွေသည် လူ၏ သည်းခြေ ကြိုက်ဖြစ်သည်။ ထို့ကြောင့် အနာထပိဏ် သူဌေးကြီးက ငွေတစ်ထောင်ပေးမယ် ဘုရားရှင်ရဲ့ တရားကိုသွားနာဟု ခိုင်းလိုက်ရာ နှစ်ခါမပြောရဘဲ သွားနာသည်။

တရားအဆုံးတွင် မောင်ကာလ သောတာပန်တည်ပြီး သူတော်ကောင်းကြီး ဖြစ်သွားခဲ့သည်။ ဗိမ္ဗိသာရမင်းကြီးကား သားဖြစ်သူ အဇာတသတ်ကို စည်းစိမ်းအမွေပေးရန်သာ စိတ်စောနေခဲ့သည်။ ဓမ္မအမွေပေးရန် သတိမရခဲ့။ ထို့ကြောင့်လည်း အဇာတသတ်သည် အရှင်ဒေဝဒတ်နှင့်ပေါင်းပြီး အဖေကို သတ်ခဲ့သည်။ ထိုကံကြောင့် သေသောအခါ ငရဲသို့လည်း ကျခဲ့သည်။

ဤဖြစ်ရပ်များကို ကြည့်၍ ယခုခေတ် မိဘများသည် သားသမီးများကို ဓမ္မအမွေပေးရန် မေ့မနေသင့်ပေ။ ဦးသောင်းဌေးကား သားလေးယောက်ကို ဓမ္မအမွေ ပေးနိုင်ခဲ့သဖြင့် သားလေးယောက်လုံး သူတော်ကောင်းများသာ ဖြစ်လာခဲ့သည်။ တရားခွေများကို နာယူနိုင်ခြင်း၊ ဓမ္မစာပေများကို ဖတ်ရှုစေခြင်း တို့သည် သားသမီးတို့အား ဓမ္မအမွေပေးခြင်းတို့ပင် ဖြစ်၏။ ကိုအောင်သည် ကျွန်ုပ် ဟောကြားသော တရားခွေများကို နာကြားရင်း ကျွန်ုပ်၏ ဒကာရင်းတစ်ဦး ဖြစ်လာခြင်းပင်။

●

## လူထုဦးလှ၏ လက်ဦးဆရာ

လူထုဦးလှ ပရဟိတ သူတော်ကောင်း တစ်ယောက် ဖြစ်လာ သည်မှာ လည်း သူ၏ ဖခင်ကြောင့်ပင် ဖြစ်ကြောင်း လူထုဒေါ်အမာ ရေးသားသော စာအုပ်တွင် ဖတ်ရသည်။ လူထုဦးလှဦး၏ ဖခင်သည် တောရွာ၌ စိုက်ပျိုး စရိတ် ထုတ်ပေးသူ ဖြစ်သည်။ သင့်တင့်သော အတိုးနှုန်းကိုသာ ယူသဖြင့် ချေးသူရော၊ ယူသူပါ အဆင်ပြေလှသည်။

တစ်ခါတွင် တောင်သူလယ်သမားများ ငွေချေးစာချုပ်များနှင့် အတူ သူတို့ ချေးထားသော ငွေရင်းများ အတိုးငွေများကို လာဆပ်နေကြသည်။ ယုံကြည်စိတ်ချရသူများ ဖြစ်သောကြောင့် အချို့ သူများ၏ အတိုးငွေများကို ယူသူကိုယ်တိုင် တွက်ချက်ပြီး ဆပ်သွားတတ်ကြသည်။

လာဆပ်သူ များလွန်းခြင်း၊ ယုံကြည်စိတ်ချရခြင်း ဟူသော အကြောင်းများကြောင့် လူထုဦးလှ၏ အဖေမှာ တစ်ခါတစ်ရံ ပြန်တွက်ခြင်း မပြုတော့ဘဲ သူတို့ တွက်ထားသည့် နှုန်းထားအတိုင်း လက်ခံလိုက်တတ်သည်။ တစ်ခါတွင် လယ်သမားကြီး တစ်ယောက်သည် အတိုးငွေများကို သူ့ဘာသာ တွက်ပြီး ဆပ်သွားသည်။

လူထု ဦးလှဖြစ်လာမည့် ခုနစ်တန်းကျောင်းသားလေးမှာ အနားမှာပင် ရှိနေသည်။ လယ်သမားကြီးသည် အတိုးငါးဆယ်သာ ပေးရမည် ဖြစ်သော်လည်း အတွက်မှားပြီး (၇၅) ကျပ် ဆပ်သွားသည်။ ခုနစ်တန်း ကျောင်းသားလေးကား မသိချင်ယောင်ဆောင် နေလိုက်သည်။ သူ့အဖေ (၂၅) ကျပ် ပိုရသည်ကို ကျေနပ်နေသောကြောင့် ဖြစ်သည်။

လယ်သမားကြီး ထွက်သွားသော အခါကျမှ...

"အဖေ စောစောက လယ်သမား အတွက်မှားပြီး ပိုက်ဆံ (၂၅) ကျပ် ပိုပေးသွားတယ်"

ဟု ပြောလိုက်ရာ သူ့ဖခင်က ယခုလို ပြန်မေး၏

"ဟင် ..သိရက်သားနဲ့ ဘာဖြစ်လို့ မပြောရတာလဲ"

"အဖေ့ကို ပိုက်ဆံ ပိုရစေချင်လို့ပေါ့"

"အဲဒါ မတရားသဖြင့် လိုချင်တဲ့ စိတ်ပဲ သားရဲ့၊ အဲဒီ စိတ်အတိုင်း တကယ်ရအောင် ယူလိုက်ပြီ ဆိုရင် သူခိုးဖြစ်သွားတာပဲ။ အဲဒီလို မတရား သဖြင့် လိုချင်ရင် သူခိုးလုပ်စားမှာပေါ့ သားရဲ့၊ သူခိုး လုပ်မစားချင်လို့ အခုလို ကောင်းရောင်းကောင်းဝယ် လုပ်စားတာပေါ့။"

"ဘုရားက ဟောထားတယ် သားရဲ့၊ ခိုးခဲ့တဲ့ လူများဟာ ဖြစ်ရာဘဝ ဆင်းရဲ တတ်တယ်တဲ့၊ ပြီးတော့ စီးပွားဥစ္စာ အနည်းငယ် ဖြစ်ထွန်းလာ ရင်လည်း မီးလောင်၊ ရေမျော၊ သူခိုးခိုး၊ မင်းက သိမ်း၊ သားသမီးက ဖြုန်းတီးလို့ ကုန်ရတတ်သတဲ့။"

"ကဲ .. မေးမယ် ၊ သားဖြစ်လေရာ ဘဝမှာ ဆင်းရဲ ချင်သလား"

"မဆင်းရဲချင်ပါဘူး"

"ပြီးတော့.... မိမိပစ္စည်း တွေကို ရန်သူမျိုး ငါးပါး ဖျက်ဆီး ခံရတာကို ကြိုက်သလား"

"မကြိုက်ပါဘူး"

"ပြီးတော့ သားရဲ့ ပစ္စည်းကို သူတစ်ပါးက မတရားသဖြင့် လိမ်ညာ လှည့်ပတ်ပြီး ယူသွားတာကို ကြိုက်သလား"

" မကြိုက်ပါဘူး"

"ရှင်းရှင်းလေးပဲ သားရယ်၊ ဘုရားရှင် ဟောကြားခဲ့တဲ့ တရားတွေဟာ ကိုယ်ချင်းစာ တရား တစ်ခုတည်းမှာ အကုန်ဝင်သွားတာပဲ။ ကိုယ့်အပေါ် လုပ်တာ မကြိုက်တဲ့ အလုပ်မျိုး သူတစ်ပါးအပေါ် သွားမလုပ်တာဟာ မျက်စိမှိတ်ပြီး တရားမထိုင်သောလည်း သူတော်ကောင်းပဲ သားရဲ့၊ သွား... စောစောက လယ်သမားကြီး ကို လိုက်ခေါ်ပြီး ပိုပေးခဲ့တဲ့ ငွေကို သားကိုယ်တိုင် တောင်းပန်ပြီး ပြန်ပေးလိုက်ပါ"

မိဘတိုင်း အရေးတစ်ကြီးသိသင့်တဲ့ လူထုဦးလှ၏ အကြောင်းကို ကြားဖြတ် တင်ပြသည်ကို ခွင့်လွှတ်စေချင်ပါသည်။ တန်ဖိုးရှိလှသော အကြောင်းအရာများကို အကြောင်းတိုက်ဆိုင်တုန်း မရေးသားပါက ကြာလျှင် မေ့ပျောက်သွားတတ်သောကြောင့် ဖြစ်ပါသည်။ လူထု ဦးလှ၏ ဖခင်သည် လည်းကောင်း၊ ကိုအောင်၏ ဖခင်သည်လည်းကောင်း သားသမီးများ၏ စံထား ပုဂ္ဂိုလ်များ ဖြစ်ခဲ့ပါပေ၏ ။

## အလိမ်ခံရမည့်သူ နှစ်ဦး

ကိုအောင်၏ ပင်ကိုဗီဇသည် သနားတတ်သည်။ သနားတတ်ခြင်းသည် သူတော်ကောင်း၏ နှလုံးသားမှာသာ ရှိသည်။ မသူတော်၏ နှလုံးသားတွင် မရှိချေ။ လောဘကြီးသူ၊ သနားတတ်သူများ အလိမ်ခံရ တတ်ပါသည်။ မှန်ပါသည်။ သို့သော် လောဘကြီးသူ အလိမ်ခံရလျှင် ရှိသမျှ ကုန်တတ်သည်။ ဘဝ ပျက်တတ်သည်။

သနားတတ်သူ အလိမ်ခံရလျှင် ဘဝမပျက်ပါ။ ပစ္စည်းငွေကြေး အနည်းငယ် ဆုံးရှုံးရုံလောက်သာ ဖြစ်ပါသည်။ စာရေးသူလည်း မကြာခဏ အလိမ်ခံရတတ်ပါသည်။ ထို့ကြောင့် မိတ်ဆွေအချို့က လူတိုင်းကို မသနားဖို့၊ မကူညီဖို့ပြောကြသည်။ ထိုဆုံးမစကားကို စာရေးသူအပြည့်အဝ မလိုက်နာနိုင်ပါ။

ဦးနှောက်၏ ခိုင်းစေချက်ကိုသာ ဟန်ဆောင်၍ ရချင်ရမည်။ နှလုံးသား၏ ခိုင်စေချက်ကိုကား ဟန်ဆောင်၍ မရပါ။ အချစ်နှင့် ချောင်းဆိုခြင်းကို အောင့်ထား၍ မရ ဟူသော စကားပုံ တစ်ခု ရှိသည်။ ထပ်ဖြည့်ချင်သည်မှာ သနားတတ်ခြင်းကိုလည်း အောင့်ထား၍ မရ ဟူသော စကားပုံပင် ဖြစ်သည်။

ကျွန်ုပ်သည် သနားစိတ်ကို အသက် (၄၇) နှစ်အတွင်း တစ်ကြိမ် အောင့်ကြည့်ခဲ့ဖူးသည်။ ခံစားလိုက်ရသည်မှာ ညအိမ် မပျော်နိုင်အောင်ပင် ဖြစ်သည်။ လွန်ခဲ့သော (၁၇) နှစ်ခန့် အချိန်ကပင် ဖြစ်၏။ ကျွန်ုပ်သည် ရွှေပြည်သာ၌ ကျောင်းတည်ထောင်ကာစအချိန်ပင် ဖြစ်သည်။

ဆင်းရဲသည့် ကြားထဲက ကိုယ့်ထက် ဆင်းရဲသူများကို မကြာခဏ ကူညီနေရာ ကျေးဇူးသိသူရှိသလို၊ ကျေးဇူးကန်းသူများလည်း မနည်းလှပေ။ ပိုက်ဆံ အကူအညီပေးလိုက်လျှင် တောင့်ထား၍မရ ပေးလိုက်မိသည်သာ။

လိမ်ညာ၍ အကူအညီတောင်းသူများ ရှိသလို တကယ်ဒုက္ခရောက်၍ အကူအညီ တောင်းသူများလည်း ရှိသည်။ လိမ်ညာသူ တစ်ယောက်ကို အကြောင်းပြုပြီး တကယ်ဒုက္ခ ရောက်နေသူ တစ်ယောက်ကို မကူညီ မိပါက ထိုဒုက္ခသည်အတွက် ဘယ်လောက် ဝမ်းနည်းကြေကွဲစရာ ကောင်းလိုက်ပါ သနည်း။

ထိုအတွေးအခေါ် ကြောင့်လည်း ဒုက္ခရောက်သူတွေလျှင် ကူညီနေမိ သည်သာ ဖြစ်သည်။ ကျွန်ုပ်၏ တပည့် ဦးပဥ္စင်း တစ်ပါးသည် ဧည့်သည် ရဟန်းနှစ်ပါးကို ရေလည်ကျောက်တန်းဘက်မှ ဘုရားများကို လိုက်ပို့ရင်း မိုးချုပ်သွားသဖြင့် ဘုန်းကြီးကျောင်း တစ်ကျောင်းသို့ တစ်ညတာ အိပ်စက်ဖို့ ဝင်သွားကြသည်။ သို့သော် သံသယကြီးလှသော ကျောင်းထိုင်ဘုန်းကြီးက မှတ်ပုံတင်ပြသည်ကိုပင် ညအိပ်လက်မခံဘဲ မောင်းချသဖြင့် တော်တော် စိတ်ဆင်းရဲခဲ့ကြသည်။

●

## အပြစ်မရှိဘဲ အပြစ်ပေးခံရသူ

ထိုကျောင်းထိုင် ဘုန်းကြီးကို သက်န်းဝတ် လူလိမ်အချို့က လိမ်ညာ ခိုးယူဖူးကြပါလိမ့်မည်။ ထို့ကြောင့်လည်း အကြောက်လွန်ပြီး ငယ်ဖြူ ရဟန်းများကိုပင် စိတ်မချနိုင် ဖြစ်နေပါလိမ့်မည်။ ထိုသို့ စိတ်မချဖြစ်နေပါက ဧည့်သည် ရဟန်းများကို ကျောင်းမကြီးနှင့်ဝေးရာ ကျောင်းငယ်များတွင် နေရာပေးလိုက်ပါက နှစ်ဖက်လုံးအတွက် အဆင်ပြေနိုင်ပေသည်။

တရားခံများကို ဖမ်းဆီး အပြစ်ပေးသော ရဲနှင့် တရားသူကြီးများတွင် စကားတစ်ခု ရှိသည်။ ထိုစကားကား. . .

"ဥပဒေချိုးဖောက်သူတို့ကို ပြစ်ဒဏ်မချနိုင်လျှင် နေပါစေ၊ အပြစ်ကင်းသူ တစ်ယောက်ကို ပြစ်ဒဏ်မချမိဖို့က ပို၍ အရေးကြီးသည်" ဟူ၍ ဖြစ်သည်။

ဆိုလိုသည်မှာ အပြစ်မရှိ သူတစ်ယောက်ကို အပြစ်ပေးမိပါက ထိုဒဏ်ရာသည် စိတ္တဇဖြစ်ပြီး သေသည်အထိ ဒုက္ခရောက်စေနိုင်သောကြောင့် ဖြစ်သည်။ ဖေါ်ပြပါ ဖြစ်ရပ်၌ ကျွန်ုပ်၏ တပည့်နှင့် ဧည့်သည် ရဟန်းနှစ်ပါးသည် ပြစ်မှု မကျူးလွန်ဘဲ အပြစ်ပေးခံကြရခြင်းပင် ဖြစ်သည်။

ဝါးလုံးသိမ်းရမ်းသော အလုပ်ကို စိတ်ဓါတ် သေးသိမ်သောသူများသာ လုပ်တတ်ကြသည်။ ဒကာကြီး တစ်ယောက်ကို တွေ့ဖူးသည်။ သူ့သမီး

တစ်ယောက် ဆွမ်းခံကိုယ်တော် တစ်ပါးနှင့် အကြောင်းပါသွား သောကြောင့် နောက်ထပ် မည်သည့်ကိုယ်တော်မှ ဆွမ်းခံမကြွရဟု ပိတ်ပင်လိုက်သည်။ ဤသည်ကား ပြစ်မှု မကျူးလွန်သူများကို ပြစ်ဒဏ်ချမှတ်လိုက်ခြင်းပင် ဖြစ်ပါလေ၏။

မန္တလေးတိုင်း၊ မြင်းခြံခရိုင်၊ တောင်သာမြို့နယ်၊ အုန်းပင်တောရွာမှ ရဟန်းငယ်တစ်ပါးသည် ဆွမ်းခံအိမ်မှ မိန်းကလေးနှင့် နီးစပ်ရန် အခွင့်အရေး ရပါသော်လည်းပဲ. . .

"ကာမရာဂါ၊ ကိုယ်တွင်းနာကား၊

ကုရာနတ္ထိ၊ ဆေးမရှိဘူး၊

မိမိပညာ၊ သတိသာလျှင်၊

မဟာဩသဓ၊ ဆေးမည်စွရှင့်. . ."

ဟူသော လင်္ကာအတိုင်း ပညာဖြင့် ဝေဖန်သတိဖြင့် ဆင်ခြင်ပြီး နောက်ဆုတ်ခဲ့သည်။ ထိုကိုယ်တော်၏ နှလုံးသားဒဏ်ရာ အဘယ်မျှ ပြင်းထန်ပါ သနည်း ဆိုလျှင် စိတ်ဝေဒနာပင် ခေတ္တ ခံစားလိုက်ရပါသေးသည်။ ဤသည်ကား ရဟန်းတစ်ပါး၏ စာရိတ္တသတ္တိပင် ဖြစ်ပါလေ၏။ (ထိုအကြောင်းအရာအကျယ်ကို စာရိတ္တသတ္တိစာအုပ်တွင် ရေးခဲ့ပါပြီ)

အမရပူရမြို့၊ မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီး ဆိုလျှင် ပါရမီ ဖြည့်ချင်နေသည့် ဥစ္စာပေါ၊ ရုပ်ချော၊ စိတ်ကောင်းရှိသည့် အမျိုးသမီးတစ်ဦးကို ဥပေက္ခာပြုပြီး ပရိယတ္တိ သာသနာတော်ကြီး နေလိုလလို ထွန်းတောက်အောင်

စောင့်ရှောက်တော်မူခဲ့ပေသည်။ ထိုအမျိုးသမီးသည်လည်း တစ်သက်လုံး အိမ်ထောင် မပြုတော့ဟု ဆိုသည်။

ထိုအကြောင်းအရာ အကျယ်ကို ဆရာတော်ကြီး ကိုယ်တော်တိုင် ရေးသားသော တစ်ဘဝသံသရာစာအုပ်တွင် ဖတ်နိုင်ပေသည်။ ဤဖြစ်ရပ်များကို ထောက်၍ တစ်ဦးတစ်ယောက် မကောင်းသည်နှင့် မည်သူမှ မကောင်းဘူး ဟူသော ဝါးလုံးသိမ်းရမ်းသော ဝါဒကို စွန့်လွှတ်သင့်ပေသည်။

ခြေမ မကောင်း ခြေမ၊ လက်မ မကောင်း လက်မဟူသော ဝါဒအတိုင်းသာ ကျင့်သုံးသင့်ပေသည်။ ကျွန်ုပ် သနားတတ်သောကြောင့် အလိမ်ခံရပုံ သာဓက နှစ်ခုကို ထုတ်ပြပါမည်။ ပထမတစ်ခုမှာ ရွှေပြည်သာမြို့၊ မန္တလေးကျောင်းတွင် နေစဉ်က အလိမ်ခံရခြင်း ဖြစ်သည်။ မြန်မာပြည်တွင် ငတ်သေသော မသာ မရှိသော်လည်း ဆေးမကုနိုင်သောကြောင့် သေသော မသာကား ပေါ်များလှသည်။

ထို့ကြောင့် ဒါနပြုလိုသူများသည် မကျန်းမာသူများကို ဆေးကုပေးသော အလှူကို များများပြုသင့်သည်။ ကျွန်ုပ်သည် နွမ်းပါးသူများကို တတ်နိုင်သမျှ ဆေးဖိုးလှူဒါန်းနေသည်မှာ ကြာခဲ့ပါပြီ။ တစ်ခါတွင် အသက် (၆၀) ခန့်နှင့် (၄၀) ခန့်အရွယ်ရှိ အမျိုးသမီးနှစ်ဦး ကျောင်းသို့ ရောက်လာကြပြီး ယခုလို လျှောက်သည်။

●

## ကရုဏာကို လုပ်ကြံသတ်ဖြတ်ကြသူများ

"တပည့်တော်တို့ မန္တလေးကပါဘုရား၊ တပည့်တော်ရဲ့ အမျိုးသား နလုံးရောဂါနဲ့ ရန်ကုန်ဆေးရုံကြီးမှာ တင်ထားပါတယ် ဘုရား။ ရုတ်တရက် ငွေပြတ်သွားလို့ ရန်ကုန်မှာ အသိလည်း မရှိတာကြောင့် ကိုယ့်မန္တလေးသားချင်းပဲ အကူအညီတောင်းမယ်ဆိုပြီး ဆရာတော်ကျောင်းကို ရောက်လာတာပါ ဘုရား။

"ကူညီရမှာပေ့ါ၊ ကပ္ပိယကြီး ငွေတစ်သိန်း ထုတ်ပေးလိုက်ပါ" ၂၀၀၁ ခုနှစ်၊ လွန်ခဲ့သော ဆယ်နှစ်ခန့်က ဖြစ်သောကြောင့် ငွေတစ်သိန်းသည် မည်မျှ တန်ဖိုးကြီးကြောင်း ရိပ်မိနိုင်ပါသည်။ သူတို့နှစ်ယောက် ပြန်သွားပြီး တစ်ပတ်ခန့် အကြာမှာပင် စာရေးသူထံ ဖုန်းဆက်ပြန်သည်။ နောက်ထပ်တစ်သိန်းခန့် ထပ်အကူအညီပေးရန် တောင်းခံခြင်း ဖြစ်သည်။ ထိုအခါ ငွေအားသာမက လူအားပါ အကူအညီပေးချင်သော စာရေးသူက ယခုလို ပြန်ပြောလိုက်၏။

"အဲဒါဆိုရင် လူနာကို အားပေးရအောင် ဆရာတော် ကိုယ်တိုင် ဆေးရုံကို လိုက်လာခဲ့မယ်၊ အဆောင်နဲ့ ခုတင်နံပါတ်ကို ပြောလိုက်ပါ"

"ဟာ ... ဆရာတော် မလာပါနဲ့ဘုရား အားနာစရာကြီး တပည့်တော်မတို့ပဲ ငွေလာယူပ့ါမယ်"

"ငွေနဲ့ စားစရာတွေဟာ လူနာရဲ့ ရုပ်တရားကိုသာ ထောက်ပံ့ပေးနိုင်တာပါ။ နာမ်တရား၊ စိတ်ဓါတ်ကို ထောက်ပံ့မပေးနိုင်ပါဘူး။ ထင်ရှားတဲ့ ဆရာတော် တစ်ပါးကိုယ်တိုင် လူနာ လာမေးတာဆိုတော့ အားတက်သွားတာပေါ့၊ ဘယ်လောက် အလုပ်များများ လူနာအတွက်တော့ အားရမှာပေါ့"

သူတို့ထံမှ အခန်းနံပါတ်ရသည်နှင့် ဆေးရုံသို့ လိုက်သွားကြသောအခါ နာမည်တူ လူနာကိုပင် မတွေ့ခဲ့ရပေ။ စာရေးသူ၏ ကရုဏာကို အသုံးချ၍ လိမ်လည်သွားခြင်းပါတည်း။

နောက်တစ်ကြိမ်ကတော့ မကြာသေးပါ။ ၂၀၁၀ ခုနှစ်ခန့်က ဖြစ်ခဲ့ခြင်းပင်။ အမျိုးသမီးနှစ်ဦး မော်ဘီ သုဒ္ဓဝိပဿနာရိပ်သာ အတွင်းသို့ ဝင်လာကြသည်။ စာရေးသူကို တွေ့သည်နှင့် အသက်ငါးဆယ်ကျော်ခန့် အမျိုးသမီးကြီးက မျက်ရည်တွေကျရင်း ယခုလို လျှောက်ထားသည်။

"တပည့်တော်မရဲ့ အမျိုးသား လေဖြတ်ထားတယ်ဘုရား၊ ဆေးရုံ မတက်နိုင်လို့ ဆေးမြီးတိုနဲ့ပဲ ကုနေရတာ မသက်သာဘူးဘုရား၊ ဆရာတော် တတ်နိုင်ရင် ဆေးရုံတက်ဖို့အတွက် ကူညီပါ ဘုရား"

"ဆေးရုံတက်ရင် ဘယ်လောက် ကုန်မှာလဲ"

"ဆယ်သိန်းလောက်ကုန်မှာပါ ဘုရား"

တစ်သိန်းလောက်၊ နှစ်သိန်းလောက်ဆိုလျှင် ချက်ချင်း ထုတ်ပေးမည် ဖြစ်သည်။ ဆယ်သိန်းဆိုတော့ များလွန်းနေသည်။ ဒီရောဂါဟာ ဒီလောက်တော့ မကုန်နိုင်ဟု စိတ်ထဲက အလိုလို သိနေသည်။ ထို့ကြောင့် ယခုလို ပြောလိုက်မိသည်။

"ဒါဖြင့် ဒီလိုလုပ်ပါ၊ ကပ္ပိယဆီက ငွေသုံးသောင်းထုတ်ပြီး ရန်ကုန်ဆေးရုံကြီးကို ကားငှားသွားကြ၊ ဆေးရုံရောက်တာနဲ့ ဒီကို ဖုန်းလှမ်းဆက်လိုက်။

"ဟောဒီမှာ ဆရာတော်နဲ့ ကပ္ပိယကြီးရဲ့ ဖုန်းကတ်၊ ဆရာတော့် ကပ္ပိယကြီး ကိုယ်တိုင် ဆေးရုံကို လိုက်လာပြီး ကျသင့်ငွေကို အကုန်ရှင်းပေးမယ်"

သူတို့ ထွက်သွားပြီး နေ့လည် (၁၂) နာရီခန့်မှာပင် ဖုန်းဝင်လာသည်။ ဆေးရုံသို့ ရောက်နေပြီတဲ့၊ ကပ္ပိယကြီး ငွေဆယ်သိန်းထုတ်၍ လိုက်သွားသည်။ ကပ္ပိယကြီးကိုလည်း သေချာမှာလိုက်သည်။ လူနာရှင်၏ လက်ထဲသို့ ငွေထည့်မပေးဘဲ ဆရာဝန်နှင့် တိုင်ပင်ပြီး တကယ်ကျသင့်သော ဆေးဖိုးကိုသာ ရှင်းခဲ့ဖို့ဖြစ်သည်။ ညနေ ကပ္ပိယကြီး ပြန်လာတော့ အမှန်သိရပါပြီ။

"ဆရာတော်ပြောသလို လုံးလုံးအမှားထက် အမှန်နည်းနည်း ရောနေတဲ့ အမှားက ပိုကြောက်စရာ ကောင်းတယ်ဆိုတာကို လက်တွေ့ကြုံခဲ့ရတာပဲဘုရား၊ ရောဂါဖြစ်တာလည်း မှန်တယ်၊ ဆေးရုံတက်တာလည်း မှန်တယ်။

"ဒါပေမဲ့ ဆယ်သိန်း ကုန်မယ်ဆိုတာကတော့ မမှန်းဘူး ဘုရား၊ ဆရာဝန်နဲ့ တွေ့ပြီး သေချာ တွက်ကြည့်လိုက်တော့ ဆေးရုံက ဆင်းတဲ့အထိ အားလုံးကုန်ကျစရိတ်က တစ်သိန်းခွဲပဲ ရှိတယ်ဘုရား၊ အဲဒါကြောင့် တပည့်တော် ဆရာဝန်လက်ထဲကို တစ်သိန်းခွဲ ထည့်ပေးခဲ့တယ် ဘုရား"

●

## ခွင့်ပြုလျှင် သုယုတ်မာ ခွင့်မပြုလျှင် သုတော်ကောင်း

လောဘသည် ပုထုဇဉ်တိုင်းတွင် ရှိ၏။ သို့သော် ထိုလောဘကို မတရားသဖြင့် လိုချင်သော ဝိသမလောဘအဆင့်သို့ ရောက်အောင် ခွင့်ပြု သူများသည် သူယုတ်မာဘဝသို့ ရောက်ကြရပြီး၊ ခွင့်မပြုသူများသည် သူတော်ကောင်းဘဝသို့ ရောက်ကြရသည်။

အနသယလောဘကို ဝိသမလောဘ အဖြစ်သို့ ရောက်အောင် ခွင့်ပြုခဲ့သောကြောင့် ဖိလစ်ပိုင်သမ္မတမားကို့စ်သည် နိုင်ငံမှ ထွက်ပြေးရပြီး ပြည်သူများ၏ တံတွေးခွက်၌ ပက်လက်မျောခဲ့ရသည်။ ထို အနသယ လောဘကိုပင် ဝိသမလောဘ အဆင့်သို့ ရောက်အောင် ခွင့်မပြုခဲ့သောကြောင့် ဗီယက်နမ် သမ္မတကြီး ဟိုချီမင်သည် ဘုရားတစ်ဆူ ဂူတစ်လုံးကဲ့သို့ တစ်ပြည် လုံး၏ ကြည်ညိုလေးစားခြင်းကို ခံယူရသည်။

သမ္မတသည်ကား၊ ပြည်သူများ၏

စံထားပုဂ္ဂိုလ်၊ ဖြစ်ဖို့လို၏။

ဟူသော စကားအတိုင်း ဟိုချီမင်းသည် ဗီယက်နမ်ပြည်သူ အားလုံး၏ စံထားထိုက်သော ပုဂ္ဂိုလ်ဖြစ်ခဲ့၏။ ပြင်သစ်နှင့် အမေရိကန်တို့၏ အနိုင်ကျင့် မှုကြောင့် ဗီယက်နမ် တစ်နိုင်ငံလုံး ပြာပုံအတိ ဖြစ်ခဲ့ရသည်။ မြေကြီးမှ စခဲ့ရသည်။

ထို့ကြောင့် တစ်ပြည်လုံးရှိ ပြည်သူများ အစစ အရာရာ ချွေတာကြသည်။ ဗီယက်နမ် ပြည်သူများထဲတွင် အချွေတာဆုံးမှာ သမ္မတကြီး ဟိုချီမင်းပင် ဖြစ်သည်။

သမ္မတကြီးသည် အရင်ရှိသည့် သစ်သားအိမ်လေးမှာသာ နေသည်။ နေအိမ်မှာ သမ္မတ အိမ်တော်ကြီးသို့ ရုံးထိုင်ရန် သွားသည့်အခါ စက်ဘီး စီးသွားသည်။ ဤကား မိမိ၏ ချမ်းသာခြင်းကို ပြည်သူများအား မျှခြင်း ဖြစ်၏။ မျှသူကို လောကရှိ လူသားများသည် တ,ကြ၏။ မမျှသူကိုကား မတ,ကြပေ။ မျှသူကို တ,ပြီး၊ မမျှသူကို မတ,သည်မှာ သဘာဝကျပေသည်။

ဟိုချီမင်း ကွယ်လွန်သွားပြီး ဖြစ်သော်လည်း ဗီယက်နမ် ပြည်သူ အားလုံးက တ,နေတုန်းသာ ဖြစ်သည်။ ဟိုချီမင်း အမှတ်တရ ဗိမာန် ပြတိုက်ကြီးကို တည်ဆောက်ထားသည်မှာ မည်မျှလောက်ထိ ကြီးမားလိုက်ပါ သနည်း ဆိုလျှင် ထိုပြတိုက်ကြီး နေရာနှံ့အောင် လိုက်ကြည့်လျှင် တစ်နေ ကုန်သည်ဟု ဆိုသည်။ ထိုပြတိုက်ကြီးထဲတွင် ဟိုချီမင်း၏ သက်မဲ့ ခန္ဓာကိုယ်ကို နှစ်ပေါင်းများစွာခံသော ဆေးရည်စိမ်ပြီး ပြသထားသည်။ နေ့စဉ် ဂါရဝလာပြုသော ဗီယက်နမ်ပြည်သူများမှာ ပျားပန်းခတ်မျှ များပြားလှပါသည်။

မြန်မာပြည်မှ ယခင်နိုင်ငံ့ ခေါင်းဆောင်တစ်ဦး ကွယ်လွန်သွားရာ၌ကား။ လိုက်ပို့သူမှာ လေးငါးဦးသာ ရှိသည်ဟု သိရသည်။ ထိုလေးငါးဦးမှာလည်း သူ၏ အနီးကပ် မိသားစုလောက်သာ ဖြစ်သည်ဆို၏။ မမျှသူကို လောကလည်း မတ,ပေ။ ထိုခေါင်းဆောင်၏ အလောင်းကို ဆေးစိမ်၍ ဂါရဝပြုဖို့ နေနေသာသာ မည်သည့်နေရာ၌ သဂြိုဟ်လိုက်မှန်းပင် မသိကြရချေ။

မမျှသူကို မတ,သည်မှာ ဓမ္မတာပင် မဟုတ်ပါလော။ လစ်ဗျား ခေါင်းဆောင် ကဒါဖီသည် လက်နက်အားကိုးဖြင့် အာဏာသိမ်းခဲ့သည်။ သူ၏

ကိုယ်ကျိုးကိုသာ အများဆုံး လုပ်ဆောင်ခဲ့သည်။ သူ၏ သားတစ်ယောက်သည် အီတလီမှ ဘောလုံး အသင်းတစ်သင်းကိုပင် ဝယ်ယူခဲ့သည်။ အစွမ်းအစ မရှိဘဲ ပိုက်ဆံပေးပြီး ကလပ်အသင်းထဲ ဝင်ကန်သော ဘောလုံးသမား တစ်ဦးပင် ဖြစ်သည်။

နှစ်ပေါင်း လေးဆယ်နီးပါး ကြာသောအခါ ပြည်သူများက ဆင်းရဲသည့် ဒဏ်ကို မခံနိုင်တော့ဘဲ ဆန္ဒပြကြသည်။ ကဒါဖီက လက်နက် အင်အားသုံးပြီး ဆန္ဒပြသူများကို ပစ်သတ်ခဲ့သည်။ နောက်ဆုံး ဆန္ဒပြမှုက သူ့ပုန်ထမှုထိ ရောက်သွားပြီး ကဒါဖီတို့ မိသားစု အသတ်ခံလိုက်ရတော့သည်။ ပြည်သူက သူတို့အာဏာကို သူတို့ ပြန်ယူသွားပေပြီ။

ကဒါဖီ သေသွားသည်နှင့် သူ၏ ရုပ်ထုကြီးကို လှဲချပြီး ပြည်သူများက တံတွေးဖြင့် ထွေးကြသည်။ ကျင်ငယ်ရေဖြင့် ပေါက်ချကြသည်။ မိမိချမ်းသာကို ပြည်သူအားမမျှသူတို့၏ ဘဝနိဂုံးကား အကျည်းတန်လှပေသည်။ သနားစိတ်ကို ပိတ်ဆို့မိသောကြောင့် အိပ်မရလောက်အောင် ခံစားလိုက်ရသော စာရေးသူ၏ ဖြစ်ရပ်ကို မရေးမီ ဆက်စပ်သော အကြောင်းအရာများကို ရေးခဲ့ရာ စုံလင်သွားပြီးဖြစ်သဖြင့် အဓိက အကြောင်းအရာကို ပြန်ရေးပါတော့မည်။

၁၉၈၉ ခုနှစ်ခန့်က စာရေးသူသည် လှိုင်မြို့နယ်၊ (၅၈) ရပ်ကွက်၊ ကြံခင်းကျောင်း စာသင်တိုက်တွင် စာချပေးနေစဉ် ဖြစ်သည်။ ဆွမ်းခံအိမ်မှ ဖတာဆိုးလေး နှစ်ယောက်ကို သင်္ကန်းဝတ်ပေးပြီး စောင့်ရှောက်ပေးနေရသည်။ အဖေ မြန်မာ၊ အမေ မွန် ဖြစ်သည်။ အဖေသည် ဆိုးလွန်းသဖြင့် ထောင်ထဲမှာပင် ဆုံးပါးသွားကြောင်း သိရသည်။ အမေဖြစ်သူကလည်း လည်ဝယ်သူ မဟုတ်သဖြင့် ကလေးလေးယောက်ကို ထမင်းဝအောင် ရှာမကျွေးနိုင်သောအခါ ယောက္ခမ ကိုသာ အားကိုးနေ ရတော့၏။ ထိုယောက္ခမ ဆိုသူမှာ စာရေးသူ၏ ဆွမ်းခံအိမ်ပင်

ဖြစ်သည်။ သူတို့ ညီအစ်ကို ရှစ်နှစ်သား အရွယ်ခန့်ကတည်းက စာရေးသူထံ ရောက်လာကြသဖြင့် စာရေးသူ၏ သားတပည့်ဆိုလျှင် မမှားပေ။ ထို့နောက် စာရေးသူ ရွှေပြည်သာသို့ ကျောင်းခွဲသော အခါတွင်လည်း သူတို့ ညီအစ်ကိုကတော့ တစ်ခါတည်းလိုက်လာကြသည်။

●

## ပေးပါ မရွေးပါနဲ့

စာရေးသူသည် သနားတတ်သောကြောင့် ဒုက္ခရောက်သူများ မကြာခဏ လာ၍ အကူအညီ တောင်းတတ်ကြသည်။ ပိုက်ဆံ ချေးသူလည်း ရှိသည်။ တောင်းသူလည်း ရှိသည်။ စာရေးသူကား နှစ်မျိုးလုံးကို တတ်နိုင်သမျှ ကူညီလိုက်သည်သာ။ ချေးလိုက်လျှင် ပြန်မရသည်က များသည်။ ထိုအခါ မယ်တော်ကြီး ဒေါ်သိန်းရင်က ယခုလို အကြံပေး လာသည်။

"သားဘုန်းကြီးကို အကြံပြုချင်တယ်၊ ကိုယ်တတ်နိုင်သမျှ ပေးလိုက်တာကိုတော့ မယ်တော်ကြီး ဘာမှ မလျှောက်လိုပါဘူး။ ဒါပေမဲ့ ပိုက်ဆံချေးတာကျတော့ မယ်တော်ကြီး သဘောမတူဘူး။ ချေးတာဆိုတော့ ပြန်ရချင်တာပဲ၊ ပြန်မရတော့ သားဘုန်းကြီးမှာ စိတ်မချမ်းမသာ ဖြစ်မှာပဲ။

"သားဘုန်းကြီးက စေတနာဖြူစင်စွာနဲ့ ကူညီတာ မှန်သော်လည်း အပြစ်ပြောချင်သူတွေက ငွေချေးပြီး အတိုးယူနေတယ်လို့ စွပ်စွဲလာနိုင်တယ်၊ လက်တွေ့မှာတော့ ဘုန်းကြီးမှာ အတိုးမပြောနဲ့ အရင်းတောင် ပြန်ရတာ မဟုတ်ဘူး၊ ဒါကြောင့် မယ်တော်ကြီး သဘောကို ပြောရရင် ပိုက်ဆံလာချေးရင် မချေးပါနဲ့၊ သားဘုန်းကြီး နိုင်သလောက် စွန့်ကြဲလိုက်ပါ။ အဲဒါဆိုရင် သားဘုန်းကြီးရဲ့ ပရဟိတ ကုသိုလ်ထဲမှာ အကုသိုလ် မပါတော့ဘူးပေါ့"

မယ်တော်ကြီး ပြောသည်မှာ ဟုတ်သင့်သလောက် ဟုတ်တော့ ဟုတ်ပါသည်။ သို့သော် ဆယ်ဦးရှေးလျှင် သုံးဦးလောက်ကတော့ ပြန်ပေး ကြပါသည်။ ပြန်မဆပ်သူ လူယုတ်မာ တစ်ယာက်အတွက်နှင့် ပြန်ဆပ်မည့်သူ လေးငါးယောက် လိုအပ်သည့်အကူ အညီကိုမပေးဘဲ နေမိမှာကိုလည်း စိုးရိမ်မိပြန်သည်။ ဘာပဲပြောပြော မယ်တော်ကြီး စကားကို နားထောင်တော့မည်။ ပိုက်ဆံ မချေးတော့။ မိမိနိုင်သလောက်သာ ထောက်ပံ့တော့မည်ဟု ဆုံးဖြတ် လိုက်သည်။

ထိုနေ့မှာပင် ကိုရင်းလေး နှစ်ပါး၏ အမေ ကျောင်းသို့ ရောက်လာပြီး အရောင်းအဝယ် လုပ်ရန်ငွေချေးသည်။ ယောကျ်ားဖြစ်သူ မရှိတော့ မှန်းလည်း သိသည်။ တကယ် ဆင်းရဲမှန်းလည်း သိသည်။ ထို့ကြောင့် ငွေထုတ်ပေးချင်စိတ် တဖွားဖွား ပေါ်နေသည်။ သို့သော် စိတ်ကို တင်းထားလိုက်ပြီး၊ မိမိစိတ်စေတနာ ပြတ်သလောက် ငွေကိုသာ ထုတ်ပေးလိုက်တော့သည်။

သူမှန်းထားသလောက် မရသဖြင့် စိတ်မကောင်းဖြစ်ပြီး ညှိုးငယ် သွားသော မျက်နှာကို ယခုအချိန်တိုင်အောင် မျက်စိထဲတွင် မြင်နေမိသည်။ ထိုသို့ စိတ်တင်းပြီး ပြောနေစဉ် ကတည်းက စာရေးသူရင်ထဲတွင် ခံစားနေရပြီဖြစ်သည်။ ထိုနေ့ည တစ်ညလုံး စာရေးသူ ကောင်းကောင်း အိပ်မရတော့ပေ။ ကိုယ့်တပည့်ရင်း၏ မိခင်ဖြစ်သူကျမှ တကယ် လိုအပ်နေသော၊ မိမိလည်း ကူညီနိုင်သော အကူအညီကို မပေးလိုက်ရလေခြင်းဟု တွေးပြီး တနုံ့နုံ့ ခံစားနေရသည်။

မော်လမြိုင်သို့ ထွက်သွားကြောင်း သိရသဖြင့် နောက်တစ်ကြိမ် ရန်ကုန်မှာ ပြန်ဆုံလျှင် လိုအပ်သာ ကူညီလိုက်တော့မည်ဟု ဆုံးဖြတ်လိုက်မှ အနည်းငယ် စိတ်သက်သာရာရသွားသည်။ စာရေးသူ မျှော်နေမိသော်လည်း

ကိုရင်လေးနှစ်ပါး၏ မယ်တော်ကား ရန်ကုန်သို့ နောက်ထပ်တစ်ကြိမ်မှ လာရောက်နိုင်စွမ်း မရှိတော့ပေ။ အကြောင်းကား မွန်ပြည်နယ် သူ့မိဘများ ရွာမှာပင် ကွယ်လွန်သွားရှာသောကြောင့် ပင်တည်း။

ယခုအချိန်တွင်ကား သူတို့ညီအစ်ကို နှစ်ပါးလုံး လူဝတ်လဲသွားကြလေပြီ။ သူတို့အစ်မ အကြီးဆုံးကား အိမ်ထောင်ကျ၍ ရွှေပြည်သာတွင် အိုးပိုင်အိမ်ပိုင်နှင့် ဖြစ်သွားသည်။ အငယ်ဆုံးနှမလေးနှင့် သူတို့ညီအစ်ကိုက အစ်မ၏ အိမ်တွင် လိုက်နေကြရသည်။ သို့သော် အစ်မက မွေးထားသော တူ၊ တူမများက အနိုင်ကျင့် ဗိုလ်ကျကြသောကြောင့် သူတို့မောင်နှမ သုံးယောက်မှာ စိတ်ဆင်းရဲနေကြရသည်။

တစ်ရက်တွင် စာရေးသူထံသို့ ရောက်လာပြီး သူတို့မောင်နှမ သုံးယောက်၏ ဒုက္ခများကို ပြောပြကြသောကြောင့် ရွှေပြည်သာတွင် အိမ်နှင့်ခြံပါ အပြီးဝယ်ယူ ထောက်ပံ့ပေးလိုက်သည်။ အမေဖြစ်သူ စိတ်မကောင်းဖြစ်ပြီး ကွယ်လွန်ရခြင်းမျိုး သူ့သားသမီးများကို ဆက်မဖြစ်စေချင်ပါ။ ခု လူတိုင်း အတုယူသင့်သော မန္တလေးမြို့မှ ကိုအောင်၏ သနားတတ်ပုံ၊ ကူညီတတ်ပုံများကို ဆက်လက်တင်ပြပါမည်။

●

## ခွေးမနှင့် အပေးစားခံရသူ

တစ်ရက်တွင် ကိုအောင်သည် သူ့မိတ်ဆွေတစ်ယောက်၏ အိမ်သို့ ရောက်သွားရာ ရေဖျဉ်းစွဲပြီး ဗိုက်ကြီးဖောင်းကာ မစားနိုင်မသောက်နိုင် ဖြစ်နေသော ခွေးမကြီးတစ်ယောက်ကို တွေ့သွားရာ. . .

"ဟာဗျာ. . . သနားပါတယ်၊ ကျွန်တော် တိရိစ္ဆာန်ဆရာဝန် ပင့်ပြီး ဆေးကုပေးလိုက်မယ်" ဟု ပြောလိုက်၏။ ထိုအခါ အိမ်ရှင်အမျိုးသာက. . .

"ဟာကွာ အပိုအလုပ်တွေ လုပ်မနေစမ်းပါနဲ့၊ လမ်းဘေးက ခွေးမပါ၊ အိမ်က ကျွေးထားလို့ ခြံဘေးမှာ လာနေနေတာ၊ ဒီခွေးမ အစားမစားတာ လေးငါးရက်လောက် ရှိပြီ၊ နောက်တစ်ရက် နှစ်ရက်ဆို သေတော့မှာပါ၊ ကုပေးလည်း မရလောက်တော့ပါဘူး"

ဗုဒ္ဓဘာသာ မြန်မာအများစုသည် သူတစ်ပါးအသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်တတ်ကြသော်လည်း၊ သူတစ်ပါးအသက် ရှည်အောင်ပံ့ပိုး မှုကိုကား မပြုလုပ်တတ်ကြပေ။ သို့သော် ပံ့ပိုး တတ်သူ အချို့လည်းပေါ် နေပေပြီ။ ဖျာပုံမြို့၊ ညောင်တုန်းမြို့၊ ဘိုကလေးမြို့နှင့် ဒေးဒရဲ၊ မော်လမြိုင်ကျွန်းမှ မြို့သူမြို့သား များသည် စုပေါင်းငွေဖြင့် နွားသတ် လိုင်စင်ကြေးကို အစိုးရသို့ ပေးသွင်းပြီး နွားတို့၏ အသက်ကို ကယ်နေသည်မှာ နှစ်ပေါင်း မနည်းတော့ပေ။

တနင်္သာရီတိုင်း၊ ထားဝယ်မြို့နယ်သူ၊ မြို့နယ်သားများသည်လည်း ယင်ဥင်ေးမဟာစည် သာသနာ့ရိပ်သာ ဆရာတော်ကြီး၏ ဩဝါဒကိုခံယူပြီး အမဲသား မစားကြသဖြင့် ထားဝယ်မြို့ နွားသတ်လိုင်စင်ကို ဝင်ဆွဲမည့်သူ မရှိတော့သည်မှာ နှစ်အတော်ကြာသွားပေပြီ။ ပခုက္ကူမြို့မှ ဦးကျော်ဇော၊ ဒေါ်ဥမ္မာသန်းတို့သည်လည်း စာရေးသူ၏ ဩဝါဒနှင့် ပံ့ပိုးမှုအချို့ကိုယူပြီး ပန်းတိုင်းခြံရွာတွင် တိရစ္ဆာန်မျိုးစုံ ဘေးမဲ့ခြံကြီး ဖွင့်ပေးထားသည်မှာ ပခုက္ကူမြို့အတွက် ဂုဏ်ယူစရာပင် ဖြစ်သည်။

ကိုအောင်လည်း အိမ်ရှင်ကိုယ်တိုင်က အားမပေးသဖြင့် မိုက်ကြီးပူကာ မြေပေါ်တွင် လဲနေသော ခွေးမကြီးကို တစ်ချက်လှမ်းကြည့်ပြီး ပြန်လာခဲ့တော့သည်။ ထိုညမှာပင် ကိုအောင်သည် စာရေးသူဟောသော တရားခွေ တစ်ခွေကို နာဖြစ်သည်။ ထိုခွေထဲတွင် စိတ်ဝင်စားစရာ ကောင်းသော အမေးအဖြေတစ်ခုပါသည်။

ယင်းအမေးအဖြေမှာ. . .

မေး။ ။ ရွာတစ်ရွာမှ အတိုးပေးစာသူ လူချမ်းသာတစ်ဦးသည် အပေါင်းဆုံးသွားသော အိမ်မှမိသားစုများကို အိမ်ပေါ်မှ အတင်းမောင်းချလိုက်ပြီး အိမ်ကို သိမ်းယူလိုက်သည်။ ထိုအိမ်ကြီးကို ဖြိုဖျက်ပြီးလျှင် ဘုန်းကြီး ကျောင်းဝင်း ထဲတွင် ဇရပ်ဆောက် လှူလိုက်သည်။ ထိုအလှူမျိုးကို အားပေးသင့်၊ အားမပေးသင့် သိလိုပါသည်ဟု မေးမြန်းထားသည်။

ဖြေ။ ။ အားမပေးသင့်ပါ။ ကျွန်ုပ်သာ ထိုကျောင်းမှ ဘုန်းကြီးဆိုလျှင် လက်ခံမည် မဟုတ်ပါ။ မူလ အိမ်ပိုင်ရှင်များကိုပင် ပြန်ပေးခိုင်းလိုမည် ဖြစ်သည်။ ထိုဖြစ်ရပ်မျိုးဆန်ဆန် ကျွန်ုပ်ကိုယ်တိုင် ကြုံဖူးသည်။ ရွှေပြည်သာမြို့ ရောက်စ အချိန်ကပင် ဖြစ်သည်။

## မရနိုင်တော့သော အကြွေးကို လှူချင်သူ

၁၉၉၂ ခုနှစ်ခန့်က ဖြစ်သည်။ မန္တယ်ဟု အမည်ရသော အမျိုးသမီး တစ်ဦးသည် ကျွန်ုပ်ကို ယခုကဲ့သို့ လာရောက် လျှောက်ထားသည်။ "တပည့်တော် ဆရာတော်ကို ငွေခုနစ်ထောင်လောက် လှူချင်လို့ပါ ဘုရား"

"ကောင်းတာပေါ့၊ ဆရာတော်မှာ စာသင်သား သံဃာအပါး လေးဆယ်ကျော်နဲ့ တော်တော် မလုံမလောက်ဖြစ်နေတာ"

"ဒါပေမဲ့ ငွေက တပည့်တော် လက်ထဲမှာတော့ မဟုတ်ဘူး ဘုရား"

"ဟင်. . . ဒကာမ လက်ထဲမှာ မဟုတ်ရင် ဘယ်သူ့လက်ထဲမှာလဲ"

"ချေးတဲ့လူရဲ့ လက်ထဲမှာ ဘုရား၊ တပည့်တော် ပြန်တောင်းတာလည်း မပေးဘူး၊ ငွေးချေး စာချုပ်လည်းရှိတယ် ဘုရား၊ အဲဒါ ဆရာတော်ကိုယ်တိုင် လူကြီးအချို့ကို ခေါ်ပြီး တောင်းယူလိုက်ပါဘုရား"

"ဒကာမရယ် ဖြစ်မှဖြစ်ရလေ၊ အဲသလို စိတ်ပြတ်တယ် ဆိုရင် ဘုန်းကြီးကို လှူမယ့်အစား အဲဒီချေးတဲ့ သူကိုပဲ ပြန်လှူလိုက်ပေါ့၊ နေပါဦး၊ အဲဒီလူက ပေးနိုင်ရက်နဲ့ သက်သက်ညစ်ပတ်ချင်လို့ မပေးတာလား၊ ဒါမှမဟုတ် မပေးနိုင်လို့ကို မပေးတာလား"

"အင်း. . . သူတို့က ပေးကို မပေးနိုင်တာ ဘုရား"

"အဲဒါဆိုရင်တော့ ဒကာမလေးရယ်၊ အဲဒီဈေးတဲ့သူကိုသာ ပြန်မပေးနဲ့တော့ အပြီးစွန့်လိုက်ပြီလို့ ဖုန်းဆက်ပြောလိုက်ပါ၊ ဒီကနေပဲ ဆရာတော်က ရေစက်ချလိုက်ပါမယ့်"

"လှူလှူချင်း လှူကောင်းလို့လား ဘုရား"

"လှူကောင်းတာပေ့ါ၊ ဗုဒ္ဓက ဥပရိပဏ္ဏာသပါဠိတော်၊ စူဠကမ္မဝိဘင်္ဂသုတ်မှာ အလှူခံပုဂ္ဂိုလ် ၁၄ ယောက်ရှိတာကို ဟောဖူးတယ်။ အဲဒီ ၁၄ ယောက်က တိရစ္ဆာန်၊ လူမိုက်၊ လူလိမ္မာ၊ သာသနာပ ဈာန်ရရသေ့၊ အရိယာပုဂ္ဂိုလ် ရှစ်ယောက်၊ ပစ္စေကဗုဒ္ဓါခေါ် ဘုရားငယ်၊ သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်တို့ပဲ၊ အဲဒီ ၁၄ ဦးထဲမှာ တိရစ္ဆာန်တစ်ကောင်ကိုလှူရင် ဘဝတစ်ရာ ချမ်းသာတဲ့ ကုသိုလ်ရတယ်။

"လူလိမ္မာကို လှူရင် ဘဝတစ်သိန်း ချမ်းသာတဲ့ ကုသိုလ် ရတယ်၊ ဈာန်ရရသေ့ကို လှူရင် ဘဝကုဋေတစ်သိန်းချမ်းသာတဲ့ ကုသိုလ်ရတယ်၊ အရိယာ (၈) ယောက်ရယ်၊ ပစ္စေကဗုဒ္ဓါရယ်၊ သမ္မာသမ္ဗုဒ္ဓဘုရားရှင်ရယ် ဒီဆယ်ဦးကိုတော့ ဘယ်သူ့ကို လှူလှူ ဘဝပေါင်း ဘယ်၍ဘယ်မျှ ချမ်းသာမယ်လို့ ငါဘုရား မဟောနိုင်တော့ပါဘူးတဲ့"

●

## စီးပွားရေးဆန်သော မီးပူဇော်မှု

ထိုအခါကျမှ သဘောပေါက်သွားပြီး ကျွန်ုပ်ထံတွင် ရေစက်ချပြီး ကြွေးမဆပ်နိုင်သူကိုပင်လျှင် ပြန်လှူလိုက်သည်။ မနွယ်ကို ကြည့်ပြီး ကျွန်ုပ်သည် စစ်ကိုင်းမြို့နယ်မှ အမျိုးသားကြီးတစ်ဦး၏ ဘုရားမီးပူဇော်ပုံကို သွားပြီး အမှတ်ရမိသည်။

ထိုအမျိုးသားကြီး၏ အိမ်သည် ပေါ့ဆမှုကြောင့် ဆီးလောင်သွားရာ ငြိမ်းသတ်လို့ မရတော့ပေ။

ထိုအခါ အိမ်ရှင် အမျိုးသားကြီးက စစ်ကိုင်းတောင်ပေါ်မှ ဆွမ်းဦးပုညရှင် စေတီတော်ကြီးကို မော့ကြည့်လျက်. . .

"တပည့်တော်အိမ်ကို လောင်နေသော ဤဆီမီးဖြင့် ပုညရှင် စေတီတော်ကြီးအား မီးပူဇော်ပါတယ် ဘုရား"

ဟု လျှောက်ထားလိုက်သော ဟူ၏။ ယခုလည်း ပြန်မရတော့သည်မှာ သေချာသွားသောကြောင့် အကြွေးခုနစ်ထောင်ကို ဆရာတော်အား လာလှူလေ သလော မပြောတတ်ပေ။ မြန်မာ အများစုသည် အလှူခံဟုဆိုလျှင် ဘုရားနှင့်

ဘုန်းကြီးသာရှိသည် ဟု ထင်နေတတ်ကြသည်။ နွမ်းပါးသူများကို လှူရကောင်းမှန်း၊ ထောက်ပံ့ရကောင်းမှန်း မသိကြချေ။

ယခုပင်လျှင် ကြည့်ပါ။ အပေါင်းဆုံးသွားသော အိမ်ကို ဖျက်ယူပြီး ဘုန်းကြီးကျောင်းမှာသွားပြီး ဇရပ်ဆောက်လှူသည်။ ဘုန်းကြီးကျောင်းမှာ ဇရပ်ကလေး ငါးလုံးရှိပြီးသား၊ ရှိပြီးသား နေရာမှာ ထပ်လှူသည့်အတွက် ကုသိုလ်တော့ ရမည်။ အကျိုးကား မရှိ။ အဘယ့်ကြောင့် ဆိုသော် ထိုရွာထဲတွင် ဥပုသ်စောင့်ပြီး ဇရပ်ပေါ်နေမည့်သူသည် ဇရပ်တစ်လုံးစာပင် မရှိသော ကြောင့်ပေတည်း။

ခရစ်ယာန် ဘာသာဝင်များသည် လှူပြီးဆိုလျှင် အကျိုးရှိမည့် နေရာတွင် ရွေးလှူကြသည်။ အကျိုးရှိလျှင် ကုသိုလ်ရတော့သည်သာ၊ ကုသိုလ်ရဖို့ကား ထည့်တွက်စရာ မလို။ လှူသည်နှင့် ကုသိုလ်ရပြီးသား ဖြစ်၏။ မြန်မာ ဗုဒ္ဓဘာသာဝင် အများစုအား လှူလျှင် ကုသိုလ်ရဖို့သာ အဓိက ထားကြသည်။ အကျိုးရှိဖို့ မတွက်ကြ။ ရေစကြိုမြို့နယ်ထဲတွင် မအူလေးရွာဟု ရှိသည်။ မအူအလယ်ရွာ၊ မအူတောင်ရွာ စသည်ဖြင့် မအူအမည်ဖြင့် ရွာလေးရွာ ရှိသည်ကို ဆိုလိုပေသည်။

အင်းလေး ဟူသော အမည်မှာလည်း မအူလေးရွာနှင့် အတူတူပင် ဖြစ်၏။ အင်းထဲမှာ တည်ထားသော ရွာကြီးလေးရွာ အကြောင်းပြု၍ အင်းလေးရွာဟု ခေါ်ရာမှ အင်းလေးဟု ဖြစ်သွားခြင်းပင်။ ထိုအမူလေးရွာတွင် ရွာက လေးရွာသာ ဖြစ်သော်လည်း ရှေးမြန်မာများ တည်ထားသော စေတီပေါင်းမှာ အဆူလေးဆယ်မက များပြားမည် ထင်သည်။

တစ်ရွာတွင် တစ်ဆူတည်လျှင် ကုသိုလ်လည်း ရမည်။ အကျိုးလည်း ရှိမည်။ ထို့ကြောင့် ရွာတစ်ရွာဆိုလျှင် တစ်ဆူနှုန်းဖြင့် လေးဆူဆိုလျှင်

လုံလောက်ပေပြီ။ သို့သော် ဘုရားဒကာ အမည်ခံချင်သူများ သောကြောင့် နောက်ထပ် ၃၆ ဆူ ထပ်တည်ခြင်းကား ကုသိုလ်ရသော်လည်း အကျိုး သိပ်မရှိပေ။ ကျွန်ုပ် ရောက်ချိန်တွင် ပျက်စီးနေသော စေတီ တော်တော်ပင် များသည်။

ထိုရွာတွင် လူဆင်းရဲသားများသည် အလုပ်လည်း ကောင်းကောင်း မရှိပေ။ အမွေးတိုင် ကုမ္ပဏီအတွက် တုတ်ချောင်းလုပ်ပြီး အသက်မွေး သူများသည်။ ထို့ကြောင့်လည်း ၂၀၁၀ ခုနှစ် ဘာသာဝင်အရေအတွက် နှုန်းထားအရ ခရစ်ယာန်ဘာသာဝင်သည် ဗုဒ္ဓဘာသာဝင်ထက် ထက်ဝက်ကျော် များနေခြင်းပင် ဖြစ်သည်။ စာရင်းအရ. . .

| | | |
|---|---|---|
| ခရစ်ယာန်ဘာသာဝင် | သန်းပေါင်း | ၁၆၀၀ ကျော် |
| အစ္စလာမ်ဘာသာဝင် | သန်းပေါင်း | ၁၃၀၀ ကျော် |
| ဟိန္ဒူဘာသာဝင် | သန်းပေါင်း | ၁၀၀၀ ကျော် |
| ဗုဒ္ဓဘာသာဝင် | သန်းပေါင်း | ၇၅၀ ကျော် ဖြစ်သည်။ |

မောင်သစ်ဆင်း ဘကြီးတစ်ယောက်၏ ကုသိုလ် ရဖို့သာ အဓိက ထားလှူပုံ လက်တွေ့ သာဓကလေးကို သူရေးသည့်အတိုင်း ဖော်ပြလိုက် ပေသည်။

●

## မလှူတတ်သော ကျောင်းဒကာ

ကျွန်တော့်အဘိုး ဦးကြွက်နီက သူ့ခေတ်အခါ အလျောက်တော့ လူချမ်းသာ စာရင်းဝင်ပါ။ လယ်ယာချောင်းမြောင်း၊ ဆန် စက်၊ ဆီစက်၊ သစ်စက်တွေနဲ့ ကျွန်တော်တို့ မြို့မှာတော့ မြို့မျက်နှာဖုံးပေါ့။ အသက် ၇၀ ကျော်ပေမယ့် 'ဟဲ့'. . . အသံ အတော် ပြင်းပါတယ်၊ သားသမီး၊ မြေးမြစ်တွေနဲ့ ဆွေမျိုး အသိုင်းအဝိုင်းတွေဆိုတော သူ့ 'ဟဲ့' သံ တစ်ချက်ထွက်ရင် အားလုံး ငြိမ်ရတာပဲ၊ ပိုက်ဆံက 'ဟဲ့' သံကို ပြင်းစေသကိုး။

ဦးကြွက်နီက အလှူအတန်းလည်း ဝါသနာပါတယ်။ အထူးသဖြင့် ဘာသာရေး အလှူအတန်းတွေကို အားစိုက်ပြီး လှူလေ့ရှိတယ်။ တစ်နေ့ ဒကာ၊ ကျောင်းဒကာ၊ တန်ဆောင်းဒကာ၊ တံတိုင်းဒကာပါ။ တစ်နေ့တော့ အိပ်မက်ရလို့ ဆိုပြီး ဘုန်းကြီးကျောင်းတစ်ဆောင် ဆောက်လုပ်လှူဒါန်းဖို့ ပြင်ဆင်ပါတယ်။

ရွာပြန်ပြီး တောင်ကျောင်းမှာ ကျောင်းဆောက်မယ်ပေါ့။ ရွာရောက်တော့ တောင်ကျောင်းဆရာတော် ဦးပညာသာမိကို ကျောင်းလှူချင်တဲ့ အကြောင်း လျှောက်ထားလိုက်တယ်။ ဦးပညာသာမိက စာတတ်အကျော်။

ဦးကြွက်နီ လျှောက်ထားပြီးမှာ ဆရာတော်က. . .

"ဒကာကြီး ကျုပ်မှာ ကျောင်းမလိုပါဘူး၊ အခုနေတဲ့ ကျောင်းကြီးကိုက ကျယ်လှ ကြီးလှပါပြီ"

"မှန်ပါ၊ ဒါပေမယ့် တပည့်တော်က လှူချင်တာ ဘုရား"

"လှူချင်ရင် ကျုပ်ကို မလှူနဲ့၊ အခုရွာမှာ စာသင်ကျောင်း ဆောက်ဖို့ လုပ်နေကြတယ်။ အင်အားမရှိတော့ အတော်ခက်ခဲနေတယ် ကြားရတယ်။ အဲဒီအတွက် တာဝန်ယူလိုက်ပါလား ဒကာကြီးရယ်"

"တပည့်တော် အလှူငွေ အများဆုံး ထည့်ထားပါတယ် ဘုရား၊ ငွေငါးရာ မတည်ပေးထားပါတယ်"

"ဘုန်းကြီးပြောတာက ကျုပ်အတွက် ကျောင်းဆောက်မယ့် ငွေကို စာသင်ကျောင်းလေး ဖြစ်သွားဖို့အတွက် သုံးဖို့ ပြောတာပါ"

"တပည့်တော်ကတော့ ဘုန်းကြီးကျောင်းပဲ လှူချင်တယ် ဘုရား၊ တိုက်ကျောင်းကြီး ဆောက်ဖို့ တပည့်တော် စိတ်ကူးထားတာပါ၊ အရှင်ဘုရားလို ပုဂ္ဂိုလ်မျိုးအတွက် သစ်သားကျောင်းထက် တိုက်ကျောင်းနဲ့ သီတင်းသုံးရတာ ပိုပြီး တင့်တယ်ပါတယ် ဘုရား"

"ဟာ. . . ဒကာကြီး ရဟန်းတို့မည်သည် နေရာဌာန မရွေးရဘူး၊ လိုအပ်လာရင် သစ်တစ်ပင်ရိပ်၊ ဝါးတစ်ပင်ရိပ် အောက်မှာလည်း သီတင်း သုံးရတာပဲ၊ ကျုပ်ကလည်း တိုက်ကျောင်းတွေ ဘာတွေနဲ့ မနေချင်ပါဘူး"

"တပည့်တော်၊ အသက်ကြီးပါပြီ ဘုရား၊ မသေခင် ကိုယ့်အတွက် ပါသွားအောင်တော့ လုပ်ချင်ပါတယ်"

"အိုး. . . အလှူဒါနဆိုတာ ကိုယ့်အတွက်ပါအောင် လုပ်တာ မဟုတ်ဘူး၊ လွတ်လွတ်ကျွတ်ကျွတ် စေတနာသန့်သန့်နဲ့ ကိုယ်ကျိုးစွန့်တာကို ခေါ်တာ။ ကျုပ်အတွက်က ဘယ်မှာ ဘယ်လိုနေနေ နေရ အကျိုး မထူးဘူး၊ နောင်လာ နောက်သား အများအတွက် အကျိုးရှိမယ့် ကိစ္စကိုလုပ်မှ ကိုယ့်အဖို့ရော အများ အတွက်ပါ အကျိုးထူးတော့မပေါ့ ဒကာကြီးရဲ့၊ ဒကာကြီး မလှူတတ်သေးပါဘူး"

တစ်သက်လုံး အလှူရေစက် လက်နဲ့မကွာ နေလာခဲ့တဲ့ ဦးကြွက်နီက ဆရာတော်ရဲ့ "မလှူတတ်သေးပါဘူး" ဆိုတဲ့ စကားအဆုံးမှာ မျက်နှာ မည်းခနဲ ဖြစ်သွားပါတယ်-

"တင်ပါ. . . အလှူကို လက်မခံရင်လည်း မလှူရုံပေါ့ဘုရား" လို့ ခပ်ပြတ်ပြတ်ပြောပြီး နေရာက ရုတ်ခနဲထ ကျောင်းပေါ်က ဆင်းသွား ပါရော။

ဦးကြွက်နီ ဘာလုပ်တယ် ထင်ပါသလဲ။

မြောက်ကျောင်းမှာ တိုက်ကျောင်းကြီး ခမ်းနားကြီးကျယ်စွာ ဆောက်ပြီး လှူလိုက်ပါသတဲ့။

အခုဆိုရင် ဦးကြွက်နီတစ်ယောက် နတ်ဘုံနတ်နန်းမှာ နတ်သမီး တစ်ဖက်ငါးရာ ခြံရံပြီး နတ်စည်းစိမ် ခံစားနေရောပေါ့။

ဒါပေမဲ့ သူ့ရွာကလေးကတော့ အခုအချိန်ထိ အရင်အတိုင်း ဒုံရင်း ဒုံရင်းပါပဲ။

●

## ကောင်းကျိုးပေးခြင်းသည် အလှူခံပုဂ္ဂိုလ်မဟုတ်

ဤကား မောင်သစ်ဆင်း ဘကြီး၏ အလှူပေးပုံပင်တည်း။ အလှူခံ မြင့်မြတ်လေ အကျိုးပေး ကြီးမားလေဆိုလျှင် မှန်ပါ၏။ သို့သော် အဘိဓမ္မာ နည်းကျကျ တွေးကြည့်လျှင် ကောင်းကျိုးပေးခြင်းသည် အလှူခံ ပုဂ္ဂိုလ်က မဟုတ်၊ မိမိ၏ စေတနာကသာ ဖြစ်သည်။ ထို့ကြောင့် အလှူခံပုဂ္ဂိုလ်က မြင့်မြတ်သော်လည်း စိတ်စေတနာ ထက်သန်မှု အားနည်းလျှင် အကျိုးပေး အားနည်းသည်သာ။

တစ်ဖန် အလှူခံပုဂ္ဂိုလ်က နိမ့်ကျသော်လည်း စိတ်စေတနာ ထက်သန် အားကောင်းလျှင် အကျိုးပေး အားကောင်းတော့သည်သာ ဖြစ်သည်။ သာဓက ပြရလျှင် တိဿသူပုန်ဘေးကြီး ထစဉ်အခါက နှစ်အတန်ကြာသောကြောင့် မိုးခေါင် ရေရှားပြီး သီဟိုဠ်တစ်ကျွန်းလုံး အငတ်ဘေးဆိုက်ကြရသည်။ ထမင်းမစားကြရဘဲ သစ်ဥသစ်ဖုများကို တူးဆွစားသောက်နေကြရသော အချိန်ပင် ဖြစ်သည်။

ထိုအချိန်မှာပင် စားစရာသောက်စရာ မရှိတော့သောကြောင့် ပုပ္ဖဂိရိ တစ်ရွာလုံး ရေကြည်ရာ မြက်နုရာသို့ ပြောင်းသွားကြသော်လည်း ကျောင်းထိုင် ဆရာတော်ကား တစ်ပါးတည်း ချန်နေခဲ့သည်။ ရွာသားများက ပြောင်းရွှေ့ရာသို့ ပင့်သော်လည်း မလိုက်ဘဲ နေခဲ့ခြင်း ဖြစ်သည်။ မလိုက်ရခြင်းအကြောင်းမှာ ဘုရား၊ ရဟန္တာတို့၏ ခါတ်တော်များဖြင့် ဌာပနာတည်ထားသော

ရုပ်ပွားတော်ကြီးများ၊ စေတီတော်ကြီးများကို ထားမပစ်ရက်ခဲ့သောကြောင့် ဖြစ်သည်။

ဒကာ၊ ဒကာမများ မရှိတော့သောကြောင့် ဆရာတော်မှာ ဆွမ်းမစား ရတော့ပေ။ ဆွမ်းမစားရသောကြောင့် လေးငါးရက် အကြာမှာပင် ရုပ်ပွားတော်၊ စေတီတော်များကို ပန်းတော်၊ ရေတော်ကပ်ရင်း မူးလဲသွားတော့သည်။ ထိုအချိန်မှာပင် သင်းဝင်ပင်ကိုစောင့်သော ရုက္ခစိုးနတ်မင်းက နတ်ဆွမ်းကို လာကပ်သည်မှာ သူပုန်ဘေးကြီး ငြိမ်းသည် အထိပင် ဖြစ်သည်။

လူအများ သစ်ဥသစ်ဖု စားနေရသောအချိန်တွင် ဆရာတော်မှာ နတ်ဆွမ်းကို စားနေရသဖြင့် ဝဖြိုးစိုပြည်စွာ သပ္ပါယ်နေသည်။ ထိုအချိန်မှာပင် ငတ်လွန်းမက ငတ်လာသောကြောင့် တချို့သောလူများသည် လူသားကိုပင် စားလာကြသည်။ လူသား လာရှာသော ရွာသားများသည် ဆရာတော်ကို တွေ့သည်နှင့် သတ်စားကြရန် ကျောင်းတိုက်ကို ဝိုင်းကြသည်။

ထိုအချိန်တွင် ကောင်းကင်မှ တောင်ကြီး တစ်လုံးပေါ်လာပြီး ဆရာတော်ကို ဖုံးအုပ်သွားတော့သည်။ ထိုအခါကျမှ လူသားစားမည့် သူများမှာ တန်ခိုးကြီးသည် ရဟန္တာဟု အော်ပြီး ထွက်ပြေးကြသည်။ အမှန်မှာ ထိုအချိန်က မထေရ်မှာ ပုထုဇဉ်ဘဝသာ ရှိသေးသည်။ နောင်တွင်မှ ရဟန္တာဖြစ်သွားခဲ့သည်။

သီဟိုဠ် တစ်ကျွန်းလုံးရှိ လူများငတ်ပြတ်နေသော အချိတ်တွင် မထေရ်မြတ်မှာ နတ်ဆွမ်းကိုချည်း ဘုဉ်းပေးနေရသည်မှာ အဘယ်ကုသိုလ်ကံ ကြောင့်နည်း။ သေဘေးမှ ထူးဆန်းစွာ လွတ်ခဲ့ရသည်မှာလည်း အဘယ် ကုသိုလ်ကံ ကြောင့်နည်း။ သူသည် ဘဝတစ်ခုက အမတ်ကြီးတစ်ဦး ဖြစ်ခဲ့ဖူးသည်။ တစ်ရက်တွင် ခရီးသွားရင် ရုပ်နားချိန်ထမင်းစားဖို့ ပြင်နေစဉ် သုံးလေးရက် အစာရေစာ ပြတ်နေသော ခွေးငတ်မ တစ်ကောင်သည်

ဆာရှာလွန်းသဖြင့် အမတ်ကြီးရှိရာသို့ ဖွတ်တိုးဝင်လာသည်။ မင်းချင်းများက ရဲတင်းလွန်းသော ခွေးမကို ရိုက်သတ်ရန် ဆွဲချသွားကြသည်။

အမတ်ကြီးက ရိုက်မယ်သတ်ရန် တားမြစ်ပြီး သူစားမည့်ထဲမှ အစာကို ခွေးငတ်မအား ခွဲဝေကျွေးခဲ့သည်။ ထိုကဲ့သို့ ခွေးငတ်မအား ထမင်းတစ်နပ် ကျွေးခဲ့သောကြောင့် အငတ်ဘေးဆိုက်ချိန်တွင် နတ်ဆွမ်းကို ဘုဉ်းပေးရခြင်း ဖြစ်သည်။ ခွေးမအားသေဘေးမှ ကယ်တင်ခဲ့သောကြောင့် လူသားစားတို့၏ သတ်ဖြတ်မှု ဘေးမှလွတ်ကင်းခဲ့ရခြင်း ဖြစ်၏။

ဤဖြစ်ရပ်၌ အလှူခံသည်။ အယုတ်နိမ့်ဆုံး တိရစ္ဆာန်တစ်ကောင်သာ ဖြစ်သည်။ သို့သော် စိတ်စေတနာ ထက်သန်လွန်းသောကြောင့် ယခုကဲ့သို့ အံ့သြဖွယ်ရာ ကောင်းကျိုးများကို စံစားရခြင်း ဖြစ်သည်။

ကိုအောင်သည် ကျွန်ုပ်ဟောသော ဤတရားကို နာယူပြီးသည်နှင့် နောက်တစ်နေ့ မနက်မှာပင် တိရစ္ဆာန်ကု ဆရာဝန်ကိုပင်၍ ခွေးမ၏ ဗိုက်ထဲမှ အရည်များကို ဖောက်ထုတ်ပြီး ဆေးကုပေးလိုက်ရာ ရောဂါမှာ သက်သာ ပျောက်ကင်းသွားလေသည်။

●

## ဆင်းရဲခြင်း၏ ပစ္စက္ခအကြောင်းတရား

တစ်ခါကလည်း နာမည်ကြီး အမွေးတိုင်များကို မန္တလေးမြို့မှ ကိုယ်စားလှယ် ယူရောင်းသော မိသားစုသည် ကိုအောင်နှင့် ဆွေမျိုးရင်းချာလို ရင်းနှီးကြသည်။ လုပ်ငန်းကောင်းပါလျက် ထိုမိသားစုမှာ တစ်နေ့တခြား အကြွေးတွေ ဆပ်မနိုင်အောင်တင် လျက်ရှိသည်။

မြန်မာကောင်းစား တစ်မွန်းတည်းဟူသော ခေတ်သစ် စကားပုံအတိုင်း မြန်မာအများစုသည် သိန်းလေးငါးခြောက်ရာ ကိုင်နိုင်သည်နှင့် အောက်ခြေ လွတ်သွားကြ၏။

နှစ်လုံး သုံးလုံး လောင်းကစားတွေ ပါလာကြသည်။ အသောက် အစားတွေ လုပ်လာကြသည်။ မိန်းမအပျော်အပါးတွေ လိုက်စားလာကြသည်။ နောက်ဆုံး မိမိအမြတ်ငွေကို သုံးဖြုန်းရုံနှင့် အားမရနိုင်ကြဘဲ ကုမ္ပဏီသို့ ပြန်သွင်းရမည့် သူတစ်ပါးငွေများကိုပါ ဖြုန်းတီးပစ်ကြရာ ဆိုင်ရာပုဂ္ဂိုလ်များက တရားစွဲသဖြင့် ထောင်မကျရန် ရှိသမျှပစ္စည်းများ ရောင်းချပြီး ထိုးဆပ်နေရသည်။

ရိုးသားသော အနေအေးသော ကိုအောင်မှာ ထိုမိသားစု ဘဝပျက်နေသည်ကို သေချာမသိရှာ။ မရ ဒသကချိုင် ဟူသော စကားအတိုင်း မိတ်ဆွေရင်း ကိုအောင်ထံမှ ငွေငါးသိန်း ခဏချေးကြသည်။ သူ့ထက် အဆများစွာ ချမ်းသာသော မိသားစုက ငွေချေးလာသောအခါ ကိုအောင်က သူတစ်ပါးထံမှ

အတိုးဖြင့် ယူပြီး ပေးလိုက်တော့သည်။ ကိုအောင်၏ စိတ်ထဲတွင် ငါးသိန်းလောက် ငွေကို သုံးလေးရက်အတွင်း ပြန်ပေးမည်ဟု ထင်သောကြောင့် ကိုယ့်မှာမရှိဘဲ ရင်းနှီးသော မိတ်ဆွေတစ်ဦးထံမှ ယူပေးလိုက်ခြင်း ဖြစ်သည်။

၂၀၀၀ ခုနှစ်ခန့်က ငါးသိန်းဆိုသော ငွေမှာ နည်းနည်းနောနော မဟုတ်ပေ။ တစ်လကျော်သည်အထိ ပြန်မရသောအခါတွင်မှ ထိုမိသားစုမှာ ဘဝပျက်နေမှန်း သိလိုက်ရသည်။ ဆယ်တန်းအောင်ပြီးစ ကိုအောင်မှာ လစဉ်အတိုးငွေကို မနည်းရှာပေးနေရသည်။ ကိုယ့်သဘောနှင့်ကိုယ် ချေးပေးမိသည့်အတွက် မိဘကိုလည်း မပြောရဲပေ။

ပြောခဲ့လျှင်လည်း မိဘအခြေအနေက ထိုငွေငါးသိန်း စိုက်ဆပ်ဖို့ မလွယ်။ မိမိအကြွေး ရလိုရငြား ထိုအိမ်သို့ သွားကြည့်သောအခါ ဗီရို၊ ကုလားထိုင်ကအစ အိမ်တွင်းအသုံးအဆောင် ဘာမျှ မရှိတော့သည်ကို စိတ်မကောင်း ဖွယ်ရာ တွေ့ရသည်။ မြန်မာအများစုသည် မြေနိမ့်ရာ လှံစိုက် တတ်ကြသည်။ ယခုလည်း ကြည့်ပါ။ သောင်းဂဏန်းခန့် ငွေချေးထားသူကလည်း မိတ်ဆွေဆိုသော မျက်နှာကိုပင် မထောက်ဘဲ တိုက်မှာဆင်ထားသော ပန်ကာများကို သရဲစီးသလို တက်ဖြုတ်ယူနေ ကြသည်။

အိမ်ရှင်မိသားစုမှာ ကိုယ့်အပြစ်ကိုယ်မို့ ဘာမှ မပြောရဲဘဲ အိမ်ထောင့် တွင် မျက်ရည်ကျပြီး ကုပ်ကုပ်လေး ထိုင်နေကြသည်။

●

## အယုတ်ညံ့ဆုံးနှင့် အမြင့်မြတ်ဆုံး

သုံးဆယ့်တစ်ဘုံတွင် လူသားသည် လောဘ၊ ဒေါသ ဦးစီးခံရပါက အယုတ်ညံ့ဆုံး ဖြစ်သကဲ့သို့၊ မေတ္တာ၊ ကရုဏာ ဦးစီးခံပါကလည်း အမြင့်မြတ်ဆုံး ဖြစ်ရပြန်သည်။ လောဘ၊ ဒေါသသည် အနုသယ အနေဖြင့် ပုထုဇဉ်တိုင်းတွင် ရှိသည်။ လောဘ ဒေါသ ဖြစ်ခွင့် ကြုံချိန်တွင် မဖြစ်အောင်၊ ဖြစ်မိသွားလျှင်လည်း ဖြစ်နေမှန်းသိပြီး ပျောက်အောင် ကြိုးစားခြင်းသည် တရားအားထုတ်ခြင်းပင် ဖြစ်သည်။

ပစ္စည်းဖြုတ်ယူသူများ အတော်လေး ရှင်းလင်းသွားမှ ကိုအောင် အိမ်ထဲသို့ ဝင်သွားသည်။ အိမ်ရှင်အမျိုးသမီးကြီးက. . .

"မောင်အောင်ရယ် အဒေါ်တို့မှာ အကြွေးပြန်ဆပ်စရာ ဘာမှ မကျန်တော့ပါဘူး၊ မောင်အောင်ရဲ့ အကြွေးကိုလည်း လောလောဆယ် မဆပ်နိုင်တာကို ခွင့်လွှတ်ပါ၊ ဒါမှမဟုတ် မောင်အောင် လိုချင်တာရှိလည်း တွေ့တဲ့ဟာသာ ဖြုတ်ယူသွားပါ။ ဒီတိုက်ကိုလည်း အတိုးနဲ့ သိမ်းသွားပါပြီ။ ဆယ်ရက်အတွင်း ဆင်းပေးရတော့မျာ ဘာမှကို မကျန်တော့ဘူး၊ မောင်အောင်ရယ် ဒီဆယ်ရက်အတွင်း စားစရာ ဆန်တောင် မဝယ်နိုင်ပါဘူး"

"အိုး. . . ကျွန်တော် ပြန်မယူတော့ဘူး အဒေါ်၊ အဒေါ်တို့ စိတ်ထဲမှာ ကျွန်တော်အကြွေးနဲ့ ပတ်သက်ပြီး ရှင်းရှင်းသာ ထားလိုက်ပါ"

ထိုအမျိုးသမီးကြီး၏ မျက်နှာမှာ တစ်ချက်ဝင်းခနဲ ဖြစ်သွားပြီး ရင်ဖွင့်ရှာသည်။

"မောင်အောင်က အဒေါ်တို့ဆီက ဘာအကူအညီမှ မယူဖူးဘဲနဲ့ အကြွေးကို လျှော်ပစ်နိုင်တယ်။ ပစ္စည်းမျိုးစုံ အတင်းဖြုတ်ယူနေတဲ့ သူတွေဟာ အဒေါ်တို့ဆီက အကူအညီအများကြီး ယူခဲ့သူတွေပါ။ အဒေါ်တို့ကိုက မကောင်းခဲ့လို့ အခုလို ကျေးဇူးကန်းခံရတာ နေမှာပါ"

"အဒေါ် ကျွန်တော် အပြင်ခဏ သွားအုံးမယ်၊ ပြီးရင်ပြန်လာပါ့မယ်"

"အေး . . . အေး ကောင်းပါပြီကွယ်"

ကိုအောင် မြို့ထဲရှိ လက်ကား ဆန်ဆိုင်ကြီး တစ်ဆိုင်သို့ ဝင်ကာ ဆန်အိတ်တစ်အိတ် ဝယ်လိုက်သည်။ ကားငှားပြီး ကျေးဇူးရှင် မိသားစုထံ ပြန်လာကာ ဆန်အိတ်ကို ချပေးလိုက်သည်။ အိမ်ရှင်မိသားစုများမှာ အံ့ဩသော၊ ဝမ်းသာသော၊ မယုံနိုင်သော၊ လေးစားကြည်ညိုသော စိတ်တို့ဖြင့် မျက်လုံးများ အရောင်တောက်လာကာ တိုင်ပင်မထားရဘဲ ကိုအောင့်ကို ကုန်း၍ ဦးချကြတော့သည်။ ကိုအောင်က တားသော်လည်း ဘယ်လိုမှမရ။

●

## ဆင်းရဲခြင်း၏ အတိတ်အကြောင်း

နောက်ဆုံး ကိုအောင်ကိုယ်တိုင် မျက်ရည်များကျလာကာ အိမ်ထဲမှ ခေါင်းတရမ်းရမ်းဖြင့် ထွက်ခဲ့ရတော့သည်။ ဤမိသားစု ဆင်းရဲရခြင်း၏ အကြောင်းတရားကို ရှာကြည့်သောအခါ သမ္မဒါလေးပါး ချို့ယွင်းခြင်းကြောင့် ဖြစ်ကြောင်း သေချာစွာ တွေ့ရသည်။ ဆင်းရဲခြင်းတွင် အတိတ်အကြောင်းလည်း ရှိ၏။ ပစ္စုပ္ပန်အကြောင်းလည်း ရှိ၏။ အတိတ်အကြောင်း သုံးပါးမှာ ဒါနမပြုခဲ့ခြင်း၊ ကိုယ့်ထက်သာ သူအပေါ် မနာလိုခဲ့ခြင်း၊ ခိုးယူခဲ့ဖူးခြင်းတို့ပင် ဖြစ်သည်။

အတိတ်သည် ပြီးခဲ့ပြီ၊ ပြုပြင်လို့ မရတော့ပေ။ ပစ္စုပ္ပန်ကံကို ပြုပြင်ဖို့သာ ရှိသည်။ ဒါနပြုခြင်း၊ ကိုယ့်ထက်သာ သူအပေါ် ဝမ်းမြောက်ခြင်း၊ သူတစ်ပါဥစ္စာကို မတရားသောနည်းဖြင့် ဘာမျှမယူခြင်းတို့သည် ပစ္စုပ္ပန်ကံကို ကောင်းအောင် ပြုပြင်ခြင်းပင် ဖြစ်၏။ ယခုဘဝ ကြီးပွါးချမ်းသာဖို့အတွက် သမ္မဒါလေးပါးနှင့် ပြည့်စုံဖို့ လိုကြောင်း ဗုဒ္ဓက အင်္ဂုတ္တိုရ်ပါဠိတော်တွင် ဟောကြားတော်မူခဲ့သည်။

ယခု မန္တလေးမှ မိသားစု မွဲပြာကျသွားသည်မှာ ထိုသမ္မဒါလေးပါး ချို့ယွင်း သွားသောကြောင့်ပင် ဖြစ်၏။ တစ်နံပါတ် ဥဋ္ဌာနသမ္မဒါဟူသည် စီးပွားရေးနှင့် ပတ်သက်၍ ထကြွလုံ့လ ဝီရိယရှိခြင်းပင် ဖြစ်၏။ ဤမိသားစုသည် ထကြွလုံ့လဝီရိယ ရှိခဲ့၏။ အမွေးတိုင်များကို အထက်မြန်မာပြည် ကိုယ်စားလှယ် ရအောင် ကြိုးစားခြင်း။

ရောင်းအား ကောင်းအောင် ဖောင်သည်ရှာခြင်းတို့သည် ဥဋ္ဌာနသမ္ပဒါပင် ဖြစ်၏။ သို့သော် သူတို့သည်။ အာရက္ခသမ္ပဒါ မရှိခြင်း၊ သမဇီဝိတသမ္ပဒါ မရှိခြင်း၊ ကလျာဏ မိတ္တသမ္ပဒါ မရှိခြင်းတို့ကြောင့် ယခုလို ဆင်းရဲမွဲတေပြီး ဘဝပျက်သွားရခြင်း ဖြစ်သည်။ အာရက္ခသမ္ပဒါ ဟူသည် ရရှိလာသော ဥစ္စာငွေကြေးကို မကုန်သင့်တာ မကုန်အောင် ထိန်းသိမ်းစောင့်ရှောက်ရခြင်း ဖြစ်သည်။

သူတို့မိသားစု နှစ်လုံး၊ သုံးလုံး၊ တစ်လုံး (ဘောလုံးပွဲ) စသော လောင်းကစား မျိုးစုံကို ပြုလုပ်ကြသည်။ သမဇီဝိတ သမ္ပဒါဟူသည် အဝင်အထွက် မျှတအောင် သုံးစွဲရခြင်းကို ဆိုလိုသည်။ သူတို့ မိသားစုသည် အဝတ်အစားကို အပြိုင်အဆိုင် ဝယ်ကြသည်။ ကြက်သား၊ ဝက်သား၊ ဆိတ်သား စသည်အားဖြင့် ဟင်းမျိုးစုံကို တစ်ရက်လျှင် ဆယ်မျိုးလောက်ထိ ချက်စားကြသည်။

ကြွားဝါချင်သောကြောင့် မလိုအပ်ဘဲနှင့် ကိုယ်ပိုင် ဖိမ်ခံကားများကို အကြွေးတင်ခံပြီး သုံးလေးစီး ဝယ်ကြသည်။ ကလျာဏမိတ္တသမ္ပဒါ ဟူသည် မိတ်ဆွေကောင်း ရှိရမည်ဟု ဆိုလိုခြင်း ဖြစ်သည်။ သူတို့တွင် မိတ်ဆွေကောင်း မရှိ၊ အဆင်ပြေစဉ် ကပ်စားပြီး၊ အဆင်မပြေသည့်နှင့် ခွာကြမည့်သူများသာ ဖြစ်သည်။

၂၀၀၅ ခုနှစ်ခန့်က မြိတ်မြို့နယ်၊ တောင်ရှည် (သောင်းရှည်) ရွာသို့ တရားဟော ရောက်စဉ် သက်တော်ရှစ်ဆယ်ကျော် ကျောင်းထိုင်ဆရာတော်ကြီး၏ ရင်ဖွင့်သံကို အရင်းအတိုင်း တင်ပြလိုက်ရပေသည်။

"ဦးဇဝနရေ . . . စည်းကမ်းရှိဖို့၊ ကိုယ်အမျိုး ကိုယ့်ဘာသာကို တန်ဖိုးထားဖို့ သေချာ ဟောပေးခဲ့စမ်းပါ ဘုရား၊ တပည့်တော်

အတွေ့အကြုံအရဆိုရင် ဒီရွာဟာ နောင် နှစ် နှစ်ဆယ်လောက်ဆိုရင် ဗုဒ္ဓဘာသာ ပျောက်သွားလိမ့်မယ်၊ တပည့်တော်ဒီမှာ ရောက်နေတာ နှစ်လေးဆယ်လောက် ရှိနေပြီ၊ ဦးဇဝန ဖြတ်လာခဲ့တဲ့ ရွာအဝင်လမ်းဘေးက လယ်ကွက်တွေဟာ အရင်က ဗုဒ္ဓဘာသာတွေ ပိုင်တာပေါ့။

"အခု ဘာသာခြားတွေပဲ ပိုင်သွားပြီ။ အရင်က အိမ်ခြေနှစ်ရာကျော်မှာ ဗုဒ္ဓဘာသာက တစ်ရာ့ရှစ်ဆယ်ကျော်၊ ဘာသာခြားက နှစ်ဆယ်ကျော်လောက် ရှိတာ ဘုရား၊ အခုအချိန်မှာတော့ ဘာသာခြားအိမ်က (၁၂၀) ကျော်လောက် ဖြစ်သွားပြီ၊ ဗုဒ္ဓဘာသာအိမ်ခြေက ရှစ်ဆယ်လောက် မပြည့်ချင်တော့ဘူး။

"အဲဒီလိုနဲ့ မြိတ်မြို့နယ်ထဲက ပသောင်းရွာ၊ တုံးဗျောငယ်ရွာ၊ သက္ကထီးရွာတို့ဟာ ဗုဒ္ဓဘာသာ ပျောက်သွားခဲ့ရတာပေါ့၊ တနင်္သာရီမြို့နယ်ထဲက ညောင်ပင်ဝန်းရွာနဲ့ သပေါ့လိပ်ရွာတို့ဟာလည်း ဗုဒ္ဓဘာသာ ပျောက်ခါနီးနေပြီ၊ ရွာရဲ့အိမ်ခြေသုံးပုံ၊ နှစ်ပုံဟာ ဘာသာခြားတွေ ဖြစ်သွားပြီ။

"တပည့်တော် ရောက်စက ဆိုရင် လယ်ပိုင်၊ ယာပိုင်၊ ခြံပိုင်တွေဟာ မြန်မာတွေချည်းပဲ၊ ဘာသာခြားတွေက လယ်ကူလီ၊ ယာကူလီ၊ ခြံစောင့်လောက်ပဲ လုပ်နိုင်တာ၊ ဒါပေမဲ့ တို့မြန်မာတွေက အလုပ်ကျတော့ လက်ကြောမတင်းဘူး၊ အသုံးအဖြုန်းကျတော့ ဘာကြီးသလဲ မမေးနဲ့။

"အခု ဒီရပ်ကွက်ထဲမှာကိုပဲ မြန်မာတွေဘက်မှာ အရက်ဆိုင်ရှိတယ်၊ လောင်းကစားဝိုင်း ရှိတယ်၊ ဗီဒီယိုရုံ ရှိတယ်။ လောင်းကစားဆိုရင်လည်း နှစ်လုံး၊ သုံးလုံး၊ တစ်လုံး (ဘောလုံးပွဲ) လောင်းကစား အကုန်ရှိတယ်။ ဒီကြားထဲ ဘိလိယက်ထိုးပြီး အချိန်ဖြုန်းတာ တစ်ခုက ထပ်ပေါ်လာသေးတယ်၊ ဘာသာခြား တွေနေတဲ့ ဘက်သွားကြည့်လိုက် ဒါမျိုး တစ်ခုမှ မရှိဘူး။

"ဘာသာရေးဘက်က ကြည့်ရင်လည်း သူတို့တစ်တွေက တစ်နေ့ ဘုရားငါးကြိမ် ရှိခိုးပေမယ့်၊ တို့ဗမာ ဘာသာဝင်တွေကတော့ ဥပုသ်နေ့ လေးတစ်ရက်တောင် ဘုန်းကြီးကျောင်း လူသုံးပုံပုံ တစ်ပုံ မရောက်ဘူး၊ ကြာလာတော့ ဗုဒ္ဓဘာသာတွေပိုင်တဲ့ လယ်တွေ၊ ယာတွေ၊ အိမ်တွေဟာ ပေါင်ရင်းဆုံးရင်းနဲ့ ဘာသာခြားတွေ လက်ထဲ အကုန်ရောက်သွားတယ်။

"တချို့ ဗုဒ္ဓဘာသာတွေလည်း အိမ်မရှိတော့တာနဲ့ တောကျတဲ့ ရွာတွေအထိ ပြောင်းသွားကြတယ်၊ တချို့လည်း ဘာသာခြား အမျိုးသားနဲ့ လက်ထပ်ပြီး သူတို့ဘာသာထဲ ဝင်သွားကြတယ်၊ မြန်မာပြည်က ဗုဒ္ဓဘာသာ အများစုဟာ တရားလည်း မနာ၊ စာပေလည်း မဖတ်ကြတော့ ဘာသာမဲ့တွေလို ဖြစ်နေကြတယ်။

"အစ္စလာမ် ဘာသာဝင်က အစ္စလာမ် အဆုံးအမကို ရတယ်၊ ခရစ်ယာန် ဘာသာဝင်တွေ ခရစ်ယာန် အဆုံးအမကို ရတယ်၊ ဟိန္ဒူ ဘာသာဝင်က ဟိန္ဒူ အဆုံးအမကို ရတယ်၊ ဗုဒ္ဓဘာသာဝင် အများစုကတော့ ဗုဒ္ဓဘာသာရဲ့ အဆုံးအမကိုလည်း မယူဘူး၊ တခြားဘာသာတွေရဲ့ အဆုံးအမကိုလည်း မရဘူး၊ ကြတော့ ဗုဒ္ဓဘာသာ အမည်ခံ ဘာသာမဲ့တွေလို ဖြစ်ကုန်တာပေါ့။

"ဒါကြောင့် ဗုဒ္ဓဘာသာအများစုဟာ မြစ်ထဲမျှာ ဦးတည်ရာမဲ့ မျောနေတဲ့ ဗေဒါပင်လို ရချင်တဲ ဘာသာဝင်နဲ့ရ၊ ဝင်ချင်တဲ့ ဘာသာထဲဝင်နဲ့ ဖြစ်ကုန်ကြတာပေါ့"

ဆရာတော်ကြီး ပြောသည့် စကားမှာ အင်မတန်မှန်ပေသည်။ အင်ဒိုနီးရှား နိုင်ငံကြီး ဗုဒ္ဓဘာသာအဖြစ်မှ အခြားဘာသာ အဖြစ်သို့ ပြောင်းသွားရာ၌ တစ်နိုင်ငံလုံး ချက်ချင်း ပြောင်းသွားခြင်းမဟုတ်ပေ။ တစ်ရွာချင်း

ဘာသာပြောင်းရာမှ တစ်မြို့နယ်လုံး ဖြစ်သွားသည်။ တစ်မြို့နယ်လုံး ဘာသာခြား ဖြစ်ရာမှ တစ်တိုင်းလုံး၊ တစ်ပြည်လုံး ဖြစ်သွားသည်။

တစ်တိုင်းလုံးမှ တစ်နိုင်ငံလုံး ဘာသာခြား ဖြစ်သွားရခြင်းပင်။ ယခုလည်း ဗုဒ္ဓဘာသာဝင် အချင်းချင်း စီးပွားရေး၊ လူမှုရေး၊ ကိစ္စများကို တတ်နိုင်သမျှ မကူညီကြဘူးဆိုလျှင် ကမ္ဘာတွင် ဒုတိယမြောက် အင်ဒိုနီးရှားလို နိုင်ငံတစ်ခု တိုးလာမှာ သေချာနေလေပြီ။ မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်ဆိုလျှင် ဆယ်ပုံပုံ ခုနစ်ပုံမှာ ဘာသာခြားများ ဖြစ်သွားလေပြီ။

●

## ၂၅ သိန်းတန် အပျော်မယား

သုဝဏ္ဏ၊ ရန်ကုန်သစ်ရပ်တွင် ဗုဒ္ဓဘာသာမိခင် ကိုယ်တိုင်က၊ ငွေ ၂၅ သိန်းဖြင့် (၁၈) နှစ်အရွယ် သမီးပျိုလေးကို အသက် (၆၀) ဘာသာခြား အမျိုးသားကြီး၏ အပျော်မယားအဖြစ် ရောင်းစားခဲ့သည်။ သမီးပျိုလေးမှာ ညစဉ် ဘာသာခြား အမျိုးသားကြီး အိမ်သို့ သွားရသည်။ မနက်မှ ပြန်လာရသည်။ ထိုသူတွင် မယားလေးယောက် ရှိပြီးသားဖြစ်သည်။ ဘာသာမဲ့လို ဖြစ်နေသော မြန်မာသမီးပျိုလေး အချို့မှာလည်း ထိုကဲ့သို့ တရားမဝင် အပျော်မယား ဘဝဖြင့် ကောင်းကောင်းဝတ်၊ ကောင်းကောင်းစားရသည်ကို အားကျနေကြ သည်။

(၁၈) နှစ်အရွယ် အစ်မကို အားကျပြီး (၁၆) နှစ်အရွယ် သမီးငယ် ကလည်း ဘာသာခြား တစ်ယောက်ထံ အပျော်မယား အဖြစ် အလုပ် ရအောင် လုပ္ပွဲစားမိခင်ကို လိုက်စပ်ခိုင်းနေသည်ဟု သိရသည်မှာ ရင်နာစရာ ကောင်းလှ သည်။ ထို့ထက် ဆိုးသော ဖြစ်ရပ်မှာ ထိုရပ်ကွက်မှာပင် ဘာသာခြား အမျိုးသားကြီး တစ်ဦးသည် မြန်မာမလေးများချည်း မယား (၁၄) ယောက်ယူထား ခြင်းပင်။

ထို (၁၄) ယောက်တွင် နောက်ဆုံးယူသော မြန်မာအမျိုးသမီးလေးမှာ (၁၄) နှစ်သမီးသာ ရှိသေးခြင်း ဖြစ်၏။ ယခု သေချာအောင် စုံစမ်းခိုင်းထားသည်။ ထို အတိုင်းဆိုလျှင် ဥပဒေအရ သဘောတူ ခွင့်ပြုသော မိဘမှာ ထောင်သုံးနှစ်ခွဲ၊

ပေါင်းသင်းသော အမျိုးသားမှာ ထောင်ခုနစ် နှစ်ခွဲ ပြစ်ဒဏ် ချနိုင်သည်ဟု သိရသည်။

ဥပဒေ ကျွမ်းကျင်သူများ၊ အမျိုးဘာသာ သာသနာအတွင်း စုံစမ်းပြီး ဥပဒေနှင့် အညီဖြစ်အောင် ကူညီသင့်သည်။ ဤကား မန္တလေးမြို့မှ ဘဝပျက်သွားသော မိသားစု အကြောင်းနှင့် ဆက်စပ်၍ လက်တွေ့ ဖြစ်ရပ်များကို တင်ပြခြင်းတည်း။ ယခု ကိုအောင်၏ စာရိတ္တ အကြောင်းကို ပြန်ဆက်ပါမည်။ ကိုအောင်သည် ငွေငါးသိန်းကို သူနှင့် ဆွေမျိုးလို ရင်းနှီးနေသော ချမ်းသာသည့် မိသားစု တစ်စုထံမှ ယူ၍ ကူညီခဲ့ခြင်း ဖြစ်သည်။ အဖြစ်မှန်ကို ပြောပြလိုက်လျှင် ထိုမိသားစုက ယူထားသော ငွေငါးသိန်းကို ပြန်မပေးနိုင်လည်း မပေးနဲ့ တော့ဟု ပြောမှာ သေချာ၏။

သို့သော် ရင်းနှီးမှုက တစ်ပိုင်း၊ ငွေရေးကြေးရေး ကိစ္စက တစ်ပိုင်း ရောမပစ်သင့်ဟု ကိုအောင်က ယူဆသည်။ ခက်နေသည်က ကိုအောင်၏ လက်ရှိ အခြေအနေပင် ဖြစ်၏။ ကိုအောင်မှာ ဆယ်တန်းအောင်ပြီးစ စီးပွားရေး ကိစ္စတွင် လက်သင်အဆင့်သာ ရှိသေးသဖြင့် ငွေငါးသိန်း စိုက်ဆပ်ဖို့ ဆိုသည်မှာ ဘုရားတစ်ဆူ ပွင့်ဖို့ရာလောက် ခက်နေခြင်းပင် ဖြစ်၏။

အတွက်အချက်နှင့် လက္ခဏာပါ ကျွမ်းကျင်သော ဦးလေ အရွယ် မိတ်ဆွေ တစ်ယောက်က ယခုလို အကြံပြု၏။ "မောင်အောင် မင်းရဲ့ ဥပဓိရုပ်ဟာ သူတော်ကောင်းဆိုတာ မပြောဘဲ သိနိုင်တဲ့ ရုပ်မျိုးကွ၊ ဒီကိစ္စမှာ ငွေရှင် မိတ်ဆွေကို အမှန်အတိုင်း ပြောပြလိုက်ရင်၊ အေးလေ ဘာတတ်နိုင်မှာလဲလို့ ပြောပြီး ပြီးသွားမှာ၊ ဒါပေမဲ့ သေချာတာ တစ်ခု ကတော့ မင်းရဲ့ သမာဓိကို သူတို့ရဲ့ အတွင်းစိတ်က အထင်သေးသွားမှာပဲ၊ နောင်တစ်ချိန် မင်း အသက်

ကြီးလာတဲ့ အခါမှာတောင် မင်းရဲ့ သားသမီးတွေကို ငွေရှင်ရဲ့ သားသမီးတွေက ဒီ အားနည်းကိုပြုပြီး အနိုင်ကျင့် လာနိုင်တယ်။

"ငါ အကြံပြုချင်တာ ကတော့ ဒီငွေငါးသိန်းကို မဖြစ်မနေ မင်းပြန်ဆပ်ပါ။ ဒါမှလည်း ဒုက္ခသည် မိသားစုကို မင်းကူညီခဲ့တာဟာ အဓိပ္ပာယ် ရှိတော့မှာပေ့ါ။ နို့မို့ဆိုရင် သူတစ်ပါး ဆီက ငွေးငါးသိန်း တောင်းပြီး သွားကူညီတာ ဆိုရင် ဘယ်မှာ ကူညီရတဲ့ အရသာ ရှိတော့မှာလဲ၊ ဒါကြောင့် လစဉ် အတိုးမှန်မှန် ဆပ်ပြီး အရင်းငွေပါ သွင်းနိုင်အောင် ကြိုးစား၊ မင်းရဲ့ တိုးတက်မယ့် ဘဝကို ကူညီသော အားဖြင့် လစဉ် အတိုးပေးဖို့ အခက်အခဲ ရှိရင် ငါ့ကိုပြော ငါလည်း တတ်နိုင်သမျှ ဝိုင်းပြီး ကူညီမယ်"

ကိုအောင်တစ်ယောက် တက္ကသိုလ် ဆက်တက်ရင်း ကျောင်းအား ရက်တွင် ငွေရှာရင်းဖြင့် အတိုးရော အရင်းပါ သုံးနှစ်ကျော် အကြာတွင် အကျေ ပေးဆပ်နိုင်ခဲ့သည်။ ကိုအောင်တွဲ့ရသည့် နှစ်မှာပင် မိဘအတွက် တစ်ဖက် တစ်လမ်းက ကူညီချင်သဖြင့် ကားပွဲစားဝင်လုပ်သည်။ မကျွမ်းကျင်သေးသဖြင့် ဦးလေး အရွယ် ပွဲစားနှစ်ယောက်နှင့် လက်တွဲခဲ့ရသည်။ တစ်ခါတွင် ကားတစ်စီး အရောင်းအဝယ် ဖြစ်သည်။ ဝယ်သူက ဖားကန့်က ရောင်းသူက မန္တလေးမြို့မှ သူဌေးကြီး တစ်ဦးဖြစ်သည်။

ကားတန်ဖိုးက သိန်းငါးရာ၊ ဝယ်သူက သိန်းလေးရာ ချက်ချင်း ချေမည်၊ ကျန် သိန်းတစ်ရာကို တစ်ပတ်အတွင်း ပေးမည်။ သက်သေ လက်မှတ်ထိုးမှာက ကိုအောင်တို့ ပွဲစားသုံးယောက် အဆင်ပြေသွားသည်။ ပွဲခ ဆယ်သိန်းရသည်။ ဝါနုသော ကိုအောင်က သုံးသိန်းသာ ရသည်။ ဝါရင့် ပွဲစားကြီး နှစ်ဦး သုံးသိန်းခွဲစီ ယူကြသည်။ တစ်ပတ် ပြည့်သည့် နေ့မှာပင် ပြဿနာက စပြီ။

ဖားကန့်က လူက ငွေသိန်းတစ်ရာ လာမပေးတော့၊ ပွဲစား သုံးယောက် ပွဲခ ဆယ်သိန်းရတာနှင့် မကာမိအောင် အလုပ်ရှုပ်ကြ ရပြီ။ ဝါရင့် ပွဲစား နှစ်ဦးက ဖားကန့်မှ လူကို ရအောင် စုံစမ်းသည်။ လေးစားဖွယ်ရာ ဥပဓိရုပ်ရှိသော ကိုအောင်က ကားရောင်းသူ သူဌေးကြီးကို နောက်တစ်ပတ် တိုးပေးဖို့ အသနား ခံရသည်။

ရောင်းသူက တစ်ပတ် ထပ်တိုးပေးသည်။ ကားဝယ်သူကို ရှာလို့ မရသေးမီမှာပင် ရက်တစ်ပတ် ပြည့်သွားသည်။ နောက်ထပ် တစ်ပတ် တိုးပေးဖို့ ဝါရင့် ပွဲစားနှစ်ဦးက ကိုအောင့်ကို ပြောခိုင်းပြန်သည်။ ကိုအောင်မှာ ရှေ့မျက်နှာ နောက်ထားပြီး ပြောရပြန်သည်။ ရောင်းသူကလည်း ထပ်စောင့်ပေးသည်။ သို့သော် ကားဝယ်သူကို ဘယ်လိုစုံးစမ်း၍မှ မရတော့။

တစ်လပြည့် သွားသော အခါတွင်တော့ ရောင်းသူ သူဌေးကြီးက သည်းမခံတော့။ သည်တစ်ပတ်အတွင်း မပေးပါက တရားရုံးမှ စကား ပြောတော့မည်ဟု ဆိုသည်။ ထိုအခါ ကိုအောင်က ဝါရင့် ပွဲစားနှစ်ယောက်ကို စည်းရုံးသည်။

●

## တန်ဖိုးဖြတ်၍ မရသော အရာ

"ဦးလေးတို့ ကျွန်တော်တို့ ဒီ စာရိတ္တကိုမှီပြီး တစ်သက်လုံး လုပ်ကိုင်စားကြရမှာ။ ဒီ စာရိတ္တကိုတော့ ငွေသိန်းတစ်ရာနဲ့ တန်ဖိုး မဖြတ်စေချင်ဘူး။ ကျွန်တော်တို့ သုံးယောက်ပေါင်းပြီး သိန်းတစ်ရာ စိုက်ပေးလိုက်ကြရအောင်ပါ။"

"မပေးနိုင်ပါဘူး၊ တို့က လိမ်တာမှ မဟုတ်ဘဲ၊ ဝယ်သွားတဲ့သူက လိမ်တာပဲ၊ တို့က အသိသက်သေ လက်မှတ်ပဲ ထိုးပေးတာ"

"ဒါပေမဲ့ ကားဝယ်မယ့် သူကို ကျွန်တော်တို့က ရှာပေးခဲ့တာလေ၊ ရောင်းသူက ကျွန်တော်တို့ကို ယုံလို့ ရောင်းတာ၊ သိန်းတစ်ရာ အကြွေးချန်ပေးတာ၊ ပွဲခ ယူတော့ ပြုံးနေပြီး ငွေစိုက်ရတော့မှ မဲ့နေရင် ကျွန်တော်တို့ ဘယ်ယောကျ်ားကောင်း ပီသတော့မှာလဲ"

"ဟာကွာ-- တို့ကတော့ စိုက်မဆပ်နိုင်ဘူး၊ သူ့ဘာသာ တရားစွဲရင် စွဲပါစေ။"

ကိုအောင်က စိုက်ပေးဖို့ ပြောသော်လည်း ဝါရင့်ပွဲစားကြီး နှစ်ယောက်က လက်မခံကြ။

ဖြစ်နိုင်ရင် သူ့မှာသာ ပိုက်ဆံ သို့မဟုတ် ပိုက်ဆံ ထွက်လာမည့် ပစ္စည်း ရှိလျှင် ချက်ချင်း ရောင်းချပြီး သိန်းတစ်ရာကို ပေးလိုက်ချင်သည်။ သို့သော် သူ့မှာ

ငွေ အပိုလည်း မရှိ၊ ပစ္စည်း အပိုလည်း မရှိ၊ မိဘ ကိုလည်း အပူမကပ်ချင်။ အပူကပ်လျှင် ထိုအချိန်က မိဘနှစ်ပါးမှာ သိန်းတစ်ရာ ထုတ်ပေးနိုင်သော အခြေအနေ မျိုး မရှိပေ။ ငါ စီးပွားရေး ဘာမှ မလုပ်တတ်ခင်ကတောင် ငွေငါးသိန်း ရအောင် ဆပ်ခဲ့သေးတာပဲ၊ ဒီ သိန်းတစ်ရာ မဖြစ်ဖြစ်အောင် ဆပ်မယ်ဟု ဆုံးဖြတ်ချက်ချကာ အတိုးဖြင့် ငွေသိန်းလေးဆယ် သွားချေးလိုက်သည်။

သိန်းလေးဆယ် ရသည်နှင့် ဝါရင့် ပွဲစားကြီး နှစ်ယောက်ထံ သွားပြီး ယခုလို အသနားခံရပြန်သည်။

"ဟောဒီမှာ ကျွန်တော် အတိုးနဲ့ ချေးလာတဲ့ သိန်းလေးဆယ်၊ ဦးလေး တို့က သိန်းသုံးဆယ်စီပဲ ထည့်ပါ၊ ကျွန်တော်ဟာ ဦးလေးတို့ သားအရွယ်ပဲ ရှိပါသေးတယ်၊ ပြီးတော့ ကျွန်တော်မှာ စိုက်ပြီး ပေးစရာ ငွေရော၊ ပစ္စည်းရော ဘာမှ မရှိပါဘူး၊ ဦးလေးတို့မှာ စိုက်ပေးစရာ ငွေရော၊ ပစ္စည်းရော ရှိကြပါတယ်၊ ပြီးတော့ အိမ်ထောင်ဦးစီး ဖြစ်တဲ့ ကျွန်တော်တို့ရဲ့ ကောင်းမွေ ဆိုးမွေ တွေကို ကျွန်တော်တို့ရဲ့ သားသမီးတွေက ဆက်ခံရမှာပါ။

"အမှုဖြစ်လို့ ကျွန်တော်တို့ နိုင်တယ်ပဲ ထားအုံး၊ နောင်တစ်ချိန်မှာ ပတ်ဝန်းကျင်က ကျွန်တော်တို့ သားသမီးတွေ စီးပွားရေး လုပ်မဖြစ် လောက်အောင် ဒဏ်ခတ်ပါလိမ့်မယ်၊ ဒီကလေးတွေ အဖေပေါ့၊ ကားပွဲစားလုပ်ပြီး ပွဲခကျတော့ ယူတယ်၊ စိုက်ပေးစရာ ရှိတာကျတော့ စိုက်မပေးခဲ့ကြဘူး၊ သူတို့ သားသမီးတွေဆိုတော့ သူတို့ လို နေမှာပဲဆိုပြီး လက်တွဲဖြုတ်ကြပါလိမ့်မယ်"

သားသမီး ဟူသော အသံပါလာမှ ဝါရင့် ပွဲစားနှစ်ယောက်သည် ငွေ သိန်းသုံးဆယ်စီကို ထည့်ကြသည်။ ထိုအခါ ကျမှ ကိုအောင်မှာ ဝမ်းသာအားရဖြင့် သိန်းတစ်ရာကို သူဌေးကြီးထံ သွားပေးလိုက်တော့သည်။

သီလရတနေ့ထ မေဓါဂီ၊

ပတ္တယာနော တယောသုခေ၊

ပသံသံ ဝိတလာ သဠူ၊

ပစ္စသဝဂ္ဂစ မောဒန်။

(ထေရဂါထာပါဠိတော်)

ချီးမွမ်းခံရမှု၊ စီးပွားလာဘ်လာဘ တိုးတက်မှု၊ သေပြီးနောက် နတ်ပြည် ရောက်ရမှု ဟူသော ချမ်းသာသုံးမျိုးကို လိုလား တောင့်တလျှင် သီလကိုသာ စောင့်ထိန်းပါ။

အူမတောင့်မှ သီလစောင့်မည်ဟူသော စကားသည် လူမိုက်သာ ဖြစ်သည်။ အမှန်အားဖြင့် သီလစောင့်မှသာ အူမသေချာပေါက် တောင့်မည် ဖြစ်သည်။ ဖော်ပြပါ ဗုဒ္ဓဒေသနာအတိုင်း သီလစောင့်ခဲ့သောကြောင့်၊ ရိုးသားခဲ့ သောကြောင့် ကိုအောင်သည် ယခုဘဝမှာပင် ရပာန်းရှင်လူများ၏ ချီးမွမ်းမှုကို ခံယူရသည်။

မိဘများနှင့် အတူ ကျပ်သိန်းထောင်ပေါင်း များစွာ တန်သော သံရည်ကျို စက်ရုံကြီးကိုလည်း ဦးဆောင် လုပ်ကိုင်နိုင်ခဲ့သည်။ ထို သီလ ဖြင့်သာ ကွယ်လွန် ပါက နတ်ရွာ သုဂတိ ရောက်ဖို့ ဆိုသည်မှာလည်း ဗေဒင် တွက်စရာပင် မလိုပေ။ ကိုအောင်၏ အကြောင်း ဆက်လက် မဖော်ပြမီ သုံးနာရီခန့် စောင့်ထိန်းခဲ့ရသော သီလ ကုသိုလ်ကြောင့် နတ်ပြည်ရောက်သွားရသော ခိုးသား ဓားပြ ငါးရာ၏ အကြောင်းကို ကြားဖြတ်တင်ပြပါဦးမည်။

## ဓါးပြငါးရာ နှင့် သီလ စောင့်ချိန် သုံးနာရီ

လိုရင်းအချုပ်မှာ ခိုးသားဓားပြ ငါးရာသည် လုယက်သော အလုပ်ကိုသာမက သတ်ဖြတ်ခြင်း၊ မတရားကျင့်ခြင်း စသော အလုပ် များကိုပါ လက်ရဲဇက်ရဲ လုပ်လာသောကြောင့် ပြည်သူများက ဟစ်တိုင်တွင် သွားအော်ကြသည်။ ယခုခေတ်လောက် ဆိုလျှင် လမ်းမထွက်ပြီး ဆန္ဒပြခြင်းပင် ဖြစ်၏။

ထိုကြောင့် အုပ်ချုပ်သော မင်းမှာ မနေသာတော့ဘဲ ထောင်နှင့် ချီသော စစ်တပ်ကြီးကို ဓားပြများ ခိုအောင်းရာ တောထဲသို့ လွှတ်လိုက်တော့သည်။ မိလျှင် မိသည့် နေရာမှာပင် သတ်ပစ်ဖို့လည်း အမိန့်ချ လိုက်သည်။ စစ်တပ်သည် တောအုပ်ကို ထွက်ပေါက် မရှိအောင် ဝိုင်းထားပြီး တဖြည်းဖြည်းခြင်း နယ်ကို ကျဉ်းသထက် ကျဉ်းအောင် လုပ်ပြီး ဓားပြများထံ ချဉ်းကပ်လာကြသည်။ ဓားပြများသည် သူတို့ တတယ် သေရတော့မည်ကို သိသောအခါ အလွန်ထိတ်လန့် သွားကြသည်။ ပြေးစရာ မြေမရှိတော့သည့်အဆုံး တောထဲမှာ ရဟန်းတော် တစ်ပါးထံ ချဉ်းကပ်ပြီး သူတို့ကို ကယ်တင်ဖို့ တောင်းပန်ကြသည်။

ရဟန်းတော်က သင်တို့ကို ကယ်တင်နိုင်တာ သီလပဲ ရှိတယ်ဟု အမိန့်ရှိပြီး ငါးပါးသီလ ဆောက်တည်ပေးသည်။ ထိုငါးပါးသီလကို အသက်စွန့်ပြီး စောင့်ထိန်းဖို့လည်း မှာကြားလိုက်သည်။ ဓားပြများသည် ငါးပါးသီလကို တကယ့်

စောင့်ထိန်းကြသည်။ စစ်တပ်နှင့် ရင်ဆိုင်တွေ့ ချိန်တွင် ခုခံခြင်းပင် မပြုတော့ဘဲ အလွယ်တကူ လက်နက်ချပြီး အသတ်ခံလိုက်ကြသည်။

ထိုသုံးနာရီခန့် စောင့်ထိန်းခဲ့သော သီလ ကုသိုလ်ကြောင့် တာဝတိံသာ နတ်ဘုံသို့ ရောက်ကြသည်။ ဤသို့ နာရီပိုင်းမျှ စောင့်ထိန်းရသော သီလ ကုသိုလ်ကြောင့် အပါယ်တံခါး ပိတ်ပြီး နတ်ပြည် ရောက်ခဲ့ရသေးရာ ရက်များစွာ၊ လများစွာ၊ စောင့်ထိန်းခဲ့သော သီလ ကုသိုလ်ဆိုလျှင် ဘယ်၍ ဘယ်မျှထိ ကောင်းကျိုး ပေးမည်ကို သိနိုင်ပေသည်။ ကိုအောင်၏ အကြောင်းကို ပြန်ဆက်ပါမည်။ တစ်နေ့တွင် ကိုအောင်ကို ခေါ်ယူပြီး သူဌေးကြီးက ယခုလို ပြောသည်။

"မောင်အောင်... မင်းဟာ ရှိလှမှ ငါ့သား အငယ်ဆုံး အရွယ်လောက်ပဲ၊ ဒါပေမဲ့ ငါ့တစ်သက်တာမှာ မင်းလို စာရိတ္တကို တန်ဖိုးထားတဲ့ သူမျိုး တစ်ခါမှ မတွေ့ဖူးဘူး၊ ဒါကြောင့် မင်းရဲ့ စာရိတ္တကို ငါဂုဏ်ပြုမယ်၊ ကားဝယ်သွားတဲ့လူ ကျန်တဲ့ သိန်းတစ်ရာ ပြန်မပေးတော့တာ သေချာပြီ ဆိုတာနဲ့ ငါ့ကို ပြန်ပြောလှည့်၊ မင်းစိုက်ထားတဲ့ သိန်းလေးဆယ် မင်းကို တစ်ခါတည်း ပြန်ပေးမယ်"

အပေါ်ယံကြည့်လျှင် ကိုအောင့်ကို သိန်းလေးဆယ် ပေးခြင်းဖြစ်၏။ သေချာ ဆန်းစစ်ကြည့်လျှင် ကိုယ့်ကျင့်သီလ စာရိတ္တကို ပေးခြင်းသာ ဖြစ်ပါလေ၏။

ယခု အချိန်တွင်ကား ကိုအောင်သည် သူဌေးကြီး၏ အရင်းနှီးဆုံး မိတ်ဆွေ တစ်ယောက် ဖြစ်နေလေပြီ။ တစ်လောက ကိုအောင်တစ်ယောက် သံရည်ကျိုရန် သံတိုသံစများ အရေးပေါ် ဝယ်ယူရန် အတွက် ငွေကျပ်သိန်း ခုနစ်ရာ အရေးတကြီး လိုအပ်နေသည်။

ထို သူဌေးကြီးထံ သွားပြီး ဦးလေ ကျွန်တော် ငွေသိန်းခုနစ်ရာ ခဏ လိုချင်တယ်ဟု ပြောလိုက်သည်နှင့် ချက်လက်မှတ်မှာ တစ်ခါတည်း ရေးပေး လိုက်သည်။ မည်သည့် စာချုပ်စာတမ်းမှ မလိုပါပေ။ ကိုအောင့် စာရိတ္တသည် စာချုပ်ထက် ယုံကြည်ရသောကြောင့်ပင် ဖြစ်ပါလေ၏။

●

## ထိုသူသာ အမြတ်ဆုံး

လိမ်လည်မှု အဆန်းအပွေ အရှုပ်တို့ဖြင့် ပစ္စည်းဥစ္စာ ဘောဂ ကြွယ်ဝအောင် ပြုလုပ်၍ ဘုရားတည်ခြင်း၊ ကျောင်းဆောက်ခြင်း တို့ကို ပြုလုပ်ကာ အသက်တစ်ရာ ရှည်အောင် နေသူထက်၊ တရားနှင့်အညီ အသက် မွေးမှုကို ပြု၍ တစ်မနက်သာ အသက်ရှင် သူက လူကြည်ညို၊ နတ်ကြည်ညို ထိုသူသာ ပို အမြတ်ဆုံး ဖြစ်ပါ၏

(လယ်တီဆရာတော်)

## စိတ်ကောင်းစိတ်မြတ်

စိတ်ဆိုး စိတ်ယုတ်ရှိသူများသည် ဒါနပင်ပြုပြု၊ သီလပင် ဆောက်တည် ဆောက်တည်၊ ဘာဝနာ ကမ္မဋ္ဌာန်းပင် စီးဖြန်း စီးဖြန်း၊ မည်သည့် ကုသိုလ် အလုပ်ကိုပင် လုပ်စေကာမူ ထိုအလုပ်တွင် ရိုးသား ဖြူစင် သည်ဟု မမှတ် ယူထိုက်။

စိတ်ရင်း မကောင်းသူများ၏ ကုသိုလ်ကံအကျိုး ပေးများသည် ကောင်းကောင်းမွန်မွန် စင်စင်ကြယ်ကြယ် မရှိ။ လောက၌ မိမိ စိတ်ကို ဖြူစင်အောင် ထားရေးသည် အလွန်ပင် အရေးကြီး၏။

မိမိ စိတ်ကို သန့်စင်အောင် ပြုလုပ်ပါက သဒ္ဓါထူး ပညာထူးသည် ပေါ်ပေါက်၏။

သူတော်စင်ဘဝ သို့ ရောက်၏။

(ဆရာတော် အရှင်ဇနကာဘိဝံသ)

## သစ္စာတရားကို ကျောခိုင်း၍

သစ္စာတရားကို ကျောခိုင်း၍ မုသားပြောဆိုရန် ဝန်မလေး သူတို့အတွက် ဤလောကတွင် မလုပ်ဝံ့၊ မလုပ်ရဲသော အကုသိုလ်အမှုသည် မရှိတော့။

(ဓမ္မပဒ-၁၁၇)

လူသည် သူ့ဘဝတွင်

သူဌေးဖြစ်ရန် တာဝန်မရှိသော်လည်း

ရိုးဖြောင့်ရန်ကား တာဝန်ရှိ၏။

လူတွင် အလိုအပ်ဆုံး အရည်အချင်းမှာ ပညာမဟုတ် စာရိတ္တ ဖြစ်သည်။

ဟားဗတ်စပင်းဆား

လူငယ်တစ်ယောက်အဖို့ အရေးအကြီးဆုံး ကိစ္စမှာ အကျင့်စာရိတ္တ ကောင်းမွန်သည်ဟု ထင်ရှားကျော်စောအောင် ဆောင်ရွက်ခြင်းပင် ဖြစ်သည်။

## လူသားအတွက် အရေးအကြီးဆုံးတာဝန်

သူဌေးဖြစ်ဖို့ တာဝန်သည် မည်သူထံတွင်မရှိ၊ မည်သူမျှ မိမိသည် ကြီးမြင့်ရမည်ဟူ၍ တာဝန်မရှိ၊ သို့သော် မည်သူမဆို ရိုးဖြောင့်ရန်အတွက် တာဝန်ရှိသည်။

ဆာ ဘင်ဂျမင်ရပ်ယက်

ကိုယ်လိမ္မာလျှင် ကိုယ်စားရသည်ဟု ဆိုသော်လည်း ကိုယ်စားသမားများသော တိုင်းပြည်သည် နောက်ဆုံး သူတစ်ပါးစားဖို့ ဖြစ်မည်ကား မြေကြီးလက်ခတ်မလွဲ ဖြစ်၏။

ဆရာကြီး ပီမိုးနင်း

## ဟီရိနှင့် ဩတ္တပ္ပ

သူတော်ကောင်းတရား ခုနစ်ပါးတွင် အရှက်နှင့် အကြောက်တရား နှစ်ပါးသည် အခြေခံတရားကြီးများ အဖြစ် ပါဝင်ကြ၏။ အရှက်တရား အကြောက်တရား ရှိသူတို့သည်သာ သီလကို လုံခြုံအောင် စောင့်ထိန်းနိုင်၏။

အရှက်အကြောက်တရား ခေါင်းပါးသူတို့တွင် အကျင့်သီလသည် ကိန်းဝပ်နိုင်ခြင်း မရှိ။

ပူလောင်ပြင်းပြ မီးလျှံထနေသည့် ကုန်းမြေတွင် ဖြူဖွေးဝင်းလက်သော ဆောင်းနှင်းရည် တစ်စက်သော်မှ မတည်လေသကဲ့သို့ အရှက်အကြောက် မရှိသူတို့ အထံတွင် အကျင့်သီလသည် မတည်နိုင်ချေ။

ရစ်မသည် မိမိ၏ အသက်ကိုစွန့်၍

ဥကို စောင့်ရှောက်သကဲ့သို့လည်းကောင်း၊

စာမရီသားကောင်သည် မိမိအသက်ကို စွန့်၍

မြီးဆံကို စောင့်ရှောက်သကဲ့သို့လည်းကောင်း၊

သားတစ်ယောက်တည်း ရှိသော မိခင်သည်

တစ်ယောက်တည်းသော သားကို

စောင့်ရှောက် ယုယသကဲ့သို့ လည်းကောင်း၊

မျက်စိတစ်ဖက်သာ အကောင်းရှိသောသူသည်

ထိုမျက်စိတစ်ဖက်ကို အရေးတယူ

စောင့်ရှောက်သကဲ့သို့ လည်းကောင်း၊

သူတော်ကောင်းတို့သည် မိမိစောင့်ထိန်းသော သီလကို အသက်တမျှ တန်ဖိုးထားကာ မြတ်နိုး စောင့်ရှောက်ကြရ၏။

(ဓမ္မာစရိယ ဦးခင်မောင်)

## အရက် မရှိသူ

အကုသိုလ် ဒုစရိုက်ဟူသည် မစင်ပုပ်နှင့်တူ၏။ ရွာမှ ဝက်ကြီးသည် လူတို့ စွန့်ပစ်ထားသော မစင်ပုပ်ကို မြိန်မြိန်ရှက်ရှက် စား၏။

ထိုရွာဝက်သည် မစင်ပုပ်ကို မြိန်ရှက်စွာ စားခြင်းအတွက် ရွံစကောင်းမှန်း မသိ၊ ဂုဏ်တစ်မျိုးဟု ထင်၏။

ဥပမာ-

မောင်မောင်သည် မကောင်းမှုကို မွေ့လျော်စွာ ပြုတတ်၏။ ထိုသို့ ပြုလုပ်ခြင်းအတွက် ရှာဝက်ကြီးနည်းတူ ရှက်ရမှန်းမသိ၊ သူတစ်ပါး အသက်ကို သတ်ခြင်း၊ သူတစ်ပါးဥစ္စာကို ခိုးခြင်း၊ လိမ်လည် လှည့်ဖြားခြင်း၊ မုသား ပြောဆိုခြင်တို့သည် သူတော်ကောင်းတို့အတွက် ရှက်စရာ ဖြစ်၏။ လူဟူသော ပုဂ္ဂိုလ်အတွက် ရှက်စရာ ဖြစ်၏။

လူဖြစ်ပါလျက် ရှက်စရာကို ရှာဝက်ကြီးကဲ့သို့ မောင်မောင်သည် ရှက်စရာကောင်းမှန်း မသိဘဲ၊ မိမိကိုယ်မိမိ ဟုတ်လှပြီ အထင်နှင့် ကျူးလွန်ခြင်းသည် အရှက်မရှိသည့် သဘော အဟိရိ မည်၏။

အဟိရိကနှင့် အတူဖြစ်သော စိတ်ကို အရှက်မရှိသောစိတ်၊ ထိုသူကို အရှက်မရှိသောသူဟု ခေါ်၏။ ထိုသူကို ကျွန်ုပ်တို့သည် တွေ့ရာ အရပ်တွင် ကင်းအောင် ရှောင်ကြရာ၏။

(ဓမ္မစရိယ ဦးခင်မောင်)

## ဗုဒ္ဓစကားကို နားထောင်သော နိုင်ငံနှင့် နားမထောင်သော နိုင်ငံ

"ဤကား စာရိတ္တ (ရိုးသားမှု) နှင့် ပတ်သက်၍ ဘုရား အစ ရှိသော သူတော်ကောင်း၊ ပညာရှိများ၏ အဆုံးအမ များပေတည်း။

မြတ်စွာဘုရားသည် ကူဋ္ဌဒေယာသက အမည်ရှိ သူဌေးကို အကြောင်းပြု၍...

စီးပွားဥစ္စာ တိုးပွားချင်သူ

ကောင်းသတင်းဖြင့် ကျော်စောချင်သူ

မိတ်ဆွေအခြွေအရံ ပေါ်များချင်သူ

အစိုးရအာဏာ ရရှိချင်သူတို့သည်

ထကြွလုံ့လဝီရိယ ရှိရမည်။ ရိုးသားဖြောင့်မတ်ရမည်။

ဉာဏ်ပညာဖြင့် ချင့်ချိန်နှိုင်းဆ ရမည်။

မှန်ကန်သော နည်းဖြင့် အသက်မွေးရမည်။

သတိအမြဲရှိရမည်ဟု ဟောကြားခဲ့သည်။

ဗုဒ္ဓ၏ စကားကို နားထောင်ပြီး ရိုးသား ဖြောင့်မတ်ကြသောကြောင့် ဥရောပနိုင်ငံ အများစုသည် ချမ်းသာနေကြခြင်း ဖြစ်သည်။ ဗုဒ္ဓ၏ စကားကို နားမထောင်ကြသောကြောင့် မြန်မာအများစုသည် ဆင်းရဲ နေရခြင်း ဖြစ်သည်။ ဆရာကြီး ချစ်စံဝင်းသည် မြန်မာပြည်ကို အလွန် တိုးတက်စေချင်သူဖြစ်သည်။ ဂျပန်မှ သူဌေးတစ်ယောက်နှင့် ဆက်သွယ်၍ ဂျပန်သစ္စားများ ဧက (၉၀) ကျော် ခန့် တာဝန်ယူ စိုက်ပျိုးခဲ့သည်။

သို့သော် ရိုးသားမှု မရှိသူများကြောင့် ငွေများစွာ ဆုံးရှုံး နစ်နာခဲ့ရသည်။ သစ္စားတောင်သူများက စိုက်ပျိုးစရိတ် ချေးငွေ များကို လက်ခံ ယူပြီး တစ်ဝက်ခန့်ကို ကိုယ်ကျိုးအတွက် သုံးဖြုန်း ပစ်ကြသည်။ ကျန်တစ်ဝက်လောက် ကိုသာ စိုက်ပျိုးသည် ဆိုရုံ စိုက်ပြကြသည်။ အပင်များ မအောင်မြင်သော အခါ မြေဩဇာ မကျွေးနိုင်လို့ဟု အကြောင်းပြကြပြန်သည်။ ထိုအခါ မြေဩဇာဖိုး ထုတ်ပေး လိုက်ရပြန်သည်။

သို့သော် မြေဩဇာများကို သစ္စားခင်းထဲ တကယ်မထည့်ဘဲ အပြင်တွင် ရောင်းစားပစ်ကြသည်။ ထို့ကြောင့်လည်း သစ္စားလုပ်ငန်းကြီးမှာ ပျက်စီး သွားခဲ့ရသည်။ တစ်ခါတွင်လည်း ကမ္ဘာ့ အဆင်မီ စက်မှုလုပ်ငန်းကြီးလုပ်ဖို့ အတွက် စိတ်တူကိုယ်တူဟု ယူဆရသော လူငယ်ငါးရာကျော်ကို စုစည်း နိုင်ခဲ့သည်။

လုပ်ငန်းစစဉ် အချိန်မှာပင် ဆရာကြီးမှာ တာဝန်တစ်ခုဖြင့် နိုင်ငံခြားသို့ သွားရသည်။ ပြန်လာသော အခါတွင် ငွေကိုင်ရသော လူငယ်တစ်ယောက်က ရှေ့နေတစ်ယောက်နှင့် တိုင်ပင်ပြီး အသင်းပိုင် ငွေများကို တစ်ဦးတည်းပိုင် လုပ်ထား၏။

ထို့ကြောင့် အမှုအတွက် တရားရင်ဆိုင်ရကာ စက်မှုလုပ်ငန်းကြီး ပျက်စီးရပြန်သည်။ မြန်မာနိုင်ငံ ဒီမိုကရေစီ ရပြီး ၂၀၁၁ ခုနှစ်အတွင်းမှာပဲ ကုမ္ပဏီရှင် တစ်ဦးသည် ကျပ်သိန်းပေါင်း ငါးသောင်းကျော် လိမ်လည်ပြီး ထိုင်းနိုင်ငံသို့ ထွက်ပြေးကြောင်း ဂျာနယ်တွင် ဖတ်ရသည်။

သရက်လုပ်ငန်းရှင် တစ်ဦးကလည်း စာရေးသူကို ယခုလို ရင်ဖွင့်ဖူး၏။

"တပည့်တော်က မူဆယ်က တစ်ဆင့် တရုတ်ပြည်ထဲကို သရက်သီးတွေ ပို့တာပါ။ အရင်က အဆင်ပြေပါတယ်၊ အခုတော့ အဆင်မပြေတော့ဘူး။

သရက်သီးဆိုတာ သူ့အချိန်နဲ့ သူပေါ်တာ ဘုရား၊ ထုံးစံအတိုင်း ဆိုရင် မှည့်ခါနီးရင့်မှ ခူးပြီးပို့ရတာ၊ တပည့်တော်တို့ ချုပ်ထားတဲ့ သရက်ခြံတွေ ရင့်တဲ့ အချိန်ဟာ အကောင်းဆုံး အချိန်ပေါ့။

ဒီအချိန်မှာ ဝိသမလောဘကြီးပြီး ဘယ်သူသေသေ ငတေမာရင်ပြီးရော စိတ်ရှိတဲ့ ကုန်သည်အချို့က ဈေးကောင်းတဲ့ အချိန်ကို မီချင်တော့ မရင့်သေးတဲ့ ခြံတွေက သရက်သီးအနုတွေကို ခူးပြီး ပါကင်ထည့်ပို့ကြတယ်။

အကြောင်းမသိသေးခင် တစ်ခေါက်၊ နှစ်ခေါက်တော့ ရတာပေါ့ဘုရား၊ သိလည်းသွားရော မြန်မာပြည်က သရက်သီး ဆိုရင် မယူတော့ဘူး၊ ယူရင်လည်း ဈေးတအားနှိမ်ပါလေရော။

ကုန်သည် တစ်ယောက်ရဲ့ စာရိတ္တ ချို့ယွင်းမှု ကြောင့် ကုန်သည် အားလုံး ဒုက္ခရောက်ရတာပေါ့ ဘုရား။

ဥစ္စာစည်းစိမ် ဆင်းရဲခြင်းကို

ကုစားရလွယ်သော်လည်း

စာရိတ္တ ဆင်းရဲသည်ကို ကုစားဖို့ကား

အတော်မလွယ်ကူသော ကိစ္စဖြစ်၏။

လမ်းစဉ် ပါတီခေတ်က ပွင့်ကောင်း ငံပြာရည်စက်ရုံကို ပြည်သူပိုင် သိမ်းလိုက်သည်။ အစိုးရစက်ရုံ ဖြစ်သွားသည်နှင့် ခွက်ခွက်လန်လန်အောင် ရှုံးတော့သည်။ နောက်ဆုံး မူလပိုင်ရှင် ဦးပွင့်ကောင်းထံသို့ စက်ရုံကို ပြန်အပ် သည်။ သို့သော် ဦးပွင့်ကောင်းက လက်မခံတော့။ သူပြောသော စကားသည် ရိုးရှင်းသည်။

ရုပ်ပိုင်းဆိုင်ရာ ပျက်စီးသွားတဲ့ စက်ရုံကို ပြုပြင်ဖို့ လွယ်ကူပေမယ့် စိတ်ဓါတ် စာရိတ္တပိုင်းဆိုင်ရာ ပျက်စီးသွားတဲ့ ဝန်ထမ်းတွေကိုတော့ လူကောင်း ဖြစ်အောင် ပြုပြင်ဖို့ မလွယ်တော့ပါဘူး။ ဒါကြောင့် စက်ရုံကို ပြန်လက်မခံတော့ တာပါ။

●

## ၃၇ သိန်းနှင့် လှူသိက္ခာ

၂၀၀၈ ခုနှစ်ခန့်ကပင် ဖြစ်၏။ ရန်ကုန်တိုင်း၊ ရွှေပြည်သာမြို့၊ မန္တလေးကျောင်းသို့၊ ပဲခူးမြို့ ကြခတ်ဝိုင်း စာသင်တိုက်မှ စာသင်သား ရဟန်းတော်တစ်ပါး ကြွလာသည်။ စာရေးသူ၏ ညီဖြစ်သူ ဦးစိုးတင့် (ညီမေတ္တာ) မှ နေရာထိုင်ခင်းပေးပြီး မေးလျှောက်နေသည်။

"ဦးပဥ္စင်းလေး၊ ဘယ်သူနဲ့ တွေ့ချင်ပါသလဲ ဘုရား"

"မေတ္တာရှင်- ရွှေပြည်သာ ဆရာတော်နဲ့ တွေ့ချင်ပါတယ်၊ ဆရာတော် ဆီမှာ အရေးကြီးတဲ့ အကူအညီတစ်ခု တောင်းချင်လို့ပါ"

"ဆရာတော်က မြင်းခြံခရိုင်၊ တောင်သာမြို့နယ်ဘက် တရားဟောကြွ နေပါတယ် ဘုရား၊ လိုအပ်တဲ့ အကူအညီ ရှိရင် တပည့်တော်ကိုပြောပါ"

"ဦးပဥ္စင်း ဓမ္မာစရိယတန်း ဒီနှစ်ဖြေရမှာပါ။ ဒါပေမဲ့ အခက်အခဲ တစ်ခုကြောင့် ဒီတစ်ပတ်အတွင်း လူဝတ်လဲရမလို ဖြစ်နေပါတယ်"

"ဩော်.. ဘာဖြစ်လို့လဲဘုရား၊ အမိန့်ရှိပါ တပည့်တော် နောင်တော်ဆီ ဖုန်းဆက်ပြီး တတ်နိုင်သမျှ ကူညီမှာပေ့ါဘုရား"

"အားလည်း နာတယ် ဒကာကြီးရယ်၊ အကူအညီက သေးသေးကွေးကွေး မဟုတ်ဘူး၊ သိန်းပေါင်းများစွာ ဖြစ်နေလို့ ပြောမထွက်ဘူး ဖြစ်နေတယ်"

"ပြောသာကြည့်ပါ ဘုရား၊ ပြောကြည့်လို့ သိရရင် ကူညီနိုင်၊ မကူညီနိုင် တပည့်တော်တို့ ပြောနိုင်မှာပေါ့ ဘုရား"

"ဦးပဥ္စင်းရဲ့ ဇာတိက မန္တလေးတိုင်း၊ သာစည်မြို့နယ်၊ ရွာမွန်သာ ရွာကပါ၊ ဦးပဥ္စင်းရဲ့ ခမည်းတော်ကြီးက အင်မတန် သဘောကောင်းပါတယ်၊ အများရဲ့ တင်မြှောက်မှုကြောင့် ရွာလူကြီး ဖြစ်သွားစတယ်၊ နိုင်ငံတော်က ချပေးတဲ့ ဓာတ်မြေဩဇာတွေကို ခမည်းတော်ကြီးက တာဝန်ယူပြီး တောင်သူ လယ်သမားတွေကို အကြွေးစနစ်နဲ့ တစ်ဆင့် ဖြန့်ပေးရပါတယ်။ "

"ဖြစ်ချင်တော့ မိုးလေဝသ မကောင်းလို့ လယ်ယာအများစုက ပျက်စီး ကုန်တယ်၊ ယူထားတဲ့ ဓာတ်မြေဩဇာဖိုး ငွေတွေကို ပြန်မပေးနိုင်ကြဘူး၊ မပေးချင်လို့ မပေးသူတွေလည်း ပါမှာပေါ့၊ နောက်ဆုံး ငွေသွင်းရမယ့် ရက်က သုံးရက်ပဲ ကျန်တော့တယ် ဒကာကြီး။"

"ဒီသုံးရက် အတွင်းမပေးနိုင်ရင် ခမည်းတော်ကြီးကို ဖမ်းတော့မယ်လို့ သိရတယ်၊ ခမည်းတော်ကြီး အဖမ်းခံရပြီဆိုရင် ဦးပဥ္စင်းလည်း မဖြစ်မနေ လူဝတ်လဲရတော့မှာပဲ၊ ဘာဖြစ်လို့လဲ ဆိုတော့ မယ်တော်ကြီးနဲ့ နမလေးတွေက သူတို့ ဘာသာ ဘာမှာ လုပ်ကိုင် မစားတတ်ကြသေးဘူး"

"ငွေက ဘယ်လောက်ထိ စိုက်လျော်ရမှာတုန်း ဘုရား"

"၃၇ သိန်းလောက်ရှိမယ်လို့ပြောတယ်"

"အဲဒီလောက် ငွေကျတော့ တပည့်တော်ဘာသာ ဆုံးဖြတ်ပြီးလုပ်လို့ မဖြစ်တော့ဘူး ဘုရား။ တပည့်တော် နောင်တော်ကြီးဆီကို ဖုန်းဆက် မေးကြည့်လိုက်ပါဦးမယ် ဘုရား၊ ဦးပဥ္စင်း ခဏ သီတင်းသုံးပါအုံး"

စာရေးသူထံ ဖုန်းဆက်ပြီး ဦးစိုးတင့် မှ ယခုလို ပြောလာသည်။

"အဲဒါပဲ ဆရာတော်။ ငွေပမာဏက တော်တော်များတော့ ကူညီသင့်၊ မကူညီသင့်ကို ဆရာတော်ပဲ အမိန့်ရှိပါဘုရား"

"အေး.. အခုကိစ္စက လူမှုရေးကိစ္စတင်မကဘူး၊ သာသနာရေးကိစ္စပါ ပါလာပြီး တို့ မကူညီနိုင်ရင် ဦးပဥ္စင်းလေးက သာသနာ့ဘောင်မှာ ပျော်လျက်နဲ့ လူထွက်ရမှာ။"

"ဘာမှ သေချာမစုံစမ်းဘဲ လှူလိုက်ပြန်ရင်လည်း လူမိုက်အားပေး ဖြစ်သွားမှာ စိုးရိမ်ရတယ်။ ဦးပဥ္စင်းလေး ဖခင်က သူ့ဘာသာ လောင်းကစား လုပ်ပစ်ပြီး ကုန်သွားတာကို တောင်သူ လယ်သမားတွေဆီ လွှဲချရင်လည်း ဖြစ်တာပဲ၊ အဲဒီတော့ မင်းကိုယ်တိုင် အဲဒီရွာ ရောက်အောင် လိုက်သွားပြီး စုံစမ်းပါ။"

"အခု ပြောခဲ့တဲ့ အတိုင်း တကယ်မှန်တယ် ဆိုရင်တော့ ကူညီလိုက်ပါ၊ အဲဒီလို မဟုတ်ဘဲ၊ လောင်းကစားလုပ်ပစ်လို့ ကုန်သွားတာမျိုးဆိုရင်တော့ တို့ မကူညီနိုင်ဘူး"

"သေချာ သွားလေ့လာ ကြည့်သောအခါ ပြောခဲ့သည့်အတိုင်း မှန်နေသည်ကို တွေ့ရသဖြင့် ငွေ (၃၇) သိန်း စိုက်လျော် ပေးလိုက်သည်။ ချစ်စံဝင်း အလိမ်ခံရသော အကြောင်းများကို ဖတ်မိသောအခါတွင်မှ အမှန်

တကယ် လယ်ယာ ပျက်သော သူများထက် မတရား လိုချင်သော လယ်သမား၊ ယာသမားများကြောင့်သာ ယခုလို ဒုက္ခရောက်ရခြင်း ဖြစ်နိုင်ကြောင်း တွေးမိတော့သည်။

●

## ကြီးပွားတိုးတက်ဖို့အတွက် အဓိကလိုအပ်ချက်

ကြီးပွားတိုးတက်နေသော နိုင်ငံ အများစုသည် ရိုးသားဖြောင့်မတ်ကြသောကြောင့်သာ ဖြစ်၏။ အင်္ဂလန်သည် ချမ်းသာသော နိုင်ငံ တစ်နိုင်ငံဖြစ်၏။ ပုထုဇဉ်များသာ ဖြစ်သောကြောင့် ကောင်းကွက်၊ မကောင်းကွက် နှစ်မျိုးလုံး ရှိနိုင်ပါ၏။ သို့သော် ကောင်းကွက်ကို ကြည့်ပြီး အတုယူဖို့ရာသည် ကျွန်ုပ်တို့၏ တာဝန်သာဖြစ်၏။ ၁၉၂၄ ခုနှစ်က လန်ဒန်မြို့တွင် ဖြစ်ခဲ့သော စိတ်ဝင်စားဖွယ် အမှုတစ်မှုကို တင်ပြချင်ပါသည်။

ထိုအချိန်က လန်ဒန်တွင် မြန်မာအသင်း တစ်သင်းရှိသည်။ ဘားမားဆိုဆိုက်ယတီး ကလပ် (Burma Society Club) ဟု ခေါ်သည်။ အသင်းသား စုစုပေါင်းမှာ လေးဆယ်နီးပါး ဖြစ်သည်။ ထို အသင်းမှာ အင်္ဂလန်သို့ ပညာသင် ရောက်လာကြသော မြန်မာကျောင်းသားများ အတွက် ဖွဲ့စည်းပေးထားခြင်း ဖြစ်သည်။ ထိုအသင်းတွင် မြန်မာ ကျောင်းသား ဆယ့်ငါးယောက်ခန့်၊ တရုတ်ကျောင်းသား လေးယောက်၊ အင်္ဂလိပ်ကပြား ကျောင်းသား ခုနစ်ယောက်နှင့် မြန်မာပြည်မှ အငြိမ်းစားယူ၍ ပြန်လာကြသော အိုင်စီအက်စ်များ ဖြစ်ကြသည်။

ထိုအသင်းကို ဖွဲ့စည်းရခြင်း၏ အဓိက ရည်ရွယ်ချက်မှာ မြန်မာ ပညာတတ် လူငယ်လေးများကို အင်္ဂလိပ်အစိုးရက ကြိုးကိုင် ခြယ်လှယ်

ချင်သောကြောင့်သာ ဖြစ်သည်။ ထို့ကြောင့်လည်း အသင်း၏ ဥက္ကဋ္ဌကို မြန်မာပြည်၌ ဒုတိယဘုရင်ခံ ဖြစ်ဖူးသူထဲမှာသာ ခန့်ထားသည်။ အသင်း၏ အတွင်းရေးမှူးကိုလည်း မြန်မာပြည်၌ ပုလိပ်မင်းကြီးရာထူး ထမ်းဆောင်ခဲ့ဖူးသူကိုသာ ရွေးချယ်သည်။

လက်ရှိ ဥက္ကဋ္ဌမှာ မြန်မာပြည် ဘုရင်ခံဟောင်း ဆာဟာဗီ အခန်ဆန် ဖြစ်၍၊ ဒုတိယဥက္ကဋ္ဌမှာ ဆာဂျော့ချ်ရှော့ဖြစ်သည်။ အတွင်းရေးမှူးမှာ ပုလိပ်မင်းကြီးဟောင်း မစ္စတာဒဗလျူအိပ်ချ် တာလတန် ဖြစ်သည်။ အသင်း၏ နှစ်ပတ်လည် အစည်းအဝေး၌ အသင်း၏ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌကို အသစ်ပြန်လည်၍ ရွေးကောက် တင်မြှောက်လေ့ ရှိသည်။

၁၉၂၄ ခုနှစ်အတွက် အသင်းနှစ်ပတ်လည် အစည်းအဝေးကို ကျင်းပပေးရမည် ဖြစ်သည်။

"အခုလက်ရှိ ဥက္ကဋ္ဌက ကလပ်အတွက် ဘာမှ စိတ်ဝင်စားတာ မဟုတ်ဘူး၊ အတွင်းရေးမှူးနဲ့ ပစ်ထားတာ၊ ဒီတော့ ကလပ်အနေနဲ့ ဘယ်လို လုပ်ပြီး ကြီးပွား တိုးတက်နိုင်ပါ့မလဲ၊ ကလပ်ဥက္ကဋ္ဌရဲ့ မျက်နှာကို ဖူးမြော်နိုင်ခွင့် ရတာဟာ နှစ်ပတ်လည် အစည်းအဝေး ရောက်မှ တစ်ကြိမ်ပဲ ဖူးမြော်နိုင်ခွင့် ရှိတယ်၊ တစ်နှစ်လုံး ဆိုတာကတော့ ကလပ်က တခြား၊ ဥက္ကဋ္ဌက တခြား။ ဘာကိုမှ မဆိုင်ဘူး"

ဤကား မြန်မာကျောင်းသားများ၏ ရင်ဖွင့်ချက်ပင်ဖြစ်၏။ ထို့ကြောင့် အသင်းသားဖြစ်သော ပါမောက္ခ ဦးဖေမောင်တင်ကို အသင်းဥက္ကဋ္ဌအဖြစ် ယှဉ်ပြိုင်အရွေးခံရန် မြန်မာကျောင်းသားများက တောင်းဆိုကြခြင်း ဖြစ်သည်။ တောင်းဆိုကြသော ကျောင်းသားများမှာ ဦးအေး (၁၉၄၀-ခန့်က တရားရေး ဝန်ကြီးနှင့် ပြည်ထဲရေးဝန်ကြီး ဖြစ်ခဲ့သူ)

ဦးဘမှူး (နိုင်ငံတော်သမ္မတဟောင်း ဦးဘဦး၏ ညီ)

ဦးဘစိုး (ကြည့်မြင်တိုင်မှ သူဌေးဦးဘကျော်၏ သားမက်)

ဦးခင်မောင်ရင် (မော်လမြိုင်မှ အိုင်စီအက်စ် ဟောင်း)

ဦးသာထွန်း (မော်လမြိုင် ဦးတင်၏ ယောက်ဖ)

ဦးသာကျော် (မန္တလေးမှ ဝတ်လုံတော်ရ)

အယ်လ်ထင်ဝါ (အယ်လ်ထင်စီ၏ ဝတ်လုံတော်ရ)

ဦးမောင်မောင် (အိုင်စီအက်စ်) တို့ဖြစ်ကြသည်။ မြန်မာကျောင်းသားများသည် ယခင်ကသူတို့ ကျောင်းသားများအပေါ် စေတနာထားသူဟု ယုံကြည်ခဲ့သော ရန်ကုန်ယူနီဗာစီတီ ကျောင်းအုပ် ဆရာကြီးဟောင်း မစ္စတာမက်သယူးဟန်းတားကို ဥက္ကဋ္ဌရာထူး လက်ခံပါရန် သွားရောက် တောင်းပန်ဖူးကြသည်။ သို့သော် မက်သယူးဟန်းတားသည် မျက်နှာဖြူချင်း သစ္စာစောင့်သောကြောင့်လား၊ ဘုရင်ခံဟောင်း ဆာဟာဗီအဒန်ဆန်နှင့် မယှဉ်ပြိုင်ရဲ၍ ဘဲလားမသိ လက်မခံဘဲ ငြင်းဆန်ခဲ့သည်။

ဦးဖေမောင်တင်သည်သာ မြန်မာသွေးပီပီ သတ္တိကောင်းကောင်းဖြင့် လက်ခံခဲ့ခြင်း ဖြစ်သည်။ ဥက္ကဋ္ဌအဖြစ် ယှဉ်ပြိုင်အရွေးခံမည် ဖြစ်ကြောင်းကိုလည်း ဆာဟာဗီအဒန်ဆန်ထံသို့ စာရေး၍ ကြိုတင် အကြောင်းကြားလိုက်သည်။ ဆာဟာဗီအဒန်ဆန်ထံမှ မည်သည့် ပြန်ကြားချက်မှ မရပေ။ မြန်မာတစ်ယောက်ကို ဂရုစိုက်စရာ မလိုဟု သဘောထားသောကြောင့် ဖြစ်နိုင်ပေသည်။ သို့သော် သူ့ထံတွင် ကလိန်ကကျစ်ဉာဏ် ရှိနေကြောင်းကိုကား မဲရေတွက်သော အခါတွင်မှ ဘွားဘွားကြီးတွေ့ရသည်။

## ဥက္ကဋ္ဌဟောင်း၏ မဲပြားလိမ်လည်မှု

အသင်းအစည်းအဝေးတွင် ဦးဖေမောင်တင်ကို အသင်းဥက္ကဋ္ဌအဖြစ် အဆိုတင်သွင်းပြီး ထောက်ခံကြသည်။ ဆာဟာဗီအဒန်ဆန်ကို ထောက်ခံသူများ ကလည်း ဆက်လက် ထောက်ခံကြသည်။ အသင်းဥက္ကဋ္ဌ နေရာအတွက် စင်ပြိုင်နှစ်ဦး ဖြစ်နေသောကြောင့် လျှို့ဝှက်မဲစနစ်ဖြင့်ရွေးချယ်ရန် ဖြစ်လာခဲ့သည်။ ထိုအခါတွင် ဥက္ကဋ္ဌဟောင်း၏ ကလိမ်ခြိုညာဏ်က ဘွားဘွားကြီး စတင်ပေါ် လာသည်။

မဲကို လက်မှတ်ထိုးပြီး ပေးရမည်ဟု တောင်းဆိုလာသည်။ သူ့ကို မထောက်ခံသူများကို ဖော်ထုတ်ပြီး နှိပ်ကွပ်ရန် အတွက်ပင် ဖြစ်သည်။ ထို့ကြောင့် အသင်းသားများက မကျေမနပ်ဖြစ်ပြီး ထပြောကြသည်။ ဥက္ကဋ္ဌ ဟောင်းကလည်း သူ့အဆိုကို မပြင်ဘဲ တင်းထားသည်။

ထိုအခါ အသင်းသားထဲမှ ဆေးပညာသင် ကရင် အမျိုးသား စီစီဖိုး က ထပြောသည်။

"မဲပြားမှာ လက်မှတ် ထိုးရမယ်ဆို ထိုးမယ်၊ ဒါပေမဲ့ အဲဒီလို လက်မှတ်ထိုးပြီး မဲပေးရတာဟာ အသင်းသားတွေရဲ့ ဆန္ဒ မပါ၊ သဘောမတူဘဲ လက်မှတ် ထိုးပေးရတယ် ဆိုတာကို မှတ်တမ်း ရေးထားပေးပါ။"

"ဟုတ်တယ် စီစီဖိုးပြောတာ မှန်တယ်၊ လက်မှတ်ထိုး မဲပေးရတာကို ကျွန်တော်တို့လည်း သဘောမတူဘူး၊ ကန့်ကွက်တယ်။"

ကင်းဗရစ်ချ် ယူနီဗာစီတီမှ ကိုမြင့်သိန်းက စီစီဖိုး၏ အဆိုကို ထောက်ခံလိုက်သည်။

စီစီဖိုး ဆိုသူမှာ ၁၉၅၃ခုနှစ်တွင် ဆွစ်ဇာလန် နိုင်ငံ၊ ဂျီနီဗာမြို့၌ ကျင်းပသော ကမ္ဘာ့ကျန်းမာရေး ကွန်ဖရင့်သို့ အသွားတွင် လေယာဉ် ပျက်ကျ၍ ကွယ်လွန်ခဲ့သော ကရင် အမျိုးသား ခေါင်းဆောင် ဆရာဝန်ကြီး ဖြစ်သည်။ ကိုမြင့်သိန်း ဆိုသူမှာ တရားဝန်ကြီးချုပ်ဟောင်း ဒေါက်တာထင်အောင်၏ အစ်ကို ဖြစ်သည်။

နောက်ဆုံးတွင် အသင်းသားများ၏ ကန့်ကွက်ချက်ကြောင့် လက်မှတ်ထိုးပြီး မဲပေးခြင်းစနစ်ကို ရုပ်သိမ်းလိုက်ရသည်။ မဲရေတွက် ကြည့်လိုက်သောအခါ ဆာဟာဗီအဒန်ဆန်က (၁၀) မဲ၊ ဦးဖေမောင်တင်က (၁၁) မဲ ရရှိသဖြင့် တစ်မဲ အသာဖြင့် အနိုင်ရလိုက်သည်။ အသင်းသားပေါင်း သုံးဆယ်ခန့် တက်ရောက်ကြသော်လည်း အင်္ဂလိပ်ကပြား ကျောင်းသား အချို့နှင့် တရုတ်ကျောင်းသားများက မဲမပေးဘဲ ကြားနေကြသည်။

ထိုကဲ့သို့ တစ်မဲတည်း ကပ်ရှုံးသွားသော ဆာဟာဗီအဒန်ဆန်သည် သူ့အင်္ကျီအိတ်ထဲမှာ မဲစက္ကူများကို သူ့မဲစာရင်း၌ ဖြည့်ထည့်လိုက်သည်။ ထိုအခါ ဆာဟာဗီအဒန်ဆန်ဘက်က မဲပြားနှစ်ဆယ် ဖြစ်သွားကာ ဦးဖေမောင်တင်ထက် ကိုးမဲ အသာရသွားလေသည်။

"ကဲ.. အခု ငါ့ဘက်က ကိုးမဲသာသွားပြီမို့ ဘားမားကလပ်မှာ ငါပဲ ဥက္ကဋ္ဌ ပြန်ဖြစ်သွားပြီ"

ဆာဟာဗီ အဒန်ဆမ်သည် သူ့မဲသူပေး၍ သူသာလျှင် ဥက္ကဋ္ဌ ဖြစ်ကြောင်း သူကိုယ်တိုင်ထကာ ကြေငြာလိုက်လေသည်။ ထို့နောက် အသင်းနှစ်ပတ်လည် အစည်းအဝေး ရုပ်သိမ်း လိုက်ကြသည်။

ဦးဖေမောင်တင်၊ ကိုအေး၊ ကိုဘမှုး၊ ကိုဘစိုး တို့သည် အခန်းသို့ အပြန်တွင် ဆာဟာဗီအဒန်ဆန်၏ လူလည်လုပ်သွားခြင်းကို ခံပြင်းလှသဖြင့် ပြောဆို ဆွေးနွေးလာကြသည်။

"အခု.... ဆာဟာဗီကြီး သက်သက် လူလည်လုပ်တာပဲ၊ မဲရေလို့ အနိုင်အရှုံး သိရပြီးမှ သူ့ပရော (က်) ဆီဗုတ် (စ်) တွေ ထပ်ထည့်တာဟာ တရား မဝင်ဘူး၊ သူ မတရား အနိုင်ယူလိုက်တာ"

"ပထမတော့ ဆာဟာဗီကြီးက သူ့ကိုယ်သူ အထင်ကြီးထား တဲ့ပုံပဲဗျ"

"ဘယ်လိုဖြစ်ဖြစ်၊ ပရောဖက်ဆာ ဖေမောင်တင်ကို သူက အပြတ်အသတ် နိုင်လိမ့်မယ်လို့ ထင်ထားခဲ့ဟန် ရှိတယ်ဗျ"

"ဟုတ်မှာပေ့ါ၊ ဒါကြောင့် ကျုပ်က ကျုပ်တပည့်တစ်ချို့နဲ့ မိတ်ဆွေ တချို့က ကျုပ်ကို အသင်းဥက္ကဋ္ဌ တင်ချင်တာမို့ ကျုပ်ဝင်ပြိုင်ပြီး အရွေးခံမယ်ဆိုတဲ့ အကြောင်း သူ့ဆီကို စာရေးအသိပေးလိုက်တာ၊ သူက အရေးလုပ်ပြီး ဘာမှ မပြန်ကြားခဲ့ဘူးဗျ"

"သူ့သဘောက ငါနိုင်မှာပဲ၊ ဂရုစိုက်စရာ မလိုပါဘူးပေ့ါဗျာ"

"ဟုတ်မယ်၊ ဟုတ်မယ်"

"ဒါပေမယ့် ဆာဟာဗီကြီးက လူလည်ပီပီ သူ့အတွက် လိုရမယ်ရတော့ ကြိုတင်ပြင်ဆင်လာတာ တွေ့တယ်မဟုတ်လား။

"မတော်လို့များ သူ အရေးနိမ့်သွားရင်ဆိုတဲ့ အတွေးနဲ့ အစည်းအဝေး မတက်ဖြစ်ကြတဲ့ သူ့ အပေါင်းအသင်း အိုင်စီအက်စ်တွေ ဆီက ပရော့(က်) ဆီဗုတ်စ် (ကိုယ်စားလှယ် လွှဲ၍ ထည့်သောမဲပြား) ဆယ်ခုတောင် ရအောင် ဆောင်ခဲ့ တယ်ကော"

"ဒါဖြင့် ဆာဟာဗီကြီး ခုလို ကြိုတင်ပြင်ဆင်လာခဲ့တာဟာ သူ့အတွက် အကွက်မှန်သွားခဲ့တာပေါ့၊ မဟုတ်ရင် သူ့အဖို ထိုင်ငိုရခန်းပဲ"

"ဒါပေမယ့် သူ့ပရော (က်) ဆီဗုတ် (စ်) တွေက တရားမဝင် ဘဲဗျ"

"ဒါဖြင့် တရားမဝင်တဲ့ မဲတွေနဲ့ မတရားအနိုင် ယူသွားခဲ့တာကို ကျွန်တော်တို့ ဒီလိုပဲ ငြိမ်ပြီး အညံ့ခံနေကြမှာလား"

"ဒါဆို ဘာလုပ်ကြမလဲ"

"ဆာဟာဗီကြီးကို တရားစွဲကြမယ်လေ"

"ကောင်းတယ်၊ ပရောဖက်ဆာ ဖေမောင်တင်ကော သဘောတူသလား"

"သဘောတူပါသဗျာ၊ ကျုပ်က အခုလို ရာထူးပြုတ် ဘုရင်ခံဟောင်းကို မဆိုထားနဲ့ လက်ရှိဘုရင်ခံတောင် တရားစွဲဖို့ စိတ်ကူးခဲ့သေးတဲ့ လူဗျ၊ ဘာမှတ်လို့လဲ ဟား..ဟား"

ဦးဖေမောင်တင်က သူနှင့် ဆာဟာကုတ်ဘတ္တလာတို့ ဖြစ်ပျက်ခဲ့ပုံကို သူ့မိတ်ဆွေများအား ပြောပြလိုက်သည်။

ထိုအကြောင်းအရာ အကျယ်ကို မလေးလုံရေးသော ဖေမောင်တင် (သို့မဟုတ်) ဘာသက်ရှည် စာအုပ်တွင် ရှာဖတ်ပါ။

"ဟာ .. ဒါဖြင့် ဟန်ကျပြီပေ့ါ၊ ပရော်ဖက်ဆာ ဖေမောင်တင်အဖို့ ဟိုတုန်းက လက်ရှိဘုရင်ခံကို တရားမစွဲ ဖြစ်ခဲ့တာ၊ အခု ဘုရင်ခံဟောင်း ရာထူးပြုတ်ကို ပျော်ပျော်ပါးပါး တရားစွဲကြစို့ရဲ့၊ ဟုတ်လား ဟား..ဟား..ဟား."

●

## အင်္ဂလန်တွင် အင်္ဂလိပ်လူမျိုးကို မြန်မာက တရားစွဲခြင်း

နောက်တစ်နေ့တွင် သူတို့အဖွဲ့သည် ဆာဟာဗီအဒန်ဆန်ကို ရုံးတင် တရားစွဲရန် အတွက် မစ္စတာ အိပ်ချ်ပိုးလက်ထံသို့ သွား၍ အခြေအနေ အဖြစ်အပျက်များကို တင်ပြဆွေးနွေး လိုက်ကြသည်။ ထိုအခါ မစ္စတာ အိပ်ချ်ပိုးလက်က ရှေ့နေ မစ္စတာဂွဒ်မင်းနှင့် ဆက်သွယ်ပေးလိုက်သည်။

ထို့နောက် မစ္စတာဂွဒ်မင်းနှင့် တိုင်ပင်၍ ဘုရင်ခံဟောင်းအား ရုံးတင် တရားစွဲလိုက်ကြသည်။ သူတို့အဖွဲ့သည် ယခုကဲ့သို့ ဆာဟာဗီအဒန်ဆန်အား တရားစွဲဆိုရာ၌ အမှုမှန်ကန်ကြောင်းကို လန်ဒန်မြို့၊ ကမ်းနားလမ်း၌ ရှိသော ဟိုက်ကုတ် လွှတ်တော်ရုံးသို့ သွား၍ ကျမ်းသစ္စာ ကျိန်ဆိုကြရသေးသည်။ သူတို့ အမှုကို တရားသူကြီး မစ္စတာ ဂျပ်စ်တစ်ရာဆယ်လ်က ရက်ချိန်းပေး လိုက်သည်။

သူတို့ အမှုအတွက် ကုန်ကျစရိတ်များကို ဦးဖေမောင်တင်က အလုံးစုံ တာဝန်ယူ လေသည်။ အမှုချိန်းရက်သို့ ရောက်သောအခါ ဦးဖေမောင်တင်တို့ အဖွဲ့သည် ဘတ်စ်ကားစီး၍ ရုံးသို့ သွားကြရာ တစ်ဖက် ဘတ်စ်ကားပေါ်မှ ဆင်းလာသော ဆာဟာဗီအဒန်ဆန်တို့ အဖွဲ့နှင့် မျက်နှာချင်းဆိုင် သွားတွေ့ ကြသည်။

"မြန်မာပြည်မှာသွားပြီး ဘုရင်ထူးခံ ဘုရင်ခံအဖြစ်နဲ့တုန်းက မော်တော် ကားကြီးကို စတိုင်ထွားထွားနဲ့ စီးလာနိုင်ခဲ့ပေမယ့် သူတို့ တိုင်းပြည်

ပြန်ရောက်တော့ သူ့ခများ သူလိုငါလို ဘတ်စ်ကား စီးနေရရှာတာပဲနော် အဟင်း..ဟင်း..ဟင်း”

ဆာဟာဗီကြီး၏ အဖြစ်ကြည့်၍ ဦးဖေမောင်တင်တို့ အဖွဲ့က တိုးတိုးတိတ်တိတ် ရယ်မော ပြောဆိုလိုက်ကြသည်။ ရုံးခန်းထဲ ရောက်၍ အချိန်စေ့သောအခါ တရားသူကြီး မစ္စတာဂျပ်စ်တစ် ရာဆယ်လ်က သူတို့အမှုကို စတင်၍ ကြားနာစစ်ဆေးသည်။ ထိုအခါ နှစ်ဦးနှစ်ဖက် ရှေ့နေများက ဥပဒေ အချက်အလက်များဖြင့် အပြန်အလှန် လျှောက်လဲချက် များပေးကြသည်။ နောက်ဆုံး၌ ဦးဖေမောင်တင်တို့ ဘက်မှ ရှေ့နေကြီး မစ္စတာဂွဒ်မင်းက အချက်ကျ၍ ထိမိသော စကားလုံးများဖြင့် နိဂုံးချုပ် လျှောက်လဲချက် ပေးလိုက်သည်။

“တရားသူကြီးမင်း ခင်ဗျာ၊ အခုအမှုနဲ့ ပတ်သက်ပြီး ကျွန်တော့် အမှုသည်များ ဘက်မှ မတရားခံခဲ့ရတဲ့ နစ်နာချက်များကို စုံလင်အောင် လျှောက်လဲ တင်ပြခဲ့ပြီးပြီမို့ အခု အမှုဖြစ်ပေါ်လာရအောင် ပိုင်ရှင်မပါဘဲ လုကြံပုပ်းလိုက်တယ် ဆိုတဲ့ ပရော့(ဂ်)ဆီ မဲပြားတွေကို အရေးရှုံးနိမ့်ပြီးမှ ထည့်သုံးခဲ့တာဟာ တရားသူကြီးမင်း အနေနဲ့ လင်းလင်းရှင်းရှင်း သဘော ပေါက်လောက်ပြီလို့ ထင်ပါတယ်။

“ဒါကြောင့် အခုအမှုအပေါ်မှာ တရားသူကြီးမင်းဟာ အမြင်ကျဉ်းကျဉ်းနဲ့ မကြည့်ဘဲ အခြေခံ အမှန်ကို နည်းနာကျကျ ကြည့်ပြီး အဆုံးအဖြတ် ပေးလိမ့် မယ်လို့ ကျွန်တော်တို့ မျှော်လင့်ပါတယ်ခင်ဗျာ”

ရှေ့နေ မစ္စတာဂွမ်မင်းက လျှောက်လဲချက်များ ပေးပြီး နောက်ထိုင် ချလိုက် တော့သည်။ ထိုအခါ တရားသူကြီး မစ္စတာ ဂျပ်စ်တစ်ရာဆယ်လ်က အမှုကို အဆုံးအဖြတ် အမိန့်ချမှတ်ပေးရန် ပြင်ဆင်လိုက်သည်။ အဖွဲ့နှစ်ဖွဲ့

လုံးသည် တရားသူကြီးက အဘယ်ကဲ့သို့ အမိန့်ချမှတ်မည်ကို နလုံးခုန်စွာနှင့် စောင့်မျှော်နေကြသည်။

တရားဥပဒေအပေါ်တွင် မည်သူမျှ မရှိရသည့် ဒီမိုကရေစီ နိုင်ငံတို့၏ ထုံးစံအတိုင်း..

"အခု ဒီအမှုမှာ ဖေမောင်တင်သာ ဥက္ကဋ္ဌ ဖြစ်ထိုက်တယ်လို့ ကျွန်ုပ် အမိန့်ချမှတ်လိုက်သည်။"

ဆာဟာဗီအဒန်ဆန်တို့ အဖွဲ့မှာ မဲရှုံးပြီး ရုံးခန်းထဲမှာ ဖြုန်းခနဲ ထပြန်သွားကြတော့သည်။ ထိုနေ့ ညနေပိုင်းနှင့် နောက်တစ်နေ့တွင်ကား၊ စတားနူးစ်၊ စတင်းဒတ် အစရှိ လန်ဒန်သတင်းစာများ၌

ဖေမောင်တင် ဥက္ကဋ္ဌ ဖြစ်ပြီး...။

ကျောင်းသားများက ဆာဘွဲ့သမားကို အနိုင်ရလိုက်ခြင်း ဘုရင်ခံ ပေါင်း အရေးရှုံးနိမ့်သွားခြင်း

ဖေမောင်တင်က မြန်မာ့အသင်း ဥက္ကဋ္ဌဟောင်း စကော့လူမျိုးကို အပြုတ် ဖြုတ်ချလိုက်ခြင်း

စသည်ဖြင့် ထိပ်စီး စာလုံးမည်းကြီးများဖြင့် ရေးသားဖော်ပြကြသည်။ ထိုအဖြစ်အပျက် သတင်းအစုံအလင်ကို ဦးဖေမောင်တင်၏ အဖွဲ့သားများက မြန်မာပြည်မှ နယူးဘားမား သတင်းစာ အယ်ဒီတာထံသို့ ရေးသား ပေးပို့ လိုက်ကြသည်။

●

## မှန်ကန်ခြင်းနှင့် ရဲရင့်ခြင်း

မှန်ကန်သောသူသာ ရဲရင့်၏။ မမှန်ကန်သောသူကား အမြဲကြောက်ရွံ့နေရ တတ်သည်။ ရဲရင့်သော သူတို့ရှိသော နိုင်ငံသည်သာ ကြီးပွား တိုးတက်လေ့ရှိသည်။ ဩစတေးလျနိုင်ငံသည် ကြီးပွားတိုးတက်သော ဒီမိုကရေစီနိုင်ငံပင် ဖြစ်သည်။ ထိုနိုင်ငံသည် မြန်မာပြည်ထက် ငါးဆပိုမို ကျယ်ဝန်းသည်။ သို့သော် လူဦးရေကား မြန်မာပြည်၏ သုံးပုံပုံ တစ်ပုံသာ ရှိသည်။

မှန်ကန်သောကြောင့် နိုင်ငံခေါင်းဆောင် လူကြီးများသည် ရဲရင့်ကြ၏။ အထက်လွှတ်တော်၊ အောက်လွှတ်တော် နှစ်ခုလုံးသို့ မည်သူမဆို ဝင်ကြည့်၍ ရသည်။ ကျွန်ုပ်ပင် ၂၀၀၆ခုနှစ်၊ တရားဟော ရောက်စဉ်က ဝင်ရောက်ကြည့်ရှုခဲ့သေးသည်။ ထိုနေ့က လွှတ်တော် အစည်းအဝေးခန်းမထဲ ရောက်ချိန်တွင် အစည်းအဝေး မကျင်းပရသေးပေ။

သို့တိုင်အောင် အစောင့်ဟူ၍ တစ်ယောက်မျှ မရှိပေ။ အစည်းအဝေး ကျင်းပစဉ်လည်း မည်သူမဆို ဝင်ရောက် လေ့လာနိုင်သည်။ လေ့လာသူများ ထိုင်ရန် ထိုင်ခုံများကိုပင် ခင်းကျင်းပေးထားသေးသည်။ ရိုးသားဖြောင့်မတ်သော အလုပ်မှန်သမျှ လူသိ မခံရဲစရာ မရှိဟု ဩစတေးလျ လွှတ်တော်က လက်တွေ့ပြလိုက်ခြင်းပင် ဖြစ်၏။

ထိုအချိန်က ဝန်ကြီးချုပ်အမည်မှာ ဂျွန်ပောင်းဝပ် ဖြစ်သည်။ တစ်ခါတွင် ဝန်ကြီးချုပ်သည် မြို့ထဲသို့ ကိုယ်ပိုင်ကားဖြင့် ထွက်လာရ မော်တော်ယာဉ်ထိန်းရဲသား တစ်ယောက် ဆိုင်ကယ်ဖြင့် နောက်မှ ရောက်လာပြီး ကားကို ရပ်ခိုင်းကာ ဖမ်းတော့သည်။ ဝန်ကြီးချုပ်က အေးဆေးတည်ငြိမ်စွာ လှမ်းမေးသည်။

"ကျွန်တော်မှာ ဘာအပြစ်ရှိလို့လဲ"

"ဝန်ကြီးချုပ် ကားမောင်းတာ ခါးပတ် ပတ်မထားဘူး၊ ဒါကြောင့် ဖမ်းတာပါ"

ဝန်ကြီးချုပ်သည် သူ့ခါးသူ ပြန်ငုံ့ကြည့်ပြီး..

"ဟုတ်သားပဲ၊ အရေးတကြီး ထွက်လာတာမို့ ခါးပတ်ပတ်ဖို့ မေ့သွားတယ်"

"ဝန်ကြီးချုပ် ဒေါ်လာနှစ်ရာ ဒဏ်ငွေဆောင်ပါ"

ဝန်ကြီးချုပ်က ရှောရှောရှူရှူပင် ဒဏ်ငွေ ဒေါ်လာနှစ်ရာ ထုတ်ပေးလိုက်သည်။ ဤကဲ့သို့ မှန်ကန်ရဲရင့်သော ဝန်ထမ်းများကြောင့်လည်း သူတို့နိုင်ငံသည် ကြီးပွားတိုးတက်နေခြင်း ဖြစ်သည်။ ကြီးပွားတိုးတက်မည့် ရဲရင့်ခြင်းဟူသည် မမှန်တာကို မလုပ်ရုံဖြင့် မပြည့်စုံသေး၊ မှန်တာကို ရဲရဲရင့်ရင့် လုပ်ရဲဖို့လည်း လိုအပ်သေး၏။

●

## ဥပဒေအထက်ကလူ

လွန်ခဲ့သောနှစ် အတော်ကြာကပင် ဖြစ်၏။ မောင်သာချို အပါအဝင် စာရေးဆရာ လေးယောက်တို့သည် လိုင်စင်မပါဘဲ ရန်ကုန်မြို့ ထဲက ကားတစ်စီးကို အပျော်လျှောက်မောင်း နေကြသည်။ ရန်ကုန်လေဆိပ် ရှေ့လမ်း အရောက်တွင် မော်တော်ပီကယ်က ဝီစီမှုတ်ကာ တားလေပြီ။

"ရှီ" ကားလေးက မော်တော်ပီကယ်ရှေ့ ထိုးရပ်သွားသည်။

"လိုင်စင်ပြပါ"

"လိုင်စင်မရှိဘူး"

"လိုင်စင်မရှိရင်ဖမ်းတယ်"

ထိုသို့ ပြောဆိုပြီး ကားနံပါတ်ကို လက်ထဲက စာအုပ်တွင် ရေးမှတ်လျက် ရှိသည်။

ထိုအချိန်မှာပင် မြန်မာပြည်၏ အထာကို ကျေညက်နေသော စာရေးဆရာလူငယ် တစ်ယောက်က ကားထဲမှ ခေါင်းထွက်၍ မော်တော် ပီကယ်ကို စိုက်ကြည့်လိုက်သည်။ ထိုကဲ့သို့ စိုက်ကြည့်လိုက်သဖြင့် မော်တော်

ပီကယ်မှာ တစ်ချက်မှာ တစ်ချက် တုန်သွားသည်။ စာရေးဆရာက စကားတစ်ခွန်း စပြောသည်။

"ဒီလူတော့ နာချင်ပြီ ထင်တယ်"

ထိုစကားကြောင့် မော်တော်ပီကယ်က တုန်လှုပ်စွာဖြင့် တစ်ချက်မော့ ကြည့်သည်။ စာရေးဆရာက သူ့စကားကို ဆက်သည်။

"ဘာလဲ ကိုယ့်လူက အဖိုးကြီးနဲ့ ပြဿနာ ရှင်းချင်နေလား"

ထိုစကားအဆုံးမှာပင် မော်တော်ပီကယ်က သိသာစွာ တစ်ချက် တုန်သွားပြီး "သွားတော့" ဟု ပြောကာ လှည့်ထွက်သွားတော့သည်။

စခန်းကို လိုက်ရပြီဟု တင်ထားသော သူငယ်ချင်းတစ်စု အံ့ဩ ဝမ်းသာစွာဖြင့် ကားမောင်းထွက်လာကြသည်။ လမ်းကျမှ သူငယ်ချင်း၏ အဖိုးကြီးကိစ္စ ကိုမေးကြသည်။

"ဟေ့ကောင် စွမ်းလှချည်လား၊ မင်းအဖိုးကြီးက ဘာလုပ်တာမို့လဲ"

"မုန့်ဟင်းခါး ရောင်းတယ်လေ"

"ဟား... ဟား... ဟား၊ မော်တော်ပီကယ်က ရာထူးကြီးကြီး ထင်ပြီး တို့ကို လွှတ်လိုက်တာနေမှာကွ"

"အေး.. တို့ မြန်မာပြည်မှာက ဥပဒေအထက်မှာ အဖိုးကြီး ရှိတယ် လေကွာ။"

## အဂတိတရားလေးပါး

ဆန္ဒာဂတိ = ချစ်သောကြောင့် ဘက်လိုက်ခြင်း

ဒေါသာဂတိ = မုန်းသောကြောင့် ဘက်လိုက်ခြင်း

မောဟာဂတိ = အမှန်မသိသောကြောင့် ဘက်လိုက်ခြင်း

ဘယာဂတိ = ကြောက်သောကြောင့် ဘက်လိုက်ခြင်းတို့ပင် ဖြစ်၏။ ဆက်ဒမ်ဟူစိန်၏ သားကြီးသည် ရာဂကြီးသူ တစ်ယောက်ဖြစ်၏။ အပျော်မယ်များနှင့် နေ့စဉ် ပျော်ပါးရသည်ကို အားမရဘဲ၊ မိကောင်းဖခင် သမီးပျိုများကိုပါ ငွေပေးပြီး ခေါ်ယူ ဖျက်ဆီးလေ့ရှိသည်။ ငွေပေး၍ မရလျှင် အနိုင်ကျင့် စော်ကားပစ်တတ်သည်။

သမ္မတ၏ သားကြီး ဖြစ်သောကြောင့် မည်သည့် မိဘကမျှ မတိုင်ရဲကြ။

တစ်ခါတွင် ငွေပေး၍ မရသော အီရတ် လှယဉ်ကျေးမယ် တစ်ယောက်ကို မတရားစော်ကား အနိုင်ကျင့်ပစ်လိုက်သည်။ ဖခင်ဖြစ်သူက မခံမရပ်နိုင် ဖြစ်ပြီး တရားရုံးသို့ တိုင်ကြားခဲ့သည်။ သို့သော် တရားရုံးကလည်း ဘာမှ အရေးမယူရဲပေ။

●

## ပင့်ကူမျှင်နှင့်တူသော ဥပဒေ

လူယုတ်မာများ ကြီးစိုးသော နိုင်ငံတွင် ဥပဒေသည် ပင့်ကူမျှင်နှင့် တူ၏။ ပင့်ကူမျှင်သည် အားသေးသော ပိုးကောင်များ ကပ်ငြိလျှင် ရစ်ပတ်ပြီး သေသွားအောင် လုပ်တတ်သည်။ အားကြီးသော ပိုးကောင်များ ကပ်ငြိလာလျှင် စုတ်ပြတ်ပါသွားတတ်သည်။ ထို့အတူ လူယုတ်မာများ လူကြီးဖြစ်သော နိုင်ငံတို့တွင် အာဏာ ပါဝါမရှိသူ ဆိုပါက လမ်းကြားတွင် ပလပ်စတတ် ကောက်ရုံဖြင့် မှောင်ခိုရိုက်သည်ဟု ဆိုကာ ထောင်ထဲ အထည့်ခံရသည်။ အာဏာ ပါဝါရှိသူဆိုပါက လူကို သတ်မိလျှင်ပင် အရေးမယူနိုင်ပေ။

နောက်ဆုံး တိုင်ကြားသော ကလေးမ၏ ဖခင်သည်သာ အဖမ်းခံရပြီး အူဒေဟူစိန်၏ ရှေ့သို့ ရောက်ခဲ့ရသည်။ လက်ပြန် ကြိုးတုတ်ထားသော ကလေးမ၏ ဖခင်ကို အူဒေဟူစိန်သည် နံပါတ်တုတ်ဖြင့် လဲကျသွားသည် အထိ မလှုပ်နိုင်အောင် ရိုက်ခဲ့သည်။ မလှုပ်နိုင်သောအခါတွင်မှ ဓားမြှောင်ဖြင့် အချက်ပေါင်းများစွာ ထိုးသတ်လိုက်သေးသည်။

အူဒေးဟူစိန်သည် ထိုကဲ့သို့ လူသတ်မှု ကျူးလွန်ပါလျက် အပြစ်မပေး ခြင်းသည် ဘယာဂတိ = ကြောက်သောကြောင့် ဘက်လိုက်ခြင်း ဖြစ်သည်။ အာဏာရပါတီက အတိုက်အခံ ပါတီများကို ပုဒ်မအမျိုးမျိုး တပ်ပြီး ဖမ်းဆီး ထောင်ချခြင်းသည် ဒေါသာဂတိ မုန်းသောကြောင့် ဘက်လိုက်ခြင်းပင် ဖြစ်၏။

ခြပိုင်ရှင် ကရင်ကြီး တစ်ယောက်သည် ဘုမသိ၊ ဘမသိဖြင့် ထောင်ကျနေသည်။ ဖြစ်ပုံမှာ သူ့ခြံဝင်းတွင် လူသေတွေ့သောကြောင့် ဟူ၏။ သေချာ စစ်ဆေးစုံစမ်းခြင်း မရှိဘဲ လူသတ်မှုဖြင့် ထောင်ချခြင်းသည် မောဟာဂတိ = အမှန်မသိသောကြောင့် ဘက်လိုက်ခြင်းပင် ဖြစ်ပါလေ၏။

နှစ်အတော်ကြာက အစ္စရေးနိုင်ငံသို့ ပညာတော်သင်လွှတ်ရန် စာတွေ့ လက်တွေ့ စစ်ဆေး၍ လူရွေးချယ်သည်။ တစ်ယောက်တည်းသာ ရွေးမည် ဖြစ်သည်။ ထိုရွေးချယ်ပွဲတွင် မောင်ဖြူသည် စာတွေ့လည်း အမှတ်အများဆုံး လက်တွေ့လည်း အမှတ်အများဆုံး ရသည်။ မောင်နီကား နှစ်မျိုးလုံးတွင် အမှတ်အနည်းဆုံး ရသည်။ သို့သော် မောင်နီသာ အရွေးခံရပြီး အစ္စရေးသို့ စိုက်ပျိုးရေး ပညာတော်သင် သွားခဲ့ရသည်။ အဘယ်ကြောင့်နည်း။ မောင်နီသည် စိုက်ပျိုးရေး (လယ်ဆည်) ဝန်ကြီး၏ သားမက် ဖြစ်နေသော ကြောင့်တည်း။

ဤသည်ကား ဆန္ဒာဂတိ = ချစ်သောကြောင့် ဘက်လိုက်ခြင်းပင် ဖြစ်၏။ ဤဖြစ်ရပ်၌ ရှောင်စရာ နှစ်ချက်ကို တွေ့ရသည်။ ပထမအချက်မှာ မိမိကိုယ်တိုင်ပင် သတိမထားမိဘဲ ခိုးယူမှု တစ်မှုကို ကျူးလွန်လိုက်ခြင်းပင် ဖြစ်၏။ သားမက်ဖြစ်သူနှင့် ဝန်ကြီးတို့သည် မောင်ဖြူရမည့် အခွင့်အရေးကို ခိုးယူလိုက်ကြခြင်းပင် ဖြစ်၏။ ဒုတိယအချက်မှာ မိမိ ကိုယ်ကျိုးနှင့် နိုင်ငံအကျိုး ယှဉ်လာချိန်တွင် မိမိကိုယ်ကျိုးကို ဦးစားပေးလိုက်ခြင်းပင်ဖြစ်၏။

အဘယ်ကြောင့် ဆိုသော် မောင်နီသည် ဝန်ကြီးအရှိန်ဖြင့် လွန်ခဲ့သည့် နှစ်အနည်းငယ် အတွင်းက ထိုအစ္စရေးနိုင်ငံသို့ ပညာတော်သင် တစ်ကြိမ် သွားဖူးပြီးသား ဖြစ်နေခြင်းပင်တည်း။ စိုက်ပျိုးရေးပညာကို မြန်မာလူမျိုး တစ်ယောက် တတ်သည်ထက် နှစ်ယောက်တတ်သည်က နိုင်ငံအတွက် ပို၍

အကျိုးရှိ၏။ တစ်ယောက်သည် နစ်ခေါက်ပြန်သွားခြင်းဖြင့် သူတို့ မိသားစု အတွက်သာ အကျိုးရှိ၏။

ဂျပန် လူမျိုးများသည် ကမ္ဘာတွင် အချမ်းသာဆုံးဖြစ်၏။ မြန်မာ လူမျိုးများသည် ကမ္ဘာတွင် အဆင်းရဲဆုံးဖြစ်၏။ အဘယ်ကြောင့်နည်း။ ဂျပန် လူမျိုးများသည် မိမိအကျိုးနှင့် နိုင်ငံအကျိုးယှဉ်လာလျှင် နိုင်ငံအကျိုးကို ဦးစား ပေးတတ်ကြ၏။ မြန်မာလူမျိုး အများစုသည်ကား မိမိအကျိုးနှင့် နိုင်ငံအကျိုး ယှဉ်လာလျှင် မိမိအကျိုးကိုသာ ဦးစားပေးတတ်ကြသောကြောင့်ပေတည်း။

●

## တရားလိုက ပြည်သူ၊ တရားခံက အစိုးရ

ထိုင်းနိုင်ငံ၊ ရနောင်းမြို့တွင် မြေပိုင်ရှင်တစ်ဦးက အစိုးရကို ရုံးတင်တရားစွဲသည်။ သူ့ပိုင်မြေများကို အိမ်ရာများ ဆောက်လုပ်ရန် မတရား သိမ်းယူသည့်အတွက် ဖြစ်သည်။ တရားရုံးက လက်ခံပြီး အမှု စစ်ဆေးပေးရာ မြေပိုင်ရှင်က အနိုင်ရသွားသဖြင့် အစိုးရက အမှုကုန်ကျစရိတ်နှင့် လျော်ကြေးများကိုပါ ပေးဆောင်ရကြောင်း သိရသည်။ အားရစရာကောင်းပေစွ။

မှန်ကန်ခြင်းကြောင့် ရဲရင့်ခြင်းဖြစ်သလို ရဲရင့်သော သူများသည်လည်း မှန်ကန်ကြသူများ ဖြစ်၏။ ရှေ့တွင် တစ်မျိုး၊ ကွယ်ရာတွင် တစ်မျိုး နေထိုင်ကြသူများသည် မရိုးမသားခြင်းပင် ဖြစ်၏။ မီးနီလျှင် ကားရပ်ပေးရာ၌ စည်းကမ်း ဥပဒေကို တကယ်လိုက်နာချင်သော စိတ်ဖြင့် ရပ်ပေးတာမျိုး ဖြစ်ရမည်။ မော်တော်ပီကယ် ရှေ့မို့ ရပ်ပေးတာမျိုး မဖြစ်စေရပေ။

ရန်ကုန်မြို့ထဲတွင် ညမိုးချုပ်ချိန်၌ မော်တော်ပီကယ် မရှိလျှင် မီးနီနေပါလျက် ဖြတ်မောင်းပြေးသော မော်တော်ကား အတော်များများကို တွေ့ရတတ်သည်။ ဤသည်မှာ မရိုးမဖြောင့်ခြင်း ပင်ဖြစ်၏။ မမှန်ကန်ခြင်းပင် ဖြစ်၏။ အမေရိကန်နိုင်ငံသည် ကမ္ဘာတွင် အချမ်းသာဆုံးနိုင်ငံဖြစ်၏။

သူတို့ နိုင်ငံချမ်းသာခြင်း၏ အကြောင်းများစွာတို့တွင် ရိုးသားဖြောင့်မတ်ခြင်းသည် ထိပ်ဆုံးမှ ပါဝင်ပေသည်။ စာရေးဆရာ အဂ္ဂဝါစိုးမိုး၏ လက်တွေ့ဖြစ်ရပ်တစ်ခုကို တင်ပြပါအံ့။ အမေရိကန်နိုင်ငံသည် မြန်မာနိုင်ငံထက် (၃၁) ဆ ကျယ်ဝန်းကြောင်း သိရသည်။ ကမ္ဘာ့အချမ်းသာဆုံး ဘီလျံနာသူဌေးပေါင်း (၁၂၈) ကျော်ရှိရာတွင် ရှစ်ဆယ်ကျော်မှာ အမေရိကန်မှ ဖြစ်ကြောင်း မှတ်သားရဖူးသည်။

●

## ကိသာဂေါတမီနှင့်တူသော အမေရိကန်

ကိသာဂေါတမီဟု ဆိုလျှင် ဗုဒ္ဓဘာသာဝင်အများစု သိကြသည်။ ဓမ္မကထိကများ အဟောလည်း များကြသည်။ သူမ၏ သားငယ် သေသွားလေရာ သောကမီးလောင်ကာ ရူးသွပ်သလို ဖြစ်သွားသည်။ သားသေကို ပွေ့ပြီး တစ်အိမ်တက်ဆင်း အသက် ပြန်ရှင်သော ဆေးလိုက်ရှာသည်။ နောက်ဆုံး ဘုရားရှင်ထံသို့ ရောက်လာပြီး သူ့သားအသက် ပြန်ရှင်လာစေမည့် ဆေးကို တောင်းပြန်သည်။

ဘုရားရှင်က ဆွေးမျိုးသားချင်း တစ်ယောက်မှ မသေဖူးသော အိမ်မှ မုန်ညင်းဆံကို ရအောင်ရှာခဲ့ပါ။ သားလေးကို အသက်ပြန်ရှင်အောင် ဆေးဖော် ပေးမည်ဟု မိန့်တော်မူလိုက်ရာ၊ ကိသာဂေါတမီ ဝမ်းသာသွားပြီး တစ်မြို့လုံးအနှံ့ လိုက်ရှာသော်လည်း မရခဲ့ချေ။ မုန်ညင်းဆံတော့ ရှိကြသည်။ သို့သော် မိသားစု တစ်ယောက်ယောက် သေးဖူးသည့် အိမ်များချည်းသာ ဖြစ်နေကြသည်။

ထိုအခါကျမှ သေကွဲကွဲတယ်ဆိုတာ ငါတစ်ယောက်တည်း မဟုတ် ပါလား။ မိသားစု အားလုံး ကြုံတွေ့နေရသော တရားပါလားဟု သံဝေဂဉာဏ် ပေါ်လာပြီး ကလေးသေကို စွန့်ပစ်နိုင်သွားခဲ့သည်။ ကိသာဂေါတမီသည် အရင်က

နွမ်းပါးသူ တစ်ယောက်သာ ဖြစ်သည်။ သူမ၏ ဘုန်းကံကြောင့် သူဌေးကြီး တစ်ဦး၏ ချွေးမ ဖြစ်လာရခြင်းပင်။

တစ်ခါတွင် သူဌေးကြီးတစ်ယောက် ပိုင်ဆိုင်သော ရတနာ ပစ္စည်းများသည် မီးသွေးခဲများ ဖြစ်သွားကြသည်။ ဒါနကုသိုလ်ကြောင့် ချမ်းသာရခြင်း ဖြစ်သည်။

ဒါနကုသိုလ်ကုန်သည်နှင့် အကြောင်းရာပြီး ကြံဖန် ဆင်းရဲရတတ်သည်။ ထို့ကြောင့် ချမ်းသာသူများသည် ဒါနကုသိုလ်ကို ဆင်းရဲသူများထက် ပို၍ လုပ်သင့်သည်။ ဆီးသီးသည် မဖျိုင်းလို ဘဝ မမေ့သင့်ပေ။

မှတ်သားရဖူးသည်မှာ တစ်ခါက တောဆီးသီးများကို ရောင်းစားသော မဖျိုင်း အမည်ရှိ ချောမောလှပသော မိန်းကလေး တစ်ယောက်ရှိသည်။ တစ်ရက်တွင် တိုင်းခန်းလှည့်လှည်သော ဘုရင်နှင့် ဆုံမိပြီး မိဖုရားခေါင်ကြီး ဖြစ်သွားခဲ့သည်။ မိဖုရားကြီးဘဝ ရောက်သည်နှင့် အောက်ခြေလွတ်ပြီး မာနကြီးသွားတော့သည်။

သူ၏ ဆွေမျိုးသားချင်းများ၊ ငယ်သူငယ်ချင်းများ လာလည်လျှင်ပင်၊ မသိချင်ယောင် ဆောင်နေသောဟူ၏။ တစ်ရက်တွင် နန်းတော်အနီး ဖြစ်သွားသော ဆီးသီးသည်မလေးကို ဘုရင်က လှမ်းခေါ်တော်မူ၏။ သူ့မိဖုရားကြီး၏ အရင်ဘဝကို အမှတ်ရသောကြောင့်လည်း ဖြစ်ဟန်တူ၏။

●

## မဖျိုင်းနှင့်တူသော သူဌေးများ

ဆီးသီးသည်မလေး၏ ဗန်းထဲမှ ဆီးသီးများကို လှမ်းကြည့်ပြီး မဖျိုင်းက "မောင်တော်ဘုရား.. ဒါ ဘာသီးတွေလဲ" ဟု မေးမြန်းသော ဟူ၏။ ထိုအခါ မင်းကြီးက သင်သည် သင်တို့ မိသားစုကို နှစ်များစွာ လုပ်ကျွေးခဲ့သော ကျေးဇူးရှင် ဆီးသီးကိုပင် ကျေးဇူးကန်းခဲ့ပေ၏။ ငါ့ကိုလည်း ထိုကဲ့သို့ ကျေးဇူးကန်းမည်သာ၊ ယခုပင် နန်းတော်မှ ထွက်လော့ဆိုပြီး နှင်ထုတ်လိုက်လေ၏။

ဘဝမေ့သော မဖျိုင်းသည် မူလအတိုင်း ဆီးသီးသည် ပြန်ဖြစ်သွားသော ဟူ၏။

ယခုခေတ် သူဌေးများသည်လည်း မိမိကို သူဌေးဘဝသို့ ပို့ပေးသော ဒါနကုသိုလ်၏ ကျေးဇူးကို ဘယ်သောအခါမှ မမေ့သင့်ပေ။ သူဌေးကြီးတစ်ဦး၏ ရတနာများ မီးသွေး ဖြစ်သွားရာ၌ အတွေးအခေါ်ရှိသော အခြားသူဌေးတစ်ဦးက အကြံပေးသည်မှာ...

"ခင်ဗျားရဲ့ မီးသွေးတွေကို ဈေးထဲမှာ ပုံပြီးသွားရောင်းပါ။ ဘုန်းကံ မရှိသူတွေက ဘာမှ ထူးခြားမှာ မဟုတ်ဘူး။ ခင်ဗျား ရောင်းတာ မီးသွေးတွေလို့ပဲ

မြင်မှာ၊ ဘုန်းကံရှိတဲ့သူကတော့ တအံ့တသြဖြစ်ပြီး ခင်ဗျားကို လာမေးလိမ့်မယ်၊ ရတနာ ပစ္စည်းတွေကို ဘာကြောင့် လမ်းဘေးမှာလာပြီး ပုံရောင်းနေရတာလဲ လို့ပေါ့"

"အဲဒီလို မေးတဲ့သူက ယောက်ျားလေးဖြစ်ခဲ့ရင် ခင်ဗျား သမီးနဲ့ ပေးစားပါ၊ မိန်းကလေး ဖြစ်ခဲ့ရင် ခင်ဗျားရဲ့ သားနဲ့ ပေးစားပါ။ သူနဲ့ အတူတူ နေနေသမျှ မီးသွေးတွေဟာ ရတနာ ပြန်ဖြစ်နေမှာပါ။"

ဈေးထဲက ချရောင်းသော အခါ ကိသာဂေါတမီ အမည်ရှိ မိန်းကလေးက "ရတနာတွေကို ဘာ့ကြောင့် ချရောင်းနေရတာလဲ" ဟု မေးလာသောကြောင့် သူ၏ သားဖြစ်သူနှင့် ပေးစားလိုက်ခြင်း ဖြစ်သည်။ ယခုလည်း အမေရိကန် နိုင်ငံသည် ကိသာဂေါတမီလို ဘုန်းကံရှိသောနိုင်ငံ တစ်နိုင်ငံဟု ပြောရပေ လိမ့်မည်။ အဘယ်ကြောင့်နည်း။

ဆိုဗီယက်နိုင်ငံသည် ကွန်မြူနစ်ဝါဒ တစ်ပါတီ အာဏာရှင်စနစ် ဖြစ်သောကြောင့် ခေါင်းဆောင်များ ချမ်းသာသော်လည်း ပြည်သူအများစုက ဆင်းရဲကြသည်။ ဆိုဗီယက်နိုင်ငံသည် အာရှတိုက်၊ ဥရောပတိုက် နှစ်တိုက် လုံးတွင် သူတို့ပိုင် နိုင်ငံမြေများ တွဲဖက်ပါဝင်နေလောက်အောင် ကျယ်ဝန်းသော နိုင်ငံကြီးဖြစ်သည်။

ဆိုဗီယက်ပိုင်နယ်ထဲတွင် လူမနေသော ပြည်နယ်ကြီးတစ်ခု ရှိသည်။ ထိုပြည်နယ်ကြီးမှာ ကြီးမားကျယ်ပြန့်လှသော်လည်း ၁၂ ရာသီ ရေခဲပြင်ကြီး ဖုံးလွှမ်းနေသဖြင့် ဘာမျှ အသုံးမဝင်ပေ။ ထို့ကြောင့် အမေရိကန်ပြည်ထောင်စုသို့ ဒေါ်လာသန်းရှစ်ရာဖြင့် ရောင်းချခဲ့သည်ဟု မှတ်သားရဖူးသည်။

ပိုက်ဆံပေါသော အမေရိကန်ကလည်း မိမိနိုင်ငံ ကျယ်ဝန်းလျှင် ပြီးရောဟူသော စိတ်ဖြင့် နောင်မျိုးဆက်သစ်များအတွက် ရည်ရွယ်ပြီး ဝယ်ယူထားလိုက်သည်။ အံ့သြစရာကောင်းပေစွ၊ ရေခဲတွေ အမြဲ ဖုံးလွှမ်းနေသော ကလေးဆိုးကြီးနှင့် တူသည့် အလာစကာပြည်နယ်ကြီးသည် အမေရိကန်တို့ လက်ထဲ ရောက်သွားသည်နှင့် လိမ္မာသွားတော့သည်။ အဘယ်သို့ လိမ္မာသွားသနည်း။

●

**အမေရိကန်၏ ဘုန်းကံ**

ဖောက်ပြန်လာသော ကမ္ဘာ့ရာသီဥတု အနေအထားကြောင့် ရေခဲပြင်ကြီးများ အရည်ပျော်ကျသွားပြီး မြေပြင်ကြီးပေါ်ထွက် လာခြင်းပေတည်း။ ထိုမြေပြင်ကြီးမှ ထင်ရှူးပင်များ ပြည့်သွားတော့သည်။

ထိုထင်ရှူးပင်များကို ခုတ်၍ ဂျပန်နိုင်ငံသို့ ရောင်းချနေရာ နှစ်ပေါင်းကြာပြီ ဖြစ်သော်လည်း စနစ်တကျခုတ်သောကြောင့် တောပြုန်းမသွားဟု ဆိုသည်။ ထိုထင်းရှူးသား ရောင်းရသော ဒေါ်လာငွေများကြောင့်လည်း အမေရိကန်သည် ချမ်းသာသော နိုင်ငံဘဝသို့ ရောက်ရခြင်းဟု ဆိုလျှင်လည်း မှားမည်မထင်။ ဂျပန်နိုင်ငံလည်း ဈေးပေါပေါဖြင့်ရသော ထင်းရှူးသားများကို ဆေးတစ်မျိုးနှင့် စပ်လိုက်ရာ သစ်မာဘဝသို့ ရောက်သွားသည်။

ထိုသစ်မာ ဖြစ်သွားသော ထင်းရှူးသားများဖြင့် ပရိဘောဂ ကုန်ချောများ လုပ်ပြီး ကမ္ဘာအရပ်ရပ် ဖြန့်ချိခြင်းဖြင့် ဒေါ်လာများစွာ အမြတ်အစွန်းများ ရလျက်ရှိသည်။ ထိုအလာစကာ ပြည်နယ်သို့ စာရေးဆရာ အဏ္ဏဝါစိုးမိုးတို့၏ ကုန်သင်္ဘောကြီး ရောက်ရှိသွားသည်။ ဆင်းရဲသော နိုင်ငံလား၊ ချမ်းသာသော နိုင်ငံလားဆိုသည်ကို ဆိပ်ကမ်းသို့ သင်္ဘောကပ်သည်နှင့် တစ်ပြိုင်နက် သိနိုင်ကြောင်း အဏ္ဏဝါစိုးမိုးက ရေးသားခဲ့သည်။

ဆိပ်ကမ်းသို့ သင်္ဘောကြီး ကပ်လိုက်သည်နှင့် လဝကများ၊ အကောက်ခွန်များ၊ ရဲများ ဝေသာလီ ဘီလူးဝင်သလို သင်္ဘောပေါ်သို့ တက်လာပြီး ညသုံးလုံး စီမံကိန်းများ အကောင်အထည် ဖော်ကြပြီဆိုလျှင် ဆင်းရဲမွဲတေသော နိုင်ငံဖြစ်ကြောင်း ချက်ချင်းသိနိုင်သည်။ ညသုံးလုံး ဆိုသည်မှာ ပထမဆုံး ဘယ်လောက်ပေးလျှင် အဆင်ပြေပါသည်ဟု ဆိုပြီးညှိသည်။

ညှိ၍ အဆင်မပြေလျှင် ဘယ်လောက်ထိပေးမှ ဆိပ်ကမ်းကပ်ခွင့် ရမည်ဆိုပြီး ညှစ်ကြသည်။ ညှစ်၍မှ အဆင်မပြေသေးလျှင် မည်သည့် စာရွက် မပါသောကြောင့် ဆိပ်ကမ်းသို့ မကပ် ရဆိုပြီး ညစ်ပတ်ကြခြင်းပင် ဖြစ်ပါလေ၏။ အင်္ဂလန်၊ အမေရိကန်၊ စပိန်စသော ချမ်းသာသော နိုင်ငံများသို့ သင်္ဘော ဆိုက်ကပ်ပြီ ဆိုသည်နှင့် လဝက အရာရှိတစ်ဦးသာ သင်္ဘောပေါ်သို့ တတ်လာသည်။ ပိုက်ဆံတောင်းဖို့ဝေး၍ ရိုးရိုးသားသား လက်ဆောင်ပေးလျှင်ပင် တာဝန်ချိန်အတွင်း ဖြစ်ပါက မယူကြပေ။

ဤဖြစ်ရပ်နှစ်ခုကို ယှဉ်ကြည့်ပါက စာရိတ္တမကောင်းသူများ၊ အလကား လိုချင်သူများ ပေါများသော နိုင်ငံသည် ဆင်းရဲပြီး၊ စာရိတ္တ ကောင်းသူများ၊ အလကား မလိုချင်သူများ ပေါများသော နိုင်ငံသည် ချမ်းသာကြောင်း ထင်ရှားပါ၏။ အလာစကာ ပြည်နယ်တွင် လူမနေသောကြောင့် သင်္ဘော ဆိုက်ချိန်မှာသာ လဝက အရာရှိသည် ဟတ်စကီး (ရဟတ်ယာဉ်) နှင့် ရောက်လာပြီး လိုအပ်သော လက်မှတ်ကို ထိုးပေးသည်။ ထို့အတူ ကုန်တင်ကုန်ချ အမေရိကန်လူမျိုး အလုပ်ကြမ်းသမားများ သည်လည်း သင်္ဘောဆိုက်ကပ်ချိန် များတွင်သာ လာရောက် ကြသည်။

တစ်ခါတွင် အမေရိကန် ကုန်ထမ်းသမား တစ်ယောက်သည် ဆိပ်ခံ တံတား ပေါ်မှာထိုင်ပြီး ဂဏန်းမျှားနေသည်။ အင်္ဂျင်နီယာဝါစိုးမိုးက စိတ်ဝင်တစား

ကြည့်နေသည်။ သူစိတ်ဝင်စားသည်က မိလာသော ဂဏန်းများကို ပုံးထဲသို့ ချက်ချင်း မထည့်ဘဲ ပေတံဖြင့် တိုင်းကြည့်ခြင်းပင် ဖြစ်၏။ မိလာသော ဂဏန်းကို ပေတံဖြင့် တိုင်းကြည့်သည်။ သဘောကျသော ဂဏန်းကို ပုံးထဲသို့ ထည့်ပြီး သဘောမကျသော ဂဏန်းကို ပင်လယ်ထဲသို့ ပြန်ပစ်ချနေခြင်းပင်ဖြစ်၏။ နောက်ဆုံး သိချင်စိတ်ကို မြိုသိပ်မရတော့သဖြင့် ဖွင့်မေး ရတော့သည်။

●

## နလုံးသားထဲက ရိုးဖြောင့်ခြင်း

"မိတ်ဆွေ.. ဂဏန်းမိရင် ချက်ချင်းပုံးထဲ မထည့်ဘဲ တစ်ချို့ကို ပုံးထဲထည့်၊ တစ်ချို့ကို ပင်လယ်ထဲ လွှတ်လိုက်တာ ဘာကြောင့်ပါလဲ"

"ဩော်... ဒါလား၊ ကျွန်တော်တို့ နိုင်ငံမှာ ဥပဒေတစ်ခု ထုတ်ပြန်ထားတယ်၊ အဲဒီ ဥပဒေကတော့ ဂဏန်းဖမ်းပြီ ဆိုရင် ခြောက်လက်မ ပြည့်တဲ့ ဂဏန်းကိုပဲ ဖမ်းရမယ်၊ မပြည့်ရင် မဖမ်းရဘူးဆိုတဲ့ ဥပဒေပါပဲ၊ ဂဏန်းတွေ မျိုးတုံးသွားမှာ စိုးလို့ပေါ့ဗျာ"

မည်မျှ အတုယူဖွယ်ရာ ကောင်းလှပါသနည်း။ ထိုနေရာတွင် ရဲလည်းမရှိ၊ စစ်သားလည်း မရှိ၊ ရပ်ရွာလူကြီးလည်း မရှိ၊ အရေးယူမည့်သူ မရှိဘဲနှင့်ပင် ထုတ်ပြန်ထားသော ဥပဒေကို မဖေါက်ဖျက်ပေ။ မြန်မာပြည်တွင်ကား ငါးရစ် တက်ချိန်၊ မျိုးဥ လွှယ်ထားချိန်တွင် ငါးမဖမ်းရန် မြစ်ချောင်းမှန်သမျှ စာတမ်းများ ကပ်ကာ ထုတ်ပြန်တားမြစ်သော်လည်း မလိုက်နာကြပေ။

အရေးယူမည့်သူ ရှိနေသည့်ကြားကပင် မရရအောင် ကျူးလွန် ဖေါက်ဖျက်ကြသည်။ ထို့ကြောင့် မြန်မာနိုင်ငံသည် အဆင်းရဲဆုံးသို့ ရောက်နေ ရခြင်း ဖြစ်သည်။ ရေသတ္တဝါ အသေးအမွှား သယံဇာတလေးတွေ မဆုံးရှုံး

စေရန်အတွက် မသုံးရမည့် ပိုက်ကွန်များကို အစိုးရက ဥပဒေထုတ်ပြန်၍ တားမြစ်ခဲ့သည်။

သို့သော် ငါးဖမ်း စက်လှေများကား ထိုပိုက်မျိုး ခိုးသုံး၍ ဖမ်းကြသည်သာ။ မီးနီလျှင် မဖြတ်ရသော ကားလမ်းများကိုလည်း ညဥ့်နက်ပိုင်းရောက်၍ ပုလိပ် မရှိတော့သည်နှင့် စည်းကမ်း ဖေါက်ဖျက်ပြီး ဖြတ်ကြတော့၏။ နိုင်ငံတော်က သစ်ခုတ်ရန် ဧက တစ်ရာ သတ်မှတ်ပေးလျှင် ငွေထိုးပြီး ဧကတစ်သောင်း မကအောင် ခုတ်ကြတော့သည်။

သုံးပေ ပတ်လည်အရွယ် သစ်ပင်ကိုသာ ခုတ်ရမည်ဟု ဥပဒေဖြင့် တားမြစ် ထားသော်လည်း သုံးလက်မပတ်လည် သစ်ပင်အစ တွေ့သမျှ အကုန် ခုတ်ကြသည်။ ထိုကဲ့သို့ နိုင်ငံအကျိုးကို ဘေးထားပြီး မိမိအကျိုးကို ရှေ့တန်း တင်ကာ စည်းကမ်းမဲ့ကြသောကြောင့် ရပ်စောက်၊ ကလောတို့ကဲ့ သို့သော မြို့များမှာပင် မန္တလေးမြို့ကဲ့သို့ ပူပြင်းခြောက်သွေ့လာခဲ့ပြီး ဖြစ်သည်။

စည်းမဲ့ကမ်းမဲ့ ကျောက်တူးကြသောကြောင့် မိုးကုတ်မြို့နှင့် ဖားကန့် မြို့တို့သည်လည်း မိုးရွာတိုင်း မြေပြိုပြီး ရေမျောရသော မြို့ပျက်ကြီးများ အဖြစ်သို့ ရောက်ခဲ့ရသည်။ ရွှေကျင်ရန်ဆိုပြီး မြေများကို စည်းမဲ့ကမ်းမဲ့ တူးကြသောကြောင့် ချောင်းရေများသည် ရေနှင့် မတူတော့ဘဲ မိလ္လာကန်ထဲမှ အညစ်အကြေး များကဲ့သို့ ဖြစ်သွားလေပြီ။ မြစ်တွေလည်း ကောကုန်ကြပြီး။

သစ်ပင်ခုတ်သူသာ ရှိပြီး စိုက်သူမရှိသောကြောင့် မြေသြဇာ အကောင်းဆုံး၊ သစ်ပင် အများဆုံး၊ ရာသီဥတု အသာယာဆုံး၊ မင်းနေပြည်တော် အများဆုံးဖြစ်ခဲ့သော မန္တလေးတိုင်းနှင့် မကွေးတိုင်းသည် ယခုအခါတွင် တောင်ကတုံးများ၊ လွင်တီးခေါင်များ သဲကန္တာရများဖြင့် ပူပြင်း ခြောက်သွေ့သော၊ နေချင်စရာ မကောင်းသော ဘဝသို့ ရောက်သွားလေပြီ။

## မြန်မာပြည်မှာ ထုတ်သင့်သော ဥပဒေ

အမေရိကန်တွင် သစ်ပင်တစ်ပင် ခုတ်လိုပါက ဆယ်ပင် အစားပြန်စိုက်ပေးရသည်။ ထိုဥပဒေမျိုး မြန်မာနိုင်ငံတွင် အရေးတကြီး ရှိသင့်သည်။ ရေအားလျှပ်စစ် ထုတ်လုပ်ရေး စက်ရုံများ အဆမတန် တည်ထောင်ခြင်းကြောင့် ချောင်းများစွာ၊ မြစ်များစွာ ခန်းခြောက်တိမ်ကောကုန်သည်။

မိုးတွင်းအခါ ဆိုလျှင် ရေကာတာမှ ရေများကို ဖွင့်ထုတ်ခြင်းကြောင့် အနီးရှိ ကျေးရွာများမှာ နစ်စဉ်ရေဘေးနှင့် ကြုံရသည်။ ရိတ်သိမ်း ခူးဆွတ်ခါနီး လယ်ယာများ ရေမြုပ်ကုန်သဖြင့် အတိဒုက္ခ ရောက်ကြရသည်။ ဤနေရာမှစ၍ မှန်ကန်ခြင်းနှင့် ရဲရင့်ခြင်းအကြောင်းကို ပြန်ဆက်ပါမည်။ အသက်ရှစ်ဆယ်ကျော်သူများသာ မီနိုင်တော့သော ရန်ကုန်တက္ကသိုလ် ကျောင်းအုပ်ကြီး ဦးဖေမောင်တင်၏ မှန်ကန်သည့် အတွက် ရဲရင့်ပုံ အချက်နစ်ချက်ကို မလေးလုံး ရေးသားသော ဖေမောင်တင် (သို့မဟုတ်) ဘသက်ရှည် စာအုပ်မှ ကောက်နတ်တင်ပြမည် ဖြစ်ပါသည်။ ထိုစာအုပ် ရိုက်နှိပ်သည်မှာပင် (၃၅) နစ်ကျော်ခဲ့ပြီ ဖြစ်သည်။

●

## ရာဇဝင်ကြွေး သူပေးဆပ်သည်

ရန်ကုန်တက္ကသိုလ်ကြီးသည် ၁၉၃၉ ခုနှစ်နှောင်းပိုင်း၌ တော်တော်ကလေး အေးဆေးငြိမ်သက် သွားတော့သည်။

သူတို့သည် မီးကုန်ယမ်းကုန် အစွမ်းကုန် တောက်လောက် ထကြွခဲ့ကြပြီးနောက် မီးစာကုန်ဆီခန်း သွားကြသည့်အလား တိတ်ဆိတ်ငြိမ်သက် သွားကြသည်။

ထိုကဲ့သို့ အခြေအနေ ပြောင်းလဲသွားခြင်းသည် ကျောင်းသားတို့ တောင်းဆိုချက်ကလေးများ အချို့တဝက်ကို ရရှိသွားခဲ့ကြသောကြောင့်လည်း ဖြစ်နိုင်သည်။

ရှေ့မှ ဦးဆောင် ဆူပူမှု ပြုပေးတတ်သော ကျောင်းသား ခေါင်းဆောင် တစ်ချို့ ကျောင်းမှ ထွက်သွား ကြသောကြောင့်လည်း ဖြစ်နိုင်သည်။

သူတို့သည် ကျောင်းမှ ထွက်သွားပြီးနောက် သခင်ခေါင်းဆောင်များ အဖြစ် နိုင်ငံရေး အသင်းအပင်းများဖြင့် ဗမာ့အရေးသာမက ကမ္ဘာ့အရေးအခင်း များတွင် စိတ်ပါဝင်စားကာ တက္ကသိုလ်ကျောင်းဆီသို့ လှည့်စောင့် မကြည့်အား သောကြောင့်လည်း ဖြစ်နိုင်သည်။

ကျောင်း၌ ကျန်ရှိသော ကျောင်းသား ခေါင်းဆောင်အချို့ကလည်း သူတို့ ဦးဆောင် လှုပ်ရှားမှုများအတွက် သူတို့အပိုင်း သူတို့ တာဝန်ကျေပြီဟု ယူဆ တင်းတိမ်သွားကြ၍လား မသိ။ သူတို့သည် ဆုံးခန်း မတိုင်သေးသော သူတို့ ပညာရေးကို အေးအေးဆေးဆေး ငြိမ်ငြိမ်သက်သက် ဆက်လက် သင်ယူ နေကြသောကြောင့်လည်း ဖြစ်နိုင်လေသည်။

ထိုကဲ့သို့ ဖြစ်နိုင်သော အကြောင်းကြောင်းတို့ကြောင့် ဦးစီးဦးဆောင် များက လှုပ်ရှားမှု မရှိကြသောအခါ၊ နောက်လိုက် ကျောင်းသား ကျောင်းသူ များလည်း အေးဆေး ငြိမ်သက်စွာ ပညာကို သင်ယူ နေကြလေတော့သည်။

သည်အခါ အပြင်ဘက် နိုင်ငံရေးလောကတွင် ပူညံပူညံ ဆူသံတွေ လျှံနေသလောက်၊ သူတို့ဆီမှာကား ထူးထူးခြားခြား ငြိမ်းချမ်းတိတ်ဆိတ် သွားခဲ့သော ရန်ကုန်တက္ကသိုလ် နယ်မြေအတွင်းမှ တက္ကသိုလ်ကျောင်းအုပ်ကြီး အပါအဝင် ပါမောက္ခ၊ ကထိကနှင့် ကျူတာဆရာများ သည်လည်း တာဝန် ကိုယ်စီဖြင့် သက်ဆိုင်ရာ ဘာသာရပ်များကို ကျောင်းသားများအား သင်ကြား ပြသပေးနေကြလေသည်။

ထိုနေ့က သူ့ရုံးခန်းသို့ ရောက်လာခဲ့သော တက္ကသိုလ် ကျောင်းအုပ်ကြီး ဦးဖေမောင်တင်ကို လျှောက်လွှာလေး တစ်စောင်က စောင့်ကြိုနေလေသည်။

ဦးဖေမောင်တင်က ဖတ်ကြည့်လိုက်သောအခါ လက်ဘွိုင်းခေါ် ဓါတ်ခွဲခန်း အမှုထမ်းဘသန်း၏ အလုပ်ထွက် လိုကြောင်း လျှောက်လွှာ ဖြစ်ကြောင်း တွေ့ရလေသည်။ ဘသန်း၏ လျှောက်လွှာကို ကြည့်၍ ဦးဖေမောင် တင်၏ စိတ်မှာ ထူးဆန်းသွားလေသည်။

သူသည် ဘသန်း ဘယ်အတွက် အလုပ်မှ ထွက်လိုကြောင်းကို သိလို နေပေသည်။ ဘသန်းတွင် အကြောင်းတစ်ခု ရှိရမည်ဟု သူတွက်လိုက်သည်။ ဘသန်းသည် သူ့ကို ထမင်းကျွေးနေသော အလုပ်မှ အကြောင်းမရှိဘဲ ထွက်ချင်မည် မဟုတ်ချေ။

ယခုအချိန်တွင် တက္ကသိုလ်ကျောင်းမှ ဘီအေဘွဲ့ကြီးတွေ ပိုက်၍ ထွက်သွားခဲ့ကြ သူများပင်လျှင်၊ ထိုက်ထိုက်တန်တန် အလုပ်အကိုင်များ မရနိုင်၍ ငိုင်မှိုင်နေကြရသည် မဟုတ်ပါလား။

ကျောင်းစရိတ် ထောင်သောင်းချီ၍ ကုန်ကျခဲ့ကာ၊ ဘီအေဘွဲ့ကြီး ပိုက်ပြီးနောက် မျှော်လင့်ချက် တခွဲသားကိုယ်စီဖြင့် ကျောင်းမှ ထွက်ခွာသွားခဲ့ကြ သူများသည်ပင်လျှင်၊ တစ်လလျှင် ငွေလေးငါးခြောက်ဆယ် ဝင်နိုင်သော အလုပ်ကလေးမျိုးရအောင် အတော်ကြိုးစား ရှာဖွေနေကြရချိန်လည်းဖြစ်သည်။

ဘသန်းကဲ့သို့ ဘာဘွဲ့မှ မရှိသော အညတရ လက်ဘွဲ့ိုင်း တစ်ယောက် အဖို့ကား လက်ရှိအလုပ်မှ ထွက်ပြီးနောက်၊ တခြား အလုပ်တစ်ခုကို လွယ်လွယ် နှင့် ရှာတွေ့နိုင်မည်လော။

သူ့အဖို့ လွယ်လွယ်နှင့် အလုပ်ထွက်သွားရပါက ဘသန်းတို့ မိသားစု တစ်ခုလုံးသည် စားဝတ်နေရေးအတွက် အခက်အခဲ တွေ့ရချေတော့မည်။ ယခု လက်ရှိအလုပ်သည် ဘသန်းအတွက် လခမှန်မှန်ရရုံ သာမကဘဲ နေစရာအိမ်ကိုပါ ပေးထားလေသည်။

သူ့လက်အောက်မှ အမှုထမ်း တစ်ယောက်ကို သူ့သားသမီးပမာ သဘောထားကာ တွေးပူမိသော တက္ကသိုလ် ကျောင်းအုပ်ကြီး ဦးဖေမောင်တင်က လက်ဘွိုင်းဘသန်းအား အခေါ်ခိုင်းလိုက်လေတော့သည်။

## မျှ၍ တ ရသောသူ

ခဏအကြာ၌ လက်ဘွဲ့ခိုင်းဘသန်းသည် တက္ကသိုလ် ကျောင်းအုပ်ဆရာကြီး ဦးဖေမောင်တင်၏ ရှေ့မှောက်သို့ ခပ်ရို့ရို့ ရောက်လာလေသည်။ ဘသန်းကို ဦးဖေမောင်တင်က မေးလိုက်သည်။

"ကဲ.. ဟေ့ဘသန်း၊ မင်းဘာဖြစ်လို့ အလုပ်ထွက်ချင်တာလဲ ငါ့ကိုပြောစမ်း"

ဦးဖေမောင်တင်၏ အမေးကို ဘသန်းက မဖြေဘဲ ခေါင်းငုံ၍ ငြိမ်နေသည်။ သည်အတွက် ဦးဖေမောင်တင်က ဘသန်းကို ဆက်၍ မေးလိုက်ပြန်သည်။

"မင်းအဖို့ လက်ရှိ အလုပ်ထက် ပိုကောင်းတဲ့ အလုပ်မျိုးကို တခြားမှာ တွေ့ထားလို့လား၊ ဟုတ်လား"

"မတွေ့ပါဘူး ဆရာကြီး"

သည်တစ်ခါ၌ ဘသန်းက ဦးဖေမောင်တင်၏ အမေးကို အဖြေပြန်ပေးလေသည်။

"ဟာ.. မတွေ့ဘဲနဲ့ ဘာပြုလို့ အလုပ်ထွက်ချင်တာလဲကွ"

ဦးဖေမောင်တင်က ဘသန်းကို နားမလည်စွာဖြင့် ဆက်မေးလိုက်ပြန်သည်။

"ပြောစမ်းပါဦး ဘသန်းရ၊ မင်းအခုအလုပ်က ထွက်ပြီး ဘာလုပ်ကိုင်စားဖို့များ စိတ်ကူးထားလို့လဲကွ.. ဟေ"

ဘသန်းက ခေါင်းကြီးငုံ့ထားလျက်က သက်ပြင်းတစ်ချက် ရှိုက်လိုက်သည်။ ပြီးမှ သူက ခပ်ဆိုင်းဆိုင်း အဖြေပေးလေသည်။

"ဘာကို ဘယ်လို လုပ်ကိုင်စားရမည် ဆိုတာကိုလဲ ကျွန်တော် စဉ်းစားနေတုန်းပါပဲ ဆရာကြီးရယ်"

ဘသန်း၏ အသံသည် မရေရာသေးသော သူ့ဘဝ ရှေ့ရေးအတွက် စိတ်မအေးနိုင်သော အားငယ်မှုများ လွှမ်းနေကြောင်းကို ဦးဖေမောင်တင် ကောင်းကောင်းကြီး သတိပြုလိုက်မိလေသည်။

ထိုအခါ ဦးဖေမောင်တင် ချက်ချင်း သဘောပေါက်လေတော့၏။

သူ့အဖို့ အခြားအလုပ်လည်း မမြင်၊ ဘာလုပ်ကိုင် စားသောက်ရမှန်းလည်း စဉ်းစားမရသေးသော ဘသန်းသည် အကြောင်းတစ်စုံတစ်ရာ ပြဿနာ မရှိဘဲနှင့်ကား သူ့အတွက် စားဝတ်နေရေး ပြေလည်အေးချမ်းနေသော လက်ရှိအလုပ်မှ ဘယ်နည်းနှင့်မျှ ထွက်ချင်လိမ့်မည် မဟုတ်ချေ။

ထိုကဲ့သို့ သူ့အလုပ်မှ ထွက်ချင်လောက်အောင် ခွင့်ပြုရန် လျှောက်လွှာတင်ခဲ့သည်အထိ ဘသန်း ရင်ဆိုင်ခံစားနေရသော ပြဿနာ တစ်စုံတစ်ရာကို၊ ကျောင်းအုပ်ကြီး အနေဖြင့် သိသင့်သိထိုက်သည်ဟု ဦးဖေမောင်တင် ယူဆသည်။

မိဘများသည် သားသမီးတို့ ရင်ဆိုင် ခံစားနေရသော ပြဿနာ အခက်အခဲကို ဝင်ရောက် ဖြေရှင်းနိုင်သကဲ့သို့၊ ကျောင်းအုပ်ကြီး ဦးဖေမောင်တင် အနေဖြင့်လည်း သူ့သားသမီးများပမာ ရှိကြသော ဘသန်းတို့ အမှုထမ်း အရာထမ်းများ၏ အခက်အခဲ ပြဿနာများကို ကူညီ ဖြေရှင်းပေးနိုင်ရမည် မဟုတ်ပါလား။

"ကဲ..ဘသန်း၊ ငါ့ကို ပွင့်ပွင့်လင်းလင်း ပြောစမ်း၊ ဘာမှ ကြောက်လန့်မနေနဲ့"

ဦးဖေမောင်တင်က ဘသန်းကို ပထမ အားပေးလိုက်သည်။ ပြီးမှ ဆက်မေးလိုက်လေသည်။

"အခုလို အလုပ်အကိုင် ရှားပါးကျပ်တည်း နေချိန်မျိုးမှာ မင်းက တခြားမှာလည်း အလုပ်ဝင်စရာ မမြင်ဘဲနဲ့ လက်ရှိအလုပ်က ထွက်ခွင့် တောင်းတာဟာ မင်းမှာ အကြောင်းတစ်ခုတော့ ရှိမှာပေါ့၊ ပြောစမ်း၊ မင်းမှာ ဘာအကြောင်း၊ ဘာအခက်အခဲ တွေ့နေလို့လဲ၊ ငါတတ်နိုင်တာ ဆိုရင် အကူအညီပေးမယ်"

ဦးဖေမောင်တင်က ထိုမျှ နှစ်သိမ့်အားပေးကာ အာမခံချက်များ အပြည့်အဝ ပေးထားသည့်တိုင်၊ ဘသန်းသည် ဖွင့်ပြောရမှာ ကြောက်နေသကဲ့သို့ ဘာမျှ ပြန်မဖြေသေးဘဲ သက်ပြင်းကိုသာ အခါခါ ချနေသည်။ ထိုအခါ ဦးဖေမောင်တင်ကလည်း စိတ်ရှည်ရှည်ဖြင့် ငြိမ်၍ စောင့်နေလိုက်သည်။

## လက်သီးတစ်ချက် သွားတစ်ချောင်းထွက်

ဦးဖေမောင်တင်ကို မော့်ကြည့်သော ဘသန်း၏ မျက်လုံးများသည် တစ်စုံတစ်ခုကို ကြောက်ရွံ့ စိုးရိမ်နေကြောင်း ဖော်ပြနေကြသည်။

သို့ရာတွင် ဦးဖေမောင်တင်၏ မျက်နှာကိုမြင်သောအခါ ဘသန်း၏ မျက်လုံးများသည် အားထားယုံကြည်မှုသို့ ပြောင်းလဲ သွားလေသည်။

"ကျွန်တော် ဆရာပီးကော့ကို ကြောက်လို့ပါ ဆရာကြီး"

"ဟော.. ပီကော့ကို ဘာအတွက် ကြောက်ရတာလဲ"

"ဆရာပီးကော့က ကျွန်တော့်ကို လက်သီးနဲ့ ထိုးတာ၊ ကျွန်တော့် သွားတစ်ချောင်း ကျိုးသွားခဲ့ပါတယ် ဆရာကြီး"

"ဘယ်တုန်းကလဲ"

"လွန်ခဲ့တဲ့ အပတ်ထဲတုန်းကပါ ဆရာကြီး၊ သူခိုင်းထားတာကို ကျွန်တော် မှားလုပ်မိလို့ပါ၊ ဒါကြောင့် သူရှိတဲ့နေရာမှာ ကျွန်တော်ဆက်ပြီး မလုပ်ရဲတော့လို့ အလုပ်ထွက်စာ တင်လိုက်တာပါ ဆရာကြီး"

ဘသန်း သူ့အလုပ်မှ ထွက်စာတင်ခဲ့ခြင်း အကြောင်းရင်းကို ယခုမှ ဦးဖေမောင်တင် သိလေတော့သည်။

ဘသန်းကို လက်သီးနှင့် ထိုးခဲ့သော ပီးကော့သည် ရန်ကုန်တက္ကသိုလ် ဓါတုဗေဒ ဌာနမှ မျက်နှာဖြူ ဘိလပ်သား ပါမောက္ခ တစ်ဦးဖြစ်သည်။

ပါမောက္ခပီးကော့သည် တပည့်ကျောင်းသားများကို စာအသင်အပြ တော်သူ တစ်ယောက် ဖြစ်လေသည်။

သို့ရာတွင် သူသည် အလွန်စိတ်တိုသူ တစ်ယောက် ဖြစ်လေသည်။ သူသည် စိတ်တိုတိုနှင့် ကျောင်းသူ၊ ကျောင်းသားနှင့် သူ့ လက်အောက် အမှုထမ်းများကို အမြဲတမ်း ဆူပူကြိမ်းမောင်းဆဲဆို တတ်လေ့ ရှိလေသည်။

ယခု သူသည် ဆူပူဆဲဆိုရုံမျှမကဘဲ လက်တွေ့ဓါတ်ခွဲခန်း အမှုထမ်း လက်ဘွိုင်းကို စိတ်တိုတိုနှင့် ထိုးကြိတ်ခဲ့ခြင်းပင် ဖြစ်ပေမည်။

ပါမောက္ခပီးကော့ သူ့စရိုက်နှင့် သူစိတ်တိုတတ်ခြင်းကို ဦးဖေမောင်တင် ဘာမျှ မပြောလိုချေ။

သို့ရာတွင် လက်အောက်ငယ်သား တစ်ယောက် သွေးထွက်သံယို သွားကျိုးလောက်အောင် အနိုင်အထက် ထိုးကြိတ် ရိုက်နက်ခဲ့ခြင်းသည်ကား ပါမောက္ခပီးကော့ တရားလွန်လွန်းလှလေသည်။

သူ့လက်အောက်မှ ပါမောက္ခ တစ်ယောက်က အလုပ်သမား တစ်ယောက်အပေါ် မတရား အနိုင်အထက်ပြုချက်နှင့် ပတ်သက်၍ကား တက္ကသိုလ် ကျောင်းအုပ်ကြီးက ဘာမှ မပြောဘဲ လက်ပိုက်ကြည့် မနေနိုင်ချေ။

သူသည် ကျောသားရင်သား မခွဲခြား၊ မျက်နှာကြီးငယ် မလိုက်တမ်း၊ မတရားခံရသူ ဘက်မှ ရပ်တည်ကာ မတရားပြုသူအား အရေးယူပေးရမည် ဖြစ်လေသည်။

ဘသန်း၏ မျက်နှာသည် ပီးကော့၏ လက်သီးချက်ဖြင့် ဖူးယောင်ဆဲ ရှိနေသေးကြောင်းကို ဦးဖေမောင်တင် သတိထားလိုက်မိသည်။

ဘသန်း၌ အပြစ်ရှိလျှင် ဥပဒေစည်းမျဉ်းအတိုင်း အရေးယူ အပြစ် ပေးရန်သာ ဖြစ်သည်။

ပါမောက္ခပီးကော့ အနေဖြင့် သူ့သဘောအတိုင်း ဘသန်းကို ကိုယ်ထိလက်ရောက် ထိုးကြိတ်ဆုံးမခြင်း ပြုခွင့် မရှိချေ။

ယခုမူ ဘသန်း၏ အပြစ်က ပိုမို ကြီးထွားသွားလေပြီ။

သည်အတွက် သက်ဆိုင်ရာ စည်းကမ်းဥပဒေအတိုင်း ပါမောက္ခ ပီးကော့ကို တက္ကသိုလ် ကျောင်းအုပ်ဆရာကြီး ဦးဖေမောင်တင်က အရေးယူ ရတော့မည် ဖြစ်သည်။

"ခက်ပါဘိတော့ ဘသန်းရာ၊ ပီးကော့က လက်သီးနဲ့ ထိုးတာနဲ့ပဲ ကိုယ့်ထမင်းကျွေးတဲ့ အလုပ်က ထွက်ချင်ရသလားကွ"

"ကျွန်တော် ထပ်ပြီး အထိုးခံရမှာ ကြောက်လို့ပါ ဆရာကြီး"

ဦးဖေမောင်တင်၏ အားပေးနှစ်သိမ့်ချက်ကို ဘသန်းက ကြောက်ရွံ့ စိုးရိမ်သံဖြင့် မဝံ့မရဲ တုံ့ပြန်လိုက်လေသည်။

ဗမာအရာရှိ အတော်များများပင်လျှင် သူတို့အထက် မျက်နှာဖြူ အရာရှိကြီးများကို ဆိုပါက တုန်အောင် ကြောက်နေရသေးချိန်မျိုး၌ ဘသန်းကဲ့သို့ ဓါတ်ခွဲခန်း အလုပ်သမားကလေး တစ်ယောက်က သူ့အထက် ပါမောက္ခဆရာကြီး ပီးကော့ကို ကြောက်လွန်း၍ ထွက်ပြေးလိုခြင်းမှာ အပြစ်မဆိုသာချေ။

သည်အတွက် ကျောင်းအုပ်ဆရာကြီး ဦးဖေမောင်တင်က ဘသန်းကို ရဲဆေး တင်လျက် အာမခံချက်ပေးလိုက်လေသည်။

"စိတ်ချ.. ပီးကော့ မင်းကို ထပ်ပြီး မထိုးမကြိတ်စေရဘူး၊ ရော့၊ မင်းအလုပ်ထွက်ခွင့် လျှောက်လွှာကို ပြန်ယူသွား"

ဦးဖေမောင်တင်က ဘသန်းကို သူ့လျှောက်လွှာ ပြန်ပေးလိုက်သည်။

ပြီးမှ ဦးဖေမောင်တင်က သူ့စားပွဲပေါ်မှ စာရွက် အလွတ်တစ်ရွက်ကို ကောက်ယူ၍ ဘသန်းထံ ကမ်းပေးလိုက်ပြန်သည်။

"ကဲ..ရော့၊ ဟောဒီစာရွက်မှာ မင်းကို ပီးကော့က ထိုးလို့ သွားတစ်ချောင်း ကျိုးတဲ့အကြောင်း တိုင်စာ ရေးလိုက်စမ်း"

ဦးဖေမောင်တင်၏ အားပေးမှုနှင့် လက်တွေ့ ဆောင်ရွက်ပေးချက် အတွက် အားတက်သွားဟန်တူသော ဘသန်းလည်း ချက်ချင်းပင် တိုင်ကြားစာ ကောက်ရေးလိုက်လေသည်။

ထိုအချိန်မှာပင် ကျောင်းအုပ်ဆရာကြီး ရုံးခန်းသို့ ပါမောက္ခပီးကော့ ရောက်လာခဲ့သည်။

●

## တက္ကသိုလ်ထဲက အင်္ဂလိပ်-မြန်မာတိုက်ပွဲ

သူသည် ကျောင်းအုပ်ကြီး ဦးဖေမောင်တင်ရှေ့၌ တိုင်ကြားစာ ထိုင်ရေးနေသော ဘသန်းကို ဘာမပြော ညာမပြောနှင့် ဆွဲထိုးရန် ပြုလိုက်လေသည်။

သို့ရာတွင် ဘသန်းက အရှောင်မြန်လိုက်သဖြင့် ပီးကော့၏ လက်သီး ချက်မှ လွတ်သွားသည်။

ထိုအခါ ဒေါသပိုဖြစ်သွားပုံ ရှိသော ပါမောက္ခပီးကော့က နေရာမှ ထပြေးသော ဘသန်းကို လိုက်၍ ထိုးပြန်လေသည်။

သည်အတွက် သူ့စာပွဲ၌ ထိုင်နေရာမှ ကျောင်းအုပ်ကြီး ဦးဖေမောင်တင် က ပါမောက္ခပီးကော့ကို ဟန့်တားပြောဆိုလိုက်ရသည်။

"ဟေး.. ပီးကော့၊ မင်း ဒါဘာလုပ်တာလဲကွ"

ပါမောက္ခ၏ ဒေါသသည် ဘသန်းထံမှ ဦးဖေမောင်တင် အပေါ်သို့ ပြောင်းလာခဲ့သည်။

ပါမောက္ခ ပီးကော့သည် မျက်နှာရဲရဲ ရှုံးရှုံးရွှဲရွှဲဖြင့် တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်ဘက်သို့ လှည့်လာလိုက်သည်။

ပြီးလျှင် သူသည် တည်ငြိမ်စွာ ထိုင်နေသော တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်ရှေ့ရှိ အလုပ်စားပွဲပေါ်သို့ ဖိနပ်စီးထားသော သူ့ခြေထောက် တစ်ဘက်ကို တင်လိုက်ပြီးနောက် ပီးကော့ ဒေါသတကြီး ရန်ထောင်လိုက်လေတော့သည်။

"ပြောစမ်းပါဦး၊ ခင်ဗျားက ခင်ဗျားကိုယ် ခင်ဗျား ကျောင်းအုပ်ကြီးဆိုပြီး ဒီကိစ္စမှာ ဝင်စွက်တယ်ပေါ့ ဟုတ်လား၊ ခင်ဗျားဟာ ကျောင်းအုပ်ကြီးပေမယ့် ပါမောက္ခဖြစ်တဲ့ ကျုပ်က ကျုပ်တပည့် ကျုပ်လက်အောက်က အလုပ်သမားကို ဆုံးမသင့်လို့ ဆုံးမတဲ့ ကိစ္စမှာ ဘာမှ ဝင်မစွက်စရာ မရှိဘူး၊ နားလည်လား"

ပါမောက္ခပီးကော့၏ ရိုင်းစိုင်းသော အပြုအမူနှင့် ပြောစကားများက ကျောင်းအုပ်ဆရာကြီး ဦးဖေမောင်တင်၏ ဒေါသများကို နှိုးဆွပေးလိုက်သည်။

သို့သော်လည်း လူလိမ္မာအမျက် အပြင်မထွက်စေနဲ့ဆိုသော ဆုံးမစကားအတိုင်း သူ့ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးစလုံးကို ပညာ သတိဖြင့် အစဉ်ချုပ်ချယ်ထားသော ဦးဖေမောင်တင်က သူ့ကို စော်ကားမော်ကား လုပ်နေသော ပါမောက္ခ ပီးကော့အား တည်ငြိမ်အိန္ဒြေရစွာ ပြန်လည် ပြောကြားလိုက်နိုင်လေသည်။

"ပီးကော့... မင်း တရားလွန်လွန်းနေပြီဆိုတာ သတိထားမိရဲ့လားဟင်၊ မင်းဟာ အမှားတစ်ခုကို ကျူးလွန်ခဲ့ပြီးတဲ့နောက်၊ အမှားကို ပြန်ပြင်ဖို့ မဆင်ခြင်ဘဲ နောက်ထပ်အမှားကို ထပ်ပြီး ကျူးလွန်ဖို့သာ ကြိုးစားနေတယ်။

"ဒါအပြင် မင်းမှာ ရှိသေလေးစားမှုနဲ့ ယဉ်ကျေးသိမ်မွေ့မှုဆိုတာတွေလည်း ကင်းဝေးနေတယ်ဆိုတာကော မင်း သတိထားမိရဲ့လားဟင်၊ ပြောစမ်း"

"အို... ကျုပ်ဟာကျုပ် မှားမှားမှန်မှန် ခင်ဗျားအပူ မဟုတ်ပါဘူး"

ပါမောက္ခပီးကော့သည် ကျောင်းအုပ်ကြီး ဦးဖေမောင်တင်၏ သတိပေးချက်ကို ဆင်ခြင်ပြုပြင်ရန်ဝေး၍ ပို၍ပင် မောက်မောက်မာမာ ပြောဆိုလာခဲ့သေးသည်။

"ပြီးတော့ ခင်ဗျားလို ဗမာ ကျောင်းအုပ်ကြီး တစ်ယောက်ကို ကျုပ်လို ဗိလပ်သား မျက်နှာဖြူ ပါမောက္ခတစ်ယောက်က ဘာမှ ရှိသေလေးစားစရာနဲ့ ယဉ်ကျေးသိမ်မွေ့စရာလည်း မလိုပါဘူး"

"အေး..ကောင်းပြီ ပီးကော့။ မင်းက လူမိုက်ဆန်ဆန် ဘသန်းကို ထိုးကျိတ်ဆုံးမခဲ့သလိုတော့ မင်းကို ငါ က မဆုံးမပါဘူး"

ကျောင်းအုပ်ကြီး ဦးဖေမောင်တင်က ပါမောက္ခပီးကော့ကို အိန္ဒြေရရ ပြန်ပြောလိုက်လေသည်။

"ဘာဖြစ်လို့လဲ ဆိုတော့ ငါက မင်းလို လူမိုက်မဆန်လို့ပဲကွ၊ အဲ.. ဒါပေမဲ့ ငါဟာ လူလိမ္မာပညာရှိ ပီပီတော့၊ မင်းလို လူမိုက်ရိုင်းရမ်းကားတဲ့ ဘိလပ်သား ပါမောက္ခ တစ်ယောက်ကို ထိုက်ထိုက်တန်တန်တော့ ဆုံးမပြုပြင်ပေးရအုံးမှာပေ့ါကွာ--- ကြားလား"

အရှုံးပမာ သူတစ်ယောက်တည်း ရှုံးရှုံးရားရား ဒေါသဖြစ်နေရသော ပါမောက္ခ ပီးကော့သည် အချက်ကျကျ၊ အိန္ဒြေရရ ပြောလိုက်သော

ဦးဖေမောင်တင်၏ စကားလုံးကို နှုတ်တုံ့ မလှန်နိုင်တော့၍ ထင်သည်။ ဘာမျှ ပြန်ပြော မနေတော့ဘဲ ခြေဆောင့်ကာ ကျောင်းအုပ်ကြီး ရုံးခန်းထဲမှ ထွက်ခွာသွားလေသည်။

သူ့ရုံးခန်း၌ ကျန်ခဲ့သော တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်သည် ပါမောက္ခပီးကော့နှင့် ပတ်သက် ဖြစ်ပျက်ခဲ့သမျှများကို ချက်ချင်း တိုင်ကြားစာ ရေးလိုက်သည်။ ထို့နောက် သူ့တိုင်စာကို ဦးဖေမောင်တင်က တက္ကသိုလ်ကောင်စီ ဒုတိယ အဓိပတိမှာ မြန်မာပြည် ဘုရင်ခံ ဆာ အာချီဘောလ်ကော့ကရိန်း ဖြစ်လေသည်။

ကောင်စီအဖွဲ့ဝင် များအနေဖြင့် မြန်မာအမျိုးသားထဲမှ အမရပူရ ဦးဘသီး၊ ဦးဘဖေ၊ ဦးသိန်းမောင် အစရှိသူတို့ ပါဝင်ကြလေသည်။

ကျောင်းအုပ်ကြီး ဦးဖေမောင်တင်၏ တိုင်ကြားစာကို တက္ကသိုလ် ကောင်စီက ဆောလျင်လေးနက်စွာ အရေးယူ ဆောင်ရွက်ပေးလေသည်။

●

## မြန်မာနိုင်၊ အင်္ဂလိပ်ရှုံး

ထို့နောက် တက္ကသိုလ်ကောင်စီ အဓိပတိ ဘုရင်ခံ ကော့ကရိန်း အမိန့်ဖြင့် ပါမောက္ခပီးကော့ အမှုကို တက္ကသိုလ်ကောင်စီက စီရင်ချက် ချမှတ်လိုက်လေသည်။

တက္ကသိုလ်ကောင်စီ၏ စီရင်ချက်ကား---

မိမိအထက်က ကျောင်းအုပ်ကြီးအား ပမာမခန့် မရှိမသေ ရိုင်းပြစော်ကားစွာ ကျူးလွန်ခဲ့သော ပြစ်မှုအတွက် ပါမောက္ခ ပီးကော့အား အလုပ် တာဝန်မှ ထုတ်ပယ်ပစ်ရန်သာ ရှိလေသည်။

ထို့ကြောင့် ပါမောက္ခပီးကော့အား အလုပ်မှ ထုတ်ပစ်စေ။

ဟု ဘုရင်ခံ ဆာအာချီဘောလ်ကော့ကရိန်း၏ လက်မှတ်ဖြင့် မောက်မာ ရိုင်းစိုင်းသော ပါမောက္ခပီးကော့အား ရန်ကုန်တက္ကသိုလ်ပါမောက္ခ အဖြစ်မှ ထုတ်ပစ် လိုက်လေတော့သည်။

ဓါတ်ခွဲခန်း အလုပ်သမားကလေး ဘသန်းကို ထိုးကြိတ်ခဲ့မှုမှ အစပြုကာ တက္ကသိုလ် ကျောင်းအုပ်ကြီးနှင့် ပြဿနာ ဆက်ဖြစ်သော ပြစ်ချက်ဖြင့် နောက်ဆုံး၌ ကောင်စီက ထုတ်ပစ်ခံရသူ မျက်နှာဖြူ ပါမောက္ခ ပီးကော့ အရေးသည် မျက်နှာဖြူ အာဏာပိုင်များကြား၌ ဂယက် လှုပ်ရှားသွားလေသည်။

"လက်ဘွိုင်း ကလေးတစ်ယောက်ကို ထိုးမိတာနဲ့ အခုလို အလုပ်ကတောင် ထုတ်ပစ်တဲ့ အထိ ပြင်းပြင်းထန်ထန် အရေးယူတာကတော့ လွန်လွန်းတာပေါ့" ဟု ဝေဖန်သူများက ဝေဖန်ကြ၍....

"မဟုတ်ဘူး... အခု ဗီးကော့ကို အလုပ်ဖြုတ်ပစ်တာ ဘသန်းကို ထိုးလို့ မဟုတ်ဘူး၊ ဘသန်းကို ထိုးမှုလောက်များတော့ ဘုရင်ခံက သူ့ခေါင်းထဲတောင် ထည့်စဉ်းစားမယ် မထင်ပါဘူး"

ဟု သူတို့ အချင်းချင်း ပြန်၍ ဖြေရှင်းသူများက ဖြေရှင်းပေးကြလေသည်။

"အခုဟာက သူ့အထက်က ကျောင်းအုပ်ကြီးကို မရိုမသေ စော်ကားမော်ကား လုပ်တဲ့ အတွက်သာ၊ ရေတပ်ဗိုလ်ချုပ်ဟောင်း ဘုရင်ခံ ကော့ကရိန်းက ဗီးကော့ကို အလုပ်က ထုတ်ပစ်လိုက်တာပါ။ ဘုရင်ခံ လက်မှတ်နဲ့ စီရင်ချက် အမိန့်စာမှာလည်း ဒီအတိုင်း ရေးထားသားပဲ"

သူတို့ ပြောသည်မှာ မှန်လေသည်။

ပါမောက္ခဗီးကော့ အလုပ်ပြုတ်ခြင်းမှာ ဓါတ်ခွဲခန်း အမှုထမ်းကလေး ဘသန်းကြောင့် မဟုတ်ပဲ၊ တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်ကို ကလန်ကဆန် ပြုမှု ကြောင့်သာ ဖြစ်လေသည်။

ဘုရင်ခံ ကော့ကရိန်းသည် မြန်မာအမျိုးသား ကျောင်းအုပ်ကြီး ဦးဖေမောင်တင် အပေါ်၌ စေတနာထားကောင်းမှ ထားမည် ဖြစ်သော်လည်း သူတို့ ချမှတ်ထားသော ဥပဒေစည်းကမ်းကို ဖေါက်ဖျက်ကျူးလွန်ကာ အထက် လူကြီးကို စော်ကားသည့် အချက်အား လက်သင့် မခံနိုင်ခြင်းဖြင့် သူတို့

မျက်နာဖြူချင်း ပီးကော့အပေါ်သို့ တိတိကျကျ ပြင်းပြင်းထန်ထန် အရေးယူပြလိုက်ခြင်းပင် ဖြစ်လေသည်။

ထိုကဲ့သို့ ဘုရင်ခံက မထောက်မညှာ အပြစ်ပေးလိုက်သော်လည်း ပညာရေးပိုင်းမှ မျက်နာဖြူထိပ်သီးများ ခမျာ သူတို့ မျက်နာဖြူချင်းဖြစ်သော မိတ်ဆွေကြီး ပါမောက္ခပီးကော့အတွက် လက်ပိုက်ကြည့် မနေနိုင်ကြချေ။

သူ့ဘဝမှာ နာမည်ပျက် အမည်းစက်ကြီးထင်ကာ တစ်သက်တာ တစ်လျှောက်လုံး အခွင့်အရေးများ ဆုံးရှုံးရတော့မည် ဖြစ်သော ပါမောက္ခ ပီးကော့အတွက် သူ့မျက်နာဖြူ အသိုင်းအဝိုင်းမှ မိတ်ဆွေများ ပျာယာခတ်မျှ လှုပ်ရှား အလုပ်များသွားကြလေသည်။

မြန်မာအမျိုးသား ကျောင်းအုပ်ကြီးနှင့် ပတ်သက်၍ မျက်နာဖြူ ပါမောက္ခပီးကော့ အလုပ်ပြုတ်ရခြင်းသည် သူတို့ မျက်နာဖြူ အရာရှိများ အတွက်လည်း သိက္ခာကျ၍ သွယ်ဝိုက်ထိခိုက်စေသည် မဟုတ်ပါလား။

သူတို့မျက်နာဖြူ အသိုင်းအဝိုင်း ပညာရေး ပိုင်းမှ ထက်မြက် ပေါက်ရောက်ကြသော ပညာမင်းကြီး ဘော်လ်ဒွင်နှင့် တက္ကသိုလ် မော်ကွန်းထိန်းမှူး အေကင်းဘဲလ်တို့ ဦးဆောင်၍ မျက်နာဖြူ ထိပ်သီးအရာရှိကြီး တစ်စုသည် ပါမောက္ခပီးကော့အတွက် ဘုရင်ခံ ထံသို့ ကြိုးစား ချဉ်းကပ်လိုက်ကြလေသည်။

သို့ရာတွင် ဘုရင်ခံက ထွက်ပြီးသား ဆင်စွယ်ပြန်ဝင်သည် မရှိဆိုသော ထုံးကို နှလုံးမူ၍ သူ့အမိန့်ကို ဆက်တည်စေလေသည်။

သူတို့သည် နည်းမျိုးစုံသုံးကာ ဆက်၍ ကြိုးစားကြည့်ကြပြန်သေးသည်။ သို့သော်လည်း ဘုရင်ခံက မလှုပ်ချေ။

ထို့ကြောင့် နောက်ဆုံး၌ သူတို့သည် သူတို့ မသုံးချင်သော နောက်ဆုံး တစ်နည်းကို မတတ်သာဘဲ အသုံးပြုရန် ဆုံးဖြတ်၍ ထပ်မံ ကြိုးစား လိုက်ရပြန်လေတော့သည်။

ထိုနောက်ဆုံး တစ်နည်းကား မျက်နှာဖြူ ပါမောက္ခ ပီးကော့က မြန်မာအမျိုးသား တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်ကို တောင်းပန် ဝန်ချရန် ဖြစ်လေသည်။

ထိုအခါ စကတည်းက လျှော့ပေါ့ခြင်းစား၍ မရအောင် ပြစ်ချက် ကျူးလွန်မှုက ထင်ရှားမှန်ကန် လွန်းနေခဲ့သဖြင့်သာ မညှာမတာ စီရင်ချက် ချထားခဲ့ရပဟန်တူသော ဘုရင်ခံက သူတို့ မျက်နှာဖြူအရာရှိကြီး တစ်စု၏ ချဉ်းကပ် တောင်းဆို လာပြန်သော နောက်ဆုံး ကြိုးစားချက်ကိုကား လက်ခံလိုက် တော့သည်။

သည်အတွက် မောက်မာ ရိုင်းပြခဲ့သော မျက်နှာဖြူ ပါမောက္ခပီးကော့ သည် သူ့တစ်သက် အမည်းစက် နာမည်ပျက်ကြီးကို ရွက်ကာ ဘဝမှ အခွင့်အရေးများ မဆုံးရှုံးမနစ်နာစေရန် မာန်ကိုလျှော့၍ မြန်မာအမျိုးသား တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်ထံ ဝန်ချတောင်းပန် လိုက်ရ လေတော့သည်။

ထိုအခါ ရန်သူကိုပင် ဝန်ချတောင်းပန်လာပါက လက်ခံကျေအေးရမည် ဆိုသော စကားအတိုင်း တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်ကလည်း မလိမ္မာ တစ်ခါမိုက်မှားခဲ့သူ ပါမောက္ခပီးကော့ အပေါ်၌ ခွင့်လွှတ် ကျေအေး လိုက်လေတော့သည်။

သူ့ဘဝမှာ မှတ်မှတ်သားသား နောင်ကြဉ်သွားလောက်ပြီ ဖြစ်သော ပါမောက္ခ ပီးကော့ အပေါ်၌ ခွင့်လွှတ် ကျေအေးလိုက်လေတော့သည်။

သူ့ဘဝမှာ မှတ်မှတ်သားသား နောင်ကြဉ်သွားလောက်ပြီ ဖြစ်သော ပါမောက္ခပီးကော့ အပေါ်၌ ခွင့်လွှတ်ခြင်းဖြင့် အနိုင်ယူလိုက်ခြင်းသည် ဦးဖေမောင်တင် အတွက် ပို၍ မြတ်သည် မဟုတ်ပါလား။

ထိုကဲ့သို့ တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်က ခွင့်လွှတ် ကျေအေးလိုက်မှုကြောင့် ဘုရင်ခံကလည်း ပါမောက္ခ ပီးကော့ အပေါ် ပြင်းပြင်း ထန်ထန် ချမှတ်ထားခဲ့သော အမိန့်ကို သက်ညှာစွာဖြင့် ပြန်လည်ပြင်ဆင် ပေးလိုက်လေသည်။

တက္ကသိုလ်ကောင်စီ အဓိပတိဘုရင်ခံ ဆာ အာချီဘောလ် ကော့ကရိန်း က ပြန်လည်ပြင်ဆင်ပေးလိုက်သော အမိန့်စီရင်ချက်အသစ်ကား..

"ပါမောက္ခ ပီးကော့သည် ပျမ်းမျှခြင်း လစာဖြင့် အငြိမ်းစား ယူပြီး နောက်၊ မြန်မာပြန်မှ အမြန်ဆုံး ထွက်သွားရမည်" ဟူသတည်း။

သူတထူးကို ဆုံးမပဲ့ပြင်ပေးရာ၌ လူမိုက်ဆန်ဆန် ပြုမူခြင်းထက်၊ ပညာရှိပီပီ ပညာပေးဆုံးမ သွန်သင်ခြင်းက ပိုမို ထိရောက်၍ နောင်ကြဉ် ကြောင်းကို တက္ကသိုလ် ကျောင်းအုပ်ကြီး ဦးဖေမောင်တင်က မျက်နှာဖြူ မာနခဲ ပါမောက္ခပီးကော့အား လက်တွေ့ ပြသကာ သင်ခန်းစာ ပေးလိုက်နိုင်လေသည်။

ထို့အပြင် သူတို့ အင်္ဂလိပ်များ လက်အောက်၌ ပြားပြားမှောက် လာခဲ့ရသော၊ သူ့ မြန်မာတစ်မျိုးသားလုံး အတွက်လည်း တက္ကသိုလ် ကျောင်းအုပ်ကြီး ဦးဖေမောင်တင်က အင်္ဂလိပ်လူမျိုး ပါမောက္ခပီးကော့အား

အလုပ်မှ ထွက်စေရုံမကဘဲ မြန်မာပြည်ထဲမှာပင် မောင်းထုတ်နှင် ပစ်လိုက်စေခြင်းဖြင့် ရာဇဝင်ကြွေး ပေးဆပ် လိုက်နိုင်ပြီ ဖြစ်လေသည်။

●

**ကြုံရဆုံရသူ့ဘဝ**

၁၉၃၉ ခုနှစ်၊ စက်တင်ဘာလ တစ်ရက်နေ့၌ ဂျာမနီ ပြည်မှ အာဏာရှင် ဟစ်တလာက၊ ပိုလန်ပြည်ရှိ မြို့(၇) မြို့ကို ဗုံးကြဲ တိုက်ခိုက်လိုက်ကြောင်း သတင်းသည် မြန်မာပြည်သို့ ရုတ်ချည်း ရောက်လာခဲ့သည်။

ထိုကဲ့သို့ ပိုလန်ပြည်ကို ရန်စကျူးကျော်ခဲ့သော ဂျာမနီ ပြည်အား အင်္ဂလန်ပြည် နန်းရင်းဝန်ချုပ်ကြီး ချိန်ဘာလိန်က စက်တင်ဘာလ ၃ ရက်နေ့၌ အတိအလင်း စစ်ကြေငြာလိုက်ကြောင်း သတင်းတစ်ရပ်ကလည်း ဆက်လက် ထွက်ပေါ်လာခဲ့ပြန်သည်။

အင်္ဂလန်ပြည် နန်းရင်ဝန်ချုပ် ချိန်ဘာလိန်ကို ထောက်ခံ၍ ပြင်သစ်ပြည် နန်းရင်းဝန်ကြီး ဒလားဒီးယားကလည်း ဂျာမနီ၏ ကျူးကျော်စော်ကားချက်ကို သူတို့ ပြန်သစ်အနေဖြင့်လည်း လက်ပိုက်၍ ကြည့်မနေနိုင်ကြောင်း၊ ပြင်းပြင်းထန်ထန် တိုက်ခိုက် ချေမှုန်းပစ်ရမည် ဖြစ်ကြောင်း မာမာတင်းတင်း ဖော်ထုတ်ကြေညာခြင်း ပြုလိုက်ပြန်တော့သည်။

ဤကဲ့သို့ ဟစ်တလာ၏ ရန်စကျူးကျော်ချက်နှင့် ချိန်ဘာလိန်နှင့် ဒလားဒီယားတို့၏ ကြေငြာချက်များသည်ကား တစ်ကမ္ဘာလုံးကို တုန်လှုပ်

ချောက်ချားသွားအောင် ဆော်ဩလိုက်သော ကမ္ဘာ့စစ်ပွဲ ဖိတ်ခေါ်သံကြီးများပင် ဖြစ်ကြလေသည်။

ထိုအခါ မြန်မာပြည်သူပြည်သားများသည် ကမ္ဘာ့အရှေ့ခြမ်း အာရှ တိုက်မှ ၁၉၃၇ ခုနှစ်ကတည်းက ထပ်မံ ဖြစ်ပွားနေခဲ့ပြန်သော အိမ်နီးချင်းနိုင်ငံ တရုတ်-ဂျပန်စစ်ပွဲထက် ကမ္ဘာ့အနောက်ခြမ်း ဥရောပ တိုက်မှ အင်္ဂလိပ်-ဂျာမနီစစ်ပွဲကို ပို၍ သတိထားစိတ်ဝင်စားသွားမိကြလေသည်။

သူတို့ အဖို့ စိတ်မဝင်စား၍ မဖြစ်အောင်လည်း အနောက် ဥရောပ တိုက်မှ အင်္ဂလိပ်၊ ပြင်သစ် နှင့် ပိုလန်တို့ သုံးဦးက အချင်းချင်း မဟာမိတ် ပြုကာ ဂျာမနီနှင့် အီတလီတို့ကို တိုက်ခိုက်လိုက်သောစစ်ပွဲသည် အရှေ့အာရှတိုက်မှ တရုတ်-ဂျပန်စစ်ပွဲထက် အားကောင်း၍ အရှိန်ပိုပြင်း သည် မဟုတ်ပါလား။

ထိုအပြင် အနီဥရောပမှ အရှိန်ပြင်းစွာ အားပြိုင်လိုက်သော စစ်ပွဲကြီးသည် အင်္ဂလိပ်လက်အောက်ခံ ကိုလိုနီနိုင်ငံ အဖြစ်၌ ရှိသော မြန်မာပြည် ကလေးသို့လည်း ဂယက်ရိုက် ကူးစက်လာနိုင်သေးသည် မဟုတ်ပါလား။ မြန်မာပြည်သူ၊ ပြည်သားအများစုသည် သူတို့ထံ ကူးစက်လာမည့် စစ်မက် အရေးကို စိတ်မအေးစွာ တွေးပူနေမိကြသော်လည်း မျိုးချစ်သခင်ခေါင်ဆောင်များ အတွက်မူ အကွက်ဝင် သွားခဲ့လေသည်။ သူတို့သည်

"အင်္ဂလိပ်အခက် -- ဗမာ အချက်"

ဟူသော ဆောင်ပုဒ်ကို ကြွေးကြော်လိုက်ကြသည်။ ပြီးလျှင် သူတို့သည် နိုင်ငံရေး အသင်းအပင်း ခေါင်းဆောင်ချင်း ပေါင်းစည်းစုရုံးကာ မြန်မာပြည် လွတ်လပ်ရေးအတွက် "ဗမာ့ထွက်ရပ်ဂိုဏ်း" တစ်ခုကို ဖွဲ့စည်းလိုက်ကြောင်း သတင်းအား ဦးဖေမောင်တင် ကြားလိုက်မိလေသည်။

အဆိုပါ သတင်းကို အင်္ဂလိပ်အာဏာပိုင် များလည်း ကြားသိဟန် တူသည်။

"စစ်နိုင်ရေးအတွက် ကူညီကြပါ၊ စစ်ပြီးလျှင် လက်အောက်ခံနိုင်ငံများ အရေးကို စဉ်းစားမည်"

ဆိုသော သူတို့၏ ကြေငြာတောင်းဆိုချက်အား လက်မခံ၊ မကူညီသည့်အပြင် ဆန့်ကျင်တိုက်ခိုက်ကြသော မျိုးချစ်သခင် ခေါင်းဆောင်များနှင့် နိုင်ငံရေးသမားများကို အင်္ဂလိပ်အစိုးရက ဖမ်းဆီးနှိပ်ကွပ်ခြင်း၊ ရုံးတင်တရား စွဲကာ ထောင်ချခြင်းများ ပြုလုပ်လိုက်လေသည်။

အင်္ဂလိပ်အစိုးရက ထောင်ချပစ်သော နိုင်ငံရေးခေါင်းဆောင်များနှင့်အတူ နန်းရင်းဝန်ဟောင်း ဒေါက်တာ ဘမော်သည်လည်း ပါဝင်လေသည်။

သခင်အောင်ဆန်းမှာမူ အရှောင်အတိမ်း ကောင်းနေသောကြောင့် ဖမ်းဝရမ်းကိုသာ ထုတ်ထားနိုင်ကြောင်း ကြားသိရလေသည်။

ထိုကဲ့သို့ အပြင်ဘက်နိုင်ငံရေးလောက၌ အင်္ဂလိပ်အာဏာပိုင်များနှင့် မျိုးချစ်သခင် ခေါင်းဆောင်များ ခြေရှုပ်ကာ ပြဿနာများနေကြစဉ် အတော်အတန် ငြိမ်သက်သွားခဲ့သော တက္ကသိုလ်နယ်မြေကလည်း ရုတ်တရက် လှုပ်လှုပ်ရှားရှား ပြန်ဖြစ်လာခဲ့လေသည်။

ကျောင်းသား ခေါင်းဆောင်များသည် ကျောင်းသားလွှတ်တော် ခေါ်ရေးအတွက် လှုပ်လှုပ်ရှားရှား အလုပ်များနေကြလေသည်။

ကျောင်းသား ခေါင်းဆောင်များ ယခုကဲ့သို့ ကျောင်းသားလွှတ်တော် ခေါ်ရခြင်းကား တပြည်လုံး ကျောင်းပေါင်းစုံ သပိတ်များ ပြန်လှန်ခဲ့ခြင်းကို

ကျောင်းသားအချို့က လက်မခံဘဲ ခွဲထွက်ကာ သပိတ် ဆက်မှောက်နေကြဆဲ ရှိသောကြောင့် ဖြစ်လေသည်။

တစ်ချိန်လုံး တက်တွဲပေါင်းစည်းလာခဲ့သော ကျောင်းသားများသည် သပိတ်ပြန်လှန်လိုက် ချိန်ကျကာမှ စိတ်ဓါတ်ပြင်းထန်လွန်းသော ကျောင်းသား ခေါင်းဆောင် အနည်းငယ်နှင့် နောက်လိုက် ကျောင်းသားအချို့တို့ကြောင့် နှစ်ခြမ်းကွဲသံများ ထွက်လာခဲ့လေသည်။

ယခုထိုကဲ့သို့ နှစ်ခြမ်းကွဲရန် အက်သံထွက်လာခြင်းသည် မြန်မာပြည် လွတ်လပ်ရေးအတွက် အဓိကကျသော အခန်းကဏ္ဍမှ စည်းလုံးမှုကြီးမားလှသော ကျောင်းသားထု၏ အင်အားကို ထိပါးပျက်ပြား သွားစေနိုင်လေသည်။ သည်အရေးကို ဝင်ထိန်းပေးရန်အတွက် မြန်မာနိုင်ငံလုံး ဆိုင်ရာ ကျောင်းသားများ သမဂ္ဂက ကျောင်းသားလွှတ်တော်ကို ခေါ်ယူလိုက်ခြင်းပင် ဖြစ်ဟန်တူလေသည်။

ကျောင်းသားများသည် မြို့ထဲ၌ ကျောင်းသားလွှတ်တော်ကို စီစီညံညံ ကျင်းပနေကြသကဲ့သို့ ရန်ကုန်တက္ကသိုလ်နယ်မြေရှိ တက္ကသိုလ်သမဂ္ဂ အသင်းတိုက် ရှေ့၌ ကျောင်းသား အာဇာနည် ဗိုလ်အောင်ကျော် ကြေးရုပ်ဖွင့်ပွဲကို စည်စည်ကားကား ကျင်းပနိုင်ရန်လည်း လှုပ်လှုပ်ရှားရှား ကြိုးစားလုပ်ကိုင်လျက် ရှိကြလေသည်။

ထိုကဲ့သို့ လှုပ်ရှားကြိုးပမ်းနေကြသော ကျောင်းသားအပေါင်းသည် စာမေးပွဲဆိုသည်ကို မေ့ထားပုံရှိလေသည်။ သူတို့ မေ့ထားနိုင်သော်လည်း ကျောင်းသား လောက၌ နိုင်ငံရေး လှုပ်ရှားပြောင်းလဲချက်များ အပေါ် အကွက်မျှော် စောင့်စားကာ စာမေးပွဲများပင် ကျင်းပနိုင်လိမ့်မည်မဟုတ်ဟူသော ကောလာဟာလ သတင်းတစ်ခု ပျံ့သင်းထွက်ပေါ်လျက်ရှိလေသည်။

ထိုအချိန်တွင် ရန်ကုန်တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်သည်ကား ဖြစ်ပျက်ပြောင်းလဲနေသော ကမ္ဘာ့အရေးနှင့် မြန်မာ့အရေးတို့ကို မျှော်တွေးလေ့လာရင်းက သူ့တာဝန်မပျက် စာသင်ခြင်း၊ စာမေးပွဲများအတွက် ကြိုတင်ပြင်ဆင်ခြင်းများ ပြုလုပ်ဆောင်ရွက်လျက် ရှိလေသည်။

ထို့အပြင် သူက သူ့မြန်မာစာပေဌာနကြီး အနေဖြင့် အစဉ် လှုပ်ရှားတက်ကြွစေရေးအတွက် တက္ကသိုလ်မြန်မာစာပေ အသင်းကြီးမှ ဟောပြောပွဲ၊ စာပေပြိုင်ပွဲများကိုလည်း ဝတ်မပျက် တမ်းပြုလုပ်ပေးလေသည်။

သည်လိုနှင့် ၁၉၄၀ ပြည့်နှစ်သို့ ကူးသွားခဲ့သည်။

၁၉၄၀ခုနှစ်အတွက် စာပေဆောင်းပါးပြိုင်ပွဲ ဆုရသူများကို ဖေဖော်ဝါရီလ (၂) ရက်နေ့တွင် တက္ကသိုလ် မြန်မာစာပေဌာနက ကြီးမှူး၍ ဆုပေးပွဲ ကျင်းပလိုက်သည်။

ဆုပေးပွဲ၌ သဘာပတိ တက္ကသိုလ် ကျောင်းအုပ်ကြီး ဦးဖေမောင်တင်က မြန်မာစာပေ တိုးတက်မှုကြောင်း ဟောပြောကာ ဆုများကို ချီးမြှင့်လိုက်လေသည်။

ထို့နောက် ခရစ်ယာန်ဘာသာ စာပေအသင်းကလည်း ဦးဖေမောင်တင်ကို ဥက္ကဌ အဖြစ် တင်မြှောက်လာပြန်သည်။

သည်အခါ ဦးဖေမောင်တင်သည် ခရစ်ယာန်စာပေးအသင်းမှ မြန်မာစာအုပ်များ ထွက်ပေါ်လာရေးနှင့် မြန်မာစာပေ တိုးတက်မြင့်မားရေးအတွက် ဟောပြော ဆွေးနွေးပွဲများကိုလည်း အချိန်ပေးနိုင်သမျှ ပေးကာ တာဝန်ယူဆောင်ရွက်လိုက်ရပြန်လေသည်။

"ကမ္ဘာစာပေကို မြန်မာ့စာပေဖြစ်အောင် လုပ်ပေးနိုင်ဖို့ အရေးကြီးတယ်။ အဲဒီလိုလုပ်ပေးတဲ့အခါ ရေးသားတဲ့ ဗမာစာဟာ ပူးလ်ပစ် ဘားမီးစ် မဖြစ်အောင်တော့ အထူးသတိထား ရှောင်ရှားကြရလိမ့်မယ်ဗျ"

အသင်းဥက္ကဋ္ဌ ဦးဖေမောင်တင်က အသင်းအတွင်းရေးမှူး ဒေါ်ကက် သရင်းခင်ခင်နှင့် အသင်းကိစ္စများ ဆွေးနွေးတိုင်း မြန်မာစာပေနှင့် ပတ်သက်သော သူ့ခံယူချက်ကို ထုတ်ဖော်ပြောပြတတ်လေ့ရှိသည်။

အမေရိကန် ခရစ်ယာန် သာသနာပြုဆရာများ၏ အသုံးအနှုန်း မမှန်ကန်သော ဘာသာပြန် မြန်မာစာပေများကို "မစ်ရှင်နရီဘားမီစ်" သာသနာပြု မြန်မာစာ အသုံးအနှုန်း အရေးအသားမျိုးဟု သုတေသန အသင်းဂျာနယ်ထဲ၌ အင်္ဂလိပ်ဘာသာဖြင့် ဆောင်းပါးရေးကာ ဝေဖန်ခဲ့သော ဦးဖေမောင်တင်က ခရစ်ယာန် ဘုရားရှိခိုးကျောင်းများအတွင်း အမေရိကန် သာသနာပြုဆရာများ၏ အသုံးအနှုန်း၊ အရေးအသား၊ အငွေ့အသက်များ လွှမ်းမိုးနေသော တရားဟော စင်မြင့်ပေါ်မှာ ပို့ချချက် (မြန်မာစကား၊ မြန်မာစာများ) မျိုးကိုလည်း အလျဉ်း သင့်တိုင်း ထည့်သွင်းဝေဖန်နေခြင်း ဖြစ်သည်။

ခရစ်ယာန်စာပေအကျိုးကို အကွက်စေ့ ဒေါင့်စေ့အောင် သယ်ပိုးရွက် ဆောင်ကာ သူ့စာပေလုပ်ငန်းများထဲ၌သာ နစ်မြုပ်ပျော်မွေ့ခြင်းဖြင့် ငြိမ်သက် အေးချမ်းနေသော တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်၏ ဘဝတစ်သက် တာသည် မထင်မှတ် တက်လာခဲ့သော ပြဿနာတစ်ရပ်နှင့် ပတ်သက်၍ ရုတ်တရက် ဂယက်ထ လှုပ်ရှားသွားရလေသည်။

ပုံစံပြရမည်ဆိုလျှင်ကား ဂျာမနီမှာ ဟစ်တလာက အလစ်ချောင်းကာ ပိုလန်ပြည်ကို ဖုံးကြဲတိုက်ခိုက်သည့်အလား တူလေသည်။

## ဣသာမဇ္ဈရိယ ဖုံးကွယ်ခြင်း

အမှန်တကယ်လည်း တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်ခမျာ အလစ်ချောင်းတိုက်ခိုက်ခံလိုက်ရခြင်းပင် ဖြစ်သည်။

သူ့ဘဝမှာ ထိုကဲ့သို့ ကြုံဆုံဖြစ်ပေါ်လာရလိမ့်မည်ဟု လုံးဝ မျှော်လင့်ထင်မှတ်ထားခဲ့ခြင်း မရှိသော ဦးဖေမောင်တင်က အစပထမ၌ အံ့အားသင့်သွားမိသည်။

ထိုနောက်သူ့ကို တိုက်ခိုက်လာသူများ၏ သဘောထားကို ရုတ်တရက် နားမလည်နိုင်အောင် ဦးဖေမောင်တင်အဖို့ လူတို့ သဘောကို စောကြောလေ့လာလိုက်မိသော အခါ၌ကား သူ့ အဖြစ်သည် သိပ်ပြီး မဆန်းလှကြောင်း တွေ့ရှိလိုက်ရလေသည်။

"မင်းနဲ့ပါတ်သက်ပြီး တိုင်စာတစ်စောင် ရောက်လာတယ်၊ အဲဒီ တိုင်စာအတွက် မင်းအပေါ်မှာ စုံစမ်းရေး လုပ်ရမယ်"

"စုံစမ်းလို့ အမှုမှန်ရင်တော့ မင်းကို အရေးယူရမှာပဲပေါ့"

"အရေးမကလို့ ဘာကြီးပဲ ယူယူ ကျုပ်မပူပါဘူး၊ ဒါပေမယ့် ဘာအတွက် စုံစမ်းရေး လုပ်မယ်ဆိုတာတော့ ကျုပ်သိချင်တယ်"

သူ့တစ်သက်မှာ မဟုတ်မတရား အမှုမျိုး ဘာတစ်ခုမျှ မပြုလုပ်ခဲ့ဖူးသော ဦးဖေမောင်တင်က ကြောက်လန့်စိုးရိမ်ခြင်း ကင်းကင်းဖြင့် ဖြစ်ပေါ်လာသော ပြဿနာကိုသာ သိလိုစွာ မေးမြန်းလိုက်သည်။

သူ့အမေးကို ပညာမင်းကြီးက ဖြေပေးလေသည်။

"ဘာအတွက်ရမလဲ၊ မင်းရဲ့ မြန်မာစာပေသမိုင်း စာအုပ်ကြီးနဲ့ ပတ်သက်လို့ပေါ့။"

"ကျုပ်ရဲ့ မြန်မာစာပေသမိုင်းနဲ့ ပတ်သက်လို့ ဟုတ်လား"

"ဟုတ်တယ်လေ"

ရုတ်တရက် နားမလည်ဖြစ်ကာ သေချာအောင် ထပ်မေးလိုက်သော ဦးဖေမောင်တင်ကို ပညာမင်းကြီး ကင်းဘဲလ်က အသေအချ အဖြေပြန်ပေးလိုက်သည်။

ပြီးမှ ပညာမင်းကြီးက ဆက်ပြောလေသည်။

"မင်းဟာ မြန်မာစာပေသမိုင်း စာအုပ်ကို မင်းကိုယ်တိုင် ရေးတာ မဟုတ်ဘဲ၊ တပည့်တွေကို ရေးခိုင်းပြီး မင်းက အမြတ်ထုတ် နာမည်ခံပြီး ရောင်းစား ပါတယ်ဆိုတဲ့ တိုင်စာအရ၊ အခု မင်းအပေါ်မှာ စုံစမ်းရေးဖွဲ့ရမှာပဲ ရှင်းပြီလား"

"ဩော်.. ဒီလိုလား"

ဦးဖေမောင်တင်က ယခုမှ နားလည်သဘောပေါက်ကာ ရေရွတ်လိုက်မိလေသည်။

ပညာမင်းကြီးကင်းဘဲလ်က ဦးဖေမောင်တင်ကိုကြည့်ကာ ပြုံးလိုက်လေသည်။ ပညာမင်းကြီး၏ အပြုံးကို တက္ကသိုလ် ကျောင်းအုပ်ကြီး ဦးဖေမောင်တင်က ကောင်းကောင်း နားလည်လိုက်ပေသည်။

လွန်ခဲ့သော နှစ်ထဲ၌ မြန်မာလူမျိုး တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်က မျက်နှာဖြူ ပါမောက္ခပီးကော့ကို ပညာစွမ်းပြနိုင်ခဲ့သည် မဟုတ်ပါလား။

ပီးကော့ကို ကယ်တင်ရေးအတွက် ဘုရင်ခံထံ ချဉ်းကပ်ကြသော မျက်နှာဖြူ အုပ်စုထဲ၌ ယခု ပညာမင်းကြီး ကင်ဘဲလ်သည်လည်း တက္ကသိုလ် မော်ကွန်းထိန်းတာဝန်ဖြင့် အားကြိုးမာန်တက် ပါဝင်ခဲ့သူ တစ်ဦးဖြစ်သည်။

သူတို့ အစွမ်းကုန် ကြိုးစားအားထုတ်ခဲ့သော်လည်း ပီးကော့ခမျာ မြန်မာပြည်မှ ထွက်ခွာ သွားရသောကြောင့် အဆိုပါ မျက်နှာဖြူအုပ်စုသည် မြန်မာလူမျိုး တက္ကသိုလ်ကျောင်းအုပ်ကြီးအပေါ် အတော်ပင် မကျေမနပ် စိတ်ခုခဲ့ကြလေသည်။

ပညာမင်းကြီး ကင်းဘဲလ်သည် ဦးဖေမောင်တင်ကိုကြည့်ကာ ပြုံးရင်းမှ အောင်နိုင်သူ၏ အထက်စီးလေသံဖြင့်လည်း ပြောလိုက်ပြန်သေးသည်။

"အဲဒီလို မင်းကို စွပ်စွဲပြီး တိုင်စာ ပို့တဲ့သူက သူ့ကိုမင်းက စာကလေး ရေးပြီး ခိုင်းထားတဲ့ မင်းလက်ရေးနဲ့ လက်မှတ်ကို ဓါတ်ပုံရိုက် မိတ္တူကူးပြီး သက်သေခံပူးတွဲ တင်ပြထားသေးတယ်။

"ဟုတ်လား"

ပညာမင်းကြီး၏ အပြောကို တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်က တုံ့ပြန်လိုက်သည်။

ထို့နောက် သူ့၌ အပြစ်ကင်းသော ဦးဖေမောင်တင်က ပညာမင်းကြီးကို ရဲရဲတင်းတင်းကြည့်ကာ ပွင့်ပွင့်လင်းလင်း ပြုံးပြလိုက်သည်။

ပြီးမှ သူက ခပ်အေးအေး ဆက်ပြောလိုက်လေသည်။

"မူရင်း လက်မှတ်ကို တင်ပြရင် ကျုပ်က လိုက်ပြီး ဖျောက်ဖျက်ပစ်လိုက်မှာ စိုးလို့ ထင်ပါရဲ့ဗျာ"

ဦးဖေမောင်တင်၏ အပြောကို ပညာမင်းကြီး မပွင့်တပွင့် ပြုံး၍ ဝန်ခံလိုက်လေသည်။

●

## ရဲဝင့်စွာ စိန်ခေါ်ခြင်း

ထိုကဲ့သို့ မပွင့်တပွင့်ပြုံး၍ ဝန်ခံလိုက်သော ပညာမင်းကြီးကင်းဘဲလ်ကို တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်က ခပ်တည်တည် ပြန်မေးလိုက်သည်။

"တကယ်လို့ ကျုပ်အပေါ်မှာ ဘာမပြစ်မှု မရှိဘဲ မှားယွင်း စွပ်စွဲတာပါ ဆိုရင်ကော် မှားယွင်း စုံစမ်းတဲ့အဖွဲ့က မှားယွင်းမှု အတွက် ဇက်ဖြတ်ဝံ့တဲ့သူ ရှိပါ့မလား"

"ဟာ.. ဒီလိုပြောလို့တော့ ဘယ်ဖြစ်ပါ့မလဲ"

ဦးဖေမောင်တင်၏ စိန်ခေါ်ချက်အတွက် ရုတ်တရက် လန့်ဖျပ်သွားဟန်ရှိသော ပညာမင်းကြီး ကင်းဘဲလ်က ခပ်လောလော ပြန်ပြောလေသည်။

"တကယ်တော့ ကျုပ်တို့ကလည်း တိုင်စာအရ ဥပဒေ စည်းကမ်းအတိုင်း စုံးစမ်းရေး အဖွဲ့ဖွဲ့ရတာ မဟုတ်လား၊ မင်းကို ကျုပ်တို့က အငြိုးနဲ့ထားပြီး ဖန်တီးလုပ်ကြံကြတာမှ မဟုတ်ဘဲဟာ၊ အမှန်အတိုင်းသာ ဖြစ်လာရမှာပေါ့ မပူပါနဲ့"

အိုး.. ကျုပ်က မပူသေးဘူးဗျ.. ဟား... ဟား"

ပညာမင်းကြီးကင်းဘဲလ်၏ လေသံပြောင်းကာ လျော့ကျလာသော စကားများကို ဦးဖေမောင်တင်က သဘောကျစွာ ရယ်မောလိုက်မိသည်။

ထို့နောက် တက္ကသိုလ် ကျောင်းအုပ်ကြီး ဦးဖေမောင်တင်သည် ပညာမင်းကြီး ကင်းဘဲလ်ကို နှုတ်ဆက်ကာ အေးအေးဆေးဆေးဆေးပင် ပြန်လာခဲ့လေသည်။

ဦးဖေမောင်တင်သည် ပညာမင်းကြီးကို ပြောခဲ့သည့်အတိုင်း သူ့ မြန်မာစာပေ သမိုင်းပြဿနာနှင့် ပတ်သက်၍ အနည်းငယ်မျှ စိတ်မပူမိချေ။ သို့သော်လည်း စိတ်မကောင်းခြင်း အဖြစ်ကိုမူ ဦးဖေမောင်တင် ခံစားမိလေသည်။

ကိုယ့်ထက်သာ မနာလိုဆိုသော စကားကို ကြားရုံ ကြားဖူးခဲ့သူ ဦးဖေမောင်တင်သည် ယခု သူ့ဘဝမှာ လက်တွေ့ သိရှိခံစားလိုက်ရလေတော့သည်။

ဦးဖေမောင်တင်သည် ပညာရေးရာနှင့် ပတ်သက်လျှင် သူက သူတစ်ပါး ထက် ထူးချွန် သာလွန်ရအောင် ကြိုးစား အားထုတ်လေ့ရှိခဲ့သည်။

ထိုကဲ့သို့ ကြိုးစားအားထုတ်ခဲ့ရာ၌ ဦးဖေမောင်တင်က ပြိုင်ဘက်များကို တွန်းထိုး တိုက်ခိုက်မှုများ မလျဉ်းမပြုခဲ့ချေ။

သူတစ်ပါး ထိခိုက်နစ်နာစေသော အမှုမျိုးကိုပြုရန် ဦးဖေမောင်တင်က စိတ်ကူးထဲ၌ပင် သတိမရမိချေ။

ယခုကဲ့သို့ မြန်မာလူမျိုးထဲမှ ဦးဦးဖျားဖျား ထူးထူးခြားခြား အဖြစ် အထွတ်အထိပ် တက္ကသိုလ် ကျောင်းအုပ်ကြီးနေရာကို ပိုင်ဆိုင်ဝင်နိုင်ခဲ့ခြင်း၌ပင်

ဦးဖေမောင်တင်သည် ဘယ်သူ့ကိုမျှ တိုက်ခိုက် ချေဖျက်ကာ နင်းတက်လာခဲ့ခြင်း မဟုတ်။

တက္ကသိုလ်ကျောင်းအုပ်ကြီး နေရာအတွက် ထိုက်တန်သော အရည်အချင်းနှင့် အစွမ်းသတ္တိများအရသာ သူ့ကို ရွေးချယ် ပေးအပ်လာခဲ့ခြင်း ဖြစ်ကြောင်းကို ဦးဖေမောင်တင် အသိ၊ တခြားသူများလည်း အသိဖြစ်သည်။

သည့်အတွက်ပင် သူ့ထက်သာ မနာလိုဆိုသော စကားက ဦးဖေမောင်တင်ကို ပတ်သက် ထိတွေ့လာခဲ့ခြင်း ဖြစ်လေသည်။

သူ့ကို ယခု တက္ကသိုလ်ကျောင်းအုပ်ကြီး နေရာတွင် မမြင်လိုသော မျက်နှာဖြူ ကျောင်းအုပ်ဟောင်း မစ္စတာစလော့စ်၏ တိုက်ခိုက်ဖယ်ရှားမှုကို ဦးဖေမောင်တင် ဖွေဆော်ဦး ထိတွေ့ ခံယူခဲ့ရသည် မဟုတ်ပါလား။

မြန်မာလူမျိုးများကို ဖိနှိပ်ချိုးနှိမ်ဖို့သာ ကြိုးစား အားထုတ်နေသော လူမျိုးခြား မျက်နှာဖြူ တစ်ယောက်က သူ့အပေါ်မနာလို မရှုဆိတ်နိုင်စွာ တိုက်ခိုက် ဖျက်ဆီးရန် ကြံစည်ပြုမူခဲ့ခြင်းသည် ဦးဖေမောင်တင်အတွက် မဆန်းချေ။ သို့ရာတွင် ယခုကဲ့သို့ ကိုယ့်လူမျိုးအချင်းချင်း ရက်ရက်စက်စက် ပြုမူလာခြင်းကိုမူ ဦးဖေမောင်တင် အတွက် မဆန်းချေ၊ သို့ရာတွင် ယခုကဲ့သို့ ကိုယ့်လူမျိုး အချင်းချင်း ရက်ရက်စက်စက် ပြုမူလာခြင်းကိုမူ ဦးဖေမောင်တင် ဝမ်းနည်းမိလေသည်။

ထိုကဲ့သို့ ဦးဖေမောင်တင် ဝမ်းနည်းမိခြင်းမှာ ယခု သူ့အပေါ်၌ ရက်ရက်စက်စက် ကြံစည်ဖန်တီးလာခဲ့သူများအပေါ်သို့ သူ့အနေဖြင့် တစ်ခါမျှ မနာလို မဖြစ်မိခဲ့ဖူးသလို သူ့အပေါ်၌လည်း မရှုဆိတ်ဖြစ်လိမ့်မည်ဟု လုံးဝ သံသယမရှိ၊ မဥပါဒ်မိခဲ့သောကြောင့် ဖြစ်လေသည်။

ယခုမူ သူ လုံးဝ သံသယမထား၊ မဉပါဒ်မိခဲ့သော သူများက ဦးဖေမောင်တင်ကို အကွက်ချောင်းကာ အလစ်မှာ တိုက်စစ်ဆင်လိုက်ကြလေပြီ။

တစ်ချိန်လုံး အကွက်ချောင်း နေခဲ့ဟန်တူသော သူတို့သည် ဦးဖေမောင်တင်၏ အောင်မြင်စွာ ထွက်ပေါ်သွားခဲ့သော "မြန်မာ စာပေသမိုင်း" စာအုပ်ကြီးနှင့် ပတ်သက်လာတော့မှ အချက် တွေ့သွားခဲ့ကြပုံ ရှိလေသည်။

ထို့ကြောင့် သူတို့က "မြန်မာစာပေသမိုင်း" ကို ချက်ပိုင်အောင်ကိုင်ကာ ဦးဖေမောင်တင်အား တစ်သက် နာလန်မထူနိုင် တော့မည့် စွပ်စွဲ အရှက်ခွဲ နည်းမျိုးဖြင့် တက္ကသိုလ်ကျောင်းအုပ်ကြီး ကုလားထိုင်မှ တွန်းချ ပစ်ရန် ကြိုးစား အားထုတ်ကြခြင်းပင် ဖြစ်လေသည်။

ဦးဖေမောင်တင် အပေါ်၌ အကွက်ချောင်းနေသော သူတို့အတွက် အချက်ပေါ် သွားစေနိုင်ခဲ့သော အကြောင်းရင်းသည်ကား အလုပ်တာဝန်များ ပတ်လည်ဝိုင်းကာ တန်းစီထားနေသလောက် လူတစ်ကိုယ်ဦးခေါင်းတစ်လုံးနှင့် လက်နှစ်ဖက်တည်းသာရှိသော ဦးဖေမောင်တင်သည် မြန်မာစာပေအတွက် ထွက်ပေါ်ရန် အရေးတကြီး လိုအပ်ပြီဖြစ်သော သူ့ မြန်မာစာပေ သမိုင်းစာအုပ်ကြီးအတွက်....

ဘယ်စာအုပ်ထဲက ဘယ်အချက်ရှာပေးစမ်း၊

ဘာပေမူထဲက ဘယ်အပိုဒ်ကူပေးစမ်း

ပေါဒ် ကဗျာတွေထဲက မင်းစိတ်မှာ အကောင်းဆုံး ထင်တာတွေ ရွေးထုတ်ပေးစမ်း။

စသည့်ဖြင့် လက်လှမ်းမှီသလို ပတ်သက်ရာ ပတ်သက်ကြောင်း အပေါင်းအသင်း တပည့်လက်သားများထံ အကူအညီ တောင်းခံခဲ့ဖူးလေသည်။

ထိုကဲ့သို့ ဝိုင်းဝန်းကူညီ ရှာဖွေကူးရေး ရွေးချယ်ပေးဖို့လာကြသည့် အထဲမှာ ဦးဖေမောင်တင်က သူ့ အကြိုက်ဆုံးများကို ထုတ်နုတ်ကာ သူ့မြန်မာစာပေ သမိုင်းအတွက် ဖြည့်စွက် ရေးသားခဲ့လေသည်။

သူ့ မြန်မာစာပေ သမိုင်းကြီးအတွက် အချက်အလက်များကို ဦးဖေမောင်တင် စုဆောင်း သိမ်းထားမိချိန်တွင် သူ့တပည့် မောင်ချမ်းမြက မဟာဝိဇ္ဇာတန်းအတွက် စာတမ်းရေးတင်ရန် ကြုံကြိုက်လာသည်။

ထိုအခါ ဦးဖေမောင်တင်က သူစုဆောင်းထားသော မှတ်ချက် မှတ်တမ်းများကို သူ့တပည့်အတွက် ရက်ရက်ရောရော ထုတ်ပေးခဲ့သည်။

မှတ်ချက်။ ခုတိုင် မန္တလေးမြို့၌ သက်ရှိထင်ရှား နေထိုင်လျက်ရှိသော မန္တလေးတက္ကသိုလ် အငြိမ်းစား မြန်မာစာဌာနမှူး ကလောင်အမည် မြကေတု။

"ရော့ ဟော့ ချမ်းမြ.... မင်းသီးစွစ်" ရေးဖို့အတွက် သုံးချင် သုံးစမ်း၊ ငါစာအုပ်ထုတ်ဖို့ စုထားတဲ့ မှတ်စုတွေပဲ"

ဦးဖေမောင်တင် ပေးသော မှတ်စုများကို ယူသုံးကာ မောင်ချမ်းမြက စာတမ်း ရေးတင်ခဲ့လေသည်။

သည်အတွက် ဦးဖေမောင်တင်၏ "မြန်မာစာပေသမိုင်း" ကြီးသည် အခြားသော ပတ်သက်ရာ သတ်သက်ကြောင်း အပေါင်းအသင်း တပည့် လက်သားများထက် မောင်ချမ်းမြနှင့် ပို၍ ထိတွေ့ကျွမ်းဝင်မှု ရှိခဲ့လေသည်။

ယခုဆိုပါက "မြန်မာစာပေသမိုင်း" စာအုပ်ကြီး ထွက်ပြီး သွားခဲ့သည်ပင် သုံးနှစ်သုံးမိုးကျော်လေပြီ။

သည်အချိန်တွင်မှ ဦးဖေမောင်တင်အပေါ် အကွက်ချောင်း နေခဲ့သူ တစ်စုသည် အိပ်မက်ရကာ အချက်ပေါ်သွားခဲ့ကြပြန် တူသည်။

တစ်ဖက်သားအပေါ် အထင်တော်လွဲမှားကာ မင်းကြိုက်ဆောင်ခြင်းဖြင့် အခွင့်အရေးမျှော်တွေးသော မုဆိုးတို့ ပေါင်းမိကြသကဲ့သို့....

ဦးဖေမောင်တင်၏ အပေါ်၌ အထင်မှားကာ အညှိုးထားသူများနှင့် ဦးဖေမောင်တင်၏ ကျောင်းအုပ်ကြီး ကုလားထိုင်ကို အပြိုင်ဝင်လုချင်သူတို့ အကြောင်းဆက် ပေါင်းဖက်မိကြသောအခါ၌ကား.....

*မောင်....*

*ဆရာ့ကို စာအုပ်ထဲက အချက်ကလေးတစ်ချက် ရှာကူးပေးစမ်းပါ။*

*ဖေမောင်တင်*

ဟု ဦးဖေမောင်တင် လက်မှတ်ထိုး၍ စေခိုင်းခဲ့ဖူးသော စာရွက်ကလေးကို ဓါတ်ပုံရိုက် သက်သေတင်လျက် "မြန်မာစာပေသမိုင်း" စာအုပ်ကြီးအား စွဲချက်တင်ကာ မျက်နှာဖြူ ပညာမင်းကြီးထံသို့ တိုင်စာ ပို့လိုက်ကြခြင်း ဖြစ်လေသည်။

ထို့နောက် ပညာမင်းကြီး ကင်းဘဲလ်က မောင်ချမ်းမြနှင့် တကွ မြန်မာစာပေ သမိုင်းကြီးအတွက် တစ်ဖက်တစ်လက် ဝိုင်းဝန်းကူညီခဲ့ကြသူ တစ်ယောက်စီကို ခေါ်တွေ့စစ်မေးကြောင်း ဦးဖေမောင်တင် ကြားသိရလေသည်။

ပညာမင်းကြီးထံ အစစ်ခံမည့်သူများကို ဦးဖေမောင်တင်အပေါ် စွပ်စွဲ တိုက်ခိုက်လာသော အုပ်စုက ဘယ်သို့ဘယ်ပုံ ထွက်ဆိုပေးရန် စည်းရုံးသိမ်းသွင်းခဲ့ကြကြောင်း သတင်းစကားများကိုလည်း ဦးဖေမောင်တင် ကြားသိခဲ့ရသေးသည်။

သူ ကိုယ် နှုတ်နလုံးသုံးပါးစလုံးကို သမာသမတ်၌ အစဉ်ရပ်တည်နိုင်ခဲ့သော ဦးဖေမောင်တင်ကမူ ပင်လယ်ထဲမှ ကျောက်ဆောင်များသည် ဒီလှိုင်းများ ရိုက်ပုတ် တိုက်ခိုက်မှသာ ဒီလှိုင်းများက ကျောက်ဆောင်များအပေါ် ကျော်လွှမ်းနိုင်စွမ်းရှိကြသောလည်း နေရောင်လင်း၍ လေပြင်းငြိမ်ကာ မုန်တိုင်းစဲသော အခါတွင်ကား ကျောင်ဆောင် ကျောက်သားကြီးများသည် ရေလှိုင်းကို အပေါ်စီးကာ တည်ငြိမ်ခံ့ညားစွာ ထင်ရှားနေကြမြဲ မဟုတ်ပါလား။

ထို့ကြောင့် ဦးဖေမောင်တင်က သူ့မြန်မာစာပေသမိုင်း ပြဿနာအတွက် ရတက်ပွေ တုန်လှုပ်ခြင်း အလျဉ်းမရှိဘဲ သူ့ အလုပ်ဝတ္တရားများတွင်သာ ပြန်လည် နစ်မြုပ်နေလိုက်လေသည်။

ထိုကဲ့သို့ ဦးဖေမောင်တင်က မလှုပ်မရှား တည်ငြိမ်အေးချမ်းနေသလောက် တစ်ဘက်မှမူ အတော်ကြီး ကြိုးစားအားထုတ်နေကြပုံရလေသည်။

ပညာမင်းကြီး စုံစမ်းစစ်ဆေးမှုတွင် ဦးဖေမောင်တင်အပေါ် စွဲချက်တင်နိုင်လောက်အောင် အထောက်အထား ရခဲ့ဟန်မတူသော တစ်ဘက်အုပ်စုသည် တစ်မျိုးတစ်မည် တီထွင် ကြိုးစားလိုက်ကြပြန်သည်။

သတင်းစာများကပင် အရေးထား ရေးသားခြင်း မပြုသော သူတို့စွပ်စွဲမှုကို လွှတ်တော်ထဲသို့ အရောက် တင်ပို့နိုင်စွမ်းကြပေသည်။ လွှတ်တော်တွင် အမတ်တစ်ယောက်က ဦးဖေမောင်တင်၏ မြန်မာစာပေသမိုင်း ပြဿနာကို ထည့်သွင်း ဆွေးနွေးကြောင်း သတင်းပါလာခဲ့လေသည်။

ထို့နောက် လေပြင်းမုန်တိုင်းသည် အစွမ်းကုန် တိုက်ခတ် ပြီးစီးသောအခါ ပင်လယ်ပြင်သည် ငြိမ်သက်သွားသကဲ့သို့ မြန်မာစာပေ သမိုင်းစာအုပ်နှင့် ပတ်သက်သော ပြဿနာ စွပ်စွဲချက် သည်လည်း ဦးဖေမောင်တင် အနေဖြင့် ဘာတစ်ခုမျှ အားပြု တိုက်ဖျက်ဖြေရှင်းနေစရာ မလိုဘဲ အလို အလျောက် ပြီးပျောက် ပျက်ပြယ်သွားလေတော့သည်။

ထိုအခါ ဦးဖေမောင်တင်သည်လည်း လှိုင်းလေငြိမ်သက်သော ပင်လယ်ပြင်၌ မယိမ်းမယိုင် ကြံ့ခိုင်စွာ ရပ်တည်နိုင်သော ကျောက်သား ကျောက်ဆောင်အလား သူ့ရှိရင်းစွဲ တက္ကသိုလ် ကျောင်းအုပ်ကြီးထိုင်ခုံတွင် မယိုင်မလဲ မြဲမြဲဆက်ထိုက်ကာ သူ့တာဝန် ဝတ္တရားများကို ဆက်လက် ထမ်းဆောင်နေလိုက်လေသည်။

ဆိုးဆိုးရွားရွား လှုပ်ရှားဖြစ်ပေါ်ခဲ့သော အရေးတော်ပုံကိစ္စများနှင့် အခြားသော ပြဿနာ အထွေထွေတို့ကြောင့် ဦးဖေမောင်တင်သည် ၁၉၃၈၊ ၁၉၃၉၊၁၉၄၀ ခုနှစ်များ၌ စာရေးချိန် သိပ်မရခဲ့ချေ။ အချိန် သိပ်မရသည့် ကြားမှာပင် ဦးဖေမောင်တင်သည် ကြိုးစား၍ ရေးသားခြင်းကို လည်းကောင်း၊ တည်းဖြတ်ခြင်းကို လည်းကောင်း ပြုခဲ့သေး၏။ ထိုစာများမှာ..

(၁) မဲဇာတောင်ခြေရတုပိုဒ်စုံ (အင်္ဂလိပ်ဘာသာပြန်)

(၂) ပါဠိဖတ်စာ (တတိယတွဲ)

(၃) ဟန်လင်းမြို့သမိုင်းလင်္ကာ

(စည်သူကျော်ထင်ရေး ဒုတိယနိပ်ခြင်း)

(၄) နတ်သျှင်နောင် ရတု (ဦးချမ်းမြ - မဟာဝိဇ္ဇာ - တည်း) တို့နှင့် ခရစ်ယာန် စာပေအသင်းအတွက်...

(၁) မိန်းမကျော် ခုနစ်ဦး

(၂) ဂျီဗလကြီး (Les Miserables By Victor Hugo)

(3) ဓားပြဗိုလ်စိုးမင်း (Raj The Brigand Chief)

တို့ဖြစ်ကြသည်။

●

## သောတာပန်စာရိတ္တပြိုင်ပွဲ

ပုထုဇဉ်တို့၏ စာရိတ္တပြိုင်ပွဲကို ရေးသားပြီးနောက် သောတာပန် အရိယာတို့၏ စာရိတ္တပြိုင်ပွဲကို ဓမ္မပဒမှ ထုတ်နုတ်၍ တင်ပြပါဦးမည်။ အများ ကြားဖူးသော သာမာဝတီဝတ္ထုပင် ဖြစ်၏။ ဤနေရာ၌ မိတ္တူကူးသလို ဇာတ်လမ်း ကိုသာ အဓိကထား တင်ပြမည် မဟုတ်ဘဲ ဒဿနနှင့် ဓမ္မတို့ကို တင်ပြသွားမည် ဖြစ်သည်။ ဓမ္မပဒတွင် စာရေးသူအကြိုက်ဆုံး သုတ္တန် ဖြစ်သောကြောင့် စာရှုသူများလည်း သဘောကျမည်ဟု ယုံကြည်ပါသည်။

အပွမာဒေါ အမတံ ပဒံ- အစရှိသော ဤဒေသနာတော်ကို မြတ်စွာဘုရားသည် သာမာဝတီ ခေါင်းဆောင်သော အမျိုးသမီး ငါးရာ၊ မာဂဏ္ဍီခေါင်းဆောင်သော အမျိုးသမီးငါးရာ၊ ထိုမာဂဏ္ဍီ၏ ဆွေမျိုးငါးရာတို့ သေလွန်ခြင်းကို အကြောင်းပြု၍၊ ကောသမ္ဗီပြည်၊ ဃောသိတာ ရုံကျောင်း၌ သီတင်းသုံးစဉ် ဟောတော်မူခြင်းဖြစ်သည်။

ရှေးအခါက အလ္လကပ္ပတိုင်း၌ အလ္လကပ္ပအမည်ရှိသော မင်းသည် အုပ်ချုပ်၏။ ဝေဋ္ဌဒီပတိုင်း၌ ဝေဋ္ဌဒီပက အမည်ရှိသော မင်းသည်အုပ်ချုပ်၏။ သူတို့နှစ်ဦးသည် ငယ်ရွယ်စဉ်က ပညာသင်ဖက် မိတ်ဆွေများဖြစ်သည်။ ပညာရှိ

သူတော်ကောင်းများ ဖြစ်သောကြောင့် ငွေရအောင်ရှာ ကာမဂုဏ်ခံစားပြီး သေရသော လူ့ဘဝကိုကြည့်၍ ငြီးငွေ့လာကြ၏။

လူတို့သည် အာရုံငါးပါးတွင် ဖိုမအတွေ့ဓာတ်ကို အနှစ်သက်ဆုံးဖြစ်၏။ အတွေ့ဓာတ်အတွက် မယားကျွန်၊ လင်ကျွန်ခံနေကြခြင်း ဖြစ်၏။ ထိုကာမဂုဏ် အတွေ့ကို ဗုဒ္ဓက အမဲရိုးကို ခွေးငတ်က ကြိုက်သော ဥပမာပေး၍ ဟောထား၏။ မှန်၏။ ခွေးငတ်သည် အသားတစ်စမှ မပါသော အမဲရိုးကြီးကို တစ်နေကုန် သွားရည်စာများများဖြင့် ကိုက်နေ၏။

တစ်နေ့သော ကုန်သွားသည်။ အာဟာရဖြစ်လောက်သော အသားစကား တစ်ဖက်မှ ထွက်မလာ။ မိမိပါးစပ်က ထွက်လာသော သွားရည်ဖြင့် ကျေနပ်နေ ရခြင်း ဖြစ်သည်။ ဤအသိမျိုးကို အသိဉာဏ်ရှိသော လူကသာ သိခြင်း ဖြစ်၏။ ခွေးကား မသိပေ။ ထို့အတူ ပုထုဇဉ်လူသားတို့ အတွေ့အထိ အာရုံခံစားပြီး ကျေနပ် နေသည်မှာလည်း တဏှာတည်းဟူသော ကိုယ့် သွားရည်ဖြင့် ကိုယ်ကောင်းနေခြင်း ဖြစ်၏။

ဤအသိမျိုးကို ကာမတဏှာ ကင်းပြီးသော အနာဂါမ်နှင့် ရဟန္တာများသာ သိနိုင်ကြခြင်းဖြစ်၏။ ပုထုဇဉ်များကား မသိနိုင်ပေ။ လူတို့ စွန့်သော မစင်ကို ခွေးသည် အလွန်နှစ်သက်သော်လည်း လူသားသည် အလွန်ရွံရှာသကဲ့သို့၊ ဖိုမ ကာမဂုဏ် ခံစားမှုကိုလည်း ပုထုဇဉ်သည် အလွန်နှစ်သက်သလောက် အနာဂါမ် ရဟန္တာများသည် အလွန်ရွံရှာကြ၏။ ထိုအချက်ကို မင်းနှစ်ပါးသည် သေချာ မသိသော်လည်း ရိပ်မိရုံကား ရှိကြ၏။ ထို့ကြောင့်လည်း မင်းစည်းစိမ်ကို စွန့်လိုခြင်း ဖြစ်၏။

မိုးများထိနီး၊ ကျောက်တိပြီးသား

တောင်ကြီးပိတ်ပိတ်၊ လေးမျက်နှာက

လွတ်ရာမရှိ၊ လာတုံဘိသို့

ဇာတိဇရာ၊ ဗျာဓိမရဏာ

ခမ္မတရား၊ ဤလေးပါးတို့

ထွားထွားကြိတ်ချေ၊ ညက်ညက်ကြေအောင်

မြေနေနိစ္စ၊ နှိပ်စက်စွတည့်။

ဟူသော မဃဒေဝ လင်္ကာအတိုင်း ပဋိသန္ဓေနေခြင်း ဇာတိတောင်၊ အိုခြင်း ဇရာတောင်၊ နာခြင်း ဗျာဓိတောင်၊ သေခြင်း မရဏာတောင် ဟူသော တောင်လေးလုံးက လူသားကို အမြဲကြိတ်ချေ နှိပ်စက်နေတော့၏။

မိခင်ဝမ်းဗိုက်ကို ကျောပေး၊ အစာဟောင်းကို ဖင်ခုထိုင်၊ အစာသစ် အိမ်က ခေါင်းပေါ် ဖိထားသော တစ်ထွာ တစ်မိုက်သာ ရှိသည့် မိခင်၏ ဝမ်းဗိုက်ထဲတွင် ကျပ်တည်းကျဉ်းမြောင်းစွာ ဆယ်လကြာ နေရခြင်းကို၊ အဘယ်သူက ချမ်းသာဟု ပြောလိုပါသနည်း။ ဆင်းရဲခြင်း စစ်စစ်သာ ဖြစ်ပါ၏။

ထိုဆင်းရဲကို ရိပ်မိရုံ နမူနာခံစားကြည့်ချင်လျှင် လူတစ်ထိုင်သာ ဆန့်သော သေတ္တာကြီးထဲတွင် အစာရေစာ အပြည့်အစုံဖြင့် ဆယ်ရက်ခန့် နေကြည့်ပါ။ သေချာသည်ကား စိတ်ကျဉ်းကျပ် ဆင်းရဲပြီး သေသွား ဖို့သာ ဖြစ်၏။ မိခင်ဝမ်းမှ ထွက်ရတော့လည်း ကြီးမားသော ဆင်ကြီးကို ကျဉ်းမြောင်းသော

အပေါက်မှ သံကြိုးများ၊ သံကောက်များဖြင့် ချိတ်ဆွဲထုတ်ခံရသလောက် ဆင်းရဲမှိုးကို ခံရပြီးမှ အပြင်သို့ ရောက်သည်။

မွေးပြီးသည်မှ စ၍ အိုခြင်းဟူသော ကျောက်တောင်ကြီးက ကြိတ်ချေလိုက် သည်မှာ အိပ်ရာထဲ လဲသည်အထိပင်၊ အိပ်ရာထဲ ရောက်သည်နှင့် နာခြင်းတရား ဗျာဓိကျောက်တောင်ကလည်း မသေမချင်း ကြိတ်ချေ နိပ်စက်ပြန်သည်။ မိမိစွန့်သည့် အညစ်အကြေးကိုပင် မိမိကိုယ်တိုင် မသုတ်သင် နိုင်သည်အထိ နိပ်စက်ပြီးမှ သေရ၏။

သေခြင်းဟူသည် မရဏ ကျောက်တောင်၏ ကြိတ်ချေမှုကို ခံရခြင်းပင် ဖြစ်၏။ အိုခြင်း၊ နာခြင်း၊ သေခြင်းဟူသော ဒုက္ခသည် လူတိုင်းမှာ ရှိသည်။

ကျော်ကြားသူသည် လည်းကောင်း၊

မကျော်ကြားသူသည် လည်းကောင်း၊

အာဏာရှိသူသည် လည်းကောင်း၊

ချမ်းသာသူသည် လည်းကောင်း၊

မချမ်းသာသူသည် လည်းကောင်း

ပညာရှိသူသည် လည်းကောင်း၊

ပညာမဲ့သူသည် လည်းကောင်း၊

အားလုံး အိုနာသေ ဒုက္ခသည်ချည်းသာ ဖြစ်၏။ မာနတက်စရာ မလိုသလို၊ သိမ်ငယ်စရာလည်း မလိုပေ။ လူသား အားလုံး၊ သတ္တဝါအားလုံး

ဒုက္ခသည်ချည်းသာ မဟုတ်ပါလော။ ထိုအတွေးအခေါ်ကြောင့်ပင် မင်းနှစ်ပါးလုံး ရသေ့ဝတ်ကာ တောထွက်သွားကြသည်။ တောထဲတွင် အတူနေ တရားအားထုတ်ရင်း ပိုကောင်းသော အကြံတစ်ခု ပေါ်လာပြန်၏။

ငါတို့သည် မင်းစည်းစိမ်ကြီးကိုပင် စွန့်ကာ ရဟန်းပြုခဲ့ကြသူများ ဖြစ်သည်။ စားစရာ မရှိသောကြောင့် ရဟန်းပြုခဲ့ကြသူများ မဟုတ်ကြ။ ငါတို့သည် တစ်နေရာတည်း၌ အတူနေသည် ရှိသော် အိမ်ထောင်သားမွေး မိသားစုများနှင့် ဘာမျှ ထူးလိမ့်မည် မဟုတ်ဟု အကြံဖြစ်ကာ တောင်တစ်တောင်စီ ခွဲနေကြ၏။ ၁၅ ရက်တစ်ကြိမ်သာ တွေ့ကြ၏။ ထိုသို့ တွေ့ရင်းမှ တရားရဖို့ရန် အထောက်အကူ ဖြစ်စေမည့် အကြံတစ်ခုကို တိုင်ပင်မိကြပြန်၏။ ၁၅ ရက်တစ်ကြိမ် တွေ့ဆုံခြင်းသည်လည်း အပေါင်းအဖော်၌ မွေ့လျော်မှုသာဖြစ်သည်။ နောက်နောင် မတွေ့ဆုံတော့ဘဲ ၁၅ ရက်တစ်ကြိမ် အသက်ရှင်လျက်ရှိကြောင်း သိရန် မီးဖို၍ ပြကြတော့အံ့ဟု ဆုံးဖြတ်ပြီး ထိုအတိုင်းသာ နေကြ၏။

●

## ဝိဝေကရှိမှ မင်္ဂလာရ

ဝိဝေကခေါ် ကင်းဆိတ်ခြင်းသည် သုံးမျိုးရှိ၏။ ကာယဝိဝေက၊ စိတ္တဝိဝေက၊ ဥပဓိဝိဝေက တို့ပင်ဖြစ်၏။ ကာယဝိဝေက ဟူသည် အပေါင်းအဖော်မှ ကင်းဆိတ်ခြင်း ဖြစ်၏။ စိတ္တဝိဝေကဟူသည် ကိလေသာမှ ကင်းဆိတ်ခြင်း ဖြစ်၏။ ဥပဓိဝိဝေက ဟူသည် စိတ်၊ စေတသိက်၊ စိတ္တဇရုပ်တို့မှ ကင်းဆိတ်ခြင်း ဖြစ်၏။ ရဟန္တာတို့၏ နိရောဓသမာပတ် ဝင်စားခြင်းမျိုးပင်ဖြစ်၏။

ဝိဝေကသုံးမျိုးသည် တစ်ခုနှင့် တစ်ခု ကျေးဇူးပြုလျက်ရှိ၏ ကာယဝိဝေက ရှိမှ စိတ္တဝိဝေက ဖြစ်နိုင်၏။ စိတ္တဝိဝေက ဖြစ်မှ ဥပဓိဝိဝေက ဖြစ်နိုင်ပေသည်။ ထို့ကြောင့် ဗုဒ္ဓက သံယုတ်ပါဠိတော် နေရာ အတော်များများတွင် တောထဲ၌ တစ်ပါးတည်းနေရန် အမြဲဆုံးမတော်မူခြင်း ဖြစ်သည်။

နက်နဲစွာ တွေးကြည့်လျှင် ကာယဝိဝေကဟူသည် အပေါင်းအဖော်၌ တပ်မက်သော တဏှာကို ပယ်သတ်ခိုင်းခြင်းပင် ဖြစ်၏။ အပေါင်းအဖော် တပ်မက်သော ကိလေသာကို ပယ်နိုင်မှသာလျှင် မိမိခန္ဓာအပေါ် တပ်မက်သော တဏှာကို ပယ်သတ်နိုင်မည်ဖြစ်သည်။ တစ်ယောက်တည်း နေရသော ချမ်းသာကို တစ်ယောက်တည်း နေဖူးသူများသာ သိနိုင်သည်။ အပေါင်းအဖော်နှင့် နေသူများ မသိနိုင်ပေ။

ထိုကဲ့သို့ နေကြရင်း ဝေဠုဒီပကရသေ့သည် ကွယ်လွန်လေ၏။ တရားကျင့်ခဲ့သော ကုသိုလ်အရှိန်ကြောင့် တန်ခိုးကြီးသော နတ်သားဖြစ်ရ၏။ မိတ်ဆွေ အလ္လကပ္ပရသေ့ကို သတိရသဖြင့် လာရောက်ပြီးလျှင် လိုအပ်သော အကူအညီကို တောင်းခိုင်း၏။ အလ္လကပ္ပရသေ့၏ ကျောင်းဝိုင်းထဲသို့ ဆင်များသည် မစင်များ လာစွန့်ကြသည်။ မြေကိုလည်း ယက်ဖွကြသည်။ ထို့ကြောင့် ဆင်များ မလာသောနည်းကို တောင်း၏။ နတ်သားက ကြိုးသုံးချောင်း ပါသော စောင်းနှင့် မန္တာန်ကို သင်ပေးခဲ့၏။ တစ်ချောင်းကို တီး၍ ပထမ မန္တာန်ကို ရွတ်လျှင် ဆင်များသည် နောက်သို့ မကြည့်ဘဲပြေးသည်။

ဒုတိယ ကြိုးတစ်ချောင်းကို တီး၍ ဒုတိယမန္တာန်ကို ရွတ်လျှင် ဆင်များသည် နောက်သို့ လှည့်ကြည့်လှည့်ကြည့်နှင့် ပြေးသည်။ တတိယကြိုးနှင့် တတိယ မန္တာန်ကို ရွတ်လျှင်ကား ဆင်အားလုံး လာပြီးလျှင် အကြီးဆုံးဆင်က ကျောကုန်းကို စီးရန် ညွတ်ပေးမည်ဟု မှာပြီး နတ်ပြည်သို့ ပြန်လေ၏။ ဆင်များနှစ်သက်သော မန္တာန်ပါသောကြောင့် ဟတ္ထိကန္တမန္တာန်ဟု ခေါ်ကြသည်။

●

## ငှက်ချီခံရသော မိဖုရား

ထိုအချိန်က ကောသမ္ဗီပြည်တွင် ပူရန္တပ္ပအမည်ရှိသော မင်း စိုးမိုး အုပ်ချုပ်လျက် ရှိ၏။ မင်းနှင့် ကိုယ်ဝန်ရှိနေသော မိဖုရားသည် နန်းရင်ပြင် လေဟာပြင်မှာ နေပူစာလှုံနေကြသည်။ မိဖုရားသည် မင်းကြီး ခြုံနေကြ ကမ္ဗလာနီစောင်ကို ခြုံထား၏။ ထိုခေတ်ကပင် အသပြာ တစ်သိန်းတန်သည့် နဝရတ် လက်စွပ်ကိုလည်း ယူဝတ်ထားသည်။

ရာထူးကြီးသောကြောင့် မိဖုရားကြီးဟု ဆိုရသော်လည်း အသက် အားဖြင့် နှစ်ဆယ်ကျော် အစိတ်တွင်းခန့် အနုပျိုဆုံး အချိန်ပင် ဖြစ်၏။ ထိုအချိန်မှာပင် ကြီးမားလှသော ငှက်ဆင်ကြီး တစ်ကောင်သည် ကမ္ဗလာနီစောင် ခြုံထားသော မိဖုရားကြီးကို သွေးရဲရဲ သားတစ်ဟူသော အမှတ်ဖြင့် ထိုးသုတ်ရန် ကောင်းကင်မှ လျင်သော အဟုန်ဖြင့် ဆင်းလာလေ၏။

မင်းကြီးသည် ငှက်ဆင် ဆင်းလာသော အသံကို ကြားသည်နှင့် မိဖုရားကိုပင် သတိမရနိုင်တော့ဘဲ နန်းတော်ထဲ ထပြေးလေသည်။ မိဖုရားကား ကိုယ်ဝန်ကြီးနှင့် လေးလံနေ သောကြောင့် ထမပြေးနိုင်ဘဲ ငှက်ဆင် သုတ်ယူခြင်းကို ခံရလေ၏။ စပျစ်သီးသေးသာ ဆိုရင် ပါးစပ်ထဲမှာ ငုံထားတယ်။

ရုပ်ကြယ်ကိုတောင် လိုချင်ရင် ရအောင်ယူပေးမယ် စသော စကားတို့သည် ယုံတမ်း စကားတို့သာ ဖြစ်၏။

ယခုပင်ကြည့်ပါ။ ဘေးဒုက္ခ ပေါ်လာသည်နှင့် မယားကိုပင် သတိမရတော့ဘဲ လက်လွှတ် ထွက်ပြေးသည် မဟုတ်ပါလော။ အတ္တသမံ ပေမံနတ္ထိ = မိမိကိုယ်နှင့်တူသော ချစ်ခြင်းမည်သည် မရှိဟူသော ဗုဒ္ဓဒေသနာ အတိုင်းသာ ဖြစ်လာသည် မဟုတ်ပါလော။ အသက်ညာဏ်စောင့်ဟူသော စကားသည် အလွန်မှန်၏။

●

## စားတတ်လျှင်ဆေး

ဆီပြန်ဟင်း မစားရုံ၊ ဆီလျော့စားရုံဖြင့် အသဲအဆီဖုံးရောဂါ၊ သွေးတိုးရောဂါ၊ လေဖြတ်ရောဂါ၊ နှလုံးရောဂါ တို့ကို ကာကွယ်ပြီးသား ဖြစ်၏။ ဆီပြန်ဟင်းကို သေမင်းလက်ဆောင် ဟင်းဟုသာ ဆိုသင့်၏။ စားအုန်းဆီ မစားခြင်းဖြင့် သွေးကြောပိတ်ပြီး လက်ဖြတ်ခြေဖြတ်ရသော ရောဂါကို ကာကွယ် ပြီးသား ဖြစ်၏။

အချိုမှုန့်မစားရုံ၊ အသားလျော့စားရုံ၊ လမ်းမှန်မှန်လျှောက်ရုံဖြင့် သွေးချို၊ ဆီးချိုရောဂါကို ကာကွယ်ပြီးသားဖြစ်၏။ ထမင်းကို ဟင်းရည် ရွှဲရွှဲ နယ်ဖတ်စားရုံဖြင့် ဝမ်းမှန်ပြီး ဝမ်းချုပ်ရောဂါ၊ ခေါင်းကိုက်ရောဂါ၊ အူအတက် ပေါက်ရောဂါတို့ကို ကာကွယ်ပြီးသား ဖြစ်၏။

ရောဂါသည် လူ၏ ခန္ဓာထဲသို့ကား၊ ရထားဖြင့် လာခြင်းမဟုတ်၊ အစာအာဟာရမှ တစ်ဆင့် လာခြင်းကို သတိပြုသင့်၏။ ယခုလည်း ငှက်ချီ ခံရသော မိဖုရားသည် ဉာဏ်ရှိ၏။ ငှက်၏ ခြေထောက်ထဲတွင် ငြိမ်သက်စွာ လိုက်သွား၏။ ငှက်သည် မည်မျှကြီးသည် ဖြစ်စေ လူသံကို ကြောက်၏။

ယခု အချိန် ကြောက်လန့်တကြား အော်ဟစ်လိုက်ပါက ငှက်သည် မိမိကို ကောင်းကင်မှ လွှတ်ချလိုက်မည်ဖြစ်သည်။ ထိုအခါ အသက်ရှင်စရာ လမ်းမမြင်။ ငါ့ကို သစ်ပင်ပေါ်ချပြီး စားခါနီးအခါကျမှ ခြောက်လှန့်လွှတ်မည်ဟု ကြံစည်ထား၏။ ငှက်ဆင်ကြီးသည် ဟိမဝန္တာတော အရပ်၌ အလွန်ကြီးသော ညောင်ပင်ကြီးပေါ်တွင် တန့်နားကာ မိဖုရားကို ခဏချ၍ လာရာလမ်းကို ပြန်ကြည့်၏။

လာရာလမ်းကို ပြန်ကြည့်ခြင်းသည် ငှက်တို့၏ အလေ့အထပင် ဖြစ်၏။ ထိုအချိန်မှပင် မိဖုရားသည် အသံကျယ်လောင်စွာ အော်လျက် လက်ခုတ် တီးလေသောအခါ ငှက်ဆင်ကြီးသည် ကြောက်လန့်ပြီး ပြန်ပြေးလေ၏။ ထိုညောင်ပင်သည် ငှက်ဆင်ကြီး သားသမင်တို့ကို စားနေကျနေရာ ဖြစ်သည်။

မိဖုရားသည် ငှက်ရန်မှ လွတ်သွားသော်လည်း မြင့်မားလှသော သစ်ပင်ထက်မှ ဆင်းဖို့ရန် မလွယ်သေးပေ။ ထိုအချိန် မှောင်၍လည်း လာပြီဖြစ်သည်။ ထို့ကြောင့် သစ်ပင်ထက်မှပင် အိပ်စက်ရန် ပြင်ဆင်ရလေ၏။ ထိုအချိန်မှာပင် မီးဖွားရန် ကမ္ဘဇလေက လှုပ်ရှားလာလေ၏။

မိဖုရားကား ငိုယိုတမ်းတရုံမှ တစ်ပါး ဘာမျှ မတတ်နိုင်ရှာ။

●

## သစ်ပင်ပေါ်မှာ မွေးရတဲ့ကလေး

ထိုညမှာပင် အရပ်လေးမျက်နှာက မိုးသားတိမ်လိပ်များ တက်လာပြီး မိုးခြိမ်းသံများပေးကာ လေးပြင်းနှင့် အတူ သဲကြီးမဲကြီး မိုးရွာချတော့သည်။ မိဖုရားကား တစ်ညလုံး မအိပ်ရဘဲ ဒုက္ခရောက်ရှာ၏။ ယောကျ်ားလေးကို တစ်ယောက်တည်း ခက်ခဲစွာ ဖွားရလေ၏။

မိုးကြောင့် ဖြစ်သောဥတု၊ တောကြောင့် ဖြစ်သော ဥတု၊ နေအရှက်ကြောင့် ဖြစ်သော ဥတုတို့ကို ယူ၍ ဖွားမြင်သောကြောင့် ကလေး၏ အမည်ကို ဥတေနဟု မှည့်ခေါ်လေ၏။ အလ္လကပ္ပ ရသေ့ကြီးသည် သစ်သီးရှာ မထွက်မီ ထိုညောင်ပင် အောက်မှ အရိုးစများကို ထောင်းထု၍ စွပ်ပြုတ် လုပ်သောက်လေ့ရှိ၏။

ထိုနေ့နံနက်တွင်လည်း ထိုညောင်ပင်အောက်သို့ ရောက်လာရာ ကလေး ငိုသံကြားရာမှ တစ်ဆင့် မိဖုရားနှင့် ကလေးကို ယူဆောင် စောင့်ရှောက်လေ၏။ ရသေ့က ဒုက္ခိတ သတ္တဝါတစ်ဦးဟု သဘောထားပြီး ရိုးသားစွာ စောင့်ရှောက် သော်လည်း မိဖုရားသည် သူတို့သားအမိကို ပစ်ထားကာ ထွက်သွားမည်စိုးသဖြင့် မာယာဖြင့် ထောင်ဖမ်းကာ ရသေ့ကြီးနှင့် အကြင်လင်မယားအဖြစ် ပေါင်းသင်း နေကြလေ၏။

မင်းအဖြစ်ကို စွန့်ပြီး တောထဲ၌ နှစ်ပေါင်းများစွာ နေပြီးကာမှ မိန်းမ တစ်ယောက်အတွက် သီလ ပျက်ရသည့် ရသေ့ကြီး အဖြစ်မှာ အလွန်သံဝေဂ ယူဖို့ကောင်း၏။ ထို့ကြောင့် ဗုဒ္ဓက ပရိနိဗ္ဗာန်စံခါနီး အချိန်မှာ အမျိုးသမီးများနှင့် မတွေ့အောင်နေ၊ မဖြစ်မနေ တွေ့လျှင် စကားမပြောနဲ့၊ စကားမပြောမဖြစ်၍ ပြောရလျှင်၊ နှမအရွယ်ဆိုလျှင် နှမလို၊ အစ်မအရွယ်ဆိုလျှင် အစ်မလို၊ အမေအရွယ်ဆိုလျှင် အမေလိုသဘောထား ပြောရမည်ဟု ဟောတော်မူခဲ့ခြင်း ဖြစ်ပေလိမ့်မည်။

ဥတေန မင်းသားလေး အရွယ်ရောက်ပြီးချိန် တစ်ရက်တွင် အလွှကပ္ပ ရသေ့သည် နက္ခတ်များကို ကြည့်ရင်းဖြင့် သတင်းထူး တစ်ခုကို မိဖုရားအား ပြောကြား၏။ ထိုသတင်းသည် မိဖုရား အသိချင်ဆုံး သတင်းလည်း ဖြစ်နေ၏။

"ချစ်နှမ.. ကောသမ္ဗီပြည့်ရှင် ပူရန္တပ္ပမင်းသည် ကွယ်လွန်ရှာလေပြီ"

"အရှင်၊ ပူရန္တပ္ပမင်းနှင့် ရန်ငြိုးရှိခဲ့သောကြောင့် ယခုလို ပြောဆိုခြင်း ဖြစ်ပါသလော"

"ချစ်နှမ၊ ငါနှင့် ပူရန္တပ္ပမင်း ရန်ငြိုးမရှိချေ။ ထိုမင်း၏ နက္ခတ် ညှိုးနွမ်း နေသည်ကို ကောင်းကင်မှ တွေ့ရခြင်းကြောင့် ယခုလို ပြောနိုင်ခြင်းဖြစ်သည်"

ထိုစကားဆုံးလျှင် မိဖုရားသည် မျက်ရည်ကြီးငယ်ကျကာ ရှိုက်ကြီးတငင် ငိုကွေးလေ၏။ ထိုအခါ ရသေ့က မေးမြန်း၏။

"ချစ်နှမ၊ အဘယ်ကြောင့် ငိုကွေးသနည်း"

"ထိုပူရန္တပ္ပမင်းသည် ကျွန်မ၏ ကြင်ယာတော် ဖြစ်ပါသည်။ ဤဥတေန မင်းသားလေးသည် ပူရန္တပ္ပမင်း၏ ရင်သွေး ဖြစ်ပါသည်။"

"ချစ်နှမ.. မငိုကျွေးလင့်၊ ဖြစ်ပြီးလျှင် ပျက်ရသကဲ့သို့၊ ပဋိသန္ဓေ နေပြီးလျှင် သေရမည်မှာ ဓမ္မတာပင် မဟုတ်ပါလော"

"အရှင်.. သေခြင်းတရားသည် အမြဲရှိကြောင်း၊ သေရမည့်ဘေးမှ ဘယ်သတ္တဝါမှ မလွတ်ကြောင်း ကျွန်မ သိပါသည်။"

"ထိုသို့ သိလျက်နှင့် အဘယ်ကြောင့် ငိုကြွေးရသနည်း"

"အရှင် ကျွန်မသားသည် ကောသမ္ဗီမှာသာ နေခွင့်ရမည်ဆိုလျှင် ယခုအချိန်၌ ထီးနန်းကို သိမ်းပိုက်ပြီးလောက်ပေပြီ၊ ယခုအခါတွင်ကား တောတွင်း သို့ ရောက်နေသောကြောင့် ရသင့်သော ထီးနန်းနှင့် လွဲရပေပြီ၊ ထို့ကြောင့် ငိုကြွေးခြင်း ဖြစ်သည်။"

"ချစ်နှမ၊ မစိုးရိမ်လင့်၊ သင်၏ သားကို ကောသမ္ဗီပြည်၏ ထီးနန်းကို ရရှိအောင် ငါကူညီပေအံ့"

ထိုအခါ ရသေ့သည် ဥတေနကို မန္တာန်သုံးပုဒ်နှင့် စောင်းကြိုး သုံးကြိုး တီးနည်းကို သင်ပေး၏။ ကျွမ်းကျင်စွာ တတ်မြောက်သွား သောအခါ ရသေ့သည် မိဖုရားထံ ခေါ်လာပြီး....

"သင့်သားတော်သည် ဆင်တပ်ကြီး၏ စွမ်းရည်ဖြင့် ကောသမ္ဗီပြည်၏ ထီးနန်းကို ရပါလိမ့်မည်၊ သားတော် မသွားခင် သင်မှာချင်တာ မှာလော့"

ဟုပြောကြားလေ၏။ မိဖုရားလည်း ငှက်ဆင်အချီခံရပုံကို ပြောပြပြီး မျိုးမတ်နှင့် စစ်သူကြီးများ မယုံပါက ပြသနိုင်ရန် ပူရန္တပ္ပမင်း အသုံးပြုခဲ့သော ကမ္ဗလာနီနှင့် နဝရတ်လက်စွပ်တို့ကို ပေးလိုက်၏။ မင်းသားသည် အကြီးဆုံး

ဆင်မင်းလာစေတတ်သော မန္တန်ကို ရွတ်၍ စောင်းတီးလေရာ တောထဲရှိ အကြီးဆုံး ဆင်မင်း ရောက်လာပြီး ကျောက်ကုန်းကို ညွှတ်ပေး၏။

●

## နန်းသိမ်းပေးမည့် ဆင်ကြီး

ဥတေနသည် ဆင်ကြီး၏ နားသို့ကပ်၍ "ကျွန်ုပ်သည် ကောသမ္ဗီပြည် ပူရန္တပ္ပမင်း၏ သားအရင်း ဖြစ်ပါသည်။ ကျွန်ုပ်အား ခမည်းတော်၏ အရိုက်အရာ ဖြစ်သော မင်းအဖြစ်ကို ပေးပါလော" ဟုပြောလိုက်၏။ ထိုအခါ ဆင်ကြီးသည် ဆင်မျိုးစုံ အကုန်လာစေနိုင်သော အသံကိုပြု၏။

ထိုအခါ တောတွင်းရှိ ဆင်အားလုံး ရောက်လာ၏။ ဆင်များစုံသောအခါ အသံတစ်မျိုးကို အော်လိုက်၏။ ထိုအခါ အိုမင်သော ဆင်များ တောအတွင်းသို့ ပြန်ဝင်သွား၏။ နောက်အသံတစ်မျိုး ကိုပြုလိုက်သောအခါ ငယ်လွန်းသော ဆင်များလည်း တောထဲသို့ ပြန်ဝင်သွားလေ၏။

နောက်ဆုံးကျန်သော စွယ်စုံဆင်ကြီး ထောင်ပေါင်းများစွာကို ခေါ်ယူ၍ ကောသမ္ဗီပြည်သို့ ရှေးရှုသွားကြ၏။ ပစ္စန္တရစ်ရွာများသို့ ရောက်သောအခါ စည်းစိမ် ချမ်းသာကို လိုချင်သူများ လိုက်ခဲ့ကြလောဟူ၍ စည်းရုံးခေါ်ငင်ရာ လူထောင် ပေါင်းများစွာတို့သည် လက်နက်ကိုယ်စီ ကိုင်စွဲပြီး လိုက်လာကြ၏။ ကောသမ္ဗီမြို့ ကို ဝိုင်းရံပြီးသော် စစ်ထိုးမည်လော။ တိုင်းပြည် ပေးမည်လောဟု သတင်းစကား စေလိုက်၏။

ထိုအခါ မြို့သူမြို့သားများထံမှ အကြောင်းပြန်လာ၏။

"ငါတို့သည် စစ်လည်း မထိုးလို့၊ တိုင်းပြည်ကိုလည်း မအပ်လို၊ ငါတို့ မိဖုရားကြီးသည် ကိုယ်ဝန်အရင့်အမာနှင့် ငှက်ဆင်ချီသွားခြင်း ခံရသည်။ ထိုမိဖုရားကြီး အကြောင်းကို သေချာသိရမှ အဆုံးအဖြတ်ပေးနိုင်မည်" ဟု ဖြစ်၏။

ထိုအခါ မင်းသားက "ငါသည် ထိုမိဖုရားကြီး၏ သားပင်တည်း" ဟု ပြောပြပြီး ကမ္ဗလာနီနှင့် နဝရတ် လက်စွပ်တို့ကို ပြသောကြောင့် ကောသမ္ဗီ ထီးနန်းကိုအပ်ကြလေ၏

●

## အမွေအလုဆုံးနိုင်ငံ

ဤဖြစ်ရပ်ကိုထောက်၍ မိဘအမွေဟူသည် မိမိနှင့် ထိုက်လျှင် ရမည်သာဖြစ်သည်။ မထိုက်လျှင်လည်း မည်မျှလောက် အကုန်အကျခံ ကြိုးစားကြိုးစား ရလိမ့်မည် မဟုတ်ပေ။ ကမ္ဘာတွင် အမွေအလုဆုံးနိုင်ငံသည် မြန်မာနိုင်ငံဖြစ်မည်ဟု ထင်သည်။ အင်္ဂလိပ်စာရေးဆရာ မောရစ်ကောလစ်သည် မြိတ်မြို့တွင် အရေးပိုင်ဘဝဖြင့် နှစ်အတော်ကြာ တာဝန်ထမ်းဆောင်ဖူးသည်။

သူ တာဝန်ထမ်းဆောင်စဉ် ကာလအတွင်း စစ်ဆေးခဲ့ရသော အမှုဆယ်မှုဆိုလျှင် ကိုးမှုမှာ အမွေလုမှုဟု ဆို၏။ အံ့သြစရာကောင်းသည်မှာ ရမည့်အမွေက သိန်းနှစ်ရာဖိုး ဖြစ်သော်လည်း အမှုအတွက် ညီအစ်ကိုနှစ်ယောက်၏ ကုန်ကျစရိတ်မှာ သိန်းသုံးရာကျော်ပင်မကဟု ဆိုသည်။

ဒေါသ လွှမ်းမိုးလာသောအခါ တွေးခေါ်မြော်မြင်သော အသိဉာဏ်ပျက်စီးသွားခြင်းဖြစ်၏။ အမွေလုပွဲဖြစ်ရသည်မှာ တစ်ယောက်ယောက်က မတရားလိုချင်မှုကြောင့် ကျန်တစ်ယောက်က တရားစွဲပြီး အမှုဖြစ်ရခြင်းပင်။ အမှန်က သူစိမ်းကို ပေးရမည့်အစား မိမိတို့ ညီအစ်ကို မောင်နှမချင်းပေးရသည်က ပိုကောင်းပေသည်။

ဥပမာအားဖြင့် သိန်းနှစ်ရာတန် အမွေကို အစ်ကိုဖြစ်သူက သိန်းတစ်ရာငါးဆယ်ဖိုးယူပြီး ညီဖြစ်သူကို သိန်းငါးဆယ်ဖိုးသာ ပေးသည် ဆိုပါစို့။

အစ်ကိုဖြစ်သူသည် သိန်းငါးဆယ်ဖိုး မတရား ပိုယူထားသည်။ ပေးသာ ပေးလိုက်ပါ။ သိန်းငါးဆယ် ပိုရသူမှာ မိမိ၏ အစ်ကိုရင်း မဟုတ်ပါလား။ အကယ်၍ တရားစွဲလိုက်မည် ဆိုလျှင် သိန်းနှစ်ရာဖိုးလုံး တရားသူကြီး၊ ရှေ့နေ၊ ဆွဲချတို့က စားသွားမည် မဟုတ်ပါလား။

"ကလေးဘဝက သင်ရသော ပုံပြင်လေးတစ်ပုဒ်ကို ရေးရေး မှတ်မိနေသည်။ ဖျံနှစ်ကောင် ပူးပေါင်းငါးရှာရင် ငါးတစ်ကောင်သာရရာ အဝေမတည့် ဖြစ်နေကြသည်။ အလယ်မှာ ခုတ်ပိုင်းပြီး ဝေပါက ခေါင်းဘက် အပိုင်းကိုသာ နှစ်ကောင်လုံးက လိုချင်နေကြသည်။ နောက်ဆုံး တရားသူကြီး မြေခွေးထံ အဆုံးအဖြတ်ခံဖို့ ရောက်လာကြသည်။

တရားသူကြီးက ဦးနှောက်ပြေးသည်။ ငါးကို သုံးပိုင်းပိုင်းပြီး သုံးမရသော ခေါင်းနှင့် အမြီးကို ဖျံနှစ်ကောင်အား ယူစေသည် အကောင်းဆုံး အလယ်ပိုင်းကိုကား တရားစီရင်ခ အဖြစ် သူက ယူလိုက်လေသည်။ အမွေလုဖို့ ကြံတိုင်း မောင်နမ အားလုံး ဤ ပုံပြင်လေးကို အထူးသတိရသင့်သည်။

●

## အမွေဟူသည် အလကားရခြင်း

စဉ်းစားကြည့်လျှင် အမွေဟူသည် အလကားရသော ပစ္စည်း ဥစ္စာ ဖြစ်သည်။ အမြတ်ချည်းသာ၊ အရှုံးဟူ၍ မရှိပေ။ ဤအချက်ကို မမေ့သင့်၊ အလကားရသော နွားကို သွားဖြဲကြည့်ကြသောကြောင့် အမွေမှုများ တောင်ပုံရာပုံ ဖြစ်နေခြင်းပင်။ အလကားရလျှင် နည်းနည်းများများ ဝမ်းသာရမည်သာ၊ ဝမ်းမနည်းသင့်။

ထိုအချက်နှင့် ပတ်သက်၍ ခရောင်းလမ်းကို ဖြတ်ကျော်ခြင်း စာအုပ်ထဲက ပုံပြင်လေး တစ်ပုဒ်ကို ထပ်မံတင်ပြဦးမည်။ ကုန်သည်တစ်စုသည် နေဝင်သည်နှင့် သဲကန္တာရတစ်ခုကို မြင်းဖြင့် အပြင်းနှင်ပြီး ကျော်ဖြတ် နေကြသည်။ သဲကန္တာရသည် ကျယ်လွန်းသောကြောင့် မိုးလင်းမှသာ သဲကန္တာရမှ လွတ်မြောက်မည်ဖြစ်သည်။

အကယ်၍ လမ်းမှားပြီး မိုးလင်းသည်အထိ ကန္တာရကို မဖြတ်နိုင်လျှင် သေဖို့ရာများသည်။ အကြောင်းကား ထို သဲကန္တာရကို နေ့ခင်းဖြတ်လျှင် အပူဒဏ်ဖြင့် သေနိုင်သောကြောင့်တည်း။ ကုန်သည်တစ်စု မြင်းများကို ဒုန်းစိုင်း မောင်းနေရင်းဖြင့် -

"ရပ်လိုက်ကြ" ဟူသော အသံကြီး တစ်သံကို ကြားလိုက်ရ၏။ အသံ၏ မာန်ပါလွန်းမှုကြောင့် အားလုံး မြင်းကို ဇက်သတ်ပြီး ရပ်လိုက်ကြသည်။

ထိုအချိန်မှာပင် အသံကြီးက ဆက်လက်ထွက်ပေါ်လာသည်။ "သင်တို့အောက်က ကျောက်ခဲများကို ကုန်းကောက်ကြ"

အားလုံး လက်တစ်ဆုပ်စီကုန်းကောက်ကြသည်။

"ကောက်ပြီးရင် ဆက်ထွက်ကြ" ဟူသော အသံဆုံးသည်နှင့် မြင်းပေါ်တတ်ပြီး အမြန်ပြေးထွက်ကြသည်။

နံနက်လင်းသည်နှင့် သဲကန္တာရအပြင်သို့ ရောက်ကြသည်။ အလင်းရောင် လာသည်နှင့် လက်ထဲမှာ ဆုပ်ယူလာသော ကျောက်ခဲ့လေးများကို ဖြေကြည့်လိုက်သော အခါ စိန်တုံးလေးများ ဖြစ်နေသည်။ မည်မျှ ဝမ်းသာစရာ၊ ပျော်စရာ ကောင်းလိုက်ပါသနည်း။ စိန်တုံး လက်တစ်ဆုပ်စီ အလကားရကြသည် မဟုတ်ပါလော။

●

## ဝမ်းသာစရာကို ဝမ်းနည်းကြသူများ

ထိုသူတွေကား မြန်မာလူမျိုးတွေဖြစ်မည် ထင်၏။ ဝမ်းမသာကြ၊ မပျော်ကြ၊ ဝမ်းနည်းပြီး စိတ်ဆင်းရဲကြသည်။ အကြောင်းကား လက်တစ်ဆုပ်စာ ထက်ပိုပြီး မယူခဲ့မိကြသောကြောင့်ဟူ၏။ ထို့ကြောင့် ဗုဒ္ဓက... သန္တုဋ္ဌိ ပရမံ ဓနံ

"ရောင့်ရဲခြင်းသည် အမြတ်ဆုံးဉစ္စာ"

ဟု ဟောခဲ့ခြင်း ဖြစ်ပေလိမ့်မည်။ မိမိလုပ်အားဖြင့် ရှာရသော ဉစ္စာကို မရောင့်ရဲနိုင်လျှင် နေပါစေ။ အလကားရသော မိဘအမွေဉစ္စာ အပေါ်ကား ရောင့်ရဲသင့်ပါ၏။ ဥတေနမင်း၏ တောင်ညာစံ ဒေဝီမိဖုရား ဖြစ်လာမည့် သာမာဝတီသည် ကောသမ္ဘီပြည်မှ ဃောသကသူဌေးကြီး၏ မွေးစားသမီး ဖြစ်လာခဲ့သည်။ ဃောသက သူဌေးကြီး၏ စိတ်ဝင်စားဖွယ်ရာ ကောင်းလှသော အတိတ်ဘဝက အကုသိုလ်နှင့် ကုသိုလ်များကို ဆက်၍ ဖော်ပြအံ့။

အကုသိုလ် မှန်သမျှသည် အပြစ်နှင့် တကွ မကောင်းကျိုးကိုသာ ပေးတတ်၏။ ထို့ကြောင့် သူတစ်ပါး ဆင်းရဲစေမည့် အလုပ်ဆိုလျှင် သေးသေး ကြီးကြီး မလုပ်သင့်ပေ။ အလ္လကပ္ပတိုင်း၌ အဇတ်ဘေးကြီး ဆိုက်ရောက်သဖြင့်

ကောတုပာလိက အမည်ရှိသော အမျိုးသားတစ်ယောက်သည် သားနှင့် ဇနီးကို ခေါ်၍ ကောသမ္ဗီပြည်ဘက်သို့ ထွက်ပြေးလာကြ၏။

လမ်းခုလတ်တွင် ရိက္ခာပြတ်သွားသည်။ အစာမစားရသဖြင့် အားပြတ်နေသောအခါ လင်သားသည် ကလေးကို ဆက်မသယ်ချင်တော့ လမ်းတွင် စွန့်ပစ်ရန် ဇနီးသည်ကို စည်းရုံး၏။ ဇနီးသည်က လက်မခံ။ ထို့ကြောင့် တစ်ယောက် တစ်နာရီခန့်စီ အလှည့်ကျ ချီကြ၏။ ဖခင်သည် သူ့အလှည့် ရောက်သောအခါ ဇနီးကို ရှေ့ကသွားစေပြီး ဇနီး သတိမထားမိသည့် အချိန် ကလေးကို ခြုံပုတ်တစ်ခုအတွင်းတွင် စွန့်ပစ်ခဲ့၏။

အချိန်ကျ၍ ကလေးကို မေးသောအခါ ခြုံပုတ်ထဲတွင် စွန့်ပစ်ခဲ့ပြီ ဖြစ်ကြောင်း ပြောလိုက်ရာ၊ သားငယ် မပါလျှင် သူ့အသက်ပါ အသေခံတော့မည်ဟု တင်းလိုက်တော့မှ၊ ဖခင်ဖြစ်သူသည် သားငယ်ကို ပြန်ယူပေးသည်။ သူသည် သားငယ်ကို တစ်ခါသာ စွန့်ပစ်ခဲ့သောလည်း သူ့အလှည့် ရောက်သောအခါ အကြိမ်များစွာ စွန့်ပစ်ခံရပေလိမ့်မည်။

မကောင်းမှု လုပ်မိခြင်းသည် အတိုးဖြင့် ပိုက်ဆံချေးသည်နှင့်တူ၏။ ရက်ကြာလေ အတိုးတက်လေ ဖြစ်သကဲ့သို့ ဘဝကြာလေ ပေးဆပ်ရသော အကုသိုလ်က ပိုကြီးလေဖြစ်၏။ ထို့ကြောင့် မကောင်းမှု အကုသိုလ်ဆိုလျှင် နှုတ်ဖြင့် ပြော၊ ကိုယ်ဖြင့်ပြုဖို့ဝေး၍ စိတ်ဖြင့်ပင် မကြံစည်သင့်ပေ။

အစဉ်အတိုင်း လာကြရာ နွားကျောင်းသား တစ်ယောက် ပိုင်ဆိုင်သော အိမ်သို့ရောက်ကြ၏။ နွားကျောင်းသား ဆိုသော်လည်း ကိုယ်ပိုင်နွား များစွာရှိ၏။ နွားမွေးစားသူဟု ဆိုနိုင်၏။ ထိုနေ့တွင် နို့ညှစ်နွားမ တစ်ကောင်ကို အကြောင်းပြု၍ နေ့စဉ်ကြွသော ပစ္စေကဗုဒ္ဓါတစ်ပါးကို ဆွမ်းကျွေးနေ၏။ အကြောင်းစုံ

သိသွားသော နွားကျောင်းသားက သနားသဖြင့် ထောပတ်နှင့် နို့ယနာ များစွာကိုကျွေး၏။

အမျိုးသားသည် ဆာလောင် မွတ်သိပ်လွန်းလှသဖြင့် အတိုင်းအဆ မရှိအောင် နို့ယနာတို့ကို စားသောက်၏။ နွားကျောင်းသားသည် ဧည့်သည်တို့ကို ကျွေးပြီး နောက်ဆုံးမှ သူစား၏။ သူစားပြီးသောအခါ ခုတင်အောက်တွင် အိပ်နေသော ခွေးမကိုလည်း နို့ယနာကိုပင် ကျွေး၏။ ထိုဖြစ်အင်ကို ကြည့် နေသော အမျိုးသားသည် ခွေးမကို အားကျသွား၏။ ခွေးဖြစ်သော်လည်း နို့ယနာခဲကို နေ့စဉ်စားနေရသည်မှာ ဘုန်းကံကြီးပေစွဟု နှစ်သက်မိ၏။

အမျိုးသားသည် ထိုညမှာပင် စားပိုးနှင့် ရောဂါနှင့်သေ၏။ သူ့ဇနီးသည် ထိုအိမ်မှာပင်နေပြီး အလုပ်လုပ်၏။ လုပ်ခရသော ဆန်တစ်စလယ်ကို ချက်ပြီး ကြွနေကျ ပစ္စေကဗုဒ္ဓါအား ဆွမ်းလှူ၏။ ဤအလှူအကျိုးကို ကွယ်လွန်သော ခင်ပွန်းရပါစေဟု ဆုတောင်း၏။ သေခါနီးတွင်း ခွေးမဘဝကို အားကျစိတ် (လောဘ) ဝင်သွားသောကြောင့်၊ ထိုခွေးမ၏ ဝမ်းမှာ သန္ဓေတည်ရလေ၏။ ဤနေရာ၌ သင်ခန်းစာနှစ်ခု ထုတ်ယူသင့်၏။ ပထမသင်ခန်းစာမှာ အစာကို လွန်ကျူးအောင် မစားသင့်ခြင်းပင်ဖြစ်၏။

ကောသလမင်းကြီးသည် ထမင်းတစ်ခါစားလျှင် လေးပြည်ချက်ကုန်၏။ ထို့ကြောင့် သူ့ခန္ဓာကိုယ်ကြီးသည် ကြည့်၍ မကောင်းအောင် ဝနေ၏။ ဘုရားရှင် တရားကို နာလျှင် တရားတစ်ဝက်မကျခင် အိပ်ငိုက်နေတတ်၏။ အမြဲတမ်းလည်း လေးကန် ထိုင်းမှိုင်းနေ၏။ ထို့ကြောင့် ဗုဒ္ဓက အစားနှင့် ပတ်သတ်သော ဂါထာတစ်ဂါထာကို ဟောကြားတော်မူ၏။ ဂါထာ..

မနုဇဿ သဒါ သတိမတော၊

မတ္တံ့ ဈာနတော လဒ္ဓဘောဇနံ။

တနုကာဿ ဘဝန္တိ ဝေဒနာ၊

သဏ္ဍိကံဇီရတိ အာယုပါလကံ။ ဟူ၍ ဖြစ်၏ အဓိပ္ပာယ်မှာ...

●

## များများစားခြင်းအပြစ်၊ လျှော့စားခြင်းအကျိုး

အတိုင်းအဆမရှိဘဲ အစားကြီးသော သူများသည် ရောဂါများသည်။ အရွယ်ကျပြီး အိုစာလွယ်သည်။ အသက်တိုသည်၊ အတိုင်း အရှည်ကို သိ၍ ချင့်ချိန် စားသူသည် ရောဂါ ဖြစ်ခဲသည်။ အရွယ်တင်သည်၊ အသက်ရှည်သည် ဟူ၍ ဖြစ်၏။

ဤဒေသနာကို နာရသော အခါတွင်မှ ကောသလမင်းကြီးသည် တစ်နပ် လေးပြည်ချက်စားနေကျမှ တစ်ပြည်ချက်သို့ လျှော့လိုက်သောဟူ၏။ အစာစားဖို့ အသက်ရှင်ခြင်း မဟုတ်၊ အသက်ရှင်ဖို့ အစာစားဖြင်းကို ဘယ်သောအခါမှ မမေ့အပ်။ ဖော်ပြပါ အမျိုးသားသည် အစာစားဖို့ အသက်ရှင်တာဟူသော ယူဆချက်ကြောင့် လိုတာထက် ပိုစားမိကာ သေပွဲဝင်ခဲ့ရခြင်းဖြစ်၏။

ဒုတိယ သင်ခန်းစာမှာ အလိုလောဘကြီးခြင်းပင် ဖြစ်၏။ ပြိတ္တာ ဖြစ်ရခြင်း၊ အဇတ်ဘေး ဆိုက်ရခြင်း၊ ကမ္ဘာကြီးမီးလောင် ပျက်စီးရခြင်းသည် လောဘဓာတ်ကြောင့်ပင်ဖြစ်၏။ ထို့ကြောင့် သစ္စာလေးပါးတွင် လောဘကို သမုဒယ သစ္စာနေရာမှ ထားပြီး ပယ်သတ်ဖို့ ဗုဒ္ဓက ဟောကြားခြင်းဖြစ်၏။ မည်သို့ ပယ်သတ်မည်နည်း။

ဒါနပြုခြင်း၊ ဓုတင် ဆောက်တည်ခြင်း၊ အသုဘဘာဝနာ ပွားခြင်း၊ ဝိပဿနာ ရှုမှတ်ခြင်းတို့ဖြင့် ပယ်သတ်ရ၏။ ငွေတစ်ထောင်ကို လှူသည်ဟု ဆိုလျှင် ထိုငွေတစ်ထောင်အပေါ် တပ်မက်သော တဏှာကို ဦးစွာ ပယ်သတ်ရ၏။ သို့မှသာ လှူနိုင်၏။ ထို့ကြောင့် ဒါနပြုခြင်းသည် လှူဖွယ်ဝတ္ထုအပေါ် တပ်မက်သော လောဘကို ပယ်သတ်ခြင်းဖြစ်၏။

ဓုတင်၏ အဓိပ္ပါယ်ကိုက လောဘကိလေသာကို ခါတွက်ခြင်း၊ ခါထုတ်ခြင်းဟူ၍ ဖြစ်၏။ ပတ္တပိဏ်ဓုတင်ဟူသည် ဆွမ်း ခွက်တစ်ခွက်တည်း အသုံးပြု၍ ဟင်းမျိုးစုံဖြင့် နယ်ဖတ်စားခြင်းဖြစ်၏။ ဟင်းသုံးခွက်၊ ထမင်းခွက် တစ်ခွက် စုစုပေါင်း လေးခွက်ဆိုလျှင် လောဘ လေးမျိုးဖြစ်၏။ ထမင်းခွက် တစ်ခွက်တည်း ပေါင်းစားလိုက်မည် ဆိုလျှင် ခွက်သုံးခွက်လျှော့သွား၏။ ခွက်သုံးခွက် လျှော့လိုက်ခြင်းသည် လောဘသုံးမျိုးကို လျှော့လိုက်ခြင်းပဲဖြစ်၏။

ကျင်ကြီး၊ ကျင်ငယ် စွန့်သည့်အခါ ကိုယ်၏ ရွံစရာကောင်းပုံ၊ မတင့်တယ် ပုံများကို ရှုပေးလျှင် ခန္ဓာပေါ် တပ်မက်သော လောဘစိတ်များ တဖြည်းဖြည်းနှင့် ပါးလာ၏။ ခန္ဓာဟူသည် အပေါင်းအစုဟု အဓိပ္ပာယ်ရ၏။ ထိုအပေါင်းအစုသည် ငါးမျိုး ရှိ၏။

ရူပက္ခန္ဓာ = ဖောက်ပြန်သော သဘောတရားအစု

ဝေဒနာက္ခန္ဓာ = ခံစားသော သဘောတရားအစု

သညာက္ခန္ဓာ = မှတ်သားသော သဘောတရားအစု

သင်္ခါရက္ခန္ဓာ = တိုက်တွန်းနှိုးဆော်သော သဘောတရားအစု

ဝိညာဏက္ခန္ဓာ = သိတတ်သော သဘောတရားအစု

(၁၁) မျိုးသော သဘောတရားများကို ပေါင်းစုထားကြောင်း - အတီနာနာဂတပစ္စုပ္ပန္နံ၊ အဇ္ဈတ္တံဝါ၊ ဗဟိဒ္ဓါဝါ၊ ဩဠာရိကံဝါ၊ သုခုမံဝါ၊ ဟီဏံဝါ၊ ပဏီတံဝါ၊ ဒူရေသန္တိကေဝါ ဟူ၍ အနတ္တလက္ခဏာသုတ်တွင် ဖွင့်ပြ၏။

ထို့ကြောင့်....

အတိတ်ရုပ်

အနာဂတ်ရုပ်

ပစ္စုန်ပ္ပန်ရုပ်

အပြင်ရုပ်

ကြမ်းတမ်းသောရုပ်

နူးညံ့သောရုပ်

မြင့်မြတ်သောရုပ်

ယုတ်နိမ့်သောရုပ်

ဝေးသောရုပ်

နီးသောရုပ်

စုစုပေါင်း ရုပ်အမျိုးအစား (၁၁) မျိုးကို ပေါင်းစပ်ထားခြင်းကို ရူပက္ခန္ဓာ ဟု သိအပ်၏။ ထို့အတူ ဝေဒနာ (၁၁) မျိုး၊ သညာ (၁၁) မျိုး၊ သင်္ခါရ (၁၁) မျိုး၊

ဝိညာဏ် (၁၁) မျိုး၊ ပေါင်းစပ်ထားခြင်းကို ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိဉာဏက္ခန္ဓ ဟု ခေါ်ကြောင်းသိအပ်၏။

●

## မင်္ဂလေးပါးက လောဘကို ပယ်သတ်ပုံ

ထိုခန္ဓာငါးပါး၏ မမြဲခြင်း၊ ဆင်းရဲခြင်း၊ အစိုးမရခြင်း တစ်ခုခုကို ရှုပွားတိုင်း ခန္ဓာမှာ တပ်မက်သော တဏှာလောဘကို တဒင်္ဂသတ်ပြီးသား ဖြစ်၏။ သဘာဝဖြင့် ကြည့်လိုက်ပါက သောတာပတ္တိမင်္ဂကို ရလျှင် လူ့ဘုံ၊ နတ်ဘုံ၌ ဘဝပေါင်း မရေနိုင်၊ မတွက်နိုင်အောင် ကျင်လည်ချင်သော လောဘကို သတ်ပြီးသားဖြစ်၏။ ထို့ကြောင့် သောတပန်တည်လျှင် လူ့ဘုံနတ်ဘုံ၌ အများဆုံး ခုနစ်ဘဝသာ နေတော့ခြင်းဖြစ်၏။

သကဒါဂါမိမင်္ဂကို ရလျှင် လူ့ဘုံနတ်ဘုံ၌ ခုနစ်ဘဝ ကျင်လည်ချင်သော လောဘကိုပါ ပယ်သတ်လိုက် တော့သည်။ သကဒါဂါမ်သည် လူ့ဘုံ နတ်ပုံ၌ တစ်ဘဝသာ နေတော့သည်။ အနာဂါမိမင်္ဂသည် လူ့ဘုံ၊ နတ်ဘုံ၌ တစ်ဘဝ ကျင်လည်ချင်သော လောဘကို ပယ်သတ်ပစ်လိုက်သည်။ အနာဂါမ်ဖြစ်သည်နှင့် လူ့ဘုံနတ်ဘုံသို့ ပြန်မလာတော့ပေ။

သို့သော် ဗြဟ္မာ့ဘုံမှာ ဖြစ်ချင်သော လောဘကား ကျန်သေးသည်။ ထိုဗြဟ္မာ့ဘုံမှာ ဖြစ်ချင်သော လောဘကို အရဟတ္တမင်္ဂက ပယ်သတ်ပစ် လိုက်သည်။ ထို့ကြောင့် ရဟန္တာ ဖြစ်သွားလျှင် (၃၁) ဘုံမှ လွတ်သွားခြင်း

ဖြစ်သည်။ ဤကား ဝိပဿနာမှ တစ်ဆင့် မင်္ဂလေးမင်္ဂက လောဘကို လေးပိုင်းပိုင်း ပယ်သတ်ပုံကို ထင်သာ အောင်ပြခြင်းတည်း။

ယောသကသူဌေး အလောင်းသည် လောဘကြောင့် ခွေးမဝမ်းတွင် သန္ဓေ တည်ခဲ့ရပြီး တစ်ကောင်တည်းသော ခွေးအဖြစ် မွေးဖွားလာ၏။ နွား ကျောင်းသားသည် ခွေးငယ်ကို ချစ်သောကြောင့် နွားမတစ်ကောင်မှ ထွက်သော နို့ရည်ကို နေ့စဉ်တိုက်၏။ ပစ္စေကဗုဒ္ဓါသည် ထိုအိမ်သို့ နေ့စဉ် ဆွမ်းစား ကြွရာ ထိုခွေးလေးကို ဟင်းဖြင့် နယ်ထား သောဆွမ်းတစ်ဆုပ် နေ့စဉ် ကျွေး၏။

ထို့ကြောင့်လည်း ခွေးငယ်သည် ပစ္စေကဗုဒ္ဓါအပေါ် ရင်းနှီး ချစ်ခင် လေ၏။ နွားကျောင်းသားသည် မထေရ်ကို ဆွမ်းပင့်တိုင်း မြွေပါး၊ ကင်းပါး ကင်းရှင်းစေရန် ခြုံပုတ်များ တွေလျှင် တုတ်နှင့် ရိုက်ပြီး အသံ ကျယ်ကျယ်ဟစ်၏။ အော်ငေါက်၏။ အတူလိုက်ပါသွားသော ခွေးလေးသည် သခင်၏ အမူအရာကို သေချာမှတ်ထား၏။

●

## ဆွမ်းစားပင့်သော ခွေးလေး

နွားကျောင်းသားက သူလာမပင့်နိုင်သော အခါတွင် ခွေးလေးက သူ့ကိုယ်စား လာပင့်မည် ဖြစ်ကြောင်း နွားကျောင်းသားက မထေရ်မြတ်အား ကြိုတင်လျှောက်ထား၏။ တစ်ခါတစ်ရံ အလုပ်များ ချိန်တွင် နွားကျောင်း သားသည် မထေရ်မြတ်ကို သွားပင့်ဖို့ ခွေးလေးအား လွှတ်၏။

နွားကျောင်းသား၏ စကားတစ်ခွန်းနှင့်ပင် ခွေးလေးသည် မထေရ်မြတ်ကျောင်းသို့ ရောက်အောင် သွား၏။ သူ့သခင် အော်ဟစ် ခြောက်လှန့်သော မြုံပုတ်နေရာများသို့ ရောက်လျှင် သူက အသံကျယ်ကျယ်ဖြင့် ဟောင်၏။ မထေရ်မြတ် ကျောင်းရှေ့ ရောက်သောအခါ သုံးကြိမ်သုံးခါ ဟောင်ပြီး မြေပြင်မှာ ဝပ်ခါ စောင့်နေ၏။

မထေရ်မြတ်က သင်္ကန်းရုံပြီး ကြွလာလျှင် ခွေးလေးက ရှေ့မှ ဦးဆောင်ပြီး လမ်းပြ၏။ မထေရ်မြတ်က ခွေးလေးစိတ်ကို အကဲခတ် ကြည့်ချင်သောကြောင့် လမ်းလွှဲပြီး ကြွသွားလျှင် ခွေးလေးသည် မထေရ်မြတ်၏ ရှေ့တက်ပြီး ဟောင်ခြင်း၊ အူခြင်းပြုကာ လမ်းမှန်ပေါ်သို့ ပြန်တက်စေ၏။ မထေရ်မြတ် လမ်းမှန်ပေါ် ရောက်မှ ခွေးလေးက ရှေ့က သွား၏။

တစ်ခါတွင် လည်း မထေရ်မြတ်က မသိကျိုးကျွန်ပြု၍ လမ်းမှားသို့ ထွက်သွား သောအခါ ခွေးလေးသည် မထေရ်မြတ်ရှေ့ ကျောက်တက်ပြီး ကန့်လန့် ရပ်ကာ ဟောင်တော့၏။ မထေရ်မြတ်က ခွေးဘယ်လို ဆက်လုပ်မလဲ သိလိုသောကြောင့် ခွေးလေးကို ခြေဖြင့် တွန်းဖယ်ပြီးလျှင် လမ်းမှားအတိုင်း ဆက်ကြွ၏။ ထိုအခါခွေးလေးသည် မထေရ်မြတ်၏ ခါးဝတ်သင်းပိုင်ကို အောက်မှ ကိုက်ဆွဲကာ လမ်းမှန်သို့ ရောက်အောင် ဖွတ်ပင် ဆွဲခေါ်ပေးလေ၏။

တစ်ခါတွင် မထေရ်မြတ်၏ သင်္ကန်းသည် ဟောင်းနွမ်း ဆွေးမြေ့သွား၏။ ထို့ကြောင့် နွားကျောင်းသားက သင်္ကန်းချုပ် ဝတ်ရန် အဝတ်စများကို လှူ၏။ ထိုအချိန် ယခုခေတ်လို သင်္ကန်းချုပ်ပြီးသားများ မရှိချေ။

သင်္ကန်းတစ်စုံ ဖြင့်အောင်ချုပ်ဖို့ အချိန်အများကြီးပေးရ၏။ မထေရ်မြတ်များမှာ ကိုယ်တိုင်အပ်၊ အပ်ချည်ဖြင့် ချုပ်ကြရသည်။ ချုပ်ပြီးသောအခါ ရဟန်းတို့နှင့် အပ်စပ်သော အရောင်ဖြစ်အောင် များသောအားဖြင့် ပိန္နဲခေါက်များဖြင့် ဆိုးကြရသည်။

ပိန္နဲခေါက်ကို ပြုတ်ပြီး ရလာသော ဆေးရည်ဖြင့် ဆိုးရခြင်းဖြစ်သည်။ ထို့ကြောင့် မထေရ်မြတ်က သင်္ကန်းဝိုင်းကူချုပ်ပေးမည့် မထေရ်မြတ်များ ရှိရာသို့ ကြွမည်ဖြစ်ကြောင်း ပြောကြား၏။

နွားကျောင်းသားကလည်း အခြားအရပ်၌ ကြာကြာ မနေစေချင်ပါကြောင်း လျှောက်၏။ မထေရ်မြတ်နှင့် နွားကျောင်းသား စကားပြောနေသည်ကို ခွေးလေးသည် ဘေးမှ နားထောင်ပြီး စိတ်မကောင်းဖြစ်နေ၏။

●

## နတ်ပြည်ရောက်တဲ့ခွေးလေး

မထေရ်မြတ်သည် သူ့ကို ထားခဲ့တော့မည်ဟု အလိုလို သိနေ၏။ မထေရ်မြတ်သည် ကျောင်းသို့ လိုက်ပို့သော နွားကျောင်းသားနှင့် ခွေးလေးကို နေရစ်ခဲ့ကြပေတော့ဟု ပြောပြီးလျှင် ကောင်းကင်သို့ ပြန်တက်ကာ ပစ္စေကဗုဒ္ဓါ အဖော်များရှိသော ဂန္ဓမာဒန တောင်သို့ ကြွသွားလေ၏။

နွားကျောင်းသားမှာ မည်သို့မျှ မဖြစ်သော်လည်း မထေရ်မြတ်အပေါ် အလွန်တစ်ရာ ချစ်ကြည်ညိုနေသည့် ခွေးလေးမှာ မထေရ်မြတ်ကို မျက်စေ့ တစ်ဆုံး လိုက်ကြည့်ရင်း မျက်ရည်တွေတွေ ကျနေရှာ၏။ မထေရ်မြတ် ကောင်းကင် ပေါ်တွင် ပျောက်သွားသည်နှင့် ခွေးလေးမှာ ရင်ကွဲနာကျကာ ဆုံးရှာ၏။

ရင်ကွဲနာကျသော ဒဏ်ကြောင့် သေရခြင်း ဖြစ်သော်လည်း စုတိတ် ကျခါနီးတွင် မထေရ်မြတ်အပေါ် ကြည်ညိုစိတ်က ထက်သန်သွားသောကြောင့် လူ့သက်ဖြင့် နှစ်ပေါင်းသုံးကုဋေနှင့် အနှစ်ခြောက်သန်း အသက်ရှည်သည့် တာဝတိံသာ နတ်ဘုံသို့ ရောက်ခဲ့ရသည်။ ဓမ္မပဒအဋ္ဌကထာတွင်ကား လူက ဟန်ဆောင် ကောက်ကျစ်တတ်သည်။ တိရစ္ဆာန်က ဟန်မဆောင်တတ်၊ ဖြောင့်မတ်သော စိတ်ရှိသည်။ ထိုဖြောင့်မတ်သော စိတ်က နတ်ပြည်သို့ ပို့ပေးကြောင့် ဖွင့်ပြသည်။

နတ်ပြည်သို့ ရောက်သောအခါ အချင်းချင်း တိုးတိုးပြောသော သူ၏ စကားသံသည် ၁၆ ယူဇနာအရပ်က ကြားရသည်။ ပကတိပြောသော စကားသံကိုကား ယူဇနာတစ်သောင်း ကျယ်သော နတ်ပြည် တစ်ပြည်လုံးက ကြားရ၏။ ထို့ကြောင့် ယောသက - အသံအောင်သော၊ အသံကျယ်သော နတ်သားဟု ခေါ်ကြ၏။ ဤအကျိုးကား ပစ္စေကဗုဒ္ဓါနှင့် ပတ်သက်၍ ပေါင်ခဲ့၊ အူခဲ့သော ကုသိုလ်ကြောင့်ပင်တည်း။

နတ်ပြည်တွင် အသက်ကုန်ခြင်းကြောင့် လည်းကောင်း၊ ကောင်းမှုကံ ကုန်ခြင်းကြောင့် လည်းကောင်း၊ အာဟာရကုန်ခြင်း (စားချိန်မှာ မစားမိခြင်း) အမျက်ထွက်ခြင်းကြောင့် လည်းကောင်း၊ သေလွန်တတ်ကုန်၏။ ယောသက နတ်သားကား နတ်သြဇာ စားချိန်မှာ မစားသည့်အတွက် နတ်ပြည်က ကွယ်လွန်ခဲ့ရသည်။

●

## အမှိုက်ပုံထဲက ကလေးငယ်

နတ်ပြည်မှ သေလွန်ခဲ့ပြီးသော် ကောသမ္ဗီပြည်ဝယ် ပြည့်တန်ဆာမ တစ်ဦး၏ ဝမ်းတွင် သန္ဓေယူ၏ သားဖြစ်ခြင်းကြောင့် ဇန်းတွင် ထည်ပြီး အမှိုက်ပုံထဲ ပစ်ချခိုင်းလိုက်၏။ ထိုခေတ်က ပြည့်တန်ဆာများသည် မိန်းကလေး မွေးလျှင်ကား သူ့လုပ်ငန်းကို ဆက်ခံနိုင်သောကြောင့် ကျွေးမွေးစောင့်ရှောက်၏။ သားမွေးလျှင်ကား ထိုသို့ပင် စွန့်ပစ်တတ်ကြ၏။

အမှိုက်ပုံ အလယ်တွင် ရောက်နေသော သူငယ်ကို ခွေးများနှင့် ကျီးများမှာ ကိုက်မစားရဲ၊ ထိုးမစားရဲဘဲ ဘေးမှသာ ဝိုင်းရံ၍ ကြည့်နေကြ၏။ မထေရ်မြတ် အန္တရာယ် ကင်းအောင် လမ်းတစ် လျှောက်ဟောင်ခဲ့၊ အူခဲ့သော ကုသိုလ်ကြောင်းပင်ဖြစ်၏။ ထိုခဏ၌ လူတစ်ယောက် ရောက်လာပြီး ကလေးကို တွေ့သောအခါ သားကဲ့သို့ ချစ်ခြင်း၊ မေတ္တာပေါ်လာသောကြောင့် ယူဆောင် သွား၏။

ထိုနေ့က ကောသမ္ဗီသူဌေးကြီးသည် မင်းနန်းတော်သို့ အတက်တွင် နန်းတော်မှ ဆင်းလာသော ပရောဟိတ်ကြီးနှင့် တွေ့၍ ဆွေးနွေး မေးမြန်း၏။

"ပုရောဟိတ်ကြီး ယနေ့ဖြစ်မည့် အတိတ်နိမိတ် နက္ခတ်တို့ကို ကြည့်ရှုဆင်ခြင် ဖြစ်ပါသလော"

"ကြည့်ရင်းဆင်ခြင် ဖြစ်ပါသည်"

"အဘယ်ကဲ့သို့သော ထူးခြားချက်ကို တွေ့မြင်ပါသလဲ"

"ယနေ့ မွေးဖွားသော သူငယ်သည် ဤကောသမ္ဗီပြည်၌ အကြီးဆုံး သူဌေးကြီး ဖြစ်မည်ကို တွေ့မြင်ရပါသည်"

ထိုစကားကို သိရသည်နှင့် သူဌေးကြီးသည် နေ့စေ့လစေ့ ဖြစ်နေသော သူ၏ သူဌေးကတော်ကြီး မွေးပြီး၊ မမွေးပြီးကို သွားရောက် စုံစမ်းခိုင်း၏ ယနေ့ မမွေးသေး ဟူသော သတင်းကို သိရသည်နှင့် သူဌေးကြီးသည် ကြီးကျယ်သော၊ ကောက်ကျစ်သော စီမံချက်ကို ချတော့သည်။ နန်းတော်မှ အိမ်ပြန် ရောက်သည်နှင့် ကာဠီမည်သော ကျွန်မအား ငွေတစ်ထောင်ပေး၍ ယနေ့ မွေးသော ကလေးငယ်ကို ဝယ်ခိုင်းလိုက်၏။

ကျွန်မလည်း စုံစမ်းရင်းဖြင့် အမှိုက်ပုံမှ ရခဲ့သော ကလေးငယ်ကို တွေ့သောအခါ အသပြာ တစ်ထောင်ပေး၍ ဝယ်ယူခဲ့တော့၏ ထိုခေတ်က အသပြာ တစ်ထောင်သည် ယခုခေတ် သိန်းတစ်ရာမက တန်ပါလိမ့်မည်။ ထို့ကြောင့်လည်း ကောက်ရသူသည် ပြန်ရောင်းလိုက်ခြင်း ဖြစ်ပေလိမ့်မည်။ သူဌေးကြီးသည် ကလေးငယ်ကို ရည်ရွယ်ချက်နှစ်ခုဖြင့် မွေးမြူထားလိုက်၏။

ပထမရည်ရွယ်ချက်မှာ သူ့ဇနီးမှ သားမွေးလျှင် ဤကလေးကို သတ်ပစ်မည်။ ဒါမှ သူ့သားသည် အနှောင့်အယှက်ကင်းစွာဖြင့် သူဌေးကြီး

ဖြစ်မည်ဟု ယူဆထားသောကြောင့်ပင် ဖြစ်၏။ ရွှေစက်တော် ဆရာတော် ရေးသားသော ဖေါ်ပြပါကဗျာလေးကို အမှတ်ရမိ၏။

**အတ္တဆန်သော ဤလောက**

လူဆိုသည်မှာ အတ္တသမား

ကိုယ့်အတွက်တော့ တစ်ကွက်ထား

သူများမှာတာ မြင်ပါရင်

မေးငေါ့မဲ့ရွဲ့ အပြစ်တင်

ကိုယ့်မှာပင် မှားပြန်က

ဖုံးလိုက်ဖိလိုက်ကြ

အတ္တဆန်သော ဤလောက

အံ့သြဖွယ်ရှိစွ။

(ရွှေစက်တော်ဆရာတော်)

နောက်နှစ်ရက်သုံးရက် ကြာသောအခါ သူဌေးကတော်သည် သားယောကျ်ားလေး တစ်ယောက်ကို မွေးလေ၏ ထိုအခါ သူဌေးကြီး၏ ညဏ်နီညဏ်နက်တို့သည် ပေါ်လာပေပြီ။ ကလေးအား နွားများ နွားခြံမှ စတင်ထွက်ဆဲ အချိန်မှာ ခြံဝမှာ ချထားဖို့ အမိန့်ပေးလိုက်၏။ နွားနင်း၍ သေ၊ မသေကိုလည်း စောင့်ကြည့်ရန် မှာလိုက်၏။

ကျွန်မသည် သူဌေးကြီး မှာသည့်အတိုင်း နွားတို့စတင် ထွက်ဆဲ အချိန်မှာပင် နွားခြံဝမှာ ကလေးကို ချထားပြီး ခပ်လှမ်းလှမ်းမှ စောင့်ကြည့်နေ၏ ကံ၏ သဘောထား ဆန်းကြယ်လှ၏။ အရင်က နောက်ဆုံးမှ ထွက်နေကျ ခေါင်းဆောင် နွားလားကြီးသည် ယနေ့ကျမှ ရှေ့ဆုံးက ထွက်လာပြီး ကလေး ပေါ်တွင် ကားယားခွပြီး စောင့်ရှောက်ထားလိုက်၏။

ထွက်လာသော နွားများသည် ခေါင်းဆောင်နွားကြီးကို ရှောင်ကွင်း သွားကြသောကြောင့် အန္တရာယ်ကင်းပြီးသား ဖြစ်သွား၏။ နွားကျောင်းသားလည်း လူးခြားမှု ရှိသည်ဆိုပြီး သွားကြည့်သောအခါ ကလေးကို မြင်သွား၏ သားကဲ့သို့ ချစ်ခြင်းမျိုး ရင်တွင်ပေါ်လာသဖြင့် ကောက်ယူသွား၏။ ကျွန်မ၏ ပြောပြချက်အရ သူဌေးကြီးသည် အသပြာတစ်ထောင်ပေးပြီး ကလေးကို သွားယူခိုင်းပြန်၏။

ရလာသော ကလေးငယ်ကို လှည်းငါးရာ ဖြတ်သွားသော လှည်းဘီးရာ တည့်တည့်တွင် ချထားပြီး စောင့်ကြည့်ဖို့ တာဝန်ပေးပြန်၏။ လှည်းငါးရာသည် မိုးမလင်းခင် နံနက်လေးနာရီခန့်ကပင် စတင်မောင်း ထွက်ကြ၏။ အံ့ဩစရာ ကောင်းသည်ကား ရှေ့ဆုံးလှည်းမှ နွားများသည် ကလေးရှိရာ အရပ်သို့ ရှေ့ဆက်မသွားတော့ဘဲ ပေရပ်နေခြင်း ဖြစ်၏။

ကုန်သည်ခေါင်းဆောင်သည် နွားများကို ဆက်သွားရန် ချောလည်း ချော့၏။ ငေါက်လည်း ငေါက်၏ ရိုက်လည်း ရိုက်၏။ သို့သော် နွားများကား တုတ်တုတ်မျှ မလှုပ်ဘဲ ပေခံနေရာ မိုး စင်စင်လင်းသွား၏။ ထိုအခါကျမှ လှည်းသား ခေါင်းဆောင်သည် နွားလှည်းရှေ့သို့ ဆင်းကြည့်ရာ ကလေးကို မြင်သွား၏။ မြင်မြင်ချင်း ချစ်ခင်ပြီး သားအဖြစ် မွေးစားရန် ကောက်ချီသွားလေ၏။

သူဌေးကြီးသည် အကြောင်းစုံ သိရသည်နှင့် ငွေတစ်ထောင် ပေးပြီး ကလေးကို ရယူခိုင်းပြန်၏။ တတိယ အကြိမ်မြောက်တွင်ကား သူဌေးကြီးသည်

သုသာန်ထဲမှာ ချုံပုတ်ထဲ သွားပစ်ခိုင်းပြန်၏။ သူ၏ အကြံမှာ ခွေးများ၊ ဘီလူးများ စားသွားရန် ဖြစ်၏။ သို့သော် ကလေးအနားသို့ ခွေးသော် လည်းကောင်း၊ ဘီလူးသော် လည်းကောင်း ကပ်ခွင့်မရချေ။

ပစ္စေကဗုဒ္ဓါကြွရာ လမ်းတစ်လျှောက် အန္တရာယ် ကင်းရန် ချုံပုတ်တွေတိုင်း ဟောင်ခဲ့သော ကုသိုလ်က ယခုလိုဘေး မရောက်အောင် စောင့်ရှောက်ပေးနေခြင်းပင် ဖြစ်၏။ သုသာန်ထဲတွင် အမှောင်ပျောက်၍ အလင်းရောက်ခဲ့လေပြီ။ ကလေးကား မည်သည့် အန္တရာယ်မှ မရှိသေးပေ။ ထိုအချိန်မှာပင် ဆိတ်ကျောင်းသား တစ်ယောက် ဆိတ်များစွာကို ကျောင်းရင် သုသာန်ကို ဖြတ်သွား၏။

ဆိတ်မ တစ်ကောင်သည် သစ်ရွက်တို့ကို စားရင်း ကလေးကို ပစ်ချထားသော ချုံပုတ်အတွင်းသို့ ဝင်လေ၏ ဆိတ်မ တော်တော်နှင့် ပြန်ထွက်မလာသောအခါ ဆိတ်ကျောင်းသားသည် အသံပြုကာ မောင်းထုတ်၏။ သို့သော် ဆိတ်မကား ထွက်မလာ။ ထို့ကြောင့် ရိုက်ပုတ် ထုတ်အံ့ဟု အကြံဖြင့် နှင်တံကိုကိုင်ပြီး ချုံပုတ်ကြီးထဲ ဝင်ကြည့်လေ၏။

အံ့သြစရာ ကောင်းပေစွ၊ ဆိတ်မသည် မြေပြင်တွင် ဒူးတုတ်လျက်လသား အရွယ်ကလေးကို နို့တိုက်နေရှာသည်တကား။ ထိုအခါ ဆိတ်ကျောင်းသားသည် ကလေးကို မွေးမြူမည်ဟူသော စိတ်ဖြင့် ယူဆောင်သွားပြန်လေ၏။

●

## လူနှင့်တူသော တိရစ္ဆာန်

ဝမ်းစာရှာခြင်း၊ အိပ်ခြင်း၊ စားခြင်း၊ ကာမဂုဏ်ခံစားခြင်း ဟူသော အချက်လေးချက်သည် တိရစ္ဆာန် မှာလည်း ရှိ၏။ လူမှာလည်း ရှိ၏။ ထိုအချက် လေးချက် လုပ်တတ်ရုံမျှနှင့် မည်မျှ ချမ်းသာချမ်းသာ၊ မည်မျှ ရာထူးကြီးကြီး လူဟူ၍ မခေါ်ရ။ လူ့တိရစ္ဆာန်၊ တစ်နည်း တိရစ္ဆာန်နှင့်တူသော လူဟုသာ ဆိုရ၏။ ယခုလည်း ကောသမ္ဗီ သူဌေးကြီးသည် ပြခဲ့သည့် အလုပ်လေးမျိုးသာ လုပ်၏။ လူ့လောက ကောင်းကြောင်း ဘာမှ မလုပ်၊ မိဘမဲ့ ကလေးကို စောင့်ရှောက် ရမည့်အစား ဥပဒေ လက်တစ်လုံးခြား ရှောင်ပြီး သေအောင်သတ်နေ၏။ ထို့ကြောင့် တိရစ္ဆာန်နှင့်တူသော လူဟု ဆိုသင့်၏။

လောကကောင်းကျိုး ပြုလုပ်သော အချက်တစ်ချက်ကြောင့်သာ လူက တိရစ္ဆာန်ထက် မြင့်မြတ်သွားခြင်းဖြစ်၏။ ယခု ဖြစ်ရပ်တွင်ကား ခြံပုတ်ထဲက လူသားကလေးကို မိမိကလေး မဟုတ်မှန်းသိရက်နှင့် ဒူးထောက်ပြီး နို့တိုက် နေသော ဆိတ်မသည်ကား ကောသမ္ဗီ သူဌေးကြီးလို လူများထက် အများကြီး မြင့်မြတ်၏။ ထို့ကြောင့် လောကကောင်းကျိုးကို မိမိနိုင်သမျှ လုပ်သော ခြံပုတ်ထဲမှ ဆိတ်မကိုကား လူနှင့်တူသော တိရစ္ဆာန်ဟု ဆိုရပေလိမ့်မည်။

ကျွန်မမှ တစ်ဆင့် အကြောင်းစုံသိသွားသော သူဌေးကြီးသည် ငွေတစ်ထောင် ပေးပြီး ဆိတ်ကျောင်းသားဆီက ကလေးကို ပြန်ယူစေပြီး ခိုးသူများကို ပစ်ချသတ်နေကျ ချောက်ကမ်းပါးမှ ပစ်ချစေပြန်၏။ စိတ်ကူးထက် ဆန်းကြယ်သော အရာမှာ ကံတရားပင်ဖြစ်၏။ သူငယ်သည် သူဌေးဖြစ်ရမည့် ကုသိုလ်ကံ ပါလာသောအခါ မည်သို့မှ သတ်၍ မရပေ။

ပစ်ချခံရသော သူငယ်သည် တောင်ကမ်းပါးယံကို ကပ်ပေါက်နေသော ဝါးခြုံပေါ်သို့ ကျလေ၏။ ထိုဝါးခြုံပေါ်တွင် ဇင်ရွှေးချုံက ထပ်ပေါက်နေရာ တောင်အောက်ပြုတ် မကျအောင် သံဇကာပေါ် ကော်ဇော ခင်းပေးထားသကဲ့ ရှိ၏။ ထိုအချိန်မှာပင် ကျူထရံသည် သားအဖက ထိုဝါးခြုံကို ခုတ်ကြ၏။

လှုပ်ရှားသံကြောင့် ကလေးငိုသံထွက်လာရာ တောင်ကမ်းပါး ယံမှ တက်ကြည့်ပြီး တွေ့သောအခါ ယူသွားလေ၏။ သို့သော် သူဌေးကြီးကား လက်လွတ်မခံ ငွေတစ်ထောင်ဖြင့် ကလေးကို ပြန်ရအောင် ယူ၏။ သူစိတ်ထဲတွင် သူ့သားအရင်း သူဌေးဖြစ်ပြီး ချမ်းသာမှာကိုသာ မြင်ချင်၏။ ဃောသက သူငယ်ကိုကား အသေဆိုးဖြင့်သာ သေစေချင် နေ၏။ ထိုအချိန်တွင် ဃောသက သူငယ်မှာ ကိုးနှစ်ကျော် အရွယ်သို့ ရောက်နေပြီ ဖြစ်သည်။

ဃောသက၏ အသက်ကိုးနှစ်ကျော်အတွင်း သူဌေးကြီးက ငါးကြိမ် တိုင်အောင် လုပ်ကြံသတ်ဖြတ်သော်လည်း မအောင်မြင်ခဲ့ပေ။ လောက၌ တုပလို့ မရသော အရာလေးမျိုးရှိ၏။ ထိုအရာများကား အသံ၊ ဉာဏ်၊ ကံ၊ ဆံ တို့ပင် ဖြစ်၏။ အသံကောင်းခြင်း၊ ဉာဏ်ကောင်းခြင်း၊ ကံကောင်းခြင်း၊ ဆံပင်ကောင်းခြင်း တို့ကို တုပ၍ မရနိုင်ပေ။ ဖါးတုလို့ ခရုခုန် အိုင်ပျက်ရုံသာ ရှိမည်ဆိုသော စကားအတိုင်း ဃောသက၏ ကံကို တုပမိသော သူဌေးကြီး ဘဝပျက်ပုံကို တွေ့ရပါဦးမည်။

## လက်စဖျောက်သတ်ဖို့ အကြံ

တစ်ရက်တွင် သူဌေးကြီးသည် သူ့မိတ်ဆွေအိုးထိန်းသည် တစ်ယောက် ထံသွားပြီး ဆွေးနွေးတိုင်ပင်၏ "ဘယ်နေ့မှာ အိုးတွေ မီးဖုတ်ဖို့ ရှိတယ်"

"နက်ဖြန်ခါပဲ သူဌေးကြီး"

"ဒါဆို ဟောဒီမှာ ခင်ဗျားအတွက် ငွေတစ်ထောင်"

အိုးထိန်းသည်သည် ဝမ်းသာအားရ လက်တုန်တုန်ဖြင့် ငွေတစ်ထောင် ကို လှမ်းယူလိုက်သည်။ သူ့အိုးလုပ်ငန်း၏ ဆယ်နှစ်စာလောက် ဝင်ငွေ ဖြစ်နေသည် မဟုတ်ပါလား။

"ဒီအတွက် ကျွန်တော် ဘာလုပ်ပေးရမလဲ သူဌေးကြီး"

"ကျုပ်မှာ အင်မတန်ဆိုးသွမ်း ယုတ်မာတဲ့ သားတစ်ယောက် ရှိတယ်၊ ကိုးနှစ်ကျော်၊ ဆယ်နှစ်လောက်တော့ ရှိမှာပေါ့။ အဲဒါ ခင်ဗျား ဆီကို မနက်ဖြန် လွှတ်လိုက်မယ်၊ အခန်းထဲမှာ ခုတ်ထစ်သတ်ပြီး အိုးကြီးထဲထည့် မီးဖုတ် ပစ်လိုက်ဗျာ၊ တစ်ခါတည်း လက်စပျောက်သွားတာပေါ့၊ ဒါက စရံအနေနဲ့ပေးတာ အောင်မြင်သွားရင် ဒီထက်ပိုးပေးအုံးမျာ"

"စိတ်ချပါ သူဌေးကြီး၊ ကျွန်တော် ပိပိရိရိ ဘယ်ကိုမှ မပေါက်ကြားအောင် လုပ်ပေးပါ့မယ်"

သို့သော် အိုးထိန်းသည်၏ စိတ်ထဲတွင် သားကို သတ်ခိုင်းသော ဖခင် ဟူ၍ မရှိနိုင်ဟု သူ့အရင်ကတည်းက ထင်ထားသည့် အယူအဆကိုပင် ပြောင်းလဲရတော့ မလားဟု မတင်မကျ တွေးနေမိ၏။ နောက်တစ်မိုးသောက် ရောက်လေပြီ။ ဃောသက အတွက် နောက်ဆုံးနေ့ဟု ဆိုရတော့မည်။ ဃောသကလေးကား ဘာမျှမသိရှာ၊ ဖခင် သူဌေးကြီးခေါ် သည်ဟု ဆိုသော ကြောင့် သူဌေးကြီးနားတွင် ကျုံ့ကျုံ့လေး ထိုင်နေရှာ၏။

"ဃောသက - ဟိုးလမ်းထိပ်က အိုးထိန်းသည် အိမ်ကိုသွား ဟို ရောက်ရင် ကျွန်တော့် အဖေပြောခဲ့တဲ့အတိုင်း အလုပ်ကို အမှားအယွင်း မရှိအောင် လုပ်ပါလို့ သွားပြောချေ"

"ဟုတ်ကဲ့ပါ အဖေ"

လမ်းခုလတ် ရောက်သောအခါ ဂုံညင်းလုံးလိမ့်တမ်း ကစားနေသော သူဌေးကြီး၏ သားအရင်း သူ၏ ညီကို ကလေးများနှင့် အတူတွေ့ရ၏ သူက ရှောင်ဖယ်သွားသော်လည်း သူ့ညီက သူ့ကို မြင်သည်နှင့် ကစားဝိုင်းမှ ပြေးထွက်လာ၏။

"နောင်တော် ဘယ်ကိုသွားမလို့လဲ"

"အိုးထိန်းသည်အိမ်ကို သွားမလို့"

"သွားပြီး နောင်တော်က ဘာလုပ်မှာလဲ"

"မနေ့က ဖခင်ခိုင်းတဲ့အလုပ်ကို သေချာလုပ်ပါလို့ ပြောရမှာ"

"အဲဒါဆို ကျွန်တော် သွားပြောပေးမယ်၊ နောင်တော်က ဂုံညင်း ကစားတာ ကျွန်တော်ထက် အများကြီး တော်တယ်၊ ကျွန်တော် လောင်းကြေးတွေ အများကြီး ရှုံးထားတာတွေကို အားလုံး ပြန်နိုင်အောင် ကစားပေးပါ"

"ငါ့အဖေ့ကို ကြောက်တယ်"

"မကြောက်ပါနဲ့ ကျွန်တော် ဖွတ်ခိုင်းတာလို့ ပြောပေးပါ့မယ်"

အစ်ကို သတ်၊ ညီသေ

ယောသကာ၏ ညီငယ်သည် ဂုံညင်းလုံးကို ယောသကာ လက်ထဲ ထည့်ပေးကာ အိုးထိန်းသည်အိမ်သို့ ပြေးလေ၏။ ယောသကာလည်း ဆက် မငြင်းသာတော့ဘဲ ဂုံညင်းလုံး ကစားပေးနေရတော့၏။ သူ၏ ညီသည် အိုးထိန်း သည်ထံ ရောက်သည်နှင့် ဘာမျှမပြောရသေးမီ အသတ်ခံရပြီး မီးထဲပါသွား လေ၏။

ယောသကာလည်း ဂုံညင်းကစားရင်း မိုးချုပ်သည်အထိ ညီဖြစ်သူ ပြန်မ ရောက်သောအခါ အိမ်ရောက်လောက်ပြီ အထင်နှင့် ပြန်ခဲ့လေ၏။ အိမ်ရောက် သောအခါ သူဌေးကြီးသည် ယောသကာကို ထိန်လန့်တကြား လှမ်းကြည့်ရင်း မေးလေ၏ "ချစ်သား. . . အိုးထိန်းသည်ထံသို့ မသွားဘူးလား"

"သားကိုယ်တိုင် မသွားပါ၊ သားကိုယ်စား ညီငယ်က သွားပေးပါတယ်"

"ဟင် - သင့်ညီက ဘာလို့ သင့်ကိုယ်စား သွားပေးရတာလဲ"

"သူ ဂုံညင်းဆက်ထိုးခိုင်းပြီး သူက အိုးထိန်းသည်ထံ သားကိုယ်စား သွားပြောပေးပါတယ်"

ထိုအခါ သူဌေးကြီးသည် ပြုံးတုံးပျာတာဖြင့်. . .

"ငါသည်ကား စက်ဆုပ်ဖွယ်ရှိပေစွ၊ ငါသည်ကား မိုက်မဲပေစွ"

ဟုဟစ်အော်ရင်း အိုးထိန်းသည်အိမ်သို့ ပြေးလေ၏။ သူဌေးကြီးသည် လက်နှစ်ဖက်အပေါ် မြှောက်ကာ. . .

"ငါ့ကို မဖျက်ဆီးပါနဲ့၊ ငါ့ကို ဒုက္ခမပေးပါနဲ့"

ဟု အော်ဟစ်ငိုယိုရင်း အိုးထိန်းသည် အိမ်ထဲသို့ ဝင်လေ၏။ အိုးထိန်းသည်ကာ အခြေနေမှန်ကို မသိ။ ထို့ကြောင့်။

"သူဌေးကြီး အသံမထွက်ပါစေနဲ့၊ သူဌေးကြီးခိုင်းတဲ့တိုင်း ပိပိရိရိ အောင်မြင်သွားပါပြီ"

ဟု ပြော၏။ သူဌေးကြီးကား ယောသက၏ ကုသိုလ်ကံကို တုပြိုင်သည့်အတွက် ဘဝပျက်ရလေပြီ။ ထို့ကြောင့် ဗုဒ္ဓက သူတော်ကောင်းတို့ကို ပြစ်မှားလျှင် အောက်ဖော်ပြပါ ဘေးဒဏ်တို့ကို ခံစားရကြောင်း ဟောကြားတော်မူခဲ့၏။

ခေါင်းကိုက်ရောဂါ ဖြစ်တတ်သည်။

ပစ္စည်းဥစ္စာများ ဆုံးရှုံးပျက်စီးတတ်သည်။

လက်၊ ခြေတို့ ကျိုးပဲ့တတ်သည်။

ခြေလက်ကောက်ခြင်း၊ ဆွံ့အခြင်း ဖြစ်တတ်သည်။

ရှုံးသွပ်ခြင်း ဖြစ်တတ်သည်။

ရာထူးလျှောကျတတ်သည်။

စွပ်စွဲခြင်းလည်း ခံရတတ်သည်။

ဆွေမျိုးများလည်း သေဆုံးတတ်သည်။

စည်းစိမ်ဥစ္စာလည်း ပျက်စီးတတ်သည်။

မိမိအိမ်ကို မိုးကြိုး ပစ်ချတတ်သည်။

အလိုလိုလည်း မီးထလောင်တတ်သည်။

သေပြီးနောက်လည်း ငရဲသို့ ကျတတ်သည်။

ယောသကမှာ ကလေးအရွယ်ဖြစ်၍ အပြစ်ကင်း၏။ အပြစ်ကင်းသည့်အတွက် သူတော်ကောင်းဟုသာ ဆိုသင့်၏။ သူကြီး ပြင်းလာသော အခါတွင်လည်း အရပ်လေးမျက်နှာကို လာလာသမျှ အလှူခံများကို အမြဲပေးလှူသူ သူတော်ကောင်း တစ်ယောက်ဖြစ်ခဲ့ သည်သာ။ သူဌေးကြီးကား သူ၏ အင်အားကြီးသော ယုတ်မာမှုကိုကား မမြင်။

ဒီယောသကကြောင့်သာ ငါသား သေရသည်ဟု စွဲမှတ်ပြီး ယောသကကို မုန်းသထက် ပိုမုန်းလာ၏။

●

## သူယုတ်မာ သူတော်ကောင်းခွဲခြားနည်း

မသူတော်သည် မိမိ၏ မြင့်မိုရ်တောင်လောက် ရှိသော အပြစ်ကိုကား မမြင်၊ သူတစ်ပါး၏ ဇီးစေ့လောက်ရှိသော အပြစ်ကိုကား ဆီလိုအပေါက်ရှာပြီး မြင်တတ်၏။

သူတော်ကောင်းသည် သူတစ်ပါး၏ မြင့်မိုရ်တောင်လောက်ရှိသော အပြစ်ကိုကား မမြင်တတ်၊ မိမိ၏ ဇီးစေ့လောက်ရှိသော အပြစ်ကိုကာ ရှာဖွေ မြင်ပြီး ပြုပြင်တတ်သည်။

ဟူသော ဒဿနာအတိုင်း မသူတော်ဖြစ်သော သူဌေးကြီးသည် လူမမယ် အရွယ်ကလေးကို ရက်ရက်စက်စက် အကြိမ်ပေါင်းများစွာသတ်ဖို့ ကြိုးစားနေသော သူ၏ အပြစ်ကိုကား မမြင်ချေ။ ဂုံညင်း ကစားပွဲကြောင့် မတော်တဆ မှားအသတ်ခံရသည့် ယောသက၏ မဖြစ်စလောက် အပြစ်ကလေး ကိုသာ မြင်ပြီး ရန်ငြိုးဖွဲ့နေ၏။

သူဌေးကြီး လိုအပ်သော ကုန်များကို ကျေးရွာများတွင် အထိုင်ချပြီး စောင့်ဝယ်ရသည့် ကိုယ်စားလှယ်များ ရှိ၏။ တချို့ရွာများသည် မြို့နှင့် ဝေးလွန်းသောကြောင့် ဘုရင်၏ ဥပဒေအာဏာ မသက်ရောက်တော့ပေ။ ထိုသို့ အစွန်အဖျားကျသော ရွာတစ်ရွာမှ ကိုယ်စားလှယ်ထံ စာတစ်စောင်ရေပြီး

ယောသကကို သွားပို့ခိုင်းတော့၏။ စာမှာ 'ငါ၏ သားမိုက်သား ယုတ်မာကို ဓါးဖြင့် ခုတ်သတ်ပြီး မစင်တွင်းထဲ ပစ်ချဖျောက်ဖျက်ပါလေ' ဟူ၍ ဖြစ်၏။

အသက်နှစ်ဆယ် အရွယ်သား ရောက်လာသော်လည်း ယောသကမှာ စာတစ်လုံးမျှ မတတ်ရှာပေ။ မွေးစားဖခင်၏ ရန်ရှာခြင်းကိုသာ အကြိမ်များစွာ ခံနေရသော ယောသကအတွက် စာသင်ချိန် အဘယ်မှာ ရှိပါမည်နည်း။ ထို့ကြောင့်လည်း သူ့အသက်ကိုသတ်ဖို့ ရေးပေးလိုက်သော စာကို မပျောက်ပျက်အောင် ဆိုပြီး ပုဆိုးစွန်းမှာ သေချာချည်ထားရှာ၏။ ဤနေရာ၌ မေတ္တာ သုံးမျိုးကို ဖော်ပြချင်၏။

## မေတ္တာသုံးမျိုး

ချစ်ခြင်းခေါ် မေတ္တာသည် သုံးမျိုးရှိ၏။ လင်ချစ်မယားချစ် မေတ္တာ၊ မိဘနှင့် သားသမီး၊ ညီအစ်ကို မောင်နှမချင်းချစ်သော မေတ္တာ၊ သက်ရှိသတ္တဝါ မှန်သမျှကို တန်းတူထား၍ ချစ်သော အနှိုင်းမဲ့ မေတ္တာတို့ပင် ဖြစ်၏။ ဗုဒ္ဓပွားများခိုင်းသော မေတ္တာမျိုးမှာ နံပါတ်သုံးအနှိုင်းမဲ့ မေတ္တာမျိုး ဖြစ်သည်။

လင်ချစ်မယားချစ် မေတ္တာထက် မိဘနှင့် သားသမီး၊ ညီအစ်ကို မောင်နှမချင်းချစ်သော မေတ္တာကသာသည်။ ထိုမေတ္တာမျိုးထက် အနှိုင်းမဲ့ မေတ္တာက သာသည်။ ပြဟ္မာ့ဘုံ ရောက်စေသည့် ဈာန်မေတ္တာ ဆိုသည်မှာ အနှိုင်းမဲ့ မေတ္တာကို အဘယ့်ကြောင့် မမီသနည်း။ စာသံပါအောင် ဖြေလျှင် 'သီမာသမ္ဘေဒ' မဖြစ်သောကြောင့်။

အနှိုင်းမဲ့ မေတ္တာသမားအတွက် ဆွေစွဲ၊ မျိုးစွဲ၊ ဘာသာစွဲ၊ နိုင်ငံစွဲ၊ မည်သည့် အစွဲမှ မရှိတော့၊ သက်ရှိသတ္တဝါ အားလုံးအပေါ် အတူတူ မေတ္တာ

ထားနိုင်သွားသည်။ မိဘနှင့် သားသမီးချစ်ကား ထိုအပိုင်းအခြား အကန့်အသတ်ကို မဖျက်ဆီးနိုင်ပေ။

မိဘက သားသမီးအပေါ် မေတ္တာ ထားပါသည်။ သို့သော် ငါ့သားသမီးချမ်းသာရင်ပြီးရော၊ တခြား သားသမီးတွေ ဘာဖြစ်ဖြစ်ဟူသော မမျှတသည့်သဘောက တစ်ခါတည်း ပါနေသည်။ ယခု ကောသမ္ဗီသူဌေးကြီးကို ကြည့်ပါ။ သူမွေးသော သားကို သူဌေးကြီး ဖြစ်စေချင်သည်နှင့် တခြားမိဘကမွေးသော ဃောသကကို ခြောက်ကြိမ်မြောက် ဥပဒေ လက်တစ်လုံးခြား သတ်ဖို့ရန်ကြံစည်နေပြီ မဟုတ်ပါလော။

"မယားနှင့် သားသမီးအပေါ် ထားသော မေတ္တာမျိုးကိုကား တိရစ္ဆာန်များမှာပင် ရှိသောကြောင့် ပါရမီထိုက်သော မေတ္တာဟု မဆို ထိုက်ပါချေ။ လူမျိုး၊ ဘာသာ၊ နိုင်ငံ မခွဲခြားဘဲ ထားနိုင်သော အနှိုင်းမဲ့ မေတ္တာကိုသာလျှင် ပါရမီထိုက်သော မေတ္တာဟု ဆိုသင့်၏။ ဗုဒ္ဓပွင့်ထွန်း ပေါ်ပေါက်တော်မူလာသည်မှာလည်း သားမယားအပေါ် ထားသော မေတ္တာမှတစ်ဆင့် အနှိုင်းမဲ့မေတ္တာအဆင့်သို့ရောက်အောင် မြင့်တက်စေလိုသောကြောင့်ပင်ဖြစ်၏။

သောတာပတ္တိ မဂ်ဉာဏ်ဖြင့် ငါစွဲကို ပယ်သတ်လိုက်သည်နှင့် အနှိုင်းမဲ့ မေတ္တာသည် စတင်ခဲ့ပြီ ဖြစ်ပါ၏။ ငါစွဲခံနေသောကြောင့်သာ ငါ့သားသမီးဟူသောအစွဲ ဖြစ်နေခြင်းပင်။ ငါစွဲ မရှိတော့သည်နှင့် သားသမီး မှန်သမျှ မည်သူ၏ သားသမီးဖြစ်ဖြစ် မေတ္တာရှေ့ထားတော့မည်သာ ဖြစ်ပါ၏။

ပါရမီဟူသည် နရာမှတစ်ဆင့် ရင့်ရသကဲ့သို့ ပထမ မိမိ သားမယားအပေါ်မှာ မေတ္တာထားနိုင်မှ သာလျှင် အခြားသောသူများ အပေါ်မှာလည်း မေတ္တာထားနိုင်မည် ဖြစ်ပါ၏။ မိမိသားမယား အပေါ်မှာမှ မေတ္တာ မထားနိုင်သူသည် အခြားသူများအပေါ် မေတ္တာထားနိုင်ဖို့ မလွယ်ကူပါပေ။

ယောသကသည် အဝတ်ထုပ်ကို ပြင်ဆင်ပြီးလျှင် သူဌေးကြီးကို ထိုင်ကန်တော့ရင်း. . .

"ဖခင် ကျွန်တော့်မှာ လမ်းအတွက် ရိက္ခာမပါပါ" ဟု ပြော၏။ ထိုအခါ သူဌေးကြီးက ယခုလို ပြန်ပြော၏။

"ရိက္ခာအတွက် မပူနဲ့၊ ခရီးအကြား ရွာတစ်ရွာမှာ ငါ့မိတ်ဆွေ သူဌေးတစ်ယောက် ရှိတယ်၊ ငါက လွှတ်တယ်လို့ပြော အဲဒီအိမ်မှာ နေ့လည်စာ စားပြီးမှ ငါလွှတ်တဲ့ရွာကို ဆက်သွား"

"ဟုတ်ကဲ့ စိတ်ချပါအဖေ"

ယောသက သူ့ကို သတ်မည့်စာကို ပုဆိုးမှာချည်ရင်း ခရီး ဆက်ခဲ့ရာ ဖခင်မှာလိုက်သော သူဌေးအိမ်သို့ ရောက်၏။ သူဌေးကတော်သည် ယောသကကို မြင်ကတည်းက ရေးရေစက်ကြောင့် သားအရင်းကဲ့သို့ ချစ်ခင်ခြင်း ဖြစ်၏။

"အမောင် ဘယ်ကလာခဲ့ပါသလဲ"

"မိခင် ကျွန်တော် ကောသမ္ဗီမြို့ထဲမှ လာခဲ့ပါတယ်"

"အမောင်က ဘယ်သူ့ရဲ့သားလဲ"

"မိခင်တို့၏ မိတ်ဆွေဖြစ်သော ကောသမ္ဗီသူဌေးကြီးရဲ့သားပါ"

"ဒါဆို ယောသကဆိုတာ အမောင်လား"

"ဟုတ်ပါတယ် မိခင်"

"ဒါဆို အမောင် ဟောဒီအခန်းမှာ ခဏနားအုံး၊ တရေးတမော အိပ်လိုက်အုံးပေါ့၊ လိုအပ်တာလုပ်ပေးဖို့ ကျွန်မတစ်ယောက် အမေလွှတ်လိုက်မယ်"

ထိုသူဌေးတွင် အပျိုအရွယ်ချောမောလှပ ဣန္ဒြေသိက္ခာရှိသော သမီးတစ်ယောက် ရှိ၏။ ထိုသမီးကို ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်အထက်တွင် သီးသန့် ကျွန်မတစ်ယောက်နှင့် ထား၏။ ယောသက အိပ်ခန်းထဲ ဝင်သွားသော အချိန်မှာပင် သူဌေးသမီး၏ စေခိုင်းချက်အရ အစေခံမသည် ဈေးထဲသို့ သွားရန်ထွက်လာ၏။ သူဌေးကတော်က မေး၏။

"ဟဲ့. . . ဘယ်ကိုသွားမလို့လဲ"

"သခင်မလေး ဈေးထဲကို လွှတ်လို့ပါ"

"ဒီကို ခဏလာဦး၊ ကောသမ္ဗီသူဌေးကြီးရဲ့ သားယောသက ဆိုတာ ရောက်လာတယ်၊ အခန်းထဲမှာ အိပ်ရာပြင်ပေးလိုက်၊ ခြေထောက်ကို ဆေးကြောပြီး ဆီပါလိမ်းပေးလိုက်၊ အဲဒါတွေပြီးမှ ညည်းသခင်မလေး ခိုင်းတဲ့ ဈေးထဲသို့သွား"

"ဟုတ်ကဲ့ပါ သူဌေးကတော်ကြီး"

အစေခံမသည် ယောသကအတွက် အလုပ်ကိစ္စပြီးမှ ဈေးသွားရသဖြင့် သူဌေးသမီးထံ ရောက်သောအခါ နောက်ကျနေ၏။

"နောက်ကျလိုက်တာ ဈေးကိုတန်းမသွားဘဲ ဘယ်သဝေထိုးနေတာလဲ"

"သခင်မလေး. . . စိတ်မဆိုးပါနဲ့၊ ကောသမ္ဗီသူဌေးကြီးရဲ့သား ကိုဃောသက ဆိုတာ ရောက်လာလို့ အခန်းသွားပြင်ပေး နေရလို့ နောက်ကျ တာပါ"

ကြားကြားချင်း ချစ်မိရတဲ့ အတိတ်အကြောင်း

ဃောသကဟူသော အမည်ကို ကြားသည်နှင့် ချစ်ခင်သော စိတ်သည် အသားအရည် အရိုးကို ဖောက်ပြီး ရိုးတွင်းချဉ်ဆီထိ တည်လေ၏။ အဘယ့်ကြောင့် ထိုသို့ ဖြစ်ရသနည်း။ အငတ်ဘေးကြောင့် ပြေးလာရစဉ်က ဃောသက သူဌေးလောင်းအမျိုးသား၏ ဇနီးဖြစ်ခဲ့သောကြောင့် ပင်တည်း။

ခင်ပွန်းဖြစ်သူ စားပိုးနင့်၍ သေစဉ်ကလည်း သူမ၏ လုပ်ခ အဖြစ်ရသော ဆန်တစ်စလယ်ကို ချက်၍ ပစ္စေကဗုဒ္ဓါကို ဆွမ်းကျွေးကာ အမျှပေးခဲ့သည် မဟုတ်လော၊ ထို့ကြောင့် ဗုဒ္ဓက ဖော်ပြပါဂါထာကို ဟောကြားတော်မူ၏။

ပုဗ္ဗေဝ သန္နိဝါသေန၊

ပစ္စုပ္ပန္န ဟိတေနဝါ။

ဧဝံတံ ဇာယတေပေမံ။

ဥပ္ပလံ ဝယ ထောဒကေ။

ကြာဖြူ၊ ကြာနီ၊ ပဒုမ္မာကြာတို့သည် ရွှံ့ညွန်နှင့် ရေနစ်ပါးစုံကြောင့်ရေမှာ ပေါ်ပေါက်ရသကဲ့သို့ ထို့အတူ အိမ်ထောင်ဖက်ဖြစ်မည့် သူတို့၏ ချစ်ခြင်းသည် ရှေးအတိတ်ဘဝက ချစ်ခင်စွာ အတူပေါင်းသင်းနေထိုင် ဖူးခြင်း၊ ပစ္စုပ္ပန်ဘဝတွင်

တစ်ယောက် ကောင်းကျိုးကို တစ်ယောက်က ဆောင်ခြင်းတို့ကြောင့် ဖြစ်ပေါ်လာရသည်။

"အခု. . .အဲဒီသူဌေးသား ဘယ်မှာလဲ"

"အခန်းထဲမှာ အိပ်ပျော်နေပါတယ်"

"သူ့လက်ထဲမှာ မှတ်မှတ်သားသား ဘာပါလာသလဲ"

"ပုဆိုးအစွန်းမှာတော့ ကမ္ပည်းစာတစ်စောင် ချည်ထားတာ တွေ့ပါတယ်"

သူဌေးသမီးသည် မိဘနစ်ပါး မရိပ်မိခင် အခန်းထဲပြေးဝင်သွားပြီး ကမ္ပည်းစာကိုယူကာ ဖတ်လေ၏။ သတ်ခိုင်းသော စာဖြစ်ကြောင်းဖတ်ရလျှင်-

"ဩော်. . . ဒီလူ့နှယ် ဖြစ်မှဖြစ်ရလေ။ ကိုယ့်ကို သတ်ခိုင်းတဲ့ စာကို ကိုယ်ကိုယ်တိုင် ယူလာတာပါလား။ စာလည်း မတတ်ရှာဘူးနေမှာပါ။ ငါမကယ်ရင်ဖြင့် သေဖွယ်ရာသာ ရှိတော့တယ်" ဟု တွေးပြီး ထိုစာကို ဆုတ်ပစ်ကာ အသစ် တစ်စောင် ပြန်ရေးပြီး ပုဆိုးမှာ ပြန်ချည်ထားလိုက်၏။ သူဌေးသမီး ပြန်ရေးသော စာမှာ. . .

"ဤသတို့သားသည် ငါ၏ သားဖြစ်သော ယောသာကအမည် ရှိသူတည်း။ ထိုသတို့သားကို ငါပိုင်စား ရွာတစ်ရာမှ လက်ဆောင်ပဏ္ဏာကို ရယူ၍ ဤမည်သောဇနပုဒ်မှ သူဌေးသမီးနှင့် ထိမ်းမြား လက်ထပ်ပေးရမည်။ လက်ထပ်ပြီးလျှင် ရွာလည်၌ တံတိုင်းကာရံကာ ဘုံနစ်ဆင့်ရှိသော အိမ်ကို ဆောက်ပြီး နေစေရမည်။

"ယောက်ျား များစွာကိုလည်း အိမ်အတွက် အစောင့်အရှောက် ပေးရမည်။ အားလုံးကိစ္စပြီးမှ ငါ့ထံသို့ အကြောင်းကြားလေ။ ဤသို့ ပြုခြင်းကြောင့် အသင့်အား ထိုက်သင့်သော ပေးကမ်းခြင်းကို ပြုမည်" ဟူ၍ဖြစ်၏။ ထိုစာကို စာရင်းကိုင် ဖတ်ရလေသော် သူဌေးကြီးသည် ငါ့ကို ယုံကြည်စိတ်ချလေစွဟု ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး ချက်ချင်း စီစဉ်လုပ်ဆောင်လေ၏။ ကိစ္စအားလုံး ပြီးသည်နှင့် သူဌေးကြီးထံ အကြောင်းကြားစာ ပို့လိုက်လေ၏။

သူဌေးကြီးကား ဗုဒ္ဓဟောကြားသည့်အတိုင်း-

အာစိန္တိတမ္ပိ ဘဝတိ၊ စိန္တိတမ္ပိ ဝိနဿတိ - မကြံစည်တာလည်း ဖြစ်တတ်၏။ ကြံစည်တာလည်း ပျက်စီးတတ်၏ ဆိုသောကိန်း ဆိုက်နေသောကြောင့် နလုံး မသာယာခြင်း ဒေါမဿနဖြစ်ရ၏။

မိမိသေစေလိုသူ၊ ပျက်စီးစေလိုသူက ကြီးပွားချမ်းသာသွားသည်ကို တွေ့ရသောအခါ မနာလိုခြင်းနှင့် ဝန်တိုခြင်းဟူသော စိတ်ဆိုးစိတ်ယုတ်နှင့်အတူ သေသွားသော သားအရင်းပေါ်ဖြစ်ရသည့် သောကတို့ပေါင်းပြီး နှိပ်စက်လိုက်ရာ သွေးပါသည့် ဝမ်းလျှောရောဂါဖြစ်ရလေ၏။

သူဌေးသမီးသည် သူဌေးကြီး၏ စိတ်ကောင်းမရှိပုံကို သိထားသဖြင့် အိမ်အစောင့်အရှောက် အားလုံးအား သူဌေးကြီးထံမှ တစ်စုံတစ်ယောက်လာလျှင် ငါ့အား အရင်ပြောကြရမည်။ သူဌေးသားအား ဦးစွာ မပြောရဟု အထူး မှာထားလေ၏။

သူဌေးကြီးသည် ရောဂါသည်း၍ သေဖို့နီးလာသောအခါ ယောသကကို ငါပိုင်ဥစ္စာ တစ်ပြားမှ မပေးကြောင်း စာရင်းကို သက်သေများရှေ့တွင် လူသိရှင်ကြား သိအောင်ပြောမည်ဟု ကြံရွယ်ပြီး ယောသကထံ လာခဲ့ရန်

အခေါ်လွှတ်၏။ အခေါ်လွှတ်သူရောက်လာလျှင် သူဌေးသမီးက ဦးစွာခေါ်တွေ့ပြီး ယခုလိုမေး စိစစ်၏။

"အမောင် အဘယ်သို့သော ကိစ္စနည်း"

"အရှင်မ သူဌေးကြီးရောဂါ စွဲကပ်ပြီး မကျန်းမာပါ၊ သူ့သားကို ကြည့်ရှုလိုသည့်အတွက် ခေါ်ခိုင်းပါသည်"

"အခြေအနေ အတော်ဆိုးနေပြီလား မစားနိုင်၊ မသောက်နိုင်၊ မသွားနိုင်၊ မလာနိုင် ဖြစ်နေပြီလား"

"အဲလောက်ကြီး ထိတော့ မဟုတ်ပါဘူး၊ အစာလည်း စားနိုင် ပါသေးတယ်၊ လမ်းလည်း သွားနိုင်ပါသေးတယ်"

"အဲဒါဆိုရင် အမောင်ဒီအိမ်မှာ ခဏ နားအုံး၊ ဒီလအတွက် လခနဲ့ ရိက္ခာကို ငါကပေးမယ်၊ ငါသွားခိုင်းတဲ့ အခါမှ သွားပါ"

စိတ်ချပါ၊ သခင်မစကားကို နားထောင်ပါ့မယ်"

အခေါ်လွှတ်သူ ပြန်ရောက် မလာသောအခါ သူဌေးကြီးသည် တာဝန်ယူ စေလွှတ်သူ စာရင်းကိုင်ကို ခေါ်မေး၏။

"စာရင်းကိုင် ဦးရှီး. . . ငါ့သားထံ အထောက်အကြို လွှတ်ရဲ့လား"

"အရှင် လွှတ်ပါသည်၊ သွားခေါ်သူသည် ရက်အတန်ကြာသည်အထိ ပြန်မလာဘဲ ရှိပါသည်"

"ဒါဆိုရင် နောက်တစ်ယောက် ထပ်လွှတ်ပြီး ခေါ်ခိုင်းပါ"

နောက်တစ်ယောက် ထပ်လွှတ်သော အခါတွင်လည်း သူဌေးသမီးသည် မေးမြန်းစိစစ်ပြီး လစာပေးကာ ခေါ်ထားလိုက်ပြန်၏။

ရက်အတန်ကြာသောအခါ သူဌေးကြီး၏ ရောဂါသည် အဆိုးဆုံး အခြေအနေသို့ ရောက်လာ၏ အစာမဝင်တော့ဘဲ အိပ်ရာမှ မထနိုင်သည့် အခြေသို့ ရောက်လေ၏။

သူဌေးကြီး၏ တိုက်တွန်းမှုကြောင့် စာရင်းကိုင်သည် တတိယမြောက် တစ်ယောက်ကို လွှတ်ရပြန်၏။ တတိယမြောက်လူကို မေးပြီးသော အခါတွင်ကား သွားသင့်ပြီဟု ယူဆသောကြောင့် သူဌေးသမီးသည် ယောသကနှင့်အတူ သူဌေးကြီးထံ သွားကြ၏။

"ဟိုရောက်ရင် ရှင်က သူဌေးကြီးရဲ့ ခြေရင်းက နေပါ၊ ကျွန်မက သူဌေးကြီးရဲ့ ခေါင်းရင်းက နေမယ်"

ဟု ကြိုတင်မှာကြားထား၏။

သူဌေးကြီးအိမ်သို့ ရောက်သော အခါတွင်လည်း ပါလာသော လူငယ်များကို အိမ်၏ ရှေ့နောက် အစောင့်များထား၏။ ယောသကကို ရန်ပြုလျှင် ကာကွယ်ရန်အတွက် ဖြစ်သည်။ ယောသက ရောက်ကြောင်း သိလျှင် ဘဏ္ဍာစိုးကို ခေါ်၍ သူပိုင်ပစ္စည်း ဥစ္စာစာရင်းကို အသိသက်သေများရှေ့တွင် ဖတ်ခိုင်း၏။

"သူဌေးကြီး ရွှေငွေတည်း ဟူသော ဥစ္စာချည်းသက်သက် ကုဋေ လေးဆယ် ရှိပါသည်။ နေ့တိုင်းမပြတ် သုံးဆောင်အပ်သော အဆောက်အဦ ဥစ္စာဘဏ္ဍာကား တစ်ကုဋေကျော် ရှိပါသည်။

"တော၊ ရွာ၊ လယ်၊ ခြေနစ်ချောင်း သတ္တဝါ၊ ခြေလေးချောင်းသတ္တဝါ၊ ယာဉ်၊ လှည်းစသော ပစ္စည်းများ၏ တန်ဖိုးသည် နစ်ကုဋေ ရှိပါသည်"

ဘဏ္ဍာစိုး၏ စကားဆုံးသောအခါ သူဌေးကြီးက ဤမျှ အကုန် အလုံးစုံသော ဥစ္စာကိုငါ၏ သားဖြစ်သော ယောသကအား မပေးဟု ပြောလိုက် သော်လည်း ပါးစပ်က ငါးပေးကမ်း၏ဟု ဖြစ်သွားလေ၏။ နောက်တစ်ကြိမ်ထပ်ပြီး သတိထားပြောလျှင် စကားပြောင်းတော့မည်ကို သိထားသော သူဌေးသမီးသည် ဆံပင်ကို ဖါးလျားချလျက် သူဌေးကြီး၏ ရင်ဝကို ခေါင်းနှင့်ခွေ့ကာ မပြတ်ငိုကြွေးသဖြင့် သူဌေးကြီးသည် နောက်ထပ် စကားမပြောနိုင်တော့ပဲ ကွယ်လွန်လေ၏။

ထို့ကြောင့် ထင်ပါ၏။ မန်လည်ဆရာတော်က မဃဒေဝတွင်. . .

"ယောက်ျားတို့ထက်၊ ရှတ်တရက်ဉာဏ်၊ ပဋိဘာန်ဖြင့်၊ လျှင်မြန်မချွတ်၊ ကြံစည်တတ်၏။ ကိစ္စတသီး၊ အရေးကြီး၍၊ မပြီးနိုင်က၊ ကြံမရသော်၊ မိန်းမတို့သာ၊ တိုင်ပင်ရာ၏" ဟု စပ်ဆိုခဲ့ခြင်း ဖြစ်ပေလိမ့်မည်။

ယောသက သူဌေးသည် သူ၏ ဘဝအကြောင်းကို ကာဠီကျွန်မကြီးမှ တစ်ဆင့် အကုန်သိရသောကြောင့် အလွန်သံဝေဂဖြစ်ကာ မမေ့မလျော့ နေတော့အံ့ဟု သဘောပိုက်ပြီး နေ့စဉ် အသပြာတစ်ထောင် အကုန်ခံ၍ ခရီးသွားသူ၊ ဆင်းရဲသား၊ မိဘမဲ့တို့အား အဝတ်အစားတို့ကို ကျွေးမွေးလှူဒါန်း၏။ မိတ္တအမည် ရှိသော သူကြွယ်သည် ယောသက သူဌေး၏ အလှူ၌ အမြဲတမ်း ဝိုင်းဝန်းကူညီလေ့ရှိ၏။

●

## သာမာဝတီ၏ ဇာတိ ဘဒ္ဒဝတီ

ဘဒ္ဒဝတီပြည်ဝယ် ဘဒ္ဒဝတီမည်သော သူဌေးသည်ရှိ၏။ ထိုသူဌေးတွင် ရွှေအဆင်းနှင့် တူသော အဆင်းရှိသည့် လှပသော သမီးတစ်ယောက် ရှိ၏။ ဘဒ္ဒဝတီသူဌေးနှင့် ဃောသကသူဌေး တို့သည် မမြင်ဖူးဘဲ အဆွေခင်ပွန်း ဖြစ်နေကြလေ၏။ ဖြစ်ရပုံမှာ မိမိတို့မြို့သို့ ရောက်လာသော ကုန်သည်များမှ တစ်ဆင့် တစ်ဦး အကြောင်းတစ်ဦး စုံစမ်းပြီး လက်ဆောင်အပြန်အလှန် ပို့ရာမှ ရင်းနှီးသော မိတ်ဆွေများ ဖြစ်နေကြခြင်းပင်။

တစ်ခါတွင် ဘဒ္ဒဝတီပြည်၌ မြွေဆိပ်နှင့်တူသော လေနာ (ယဥ်းနာ) ရောဂါ ကျရောက်၏။ အင်္ဂလိပ်ခေတ်က ပုလိပ်ရောဂါကဲ့သို့ ဖြစ်မည်ထင်သည်။ ထိုရောဂါဖြစ်လျှင် ပထမဦးဆုံး ယင်ကောင်များ သေကြသည်။ ထို့နောက် ကြွက်၊ ကြက်၊ ဝက်၊ နွား ပြီးသည်နှင့် လူများ အတုံးအရုန်း သေကြတော့သည်။ ထိုရောဂါဟုသိသည်နှင့် နီးရာနံရံကိုဖျက်ပြီး ချက်ချင်းထွက်ပြေးမှ လွတ်သည်ဟု အဆိုရှိ၏။

ဘဒ္ဒဝတီ သူဌေးကြီး၊ သူဌေးကတော်ကြီးနှင့် သမီးတို့သည် ဘာတစ်ခုမှ မယူနိုင်ဘဲ ခါးဝတ်ခါးစားနှင့် ထွက်ပြေးခဲ့ကြ၏။ ဦးတည်ရာမှာ ဃောသက သူဌေးကြီး ရှိရာ ကောသမ္ဗီပြည်ဆီသို့ပဲ ဖြစ်၏။ လေးရက်ခန့်သွားရသော ခရီးတွင်

နှစ်ရက်ခန့်မှာ အစာမစားရသဖြင့် ကောသမ္ဗီမြို့စပ်သို့ အရောက်တွင် သားသမီး၊ သားအဖ သုံးယောက်လုံး လူရုပ်မပီသတော့ဘဲ ညှိုးနွမ်းပိန် ခြောက်နေကြသည်။ အစာမစားရသည့်အပြင် နေပူဒဏ်၊ လေဒဏ်၊ ခရီးပန်းဒဏ်တို့ကြောင့် အဝတ်အစားတို့မှာလည်း ညစ်နွမ်းနေသောကြောင့် ဃောသကသူဌေးကြီးဆီ တန်းမဝင်ကြဘဲ ကောသမ္ဗီမြို့စွန်ဇရပ်ထဲတွင် ခဏနားကြ၏။

"တို့ ဒီပုံစံတွေနဲ့ ဃောသကသူဌေးကြီးကို တွေ့ရမှာ အားနားစရာ ကောင်းတယ်။ ဒီမှာပဲ နှစ်ရက်သုံးရက်နားပြီး အားမွေးကြအုံးမယ်၊ အာဟာရ ပြည့်ပြီး ရွှင်ရွှင်လန်းလန်း ဖြစ်တဲ့အခါကျမှ ဃောသကသူဌေးကြီး ဆီကို သွားကြမယ်" ဟုပြောသည်ကို သူဌေးကတော်ကြီးကလည်း သဘောတူသဖြင့် ဇရပ်မှာပင် တခြားဒုက္ခသည်များနှင့်အတူ နားနေကြ၏။ နောက်တစ်နေ့ မိုးလင်းချိန်မှာပင် ကြေညာသံတစ်သံကို ကြားကြရ၏။

"အခုအချိန်မှစပြီး ဃောသကသူဌေးကြီးရဲ့ နေ့စဉ်အလှူမဏ္ဍပ်ကြီး စတင်ဖွင့်လှစ်ပါပြီ။ အခြေအနေမဲ့များ၊ အားကိုးရာမဲ့များ လာရောက်၍ စားသောက်ဖွယ်ရာများကို အလှူခံနိုင်ပါပြီ"

"ကဲ. . . အဲဒါ တို့သွားတွေ့မယ် မိတ်ဆွေကြီးဃောသကရဲ့ နေ့စဉ် ပရဟိတ အလှူပဲ၊ ကဲ. . . သမီး ရှက်မနေနဲ့တော့ အဖေနဲ့ အမေအတွက်ပါ သုံးယောက်စာ သွားတောင်းချေ"

●

## သူဌေးသမီးတစ်လှည့်၊ သူတောင်းစားတစ်လှည့်

သမီးငယ်လည်း သူဌေးသမီးဘဝမှ တောင်းစားရသည့်ဘဝသို့ နေ့ချင်း ညချင်း ရောက်ရသည့်အတွက် ဝမ်းနည်းလှ၊ ရှက်လှသဖြင့် မျက်နှာ အောက်ချပြီး ဆင်းရဲသားများနှင့်အတူ ရောနှော တန်းစီရလေ၏။ အလှူကို ဦးဆောင်သော မိတ္တာသူကြွယ်က-

"ဘယ်နယောက်အဖို့ ယူမည်နည်း" ဟု ပေးသောအခါ မိန်းကလေးက-

"သုံးယောက်အဖို့" ဟု ပြောသဖြင့် သုံးယောက်စာ ထည့်ပေးလိုက်၏။

ဇရပ်သို့ ရောက်သောအခါ ဇနီးနှင့် သမီးက အသက်အကြီးအဆုံး သူဌေးကြီးကို ဦးစားပေးသည့်အနေနှင့် အစာအားလုံးကို သူဌေးကြီးအား အရင်စားစေ၏။ သူဌေးကြီးကား နှစ်ရက်တိုင် အစာပြတ်ခဲ့သောကြောင့် လွန်အောင် စားမိကာ ထိုနေ့မှာပင် ကွယ်လွန်ရှာ၏။ နောက်နေ့ မိုးသောက် ရောက်သောအခါ မိန်းကလေးသည် ခွက်ကိုယူပြီး မဏ္ဍပ်သို့ ထွက်ခဲ့ရပြန်၏။

"ဦးဆောင်ဝေငှသော မိတ္တာသူကြွယ်က. . .

"ချစ်သမီး . . . ဘယ်နှစ်ယောက်အဖို့ ယူမည်နည်း" ဟု မေးရာ မိန်းကလေးက-

"နှစ်ယောက်အဖို့" ဟု ပြောလိုက်၏။

သူကြွယ်မိတ္တသည် မိန်းကလေး၏ ကျက်သရေရှိသော မျက်နှာကြောင့် မှတ်မိနေ၏။ သုံးယောက်စာ တောင်းရာကနေ နှစ်ယောက်စာ ပြောင်း တောင်းသောကြောင့် မစဉ်းစားတတ်အောင် ဖြစ်နေ၏။

ထိုရက်တွင် သမီးက မိခင်ကို ဦးစားပေးသည့် အနေဖြင့် နှစ်ယောက်စာ အားလုံးကို မိခင်အား အရင်စာစေ၏။ ကြွင်းကျန်မှ မိမိစားမည် ဟူသော ရည်ရွယ်ချက်ပင် ဖြစ်၏။ ထိုနေ့မှာပင် မိခင်ဖြစ်သူလည်း စားပိုးနှင့်၍ ကွယ်လွန်ရှာ၏။ မိန်းကလေးသည် မအိပ်နိုင်ဘဲ တစ်ညလုံး ငိုနေရှာ၏။ မိုးလင်းသော အခါတွင်ကား ငါ့ဝမ်းပူဆာ မနေသာသည့်အတွက် ခွက်ကို လက်မှဆွဲပြီး သွားရပြန်၏။

မိတ္တသူကြွယ်က. . .

"ချစ်သမီး. . . ဘယ်နှစ်ယောက်စာ ယူမည်နည်း" ဟု မေးသည့်အခါ မိန်းကလေးက "တစ်ယောက်စာ" ဟု ပြောလိုက်၏။

မိတ္တသူကြွယ်သည် တစ်မျိုးထင်သွားပြီး ငေါက်လေ၏။

"ဟဲ့. . .အယုတ်တမာမ. . .ဖယ်၊ နင့်ကို မပေးတော့ဘူး၊ ကိုယ်ဝမ်းဗိုက် ထမင်းဘယ်လောက်ကုန်တယ်ဆိုတာ ဒီနေ့ကျမှ သိရသလား"

"အိုး. . . ဦးလေးရယ်၊ ဘာကြောင့် ဒီလိုပြောရတာလဲ"

"သင်. . . ပထမဆုံးနေ့က သုံးယောက်စာ ယူတယ်၊ ဒုတိယနေ့က နှစ်ယောက်စာယူတယ်၊ ယနေ့ကျတော့ တစ်ယောက်စာပဲ ယူတယ်၊ ယနေ့ကျမှ ငွေဝမ်းဟာ တစ်ယောက်စာပဲ ကုန်တယ် ဆိုတာကို သိရသလား"

"ဦးလေး. . .သမီးဟာ ဘဒ္ဒဝတီသူဌေးကြီးရဲ့ တစ်ဦးတည်းသော သမီးပါ" ဟု အစချီပြီး၊ ဖြစ်ကြောင်းကုန်စင် ပြောပြရာ မိတ္တသူကြွယ်လည်း စိတ်မကောင်း ဖြစ်လွန်းသဖြင့် မျက်ရည်ကျရှာ၏။

"ကဲ့ သမီး. . . သမီးဟာ အရင်က ဘဒ္ဒဝတီသူဌေးကြီးရဲ့ သမီး၊ အခုအချိန်ကစပြီး မိတ္တသူကြွယ်ရဲ့ သမီး ဖြစ်သွားပြီ၊ လာ အိမ်ကိုသာ လိုက်ခဲ့တော့" ထိုနေ့မှစ၍ သာမာဝတီသည် မိတ္တသူကြွယ်၏ သမီးကြီးအရာ၌ တည်လေ၏။

●

## မဆူအောင် လှူတဲ့နည်း

တစ်ရက်တွင် မိန်းကလေးသည် အလှူရုံမဏ္ဍပ်ကို လာကြည့်ရာ အလှူခံများ ဆူညံအော်ဟစ်တိုးဝှေ့ အလှူခံနေသည်ကို တွေ့ရသဖြင့် ဖခင် မိတ္တသူကြွယ်ကို မေး၏။

"ဖခင် - ဆူညံနေတဲ့သူတွေ မဆူအောင် မတတ်နိုင်ဘူးလား"

"ချစ်သမီး. . . မတတ်နိုင်ဘူး၊ တိုးဝှေ့ရင်း ခုလို ဆူနေကြတာပဲ"

"မဆူအောင် လုပ်လို့ ရပါတယ် ဖခင်၊ သူတို့ဆူနေတာဟာ တိုးဝှေ့နေရလို့ပါ၊ စီတန်းပြီး အဝင်တစ်ပေါက် အထွက်တစ်ပေါက်ထားရင် အခုလို မဆူပါဘူး"

"သမီး နားလည်ရင် စီမံကြည့်ပါ"

မိန်းကလေးသည် လက်သမားများကို ခေါ်၍ လုပ်ပုံလုပ်နည်းကို ပြပေး၏။ အလှူရုံတံခါးကို တစ်ယောက်စာဝင်သာရုံ ကျဉ်းပစ်လိုက်၏။ အဝင်ကို တစ်ပေါက်ထားသလို အထွက်ကိုလည်း တစ်ပေါက် ထားသည့်အတွက်

တိုးထွက်စရာ မလိုတော့ပေ။ ထို့ကြောင့် မြန်မြန်လှုလို့လည်း ပြီးသွား၏ တိုးစရာ မလိုသည့်အတွက် ဆူလည်း မဆူညံကြတော့ပေ။

မိန်းကလေး၏ နာမည်ရင်းမှာ သာမာ ဖြစ်၏။ အလှူခံများ တစ်ယောက်ချင်း ဝင်လို့ရအောင် ပြုလုပ်သော စောင်းရန်း၊ အရံအကာကို ပါဠိလို ဝတီဟု ခေါ်၏။ ထိုဝတီနှင့် ပေါင်း၍ သာမာဝတီဟု ဖြစ်သွားသည်။ ယောသကသူဌေးသည် အလှူရုံမှ အသံများကို ကြားရတိုင်း အလှူရုံက အသံပေးတည်းဟု သိ၍ ဝမ်းသာပီတိ ဖြစ်ရ၏။

ယခု နှစ်ရက်သုံးရက်ထိ အလှူရုံမှ လူသံ မကြားရသောကြောင့် မိတ္တသူကြွယ်ကို မေးကြည်ရာ သာမာဝတီ အကြောင်းကို သိရသဖြင့် အခြွေအရံ ငါးရာပေးကာ သမီးကြီးအရာ၌ ထားလေ၏။ တစ်ခါတွင် ကောသမ္ဗီပြည်၌ နက္ခတ်ပွဲသဘင် ရှိ၏။ ထိုအချိန်သို့ရောက်လျှင် တစ်ခါမှ အပြင်သို့ မထွက်ဖူးသော မိန်းကလေးတို့သည် အပြင်ထွက်၍ မြစ်ဆိပ်၌ ရေချိုးကြ၏။

သာမာဝတီသည် အခြံအရံ ငါးရာနှင့် အတူ မြစ်ဆိပ်သို့ ရေ ချိုးဆင်းရာ မင်းနန်းရင်ပြင်ကို ဖြတ်သွားရ၏။ ဥတေနမင်းသည် နန်းတော် လေသာပြတင်မှ သာမာဝတီကို မြင်မြင်ချင်း မေတ္တာသက်ဝင်လေ၏။ အကြောင်းစုံ စုံစမ်းခိုင်းပြီးသော် အပျိုမှန်း သိသဖြင့် တော်ကောက်ပြီးလျှင် အဂ္ဂမဟေသီ မိဖုရားကြီး အရာ၌ထားလေ၏။

အိမ်တော်ပါ အခြံအရံငါးရာကိုလည်း နန်းတော်မှာ မိဖုရား၏ ရံရွေတော်များအဖြစ် ဆက်ထားပေး၏။ ဥတေနမင်းတွင် ဝါသုလဒတ္တာ အမည်ရှိ မိဖုရားတစ်ပါးလည်း ရှိသေး၏။ ထိုမိဖုရားကား ဥဇ္ဇေနီ ပြည်ကို အစိုးရသော စဏ္ဍပဇ္ဇောတမင်း၏ သမီးတော်ပေတည်း။ စဏ္ဍပဇ္ဇောတ မင်းသည် သူ၏ စည်းစိမ်ချမ်းသာကို အလွန်အထင်ကြီး၏။

တစ်ရက် မင်းဥယျာဉ်မှ ပြန်လာစဉ် မှူးမတ်တို့ကိုမေး၏။

"ငါကဲ့သို့ စည်းစိမ် ဥစ္စာ အာဏာ ပြည့်စုံချမ်းသာသောမင်းဟူ၍ ဤလောက၌ ရှိသလော"

"ရှိပါသည်"

"ဘယ်မင်းလဲ"

"ဥတေနမင်း ဖြစ်ပါသည်"

"ဒါဆိုရင် အဲဒီ ဥတေနမင်းကို ဖမ်းယူမယ်"

"မင်းမြတ် ဖမ်းယူခြင်းငှာ မစွမ်းနိုင်ပါ"

"အဘယ့်ကြောင့်နည်း"

"ထိုမင်းသည် ဟတ္ထိကန္တမည်သော မန္တန်နှင့် စောင်းတီးလိုက်လျှင် ဆင်များကို လာစေလိုက လာပါသည်။ ပြေးစေလိုက ပြေးပါသည်"

"ဒါဆိုရင် ဥတေနမင်းကို ဖမ်းယူနိုင်မည့် နည်းလမ်းကို လျှောက်တင်ကြလော့"

ပညာရှိအမတ်က လျှောက်တင်၏။

"မင်းမြတ် ဥတေနမင်းသည် ဆင်ကို အလွန်ချစ်ခင် နှစ်သက်ပါသည်၊ သူ၏ ထီးနန်းကိုလည်း ဆင်တို့၏ အကူအညီဖြင့် ရခဲ့ခြင်း ဖြစ်ပါသည်။ သစ်သားဖြင့် ပြုလုပ်အပ်သော စက်ယန္တရား ဆင်ထားသည့် လှမောင်းသော ဆင်ရုပ်ကြီးကို ပြုလုပ်ပါ၊ ကောသမ္ဗီ နယ်စပ်တွင် ထိုဆင်ရုပ်ကို လှည့်လည်

သွားလာ စေပါ၊ ထိုအရပ်သို့ ထွက်လာသော ဥတေနမင်းကို ဖမ်းယူ၍ ရနိုင်ပါလိမ့်မည်”

စဏ္ဍပဇ္ဇောတမင်းသည် ထိုအကြံအစည်အတိုင်း အလွန်ကြီးသော ဆင်ရုပ်ကြီး တစ်ရုပ်ကို ပြုလုပ်၍ ဆင်ဖြူတော်ထင်စေရန်အတွက် ငွေရောင် အဆင်းကို သုတ်စေ၏။ ပြီးလျှင် ကောသမ္ဗီနယ်စပ် ရေအိုင်ကမ်းနား၌ လွှတ်ထား၏။ တကယ့်ဆင်မစင်တုံးများကို ရှာဖွေ၍ နေရာအနှံ့ ပစ်ချထား၏။ ဆင်ရုပ်ကို ကောသမ္ဗီပြည်မှ မုဆိုးတစ်ဦးတွေ့လေရာ တကယ့်ဆင်ကြီး ထင်မှတ်သောကြောင့် ဥတေနမင်းအား သွားလျှောက်တင်၏။

●

## ဥတေနမင်းနှင့် ဆင်အတု

ဆင်ဟူသော အသံကိုကြားသည်နှင့် ဥတေနမင်းသည် ဆင်စီးကာ အခြံအရံဖြင့် ချက်ချင်း ထွက်လေ၏။ ငွေရောင်ဆင်ကြီးကို မြင်သောအခါ လိုချင်လွန်းလှသဖြင့် သူ့ဆင်ကိုချွန်းဖွင့်ကာ လိုက်၏ ဆင်ရုပ်ထဲမှ လူများ သည်လည်း စက်ကုန်ဖွင့်ကာ မောင်းနှင်းပြေး၏။ မန္တာန်ရွတ်ပြီး စောင်းတီ သော်လည်း မရပ်သောအခါ အားမရသဖြင့် ဆင်မှဆင်းကာ မြင်းပေါ်တက်ပြီး ဇက်ကုန်လွှတ်ပြန်၏။

ထိုအခါ ဥတေနမင်း၏ အခြံအရံတပ်များသည် ကျန်ရစ်လေ၏။ ဥတေနမင်းကား စဏ္ဍပဇ္ဇောတမင်း၏ တပ်များနစ်ဖက် ညှပ်ဖမ်းသည်ကို ခံလိုက် ရလေ၏။

ဥတေနမင်းကို နှောင်အိမ်၌ သုံးရက်တိုင်တိုင် ဖမ်းထားပြီးလျှင် စဏ္ဍပဇ္ဇောမင်းသည် သေရည်သောက်ပြီး နန်းတော်တစ်ခုလုံး အောင်ပွဲခံကြ၏။ ဥတေနမင်းသည် ထက်မြက်သော ရဲဝံ့သောမင်းဖြစ်သောကြောင့် အစောင့် အရှောက်တို့ကို မေး၏။

"မင်းချင်း. . . သင်တို့၏ ဘုရင် ဘာလုပ်နေသလဲ"

"ရန်သူ မင်းကို ဖမ်းယူနိုင်သည်ဟုဆိုကာ အောင်သေ သောက်ပွဲ ကျင်းပနေပါသည်"

"သင်တို့ ဘုရင်ရဲ့ အပြုအမူဟာ မိန်းမဆန်တယ်၊ ရန်သူမင်းကို ဖမ်းမိရင် သတ်သော်လည်း သတ်ရတယ်၊ လွှတ်သော်လည်း လွှတ်ရတယ်၊ အခုတော့ တို့ကို နောင်အိမ်မှာ လှောင်ထားပြီး အောင်သေကို သောက်နေရက်ပေတယ်"

ထိုအကြောင်းကို မင်းချင်းတို့ စဏ္ဍပဇ္ဇောတမင်းကို သွားပြောရာ သတိတရား ဝင်သွားပြီး ဥတေနမင်းကို လာတွေ့၏။

"အသင့်ကို လွှတ်မယ်၊ သင်တတ်ထားသော မန္တာန်ကို ငါ့အား သင်ပေးရမယ်"

"သင်ပေးမယ်၊ သို့သော် ဆရာဖြစ်သော ငါ့အား ရှိခိုးရမယ်"

"ရန်သူမင်းကို ရှိမခိုးနိုင်"

"ရှိမခိုးလျှင် သင်မပေးနိုင်"

"သင်မပေးလျှင် သင့်ကို မင်းဒဏ်ထား၍ အသေသတ်မယ်"

"သတ်လိုကသတ်၊ ညှင်းဆဲလိုက ညှင်းဆဲ၊ သင်သည် ငါ၏ ကိုယ်ကိုသာ ပိုင်၏၊ ငါ၏ စိတ်ကိုမပိုင်"

ရဲရင့်စွာ ပြောဆိုနေသော ဥတေနမင်းကို စဏ္ဍပဇ္ဇောတမင်းသည် အနည်းငယ် ရှုံ့သွား၏။ မန္တာန်ကိုလည်း အလွန်လိုချင်နေ၏။ ထို့ကြောင့် တစ်ထစ် လျှော့ပြီး ဆွေးနွေးပြန်၏။

"တခြားသူတစ်ယောက် ဆိုရင်ရော သင်ပေးမလား"

"ငါ့ကို ကန်တော့ရင် ဘယ်သူ့ကိုမဆို သင်ပေးမယ်"

သမီးတော်ကို သင်ယူနိုင်းမည်ဟု ကြံရွယ်ပြီး ယခုလို ဆက်ပြော၏။

"ငါ၏ နန်းတော်တွင် ခါးကုန်းမ တစ်ယောက် ရှိ၏၊ ထိုခါးကုန်းမကို တင်းတိမ် (လိုက်ကာ) ကာထားမည်၊ တင်းတိမ်အတွင်းက ရှိခိုးပြီး သင်ယူမည်၊ သင်က တင်းတိမ်အပြင်က သင်ပေးပါ။

●

## ခရုသင်းစွဲသူနဲ့ ခါးကုန်းမ

"ရတယ်၊ ခါးကုန်းကုန်း၊ ဆွံ့အအ၊ ရှိခိုးရင် သင်ပေးမယ်"

ထိုကတိကို ရပြီးသော် စဏ္ဍာလဇ္ဈောတမင်းသည် သမီးတော် ဝါသုလဒတ္တာမင်းသမီးထံသွားပြီး "တစ်ကိုယ်လုံးဖြူသော ခရုသင်းစွဲသည့် လူတစ်ဦးထံမှ မန္တာန်ကို တင်းတိမ်ကာပြီး အထဲမှ ရှိခိုးလျက် သင်ရမယ်၊ သမီးတတ်သွားမှ သမီးဆီက အဖေက ပြန်သင်ယူမယ်" ဟု မှာထား၏။

အားလုံးပြီးလျှင် ဝါသုလဒတ္တာမင်းသမီးက တင်းတိမ်ထဲမှ ရှိခိုးပြီး ဥတေနမင်းက တင်းတိမ်အပြင်မှ သင်ပေးလေ၏။ တစ်ခါ၌ မန္တာန်ကို ပီသအောင် မဆိုနိုင်သဖြင့် ဥတေနမင်းသည် ဒေါသဖြစ်ပြီ-

"ခါးကုန်းမ ညက်ထိုင်းလှချေလား။ ဒါလေးတောင် ပီအောင် မဆိုနိုင်တဲ့ နင့်နှုတ်ခမ်းထူထူ နှုတ်သီးကို ရိုက်ပစ်ချင်တယ်" ဟု မာန်ငေါက်လေ၏။

မင်းသမီးလည်း ဒေါသဖြင်ကာ-

"ဟဲ့. . .ခရုသင်းစွဲတဲ့ လူအနူ၊ ငါ့လိုမင်းသမီးကို နင်က ခါးကုန်းမ"လို့ ဆိုရသလား" ဟု ပြန်၍ ရန်တွေ့၏။

ဥတေနမင်းလည်း သံသယဝင်လာသဖြင့် တင်းတိမ်ကို မကြည့်ရာမှ နှစ်ဦးလုံး အဖြစ်မှန်ကိုသိပြီး ရင်းနှီးကျွမ်းဝင် ချစ်ခင်ခြင်းသို့ ရောက်ကြလေ၏။ ထိုအဆင့်ကို ရောက်သောအခါ ဥတေနမင်းက ဝါသုလဒတ္တာကို ဆွဲဆောင်၏။

"ချစ်နမ. . . လင်ယောက်ျားရဲ့ ပြုစုချီးမြှောက်တဲ့ စည်းစိတ်ချမ်းသာကို မိဘ၊ ညီအစ်ကို၊ မောင်နှမ ဘယ်သူကမမီအောင် မထောက်ပံ့နိုင်ပါဘူး။ ငါ့အသက်ကိုသာ ကယ်ပါ၊ သင့်ကို မောင်းမ အခြံအရံငါးရာနှင့် မြတ်သော မိဖုရားကြီးအရာကို ပေးပါ့မယ်"

"မောင်တော်၏ သစ္စာစကားသာ တည်ပါစေ၊ မောင်တော်၏ အသက်ကို ရအောင် ကယ်ပါ့မယ်"

တစ်နေ့တွင် စဏ္ဍပဇ္ဇောတမင်းထံ မင်းသမီးသည် အခစားဝင်၏။ မင်းကြီးက မေး၏။

"ချစ်သမီး. . . အတတ်ပညာ ဆုံးခန်းတိုင်ပြီလော"

"လိုအပ်ချက် တစ်ခုကြောင့် ဆုံးခန်းမတိုင်သေးပါ"

"ဘာလိုအပ်သလဲ ချစ်သမီး"

"နန်းတော်မှထွက်တဲ့ တံခါးပေါက်တစ်ပေါက်နဲ့ စီးစရာယာဉ် တစ်မျိုး လိုအပ်ပါတယ် ဖခင်"

"တံခါးတစ်ပေါက်နဲ့ ယာဉ်တစ်ခုက ဘာအတွက်ကြောင့် လိုတာလဲ သမီးတော်"

"ညဉ့်အခါ နက္ခတ်သင့်နေရင် ဆေးမြစ်ကိုယူပြီး နက္ခတ်နဲ့ အနီးဆုံးနေရာကိုထွက်ပြီး မန္တာန်ကို သင်ရပါမယ်၊ ဒါကြောင့် လိုတာပါ ဖခင်"

"ထိုသို့ဖြစ်လျှင် သင့်လျော်ရာ တံခါးပေါက်နှင့်ယာဉ်ကို ကြိုတင်ယူထားပါ သမီးတော်"

"ကောင်းမြတ်လှပါပြီ ဖခင်"

## စဏ္ဍပဇ္ဇောတမင်း၏ ယာဉ်ငါးမျိုး

(၁) ဘဒ္ဒဝတီ မည်သော ဆင်မ၊

တစ်နေ့ ယူဇနာငါးဆယ် သွားနိုင်သည်။ (တစ်ဖယူနာ-ရှစ်မိုင်)

(၂) ကာက မည်သော ကျွန်၊ တစ်နေ့ ယူဇနာခြောက်ဆယ် သွားနိုင်၊

(၃) စေလကဌိ မည်သောမြင်း

(၄) မဥ္ဇုကေသီ မည်သောမြင်းတို့သည်၊ တစ်နေ့ ယူဇနာတစ်ရာ သွားနိုင်။

(၅) နာဠာဂိရိ မည်သော ဆင်၊ တစ်နေ့ ယူဇနာ တစ်ရာ့နှစ်ဆယ်တိုင် သွားနိုင်သည်။

## ယာဉ်ငါးပါးရခြင်း၏ အတိတ်အကြောင်း

စဏ္ဍပဇ္ဇောတ မင်းကြီးသည် ဘုရားမပွင့်မီ တစ်ခုသော အချိန်က သူကြွယ် တစ်ယောက်၏ အလုပ်အကျွေးဖြစ်ခဲ့၏။ တစ်ခါတွင် သူကြွယ်သည် အလုပ်အကျွေးနှင့်အတူ မြို့ပြင် မြစ်ရေချိုးရာမှ ပြန်လာ၏။ ထိုအချိန်မှာပင်

ပစ္စေကဗုဒ္ဓါ တစ်ပါးသည် မြို့ထဲမှ ဆွမ်းတစ်စေ့မှ မလောင်းကြသဖြင့် သပိတ်ဟောင်းလောင်းဖြင့် မြို့ပြင်သို့ ထွက်ကြွလာ၏။

ထိုသို့ ဆွမ်းမရသည်မှ မာရ်နတ်က မြို့သူမြို့သားများကို လှည့်ပတ်ထားသောကြောင့် ဖြစ်သည်။ မထေရ်မြတ် မြို့ပြင်တံခါးသို့ ရောက်သောအခါ မာရ်နတ်သည် လူတစ်ယောက် သဏ္ဍာန် ဖန်ဆင်းပြီး မထေရ်မြတ်အား ယခုလို လျှောက်၏။

"အရှင်မြတ် ဆွမ်းခံတာ၊ ဘာများရခဲ့တုန်း"

"သင်ပဲ လူတွေကို ဆွမ်းမလောင်းချင်အောင် လှည့်ပတ်ထားတာ မဟုတ်လား"

"နောက်တစ်ကြိမ် ဆွမ်းခံပြန်ကြွပါ၊ ဒီတစ်ခါတော့ လှည့်ပတ်ထားတာ မလုပ်တော့ပါဘူး"

"ငါကား မြို့တွင်းသို့ တစ်ဖန် ပြန်မကြွတော့"

မာရ်နတ်လည်း လျှောက်ထားသော နေရာမှာပင် ကွယ်ပျောက်သွား၏။ မထေရ်မြတ် ပြန်မကြွခြင်းမှာ ယခုတစ်ဖန် ပြန်ကြွလျှင် မာရ်နတ်သည် ဆွမ်းမလောင်းအောင် လှည့်ပတ်ရုံပင်မက မထေရ်မြတ်ကို မြင်သူတိုင်းက လုပ်ခုပ်တီးပြီး ဝိုင်းလှောင်အောင် ဖမ်းစားဦးမည် ဖြစ်သည်။ ထို့ကြောင့် ပြန်မကြွခြင်း ဖြစ်သည်။

သူကြွယ်သည် မထေရ်မြတ်ကိုမြင်လျှင် ရိုသေစွာရှိခိုး၍ မေးမြန်း၏။

"အရှင်ဘုရား ဆွမ်းရပါရဲ့လား ဘုရား"

"ဆွမ်းခံ လှည့်လည်၍သာ ပြန်လာသည် ဒကာတော်"

မထေရ်မြတ်သည် တိုက်ရိုက် ပြန်မဖြေသည်ကို ထောက်သောအားဖြင့် ဆွမ်းရခဲ့ဟန် မရှိဟုတွေးမိပြီး သပိတ်ကို ကြည့်လိုက်ရာ ဘာမျှ ပါမလာသည်ကို တွေ့ရလေ၏။ ဆွမ်းလောင်း လိုသော်လည်း သူ့အိမ်တွင် ဆွမ်းကျက်၊ မကျက် မသိရသေးသဖြင့် သပိတ်ကိုယူပြီး အိမ်သို့မပင့်ရဲ့ ဖြစ်နေ၏။

"အရှင်ဘုရား ခဏစောင့်ပါဘုရား"

ထိုသို့ လျှောက်ပြီးသည်နှင့် အိမ်သို့ အမြန်ပြန်ပြီး ဆွမ်းကျက်မကျက်ကို ကြည့်ရာ ကျက်နေကြောင်း တွေ့ရသဖြင့် အလုပ်အကျွေးအား ပစ္စေကဗုဒ္ဓါ၏ သပိတ်ကို အမြန်ပြေးယူရန် ခိုင်းလိုက်၏။ အလုပ်အကျွေးလည်း စိတ်ပါလက်ပါ အားကုန်ပြေးပြီး မထေရ်၏ သပိတ်ကို ယူခဲ့၏။ အိမ်ရောက်သောအခါ သူကြွယ်သည် မိမိစားမည့် ထမင်းအားလုံးကို သပိတ်ထဲ လောင်းထည့်၍ အလုပ်အကျွေးအား အမြန်သွားကပ်ရန် ခိုင်းလိုက်၏။

ဤသို့ ဝေယျာဝစ္စ ကူလုပ်သည့်အတွက် သူ၏ ကုသိုလ်အဖို့ကို မျှဝေမည် ဖြစ်ကြောင်းလည်း မှာလိုက်၏။ နေးနေလျှင် မွန်းလွဲတော့မှ ဖြစ်ခြင်းကြောင့် ယခုလို အမြန်ပြေးရခြင်း ဖြစ်သည်။ အလုပ်အကျွေးလည်း မိမိကိုယ်ပိုင် အလှူကဲ့သို့ သဘောထားပြီး စိတ်ပါလက်ပါ အားကုန်ပြေးကာ မထေရ်မြတ်ကို ဆွမ်းသပိတ် လှူပေး၏။ ပြီးလျှင် ထိခြင်းငါးပါးဖြင့် ကန်တော့ကာ ယခုလို ဆုတောင်း၏။

"အရှင်ဘုရား. . . တပည့်တော်သည် မွန်းလွဲသွားမှာ စိုးသဖြင့် ရှိသမျှအား အကုန်ထုတ်၍ အလျင်အမြန်ဆုံး ပြေးရပါသည် ဘုရား။

"ဤလျှင်စွာ သွားလာရသော ကုသိုလ်ကံ၏ အစွမ်း အာနုဘော်ကြောင့် ယူဇနာ ငါးဆယ်၊ ခြောက်ဆယ်၊ တစ်ရာ၊ တစ်ရာ့နှစ်ဆယ် ရှည်သော ခရီးကို နေ့ချင်းသွားနိုင်သော ယာဉ်တို့သည် ဖြစ်ပါစေ သတည်း။

"သွားစဉ်လာစဉ်တွင် တပည့်တော်၏ ကိုယ်ကို နေရှိန်ဖြင့် ပူလောင်ခြင်း ခံရပါသည်။ ထိုသို့ နေရှိန်ဖြင့် အပူလောင်ခံရသော ကုသိုလ်၏ အစွမ်း အာနုဘော်ကြောင့် ဖြစ်တိုင်းသောဘဝ၌ ဘုန်းတန်းခိုး အာဏာသည် ထက်မြက် သော နေမင်း၏ တန်ခိုးအရှိန်နှင့် တူပါစေသတည်း။ အလှူရှင်သည် တပည့်တော် ကို ပေးအပ်သော အမှုကုသိုလ် အစွမ်းကြောင့် အရှင်မြတ်သိသော တရားထူးကို သိရပါလို၏ ဘုရား"

ဤကား စဏ္ဍပဇ္ဇောတမင်းကြီး၏ အတိတ်ကုသိုလ် အကြောင်းတည်း။ တစ်ရက်တွင် စဏ္ဍပဇ္ဇောတမင်းကြီး၊ ဥယျာဉ် ထွက်လည်ချိန်တွင် ဝါသုလ ဒတ္တာနှင့် ဥတေနမင်းသည် ဘဒ္ဒဝတီဆင်မကိုစီး၍ ထွက်ပြေးကြ၏။ ဥတေနမင်း သည် ဉာဏ်ထက်မြက်သူ ဖြစ်ရကား ရွှေငွေများကို အိတ်ကြီးများဖြင့် အပြည့် ထည့်ယူခဲ့၏။

ရဲမက်ဗိုလ်ပါများ လိုက်လာသည်ကို တွေ့ရသည်နှင့် ပထမဆုံး ငွေအိတ်ကြီးကို ဖွင့်ကာ ကြဲချလိုက်လေ၏ လိုက်လာသူများသည် အသပြာများကို သူ့ထက်ငါ အရင်လုကောက်နေကြသဖြင့် ဥတေနမင်းနောက်သို့ လိုက်ဖို့ ခေတ္တ မေ့သွားကြ၏။ ကြဲချသောငွေများကုန်မှ တစ်ခါ ထပ်လိုက်ကြပြန်၏။

ထိုအခါ ဥတေနမင်းက ရွှေအိတ်ထဲမှ ရွှေစများကို ကြဲချ လိုက်ပြန် သောအခါ ရဲမက်များသည် ရွှေစများကို ကောက်ယူကြပြန်၏။ ထိုအချိန်မှာပင် ဥတေနမင်းသည် သူ့တပ်ဆီသို့ ရောက်သွားကာ ရန်သူ့လက်မှ လွတ်လေ၏။ ဝါသုလဒတ္တာကိုလည်း အဂ္ဂမဟေသီ မိဖုရားကြီးအရာ၌ ထားလေ၏။ ဥတေန

မင်းသည် ပုဏ္ဏားသမီး မာဂဏ္ဍီကိုလည်း အဂ္ဂမဟေသီ မိဖုရားကြီးအရာမှာ ထား၏။

●

## ဘုရားကို သားမက်ဖမ်းသူ

ထိုမာဂဏ္ဍီသတို့သမီးသည် အလွန်အဆင်းလှ၏။ နတ်သမီးနှင့်တူ၏။ သူ၏ ဖခင်၊ မိခင်၊ ဘထွေးတို့၏ အမည်သည်လည်း မာဂဏ္ဍီဟုပင် တွင်၏။ ပုဏ္ဏားကြီးသည် သူ့သမီးကို လာစပ်သူမှန်သမျှ သူ့သမီး၏ ရုပ်အဆင်းကို မမီဟုဆိုကာ မာန်မဲလွှတ်လေ့ ရှိ၏။ ဤလောက၌ သူ့သမီး၏ အလှကိုမီသော ယောက်ျားမရှိဟု ယူဆထား၏။

တစ်ရက်တွင် ဘုရားရှင်သည် လောကကိုကြည့်တော်မူရာ ပုဏ္ဏားကြီးတို့ ဇနီးမောင်နှံ နှစ်ယောက် အနာဂါမ်တည်မည်ကို မြင်တော်မူသဖြင့် သင်္ကန်းရုံ သပိတ်ပိုက်ကာ ကုရုတိုင်း၊ ပုဏ္ဏားကြီး၏ ရွာ အထွက်နားသို့ ကြွလာတော်မူ၏။ ဘုရားရှင်ကို မြင်သည်နှင့် ပုဏ္ဏားကြီးကား သူ့သမီးနှင့် လိုက်ဖက်သော သတို့သားကို ရပြီဟု ယူဆကာ အလွန်ပျော်သွား၏။ ထို့ကြောင့် ဘုရားရှင်ကို သာမန် ရဟန်းထင်ကာ ယခုလိုလျှောက်၏။

"အရှင်ဘုရား တပည့်တော်သမီးသည် လူမက နတ်တမျှ အဆင်းလှပါသည်။ သမီးနှင့် တူတန်သော ယောက်ျားကို မတွေ့ခဲ့ရပါ။ အခု တွေ့ရပါပြီ။ အရှင်ဘုရားနှင့် ထိုက်တန်ပါသည်။ တပည့်တော်၏ သမီးအား သိမ်းပိုက်တော်မူပါ၊ ဒီနေရာက ခေတ္တစောင့်ပါ၊ အရှင်ဘုရား ကြည့်ရအောင် သမီးကိုခေါ်လာခဲ့ပါမည်"

ထိုသို့ ပြောဆိုပြီး သမီးကို ပေးခေါ်တော့သည်။ တစ်မြို့လုံးလည်း အုတ်အော်သောင်းတင်း ဖြစ်သွား၏။ ပုဏ္ဏားကြီး၏ သမီးနှင့် တူတန်သော ယောကျာ်းကို တွေ့သတဲ့ဟု ဆိုကာ ကြည့်ချင်သူများသည် ပုဏ္ဏားကြီး၊ ပုဏ္ဏေးမကြီး၊ မာဂဏ္ဍီတို့ သုံးယောက်နှင့်အတူ တစ်အုပ်ကြီး လိုက်လာကြ၏။ ဘုရားရှင်သည် အရင်ကြွသောနေရာ၌ ခြေတော်ရာချထားပြီးလျှင် အခြားနေရာသို့ ပြောင်းကြွရပ်နေတော်မူ၏။

ပုဏ္ဏားကြီးသည် ခြေရာကိုတွေ့သောအခါ "ဒီခြေရာပဲ" ဟု ပုဏ္ဏေးမကြီးကို ညွှန်ပြလိုက်၏။ ပုဏ္ဏေးမကြီးကား လက္ခဏာ အတတ်ကို ကျွမ်းကျင်စွာ တတ်မြောက်သောကြောင့် ခြေရာကို မြင်သည်နှင့်. . .

"ပုဏ္ဏားကြီး ဤခြေရာမျိုးကား ကာမဂုဏ်ကို ခံစားသူ၏ ခြေရာမျိုး မဟုတ်" ဟုဆိုကာ ဖော်ပြပါဂါထာကို ရွတ်၏။

ရတ္တဿဟိ ဥက္ကုဋိကံပဒံ၊

ဒုဋ္ဌဿ ဟောတိ သဟသာနုပီဠိတံ။

မူဠှဿ ဟောတိ အဝကတံပဒံ၊

ဝိဝဋ္ဋစ္ဆဒဿ၊ ဣဒမီဒိသံပဒံ။

ရာဂကြီးသောသူ၏ ခြေရာသည် အလယ်ခွက်၏။ အမျက်ဒေါသကြီးသူ၏ ခြေရာသည် ဖနောင့်တွင်းနေ၏။ တွေဝေမောဟကြီးသူ၏ ခြေရာသည် ဒရွတ်ကြောင်းထင်၍ ဆွဲငင်၏။ တစ်ရာ့ရှစ်ကွက် စက်လက္ခဏာ စုံလင်သော ဤခြေရာသည်ကား တဏှာအမိုးကို ဖေါက်၍ ၃၁ ဘုံမှ လွတ်မြောက်သူ၏ ခြေရာတည်း။

ပုဏ္ဏားကြီးကား လက်မခံ၊ သူ့သမီးနှင့် တန်သူသာ ဖြစ်သည်ဟု စွဲယူလျက် ရှိ၏။ ဟိုဟိုဒီဒီ ကြည့်လေရာ၊ ဘုရားရှင်ကို မြင်သောကြောင့် အမြန်သွား၍ သမီးကို သိမ်းယူပါ ဟူ၍ ပေးအပ်လေ၏။ ဘုရားရှင်သည် ယူမည် ဟူ၍ လည်းကောင်း၊ မယူဟူ၍ လည်းကောင်း မိန့်တော်မမူဘဲ ယခုကဲ့သို့ ဟောပြောတော်မူ၏။

"ပုဏ္ဏားကြီး သင့်အား ဆင်ခြင်စရာတစ်ခုကို ပြောပြပေအံ့"

"အို. . . အရှင်ရဟန်း ပြောပြတော်မူပါ"

"ငါသည် မင်းစည်းစိမ်းကို စွန့်၍ တောထွက်သည်မှ ဘုရားဖြစ်ခါနီး အချိန်ထိ မာရ်နတ်သည် ဘုရားမဖြစ်အောင် အစဉ်လိုက်၍ နှောင့်ယှက်၏။

အဇပါလ ညောင်ပင်ရင်း၌ သီတင်းသုံးနေသောအခါတွင်လည်း-

ဒိသွာ တဏှံ အရတိဉ္စ ရာဂံ၊

နာဟောသိ ဆန္ဒောအပိ မေထုနသ္မိံ။

ကိမေဝိဒံ မုတ္တကရီသ ပုဏ္ဏံ၊

ပါဒါပိ နံ သံဖုသိတုံ နဣစ္ဆေ။

တဏှာ၊ အရတီ၊ ရာဂါမည်သော မာရ်နတ်၏ သမီး သုံးယောက်တို့သည် ဆွဲဆောင် ဖျားယောင်းကြသော်လည်း မေထုန်နှင့် ပတ်သက်၍ အားအသေးဆုံး ဆန္ဒရာဂသည်ပင် မဖြစ်၊ နတ်သမီးများကိုပင် အလိုမရှိသော ငါသည် ကျင်ကြီး ကျင်ငယ်တို့ဖြင့် ပြည့်သော သင်၏ သမီးကို အဘယ်မှာ အလိုရှိတော့မည်နည်း။ သင်၏ သမီးကို ခြေဖြင့်တို့ခြင်းငှာပင် အလိုမရှိချေ"

တရားအဆုံးတွင် ပုဏ္ဏားကြီးတို့ ဇနီးမောင်နှံ အနာဂါမ်တည်သွား၏။ သို့သော် သမီးဖြင်သူ မာဂဏ္ဍီကား ဘုရားရှင်အပေါ်တွင် ရန်ငြိုးဖွဲ့၏ ဤရဟန်းကြီးသည် ငါ့ကို မလိုချင်လျှင် မလိုချင်ဟု ပြောရုံဖြင့်ပြီးလျှင် ကျင်ကြီးကျင်ငယ်ဖြင့် ပြည့်သည်၊ ခြေနှင့်ပင် မတို့ချင်ဟုပြော၏။ ငါအမြင့်သို့ ရောက်လျှင် သင် ရဟန်းကြီးကို နှိပ်ကွပ်မည်ဟု တွေးထား၏။

မိဘနှစ်ပါးသည် သမီးဖြစ်သူကို ဘထွေး စူဠမာဂဏ္ဍီထံ အပ်ပြီးလျှင် ရဟန်းပြုကြရာ ရဟန္တာ ဖြစ်သွား၏။ ဘထွေး စူဠမာဂဏ္ဍီကား လည်ဝယ်သူဖြစ်သောကြောင့် အဆင်တန်ဆာ ပြည့်စုံစွာ ဆင်ပြီးလျှင် ကောသမ္ဗီ ဘုရင်အား ဆက်သရာ ဘုရင်သည် မြင်မြင်ချင်း အားကြီးစွာ ချစ်ခင်သောကြောင့် အဂ္ဂမဟေသီ မိဖုရားကြီး အရာ၌ ထားလေ၏

●

## သူဌေးသုံးဦးနှင့် ရသေ့ငါးရာ

ကောသမ္ဗီပြည်၌ ဃောသက၊ ကုက္ကုဋ၊ ငါဝါရိက ဟူ၍ သူဌေးကြီး သုံးဦးရှိ၏။ ထိုအချိန်က ဘုရားပွင့်သည်ကို ထိုနယ်က လူများ မသိကြသေးပေ။ ထို့ကြောင့် သူဌေးကြီး သုံးဦးသည် တောထဲမှာ ဈာန်တရားများကို ကျင့်သုံးနေကြသော ရသေ့ငါးရာကိုသာ ကိုးကွယ်ဆည်းကပ် လှူဒါန်းကြသည်။ ရသေ့ငါးရာသည်လည်း သူတော်ကောင်းများသာ ဖြစ်၏။ ရှစ်လပတ်လုံး ဟိမဝန္တာ တောထဲမှာ သစ်ရွက်ပြုတ်စားပြီး တရားကျင့်ကြ၏။ တောထဲတွင် နေထိုင်ရန် အဆင်မပြေဆုံး မိုးလေးလသာလျှင် ကောသမ္ဗီပြည်သို့ လာနေပြီး သူဌေးကြီးတို့၏ အလှူကို ခံယူကြသည်။

တစ်ခါတွင် ရသေ့ငါးရာသည် ဟိမဝန္တာမှ ကောသမ္ဗီပြည်သို့ အလာတွင် အလွန်အရိပ်ကောင်းသော ညောင်ပင်ကြီးအောက်တွင် ခဏနားကြ၏။ ရသေ့အားလုံးသည် ခရီးပန်းသော ဒဏ်ကြောင့် ရေအလွန်ဆာနေကြ၏။ ထိုရသေ့ငါးရာမှ အသက်အကြီးဆုံး ခေါင်းဆောင်ရသေ့က လှပဝန်းဝိုင်းပြီး အရိပ်ကောင်းလှသော ညောင်ပင်ကြီးကိုကြည့်၍ ယခုလိုစဉ်းစား၏။

●

## နေ့တစ်ဝက်ဥပုသ်နဲ့ ရက္ခစိုးနတ်

ဒီလောက်လုပတဲ့ ညောင်ပင်ကြီးကို အစိုးရတဲ့နတ်ဟာ သာမန်မဟုတ်နိုင်၊ အလွန် အင်မတန် တန်ခိုးကြီးလိမ့်မည်၊ ဤ နတ်မင်းသည် ရသေ့အပေါင်းအား သောက်ရေကို ပေးလှူပါမူကား ကောင်းလေစွဟု တောင့်တ၏။ တောင်တသည့်အတိုင်း သောက်ရေများ ရောက်လာသဖြင့် အားလုံး ရေသောက်ကြရ၏။

တဖန် ချိုးရေကို တောင့်တပြန်သောအခါ ချိုးရေကို ပေးပြန်၏။ တစ်ဖန် နေ့ဆွမ်းကို တောင့်တပြန်သောအခါ နေ့ဆွမ်းကို ကပ်လှူပြန်၏။ ဒီလောက် တန်ခိုးကြီးသော နတ်မင်းကို မြင်လိုသည်ဟု ဆန္ဒဖြစ်သောအခါ ရက္ခစိုးနတ်သည် ပင်စည်ကို နစ်ဖြာခွဲကာ ကိုယ်ထင်ပြလေ၏။ ထိုအခါ ရသေ့တို့က သူပြုခဲ့သော ကုသိုလ်ကိုမေးရာ နတ်မင်းက မမေးဖို့ တားမြစ်၏။

သူ၏ ကုသိုလ်မှာ မပြောပလောက်အောင် သေးလွန်းငယ်လွန်းသောကြောင့် ပြောမပြလိုခြင်း ဖြစ်သည်။ သို့သော် ရသေ့များက ဇွတ်မေးသောကြောင့် ပြောပြ၏။သူသည် သာဝတ္ထိပြည်မှ အနာထပိဏ်သူဌေးကြီး၏ အိမ်တွင် အခစား ကျွန်ယောကျ်ား ဖြစ်ခဲ့သည်။ ရောက်စရက် မကြာသေး

သောကြောင့် ဥပုသ်နေ့တိုင်း သူဌေးကြီး အပါအဝင် အိမ်သူအိမ်သား အိမ်စေ တစ်ရာလုံး ဥပုသ်စောင့်ရသည်ကို ထိုသူက မသိရှာ။

သူသည် တောဘက်၌ အလုပ်လုပ်ရပြီး နေ့ခင်း သို့မဟုတ် ညနေမှသာ ပြန်လာရတတ်ရာ ဥပုသ်နေ့နှင့် လွဲလွဲနေတတ်သောကြောင့် ဖြစ်သည်။ တစ်ခါတွင် နေ့လည် တောဘက် အလုပ်ကိစ္စပြီး၍ ပြန်အလာ ထမင်းစားခန်း ထဲတွင် သူတစ်ယောက်တည်း ဖြစ်နေသည်။ ဘေးလူများ ဘာကြောင့် မစားကြသလဲ မေးကြည့်သော အခါတွင်မှ၊ ယနေ့ ဥပုသ်နေ့ဖြစ်၍ အိမ်ရှိလူကုန် ဥပုသ်စောင့်ကြကြောင်း ပုခက်ထဲမှ ကလေးများကိုပင် ဥပုသ်စောင့်ကျင့်ရအောင် ညနေဘက် ထမင်းမခွံ့ဘဲ သူဌေးကြီးက စတုမဓုကိုသာ ခွံ့ဖို့မှာထားကြောင်း ပြောပြကြ၏။

ထိုအခါ အလုပ်သမားသစ်လည်း သူပါ ဥပုသ်စောင့်မည်ဟု ဆိုပြီး ထမင်းမစားဘဲ နေလိုက်၏။ သူသည် မနက်စာလည်း ကောင်းကောင်း မစားခဲ့ရ၊ ယခု နေ့လည်စာလည်း လုံးလုံးမစားဘဲ နေလိုက်ရာ လေရောဂါ ဖိစီးပြီး နောက်တစ်နေ့ မနက်တွင် ကွယ်လွန်ခဲ့ရ၏။ ထိုနေ့တစ်ဝက် စောင့်ခဲ့သော ကုသိုလ်ကံကြောင့် ယခုလို တန်ခိုးကြီးသော ရုက္ခစိုးနတ်မင်း ဖြစ်ရခြင်း ဖြစ်ကြောင်း ရှင်းပြ၏။ ရသေ့များက သာဓုခေါ်ကြ၏။

ဘုရားရှင် ပွင့်ထွန်းတော်မူကြောင်းကို သိရသဖြင့် နတ်မင်းကို ကျေးဇူးလည်း တင်ကြ၏။ နောက်တစ်နေ့တွင် ရသေ့တို့သည် ကောသမ္ဗီသို့ ရောက်သောအခါ ဆွမ်းသုံးဆောင်ပြီးသည်နှင့် သာဝတ္ထိသို့သွားဖို့ ပြင်ကြရာ သူဌေးတို့က မေးကြ၏။

"အရှင်ရသေ့တို့ အရင်နှစ်တွေ တုန်းကလို ဒီမှာ မိုးလေးလ မနေကြတော့ ဘူးလား၊ အခု ဘယ်ကို ကြွကြမှာလဲ"

"ဒကာတို့ ဘုရား၊ တရား၊ သံဃာသည် ပွင့်ထွန်း ပေါ်ပေါက်တော်မူနေပြီ၊ ငါတို့သည် ဘုရားရှင်ထံသို့ သွားကြမည်"

"အရှင်ရသေ့တို့ ဘုရားရှင်ထံသို့ အရှင်တို့သာ သွားကောင်းပါသလော အခြားသူများရော မသွားကောင်းပါသလော"

"ဒကာတို့ ဘယ်သူမဆို သွားကောင်းပါတယ်"

"အဲဒါဆိုရင် တပည့်တော်တို့ သုံးဦးစလုံး လိုက်ပါရစေ"

သင်တို့ကို စောင့်နေရင် ကြာလိမ့်မယ်၊ တို့ရှေ့က သွားနှင့်မယ်၊ အသင်တို့ နောက်က လိုက်ခဲ့ကြပါ"

ထိုသို့မှာပြီး ရသေ့တို့သည် အရှေ့က သွားနှင့်ကြရာ ဘုရားရှင်နှင့် တွေ့ပြီး အားလုံး ရဟန္တာ ဖြစ်ကြ၏။ သူဌေးသုံးဦးတို့လည်း လှည်းပေါင်းငါးရာစီနှင့် လှူဖွယ်ဝတ္ထုများကို စီမံကာ သာဝတ္ထိသို့ သွားကြ၍ ဘုရားရှင်၏ တရားတော်ကို နာရသဖြင့် သုံးဦးလုံး သောတာပန် တည်ကြ၏။ ဘုရားရှင်နှင့် သံဃာတော်များကို ၁၅ ရက်ခန့်ဆွမ်းလုပ်ကျွေးပြီး ကောသမ္ဗီသို့ ကြွရောက် သာသနာပြုရန် လျှောက်ထားကြ၏။

ဘုရားရှင်တို့သည် ဆိတ်ငြိမ်သော အရပ်၌ သာလျှင် မွေ့လျော်သည်ဟု မိန့်တော်မူသဖြင့် သူဌေးသုံးဦးလည်း သူတို့လျှောက်ထားခြင်းကို လက်ခံကြောင်း သိသည်နှင့် သံဃာငါးရာတို့ သီတင်းသုံး လောက်သော ကျောင်းတော်ကြီး သုံးကျောင်းကို သုံးဦးလုံး တစ်ယောက် တစ်ကျောင်းစီ ဆောက်ကြ၏။

မြတ်စွာဘုရားနှင့် သံဃာများကြွလာပြီးလျှင် တစ်ရက်လျှင် တစ်ကျောင်း ကျ အလှူရှင် စိတ်ချမ်းသာစေရန် သီတင်းသုံးပေး၏။ ထိုကျောင်းမှာ

သီတင်းသုံးသော နေ့တွင် ထိုကျောင်းဒကာ အိမ်၌ ဆွမ်းရပ်လေ၏။ ထိုအချိန်က သုမနမည်သော ပန်းသည်သည် ထိုသူဌေးကြီး သုံးဦး၏ အလုပ်အကျွေးဖြစ်၏။ ထို့ကြောင့် သူ့အား ဘုရားရှင်နှင့် သံဃာတော်များအား တစ်ရက်လှူဒါန်းခွင့် တောင်း၏။ သူဌေးကြီး သုံးဦးကလည်း ပေးလိုက်၏။

ထိုနေ့တွင် သာမာဝတီအတွက် နေ့စဉ် ပန်းရှစ်ကျပ်ဖိုးစီ ဝယ်သောကျွန်မ ခုဇ္ဇုတ္တရာသည် ရောက်လာ၏ သုမနပန်းသည်က ဘုရားရှင်ထံ တရားနာပြီးမှ ပန်းဝယ်ရန် တောင်းပန်သဖြင့် ခုဇ္ဇုတ္တရာလည်း သဘောတူပြီး တရားတော်ကို ဝင်နာလိုက်ရာ တရားအဆုံးတွင် သောတာပန် တည်သွား၏။

သူသည် အရင်ရက်များက ဥတေနမင်းကြီးက ပန်းဝယ်ရန် ငွေရှစ်ကျပ် ပေးရာတွင် နေ့စဉ် လေးကျပ်ခိုးယူနေကျ ဖြစ်၏။

တရားသိသွားသော အခါတွင်ကား ခိုးလိုစိတ် ပျောက်သွားသည့်အတွက် ရှစ်ကျပ်ဖိုးအပြည့်ပင် ဝယ်ယူတော့၏။ ငါစွဲ သက္ကာယဒိဋ္ဌိသည် မီးတောက်နှင့် တူ၏။ သတ်ဖြတ် ခိုးဆိုး လုယက်၊ လိမ်ညာခြင်းသည် မီးရောင်နှင့် တူ၏။ မီးရောက်ဟူသည် မီးတောက်ကြောင့် ပေါ်လာခြင်း ဖြစ်၏။ မီးတောက်မရှိလျှင် မီးရောင်လည်း မရှိတော့ပေ။

ထို့အတူ သတ်ဖြတ်ခိုးဆိုး၊ လုယက်၊ လိမ်ညာခြင်းသည် ငါ့ခန္ဓာ၊ ငါ့သား၊ ငါ့မယား ဟူသော သက္ကာယဒိဋ္ဌိ စွဲအားကြီးသောကြောင့် ဖြစ်၏။ ထိုသက္ကာယ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို သောတာပတ္တိမဂ်က သတ်ပစ်လိုက်သော အခါ၊ မကောင်း သော အလုပ်မှန်သမျှ လုပ်ချင်စိတ်မရှိသောကြောင့်ပင် မလုပ်တော့ခြင်းဖြစ်သည်။

သူတော်ကောင်း ပုထုဇဉ်လည်း ငါးပါးသီလလုံ၏။ သောတာပန် အရိယာလည်း ငါးပါးသီလလုံ၏။ သို့သော် မတူပေ။ ပုထုဇဉ်၏ သီလ စောင့်ခြင်း

သည် ပုဂ္ဂိုလ်က စောင့်ခြင်းဖြစ်၏။ သောတာပန်၏ သီလစောင့်ခြင်းကား ဓမ္မက စောင့်ခြင်း ဖြစ်သည်။ ပုထုဇဉ်၏ သီလစောင့်ခြင်းကား ဘိုးတော် မင်းတရား၏ ကြောင်လေး ကန္ဒြေစောင့်ထိန်းသလို ဖြစ်၏။

ဘိုးတော်မင်းတရား၏ ကြောင်လေးသည် ဘိုးတော်ဆုံးမ ထားသောကြောင့် အလွန်ကန္ဒြေရ၏။ ဘိုးတော်ပွဲတော် စားသုံးချိန်တွင် လူနားသို့လည်း မကပ်၊ တောင်းလည်း မတောင်းပေ။ ဘိုးတော်က ဦးပေါ်ဦးတို့ ရှေ့တွင် အမြဲကြွား၏။ တွေ့တယ် မဟုတ်လား၊ ငါးဟင်းတွေ ပါတာတောင် တစ်ချက်မတောင်းဘူးဟု မိန့်၏။ ကျန်မှူးမတ်များက ချီးမွမ်းကြသော်လည်း ဦးပေါ်ဦးက မချီးမွမ်း၊ "အကြိုက်မတွေ့ သေးလို့ပါ" ဟုသာ ပြော၏။

တစ်ခါတွင်ကား ဘိုးတော်မင်းတရား ပွဲတော်တည်ခါနီး ဟင်းပန်းကန်များ ပြင်ဆင်ပေးပြီးချိန်တွင် ဦးပေါ်ဦးက အသင့်ဖမ်းလာသော ကြွက်လေးကို လွှတ်ပေး လိုက်ရာ ကြောင်သည် ကြွက်ကို မြင်သည်နှင့် ကန္ဒြေမထိန်းနိုင်တော့ဘဲ စွတ်လိုက်ရာ ကြွက်ကလည်း ဟင်းပန်းကန်များကြား ဖြတ်ပြေးသဖြင့် မင်းကြီး ဘယ်လို မောင်းမောင်း မရတော့ပေ။

ဟင်းပန်းကန်၊ ထမင်းပန်းကန်များလည်း အကုန်မှောက် ကုန်၏။

ထိုအခါကျမှ ဦးပေါ်ဦးက ထလျှောက်၏။ "အဲဒါ ပြောတာပေါ့။ အကြိုက်မတွေ့ သေးလို့ပါဆိုတာ" ဟူ၏ ယခုလည်း ပုထုဇဉ်များ သီလလုံသည် ဆိုခြင်းမှာ အကြိုက်မတွေ့ သေးသောကြောင့်သာ ဖြစ်သည်။ အကြိုက်တွေ့သည်နှင့် သီလကို ဖောက်ဖျက်တတ်ကြ၏။

သောတာပန်စောင့်သော သီလာကား ဓမ္မက စောင့်ခြင်း ဖြစ်သောကြောင့် ဘယ်သောအခါမှ မဖောက်ဖျက်တော့ပေ။ ယခု ခုဇ္ဇုတ္တရာကို ကြည့်ပါ။

ဆက်ခိုးနေလျှင်လည်း ရ၏။ ဘယ်သူမှ သိသည်မဟုတ်။ သို့သော် ခိုးချင်စိတ် မရှိတော့ သောကြောင့်ကို မခိုးတော့ခြင်းဖြစ်သည်။ တစ်နည်းအားဖြင့်အမြင်များ ပြောင်းလဲသွားခြင်းဟု ဆိုရပါမည်။

သာမာဝတီ မိဖုရားရှေ့ ရောက်သောအခါတွင် နစ်ဆပိုများနေသော ပန်းတွေကိုကြည့်ပြီး သာမာဝတီက ပေး၏။

"မိခင်၊ ပန်းတွေက အရင်ရက်တွေထက် နှစ်ဆတောင် ပိုများနေပါလား၊ ဘာလဲ မောင်တော်ဥတေနမင်းက ပန်းဖိုးငွေပိုပေးလိုက်လို့လား"

"အရှင်မ ပိုပေးခြင်း မရှိပါ"

"ပိုက်ဆံမပိုဘဲနဲ့ ပန်းတွေက ဘာကြောင့် ပိုများနေတာလဲ"

"အရင်ရက်တွေက ကျွန်မဟာ ပန်းဖိုးရှစ်ကျပ်ပေးတဲ့ ထဲက လေးကျပ် ခိုးယူလေ့ရှိပါတယ်၊ ဒီကနေ့တော့ မခိုးတော့ဘဲ ရှစ်ကျပ်ဖိုးလုံး ဝယ်ခဲ့တဲ့အတွက် အခုလို များနေတာပါ"

"မိခင်၊ ဆက်ယူလို့လည်း ရတာပဲ၊ ဘယ်သူသိတာမှတ်လို့၊ ဒီနေ့ကျမှ ဘာပြုလို့ မယူတော့တာလဲ"

"အရှင်မ၊ ဘုရားရှင်ရဲ့ တရားကို နာကြားရပြီး တရားထူး ရခဲ့တဲ့ အတွက်ကြောင့်ပါ"

သာမာဝတီသည် ထိုအချိန်အထိ ဘုရားနှင့် မတွေ့ရသေး။ ဘုရားရှင်၏ တရားကို မနာရသေးပေ။ သို့သော် မေတ္တာတော‌ဒဂ်ရမည့် အမျိုးသမီး ဖြစ်သောကြောင့် ထိုစဉ်ကတည်းက ယောနိသောမနသိကာရ သဘောရှိနေ၏။

ယောနိသောမနသိကာရကို လူတိုင်း နားလည်အောင် ဘာသာပြန်ရလျှင် ကုသိုလ် ဖြစ်အောင် နှလုံးသွင်းခြင်းပင် ဖြစ်၏။ စရိယာပိဋကဌ် မေတ္တာ၏ ဌာန်လေးချက်ကို ယခုလို ပြထား၏။

ဟိတကာရ ပဝတ္တလက္ခဏာ၊

မေတ္တာ ဟိတူပသံဟာရ ရသာ။

အာဃာတ၊ ဝိနယ ရသာဝါ၊

သော ဓမ္မ ဘာဝ ပစ္စုပဋ္ဌာန၊

သတ္တာနံ မနာပ ဘာဝဒဿန ပဒဋ္ဌာနာ။

မေတ္တာသည် သတ္တဝါတို့၏ အကျိုးစီးပွားကို ကျင့်ဆောင်သော လက္ခဏာ ရှိ၏။ ရန်ငြိုးအာဃာတကို ပယ်ဖျောက်ခြင်းကိစ္စ ရှိ၏။ အေးမြငြိမ်းချမ်းသော စိတ်သဘောလျှင် ဉာဏ်အား ရှေ့ရှုထင်လာတတ်သော အခြင်းအရာရှိ၏။ သတ္တဝါတို့၏ နှစ်သက်ဖွယ်သောဂုဏ် (ကုသိုလ်ဖြစ်စရာ) ကိုသာ ရှုမြင်တတ်သော ယောနိသော မနသိကာရသည်သာလျှင် နီးစွာသော အကြောင်း ရှိ၏။

**မှတ်ချက်**

ဉာဏ်နည်းသူများ ရှုတ်သွားမည်စိုး၍ ဟိတူပသံဟာရ ရသာကို မြန်မာမပြန်ဘဲ ချန်ခဲ့သည်။

●

## ကုသိုလ်ယူမလား၊ အကုသိုလ်ယူမလား

ထိုစဉ်ကတည်းက သာမာဝတီတွင် မေတ္တာဘာဝနာထုံပြီးသား ဖြစ်နိုင်သည်။ သို့ဖြစ်သောကြောင့် ကုသိုလ်ဖြစ်စရာ အာရုံနှင့် အကုသိုလ်ဖြစ်စရာ အာရုံနှစ်ခု တို့တွင် ကုသိုလ်ဖြစ်စရာကို အာရုံပြုပြီး ခုဇ္ဇုတ္တရာထံမှ တရားပြန်နာသောကြောင့် သူနှင့်အတူ မောင်းမငါးရာလုံး သောတာပန် တည်ခဲ့ခြင်းဖြစ်သည်။

ထိုစဉ်က အကုသိုလ်ဖြစ်စရာ အာရုံမှာ နှစ်ပေါင်းများစွာ ငါ့အတွက်ရာသော ငွေလေးကျပ်ကို ခိုးထားသည်ဟူသည့် အပြုအမူဖြစ်၏။ ကုသိုလ်ဖြစ်စရာ အာရုံများ ဆက်ခိုးလို့ ရနေလျက် ခိုးချင်စိတ်ကို တစ်ခါတည်း ပျောက်အောင်ပြုနိုင်စွမ်းသော တန်ခိုးထက်သည့် တရားတော် ဖြစ်၏။ ထိုနှစ်ချက်တွင် ငါ့ငွေလေးကျပ် ခိုးထားတယ် ဟူသော အချက်ကို နှလုံးသွင်းလျှင် အကုသိုလ်ဖြစ်မည်။

ခိုးချင်စိတ်ကိုတောင် အမြစ်ပြတ် ပယ်သတ်နိုင်သည့် တရားတော်ကို နှလုံးသွင်းလျှင် ကုသိုလ် ဖြစ်မည်။ သာမာဝတီသည် ကုသိုလ်ဖြစ်စရာကိုသာ နှလုံးသွင်းလိုက်သည်။ ဤသည်ကိုပင်လျှင် ယောနိသော မနသိကာရဟု ဆိုရ၏။

ထိုယောနိသော မနသိကာရကြောင့် သာမာဝတီမှာ တရားနာခွင့်လည်း ရသလို၊ သောတာပတ္တိမဂ်ကိုလည်း ရသွားခဲ့သည်။

အင်္ဂုတ္တိုရ် ပါဠိတော်တွင် ကုသိုလ်ဖြစ်ခြင်း၏ အနီးဆုံးအကြောင်းသည် ယောနိသောမနသိကာရ၊ အကုသိုလ်ဖြစ်ခြင်း၏ အနီးဆုံးအကြောင်းသည် အယောနိသောမနသိကာရ ဖြစ်ကြောင်း ဘုရားရှင် ဟောကြားတော်မူခဲ့သည်။ လူတို့၏ အနှစ်တစ်ရာသည် တာဝတိံသာနတ်တို့၏။ သက်တမ်းဖြင့်တွက်လျှင် တစ်ရက်သာ ရှိသည်။ တစ်ရက်တာမျှ နေရသည့် အချိန်လေးတွင် အကုသိုလ် ဖြစ်မနေသင့်တော့ပါ။ ကုသိုလ်သာ ဖြစ်သင့်သည်။

ဝေဘူဆရာတော်ကြီးကို လာဖူးသော မိသားစုတစ်စုသည် သူတို့ ပြန်သွားသောအခါ သူတို့လှည်းမှ နွားများ ယိုချခဲ့သော မစင်များကို ကျုံးဖို့ မေ့လျော့ သွားကြသည်။ ကျောင်းမှ ကပ္ပိယ မြင်သောအခါ စိတ်ဆိုးပြီး ကျုံး မသွားသူများကို ကြိမ်းမောင်းနေ၏။

ထိုအချိန်မှာပင် ဆရာတော်ကြီး အနားရောက်လာပြီး. . .

"ဟဲ့ ဒကာ. . . ကျေးဇူးတင်ရမယ့်ဟာကို စိတ်ဆိုးနေရသလား၊ သူတို့ကျုံးရင် သူတို့ ကုသိုလ်ရမှာပေါ့၊ ကိုယ်ကျုံးတော့ ကိုယ်ကုသိုလ်ရတာပေါ့၊ ခြော်. . . ငါကုသိုလ်ရအောင် ထားပေးသွားတာပါလား ဆိုပြီး ကျုံးမသွားသူကို ကျေးဇူးတောင် တင်ရဦးမယ်၊ ဖယ် ဖယ် ဒကာ မကျုံးချင်နေပါ။ ဘုန်းကြီး ကျုံးလိုက်ပါ့မယ်"

ဟု ဆုံးမတော်မူ၏။ ထိုအခါကျမှ ကပ္ပိယက သဘောပေါက်ပြီး ပြုံးရွှင်စွာ ကျုံးလိုက်လေသည်။ နောက်ချေးပုံကို မြင်တာချင်တူသော်လည်း တစ်ဦးက

ကုသိုလ်ဖြစ်ပြီး တစ်ဦးက အကုသိုလ် ဖြစ်ရသည်မှာ နှလုံးသွင်း ကွာသော ကြောင့်ပင် ဖြစ်၏။

ဤနေရာ၌ ခုဇ္ဇုတ္တရာ သောတာပန်ဖြစ်သွားပြီးနောက် အမြင်များ ပြောင်းလဲသွားပုံကို ဆရာကြီး ဦးရွှေအောင်က ဓမ္မပဒ သာမာဝတီဝတ္ထုတွင် ယခုလို ဖွင့်ဆိုပြခဲ့သည်။

●

## အများသိနှင့် ပျော်နေသူ

ပုထုဇဉ်တို့၏ အသိမှန်သမျှသည် အားလုံး အများသိ သို့မဟုတ် မပြည့်စုံသော အသိများသာ ဖြစ်ကြ၏။ ယင်းအသိမျိုးကို ပါဠိဝေါဟာရအားဖြင့် ဝိပလ္လာသသိ ဟုဆိုရ၏။ ဝိပလ္လာသ၏ အနက်မှာ ပြောင်းပြန် ဖြစ်၏။ ထို့ကြောင့် ပုထုဇဉ်တို့သည် လောကကို ပြောင်းပြန် မြင်ကြ၏။ အနိစ္စကို နိစ္စဟု မြင်ကြ၏။ ဒုက္ခကို သုခဟု မြင်ကြ၏။ အနတ္တကို အတ္တဟု မြင်ကြ၏။ အသုဘကို သုဘဟု မြင်ကြ၏။ အကျဉ်းအားဖြင့် ဆိုရလျှင် အမှားကို အမှန်ဟုမြင်ခြင်းပင် ဖြစ်၏။ ထိုသို့ ပြောင်းပြန် မြင်နေကြသော်လည်း မိမိတို့အမြင်ကို အမှန်ဟု ထင်ကြ၏။

ထိုအခါ သူတို့၏ အမြင်ကို ပြင်စရာမလိုတော့။ အမှန်ဟုယူနေသမျှ ကာလပတ်လုံး ထိုအမှန်ကို မည်သို့နောက်ထပ်ပြင်ရန် လိုချိမ့်မည်နည်း။ ထို့ကြောင့် ထိုပုဂ္ဂိုလ်များသည် တကယ့်အမှန် အရိယ သစ္စာကို မြင်ဖို့လမ်း မရှိတော့ သံသရာ ရေအလျဉ်ကြောင့် စုန်ချည်တစ်ခါ ဆန်ချည်တစ်လှည့်ဖြင့် အတောမသတ်ဘဲ မျောချင်တိုင်း မျောပေဦးတော့မည်။

မိမိတို့၏ အသိသည် ဝိပလ္လာသကို မပယ်နိုင်သေးသဖြင့် အမှန်ဟု ထင်နေသော်လည်း တကယ်တမ်း အားဖြင့် အမှားသာ ဖြစ်သည်။ သို့မဟုတ် မပြည့်မစုံ ဖြစ်သည်ဟု မြင်မှသာ ထိုအသိကို အမှန်သို့ ရောက်အောင်

ပြင်၍ရသည်။ စူးဝင်နေသောဆူးကို စူးဝင်သောဆူးဖြင့်ပင် ကော်ထုတ်ရ၏။ ပေကျံနေသော ရွှံ့ညွှန်ကို ရွှံ့ညွှန်ဖြစ်စေခဲ့သော ရေဖြင့်ပင် ဆေးကြောရ၏။ ထို့ကြောင့် မှားနေမှန်းသိပါက ပုထုဇဉ်တို့၏ မှားသောအသိဖြင့်ပင် မှန်အောင်ပြင်၍ ရ၏။ အဘယ့်ကြောင့် ဆိုသော် အမှားကို အမှားဟုသိခြင်းသည် ဝိပလ္လာသ သဘောမှ ယထာဘူတ သဘောသို့ ဦးလှည့်သွားသောကြောင့် ဖြစ်၏။ ထိုသို့ ဦးလှည့်သွားခြင်းသည် ဘဝ၏ မြင့်မားသော အကွေ့တစ်ခုကို ဖြစ်ပေါ်အောင် ဆောင်ရွက်ခြင်းပင် ဖြစ်၏။

ထို့ကြောင့် အသိတစ်ခုသည် ကိုယ့်ကျင့်သိက္ခာနှင့် ပတ်သက်၍ ဘဝ၏ မြင့်မားသော အကွေ့တစ်ခုကို ဖြစ်ပေါ်အောင် ဆောင်ရွက်ပေးနိုင်မှသာ တကယ် အမှန် အရိယာသစ္စာကို မြင်ဖို့လမ်းပေါ်သို့ တင်ပေးရာ ရောက်၏။ ထိုအခါမှသာ သံသရာ ရေအလျဉ်ကြောမှ ကြည်းကုန်းထက်သို့ တက်နိုင်ပေလိမ့်မည်။ ကြည်းကုန်း သို့မဟုတ် ဘဝ၏ ပန်းတိုင်းကား ဒုစရိုက် ဟူသမျှတို့၏ ကင်းရာ နိဗ္ဗာန် ဖြစ်၏။

ခုဇ္ဇုတ္တရာသည် လေးသပြာရနေခြင်း၌ သာယာဖွယ်ကို တွေ့မြင်နေရာမှ ယခုလေးသပြာ ရနေခြင်း၌ စက်ဆုပ်ဖွယ်ကို တွေ့လာ၏။ အမှား၌ သာယာ နေရာမှ ယခုအမှား၌ စက်ဆုပ်ဖွယ်ကို တွေ့လာ၏။ ဤသည်မှာ ခုဇ္ဇုတ္တရာ၏ ဘဝ အကွေ့ဖြစ်၏။ ထို့ကြောင့် ခုဇ္ဇုတ္တရာသည် အရင်ကနေ့စဉ် လေးသပြား ခိုးယူခဲ့ကြောင်း ယခုမူ မခိုးယူတော့ကြောင်း ပွင့်လင်းစွာ အမှန်အတိုင်းပြောခြင်း ဖြစ်၏။

ထိုသို့ ပွင့်လင်းစွား အမှန်အတိုင်း ပြောခြင်းသည် ယခုခေတ်အမြင်နှင့် ဆိုလျှင် ရက်စရာ ဖြစ်၏။ မြတ်စွာဘုရားခေတ် အမြင်နှင့်ဆိုလျှင် ရက်စရာမဟုတ်။ မြတ်စွာဘုရား၏ တပည့် ရဟန်းတော်များအနေဖြင့် မည်သည့်ပြစ်မှုကို

ကျူးလွန်သည်ဖြစ်စေ၊ မြတ်စွာဘုရားကသော် လည်းကောင်း၊ အခြားသူများကသော် လည်းကောင်း မေးလိုက်လျှင် အမှန်အတိုင်း ပြောသည်သာဖြစ်၏။

မြတ်စွာဘုရား လက်ထက်တော်အခါက သစ္စာ၌ မြတ်နိုးသူများ၏ မာယာနှင့် သာဌေးယျတို့၌ စက်ဆုပ်သူများ၏၊ ထို့ကြောင့်လည်း တရားဒေသနာတော်များကို ကြားနာရသောအခါ အရိယာအဖြစ်သို့ ရောက်သူများဖြင့် ဖြစ်၏။

(ဦးရွှေအောင် - သာမာဝတီဆောင်းပါးမှ)

ထိုတရားနာရပြီးသော နေ့မှစ၍ သာမာဝတီနှင့် မောင်းမငါးရာတို့သည် ခုဇ္ဇုတ္တရာကို ကျွန်မအဖြစ်မှ လွှတ်၍ မိခင်အရာ၊ ဆရာအရာမှာ ထားပြီး ပြုစုစောင့်ရှောက်ကြ၏။ သူတို့မှာ အပြင်ထွက်ခွင့် မရသဖြင့် ခုဇ္ဇုတ္တရာမှ တစ်ဆင့်ပြန်ဟောသော တရားများကိုသာ နာကြားနေကြရ၏။ ခုဇ္ဇုတ္တရာ ဘုရားရှင်ထံမှ နာကြားပြီး သာမာဝတီတို့အား ပြန်ဟောပြသော သုတ္တန်ပေါင်း ၁၁၂ သုတ် ရှိ၏။ ဣတိဝုတ္တကပါဠိတော်အဖြစ် သင်္ဂါယနာတင်ထားပြီး ဖြစ်၏။

ထိုစွမ်းဆောင်ချက်ကြောင့်လည်း ဗုဒ္ဓကငါဘုရား၏ တပည့်သာဝက တို့တွင် ဗဟုသုတအများဆုံး တရားဟော အကောင်းဆုံးသည် ခုဇ္ဇုတ္တရာ ဖြစ်သည်ဟု အတော်ဆုံး ဧတဒဂ်ဘွဲ့ထူးကို ပေးတော်မူခဲ့ခြင်း ဖြစ်သည်။ သောတာပန် တည်ပြီးသွားသော သာမာဝတီနှင့် မောင်းမငါးရာတို့သည် ဘုရားရှင်ကို အလွန်ဖူးမြင်ချင်ကြ၏။ သို့သော် ဥတေနမင်း ကိုယ်တိုင်က ဘာသာခြား ဖြစ်နေခြင်းကြောင့် ဘုရားကျောင်းတော်သို့ မသွားရဲကြပေ။

မဖူးရမနေနိုင်အောင် ဖြစ်နေသောအခါ ခုဇ္ဇုတ္တရာ၏ အကြံပြုချက်အရ သူတို့နေသော အခန်းများကို မျက်စိကြည့်ဖြစ်ရုံ အပေါက်လေးများ ဖောက်ထားပြီး ဘုရားရှင် သူဌေးကြီးသုံးဦး အိမ်သို့ ဆွမ်းခံကြွသောအခါတွင် ဖူးလည်း ဖူးကြ၏။

ကန်တော့လည်း ကန်တော့ကြ၏။ ထိုအပေါက်တို့ကို မာဂဏ္ဍီ တွေ့သွားသောအခါ မေးမြန်း၏။ သာမာဝတီတို့ကလည်း အမှန်အတိုင်း ပြောပြ၏။ ဘုရားရှင်အပေါ် မာဂဏ္ဍီအငြိုးထားသည်ကို သာမာဝတီတို့က မသိကြပေ။

ထိုအခါကျမှ မာဂဏ္ဍီသည် ကောသမ္ဗီမြို့သို့ ဘုရားရှင် ကြွရောက်တော်မူမှန်းသိသွား၏။ ထိုသို့သိသည်နှင့် ဘုရားရှင်ကိုရော၊ ဘုရားရှင်ကို ကြည်ညိုနေသည့် သာမာဝတီတို့ကိုပါ ဒုက္ခပေးရန် အကွက်ချ ကြံစည်၏။ ပထမဆုံး ဥတေနမင်းထံ သွားပြီး သာမာဝတီတို့အပေါ် ဂုံးချော၏။ သာမာဝတီတို့သည် အရှင်မင်းကြီးအပြင် တခြားချစ်မြတ်နိုးသူ ရှိနေပြီ။ မကြာခင် အချိန်မှာ အရှင်မင်းကြီး အသက်ကို လုပ်ကြံလိမ့်မည်ဟု ပြော၏။

မင်းကြီးကား အသိဉာဏ်မနည်းသဖြင့် ပြောတိုင်းမယုံပေ။ အဖန်ဖန် ပြောသော်လည်း မင်းကြီးက လက်မခံသောအခါ၊ သာမာဝတီတို့၏ အခန်းကို သွားကြည့်ရန် တိုက်တွန်း၏။ မင်းကြီး သွားကြည့်သောအခါ အပေါက်တို့ကို တွေ့၏။ မင်းကြီးက မေးသောအခါ အမှန်အတိုင်း ပြောပြကြ၏။ မင်းကြီးသည် အပြစ်မယူဘဲ ထိုအပေါက်တို့ကို ပိတ်စေ၍ ထိုထက်မြင့်သော နေရာတွင် ပြတင်းပေါက်များကိုပင် ဖောက်ပေးလိုက်လေ၏။

●

## အဆဲခံရသော ဘုရားရှင်

မာဂဏ္ဍီသည် သာမာဝတီတို့ကို ဒုက္ခပေး၍ မရသောအခါ၊ ဘုရားရှင်နှင့် သံဃာများဘက်သို့ လှည့်ပြန်၏။ မြို့ထဲမှ ဘာသာခြားများအား ငွေပေးပြီးလျှင် ဘုရားရှင်နှင့် သံဃာတော်များမြို့ထဲသို့ ကြွသည်နှင့် ဆဲခိုင်း၏။ ထိုအချိန်က ဥတေန မင်းကြီးမှစ၍ ဘာသာခြားများသောကြောင့် ခိုင်းသည့်အတိုင်း ဘုရားရှင်ကို ဆဲရဲကြခြင်း ဖြစ်၏။

သူမိုက်တွေ၊ သူခိုးတွေ၊ ညှံ့ဖျင်းတွေဝေသူတွေ၊ ကုလားအုပ်တွေ၊ နွားတွေ၊ မြည်းတွေ၊ ငရဲသားတွေ၊ တိရစ္ဆာန်တွေ၊ အသင်တို့အတွက် ကောင်းသော လားရာမရှိ၊ မကောင်းသော လားရာသာ ရှိ၏။ ဤကဲ့သို့ မျိုးစုံအောင် ဆဲရေးကြ၏။

စာရေးသူ၏ လောကဓံ ဖြေဆေးထဲတွင် ယခုအချက်လည်းပါ၏။ မည်မျှလောက်ပင် ကဲ့ရဲ့ခံရသည်ဖြစ်စေ၊ ဘုရားရှင်လို ပုဂ္ဂိုလ်တောင် အဆဲခံရသေးတာပါလားဟု နှလုံးသွင်းလိုက်သည်နှင့် စိတ်ညစ်၊ စိတ်ရှုတ်များချက်ချင်း ပျောက်သွား၏။

သုံးလေးရက် ဆက်တိုက် အဆဲခံနေရသောအခါ အရှင် အာနန္ဒာမှာ မခံမရပ်နိုင် ဖြစ်လာတော့သည်။ ထို့ကြောင့် ဘုရားရှင်ကိုလျှောက်၏။

"မြတ်စွာဘုရား ဤကောသမ္ဗီ ပြည်သူပြည်သားများသည် တပည့်တော် တို့ကို နေ့စဉ်ဆဲရေး နေကြပါသည်။ တခြားမြို့သို့ ပြောင်းကြပါစို့ ဘုရား"

"ထို တခြားမြို့က လူတွေကလည်း ဆဲပြန်ရင်ကော"

"နောက်တစ်မြို့ ထပ်ပြောင်းပါမည် ဘုရား"

"အဲဒီနောက် တစ်မြို့က လူတွေက ဆဲပြန်ရင်ကော"

အရှင်အာနန္ဒာကား မည်သို့ ဆက်လျှောက်ရမည်မသိ ဖြစ်သွား၏။ ထိုအခါကျမှ ဘုရားရှင်က ယခုလို မိန့်တော်၏။

"ချစ်သား အာနန္ဒာ. . . ပြဿနာတစ်ခုကို ရှောင်ပြေးသွားတာဟာ မသင့်လျော်ဘူး၊ ပြဿနာဖြစ်တဲ့ အရပ်မှာပဲ အဲဒီ ပြဿနာကို ပြီးဆုံးအောင် ဖြေရှင်းပြီးမှ ပြောင်းသွားတာဟာ ကောင်းတယ်၊ ချစ်သားအာနန္ဒာ ယခု ဆဲရေးသူတို့သည် မည်သူတို့နည်း"

"မြတ်စွာဘုရား. . . ကျွန်အမှုလုပ်မှစ၍ လူမျိုးစုံ ဖြစ်ပါသည်"

"ချစ်သားအာနန္ဒာ. . . ငါဘုရားသည် စစ်မြေပြင်သို့ ဆင်းသော ဆင်ပြောင်ကြီးနှင့် တူ၏။ ထိုဆင်ပြောင်းကြီးသည် အရပ်လေးမျက်နှာမှ လာသော မြားဒဏ်ကို မလဲအောင် ကြံ့ကြံ့ခံရ၏။ ထိုအတူ သီလမရှိသူတို့ ဆဲဆိုအပ်သော စကားကို ကြံ့ကြံ့ခံ (သည်းခံ) ရမည်မှာ ငါဘုရား၏ တာဝန်သာတည်း" ဟု မိန့်တော်မူပြီး ဖော်ပြပါ သုံးဂါထာကို ဟောကြားတော်မူ၏။

အဟံ နာဂေါဝသင်္ဂါမေ၊

စာပတော ပတိတံ သရံ။

အတိဝါကျ တိတိက္ခိဿံ၊

ဒုဿီလောဟိ ဗဟုဇ္ဇနော။

စစ်ပွဲသို့ဝင်သော ဆင်သည် မိမိအပေါ်သို့ ကျလာသော မြားကြီးမြားငယ် အသွယ်သွယ်ကို သည်းခံသကဲ့သို့၊ ဤအတူ ငါဘုရားသည် လွန်ကျူးပြောဆို ဆဲရေးစကားကို သည်းခံ၏။ သည်းခံသင့်ပေစွ၊ လောကီနယ်သားလူအများသည် သီလပျက်သူ၊ သီလမရှိသူသာများ၏။

ဒန္တံ နယန္တိ သမိတိံ

ဒန္တံ ရာဇာဘိရူဟတိ။

ဒန္တော သေဋ္ဌော မနုဿေသု၊

ယော တိဝါကျံ တိတိက္ခတိ။

လူစုလူဝေးရှိရာ ပွဲသဘင်သို့ သွားကြသော သူတို့သည် ယဉ်ကျေးလိမ္မာ ပြီးသော နွား၊ မြင်းတို့ကို သာလျှင် လှည်းမှာ တပ်ဆင်ကြကုန်၏။ ပြည့်ရှင်မင်း သည်လည်း ယဉ်ကျေးသော ဆင်ယဉ်၊ မြင်းယဉ်ကိုသာလျှင် တက်စီး၏။ အကြင်သူသည် လွန်ကျူးပြစ်မှား ရမ်းကားပြောဆိုသော စကားကို သည်းခံနိုင်၏။ ထိုသို့ သည်းခံနိုင်ခြင်းသည် ယဉ်ကျေးခြင်း စင်စစ်မည်၏။ ထိုသူသည်သာ လူတို့တွင် အမြတ်ဆုံး ဖြစ်၏။

ဝရ မဿတရာ ဒန္တာ၊

အာဇာနီယာစ သိန္ဓော။

ကုဥ္ဇရာစ မဟာနာဂါ၊

အတ္တဒန္တော တတောဝရံ။

မြည်းမမှ ဖွားမြင်သော အဿထိုရ်မြင်းသည် လည်းကောင်း၊ အာဇာနည်မြင်းသည် လည်းကောင်း၊ သိန္ဓောမြင်းသည် လည်းကောင်း၊ ကုဥ္ဇရဟု ဆိုအပ်သော ဆင်ပြောင်ကြီးတို့သည် လည်းကောင်း၊ ကောင်းစွာ ဆုံးမပြီး ယဉ်ကျေးသွားမှ သာလျှင် မြတ်၏။ မဂ်ဉာဏ်ဖြင့် ကောင်းစွာ ဆုံမအပ်သည်ဖြစ်၍ ယဉ်ကျေးသော သူသည် ထိုဆိုအပ်ခဲ့ပြီးသော အလုံးစုံတို့ထက် မြတ်၏။

"ချစ်သားအာနန္ဒာ၊ မစိုးရိပ်လင့်၊ ဤသူတို့သည် အလွန်ဆုံး ခုနစ်ရက်သာလျှင် ဆဲရေနိုင်ကြလိမ့်မည်။ ရှစ်ရက်မြောက်နေ့၌ တိတ်ဆိတ်သွားလိမ့်မည်"

ရှစ်ရက်မြောက်၍ ဆဲသူများ မောပြီး ရပ်သွား၏။

**မှတ်ချက်**

ဤဒေသနာကို အစွဲပြု၍ 'ချီးမွမ်းခုနစ်ရက် ကဲ့ရဲ့ခုနစ်ရက်' ဟူသော စကား ဖြစ်ပေါ်လာဟန် ရှိသည်။

မာဂဏ္ဍီသည် ဘုရားရှင်ကို ဒုက္ခပေးပြီး ပြန်သော် သာမာဝတီတို့ ဖက်သို့ လှည့်လာပြန်၏။ သာမာဝတီနှင့် မောင်းမငါးရာကို သေစေချင်နေ၏။ ဘုရားရှင်၏ တပည့်သာဝကဆိုလျှင် သူ၏ ရန်သူဟု သတ်မှတ်ထားသောကြောင့်ပင် ဖြစ်၏။ တစ်ခါတွင် မာဂဏ္ဍီသည် ဦးတေနမင်းကြီး သေရည်သောက်ရာ အရပ်တွင်

ပြုစုနေရင်းဖြင့် အကြံတစ်ခု ရလာသဖြင့် စူဠမာဂဏ္ဍီထံ ကြက်အရှင် ရှစ်ကောင်နှင့် ကြက်အသေ ရှစ်ကောင် ယူလာပြီး စောင်းတန်းလှေခါးထိပ်က စောင့်နေဖို့ မှာထား၏။

ပုဏ္ဏားကြီး ရောက်လာသောအခါ မင်းချင်းတစ်ယောက်မှ တစ်ဆင့် ပုဏ္ဏာကြီးထံမှ ကြက်အရှင် ရှစ်ကောင်ကို သွားယူခိုင်းပြီး ဥတေနမင်းအား ဆက်သ၏။ ပုရောဟိတ်ပုဏ္ဏား၏ လက်ဆောင်ဟုလည်း ပြောလိုက်၏။ ဥတေနမင်းလည်း ဘယ်သူ့ကို ချက်ခိုင်းရင် ကောင်းမလဲဟု မေးသောအခါ မာဂဏ္ဍီက သာမာဝတီတို့ အဖွဲ့ကို ချက်ခိုင်းပါဟု လျှောက်၏။ ဥတေနမင်းလည်း သာမာဝတီတို့ကိုယ်တိုင် သတ်ပြီး ဟင်းချက်၍ ဆက်သစေဟု အမိန့်တော် မှတ်လိုက်၏။ ထိုမင်းချင်းက ကြက်အရှင် ရှစ်ကောင်ကို သာမာဝတီတို့အား သွားပေး၏။

●

## အသက်ထက် သီလကို တန်ဖိုးထားသူ

သာမာဝတီနှင့် မောင်းမငါးရာကား သောတာပန် အရိယာများ ဖြစ်၏။ အသက်နှင့် သီလယှဉ်လာလျှင် သီလကိုသာ ရွေး၏။ အသက်ကို မရွေးပေ။ ဤကား သောတာပန်တို့၏ စာရိတ္တသတ္တိပင် ဖြစ်၏။ ထို့ကြောင့် သူ့အသက်ကို သတ်၍ ချက်မပေးနိုင်ဟု အကြောင်းပြန်လိုက်ကြ၏။ ထိုသို့ အမိန့်ကို ဖီဆန်လျှင် သေဒဏ်ကျနိုင်ကြောင်း သာမာဝတီတို့သိ၏။ သို့သော် သောတာပန်တို့သည် ငါးပါးသီလကို အသက်ထက် ပို၍ တန်ဖိုးထားသည် မဟုတ်ပါလော။

သာမာဝတီတို့ထံမှ အကြောင်းပြန်ချက်ကို ရလျှင် ဥတေနမင်းသည် တစ်ချက် တွေဝေသွား၏။ ထိုအချိန်မှာပင် မာဂဏ္ဍီက အဆင်းတွင် ဘီးတပ် ပေး၏။

"အရှင်မင်းမြတ် အပေါ်၌ သာမာဝတီ မေတ္တာမထားသည်ကို ကိုယ်တိုင် တွေ့ရပြီ မဟုတ်လား၊ သူတို့က သူတစ်ပါးအသက် မသတ်ချင်လို့လို့ ပြောတယ်၊ တကယ် သတ်မသတ် သိရအောင် ဒီကြက်ရှစ်ကောင်ပဲ အရှင်ဂေါတမထံ ချက်ပို့လို့ အမိန့်တော်မှတ် ကြည့်လိုက်ပါ"

ဥတေနမင်းလည်း အမိန့်တော် မှတ်လိုက်၏။ မင်းချင်းလည်း ဥတေနမင်းရှေ့က ကြက်အရှင် ရှစ်ကောင်ကို ယူသွားပြီး ကွယ်ရာ၌ ပုရောဟိတ် ပုဏ္ဏားကို ပြန်ပေးပြီးလျှင် ကြက်သေတို့ကို ယူကာ သာမာဝတီတို့ထံသို့ ပို့လေ၏။ ကြက်အသေ ဖြစ်သည့်ပြင် ဘုရားရှင်ကို လှူရမည် ဆိုသောကြောင့် သာမာဝတီတို့သည် ဝမ်းပန်းတသာ လက်ခံယူပြီး ချက်ပြုတ်ကြ၏။ မင်းကြီးထံသို့ မင်းချင်း ပြန်ရောက်သောအခါ ဥတေနမင်းက မေး၏။

"မောင်မင်း သာမာဝတီတို့က ငြင်းလိုက်တာပဲလား"

"မငြင်းပါ၊ ရဟန်းဂေါတမအတွက် ဆိုကာမျှဖြင့် ဝမ်းပန်းတသာ ထယူကြပါသည်"

မင်းကြီးမျက်နှာ တစ်ချက်ကွက်ခနဲ ပျက်သွား၏။ မာဂဏ္ဍီက အကွက်ကောင်းတွင် ပြောပြန်၏။

"အရှင်မင်းကြီး သာမာဝတီသည် မင်းကြီးမှတစ်ပါး တခြားမြတ်နိုးသူ ရှိနေတယ်ဆိုတာ တွေ့ပြီ မဟုတ်လားဘုရား"

ကလေး၊ အရူး၊ အမျိုးသမီး၊ တိရစ္ဆာန် ထိုလေးဦးကို စိတ်မဆိုးရ၊ သည်းခံရမည်ဟူသော နီတိအတိုင်း ဥတေနမင်းကား ဘာမျှမပြောဘဲ သည်းခံ နေသေး၏။

ဖော်ပြပါ လေးဦးတို့သည် အသိဉာဏ် နည်းပါးသောကြောင့် သည်းခံရခြင်း ဖြစ်၏။

●

## ကုသိုလ်ဖြစ်အောင် ကြည့်တဲ့နည်း

မာဂဏ္ဍီကား မကျေနပ်သေး၊ သာမာဝတီတို့ တစ်ဖွဲ့လုံးကို မင်းပြစ်မင်းဒဏ်သင့်ပြီး သေစေချင်၏။ ထိုသို့ သေစေချင်သော စိတ်သည် ဒေါသစိတ်ဖြစ်၏။ ပုဂ္ဂလဓိဋ္ဌာန်ကြည့်လျှင် အကုသိုလ်ဖြစ်၏။ ဓမ္မဓိဋ္ဌာန် ကြည့်တတ်လျှင် ဝိပဿနာရှုပြီးသော ဖြစ်ပြီး ကုသိုလ်ရ၏။ မာဂဏ္ဍီ ယုတ်မာသည်ဟု ယူဆလျှင် ပုဂ္ဂလဓိဋ္ဌာန်ဖြစ်၏။ ဒေါသထွက်ပြီး အကုသိုလ်ဖြစ်စရာသာ ရှိသည်။

ဒေါသဓာတ်ကြောင့် မာဂဏ္ဍီ ယုတ်မာ နေတာ၊ မာဂဏ္ဍီမှာ အပြစ်မရှိ၊ ဖျက်ဆီးတတ်သော ဒေါသမှာသာ အပြစ်ရှိသည်ဟု ဓမ္မဓိဋ္ဌာန်ဖြင့် မြင်လိုက်လျှင် ဒေါသကို တရားရှုပြီး သားဖြစ်သဖြင့် ကုသိုလ်သာဖြစ်၏။ အရာရာ ဓမ္မဓိဋ္ဌာန်ဖြင့် ကြည့်တတ်အောင် ကြိုးစားသင့်၏။

မာဂဏ္ဍီသည် အဆိပ်ထုတ်ထားသော မြွေဆိုးတစ်ကောင် ရအောင်ရှာပြီးလျှင် ဥတေနမင်းကြီး သာမာဝတီ အဆောင်သို့ သွားခါးနီးတွင် ဥတေနမင်းကိုင်နေကျ စောင်းထဲတွင် ထည့်ထားပြီး အပေါက်ကို ပန်းကုန်များဖြင့် ပိတ်ထားလိုက်သည်။

မင်းကြီးသည် မိဖုရား တစ်ဆောင်ဆီတွင် ခုနစ်ရက်စီ စံတော်မူသည်။ သာမာဝတီထံသို့ သွားမည် ဖြစ်ကြောင်းသိသည်နှင့် မသွားသင့်ကြောင်း၊ အိပ်မက် မကောင်းကြောင်း မာဂဏ္ဍီက တား၏။

မင်းကြီးကား လက်မခံဘဲ ဖွတ်သွား၏။ မာဂဏ္ဍီက စိတ်မချနိုင်သလို ပုံစံမျိုးဖြင့် နောက်မှကပ်လိုက်၏။ မင်းကြီးက နေရစ်ခဲ့ရန် တားသော်လည်း စိတ်မချနိုင်ဟု ဆိုကာ ဖွတ်လိုက်လာ၏။

သာမာဝတီတို့ အဆောင်သို့ ရောက်သောအခါ အဝတ်အစားသစ်များကို သာမာဝတီတို့က လဲလှယ် ဝတ်ဆင်ပေးပြီး၊ ခဲဖွယ်ဘောဇဉ်တို့ကို သုံးဆောင် စေကာ စောင်းကို ခေါင်းရင်းတွင်ထားပြီး သလွန်ထက်တွင် ခေတ္တ လှဲနေ၏။

မာဂဏ္ဍီကား အခန်းထဲတွင် လမ်းလျှောက်ဟန်ပြု၍ စောင်းပေါက်တွင် ပိတ်ဆို့ ထားသော ပန်းကုံးကို မည်သူမှ မမြင်ခင် ရုတ်တရက် ဖယ်လိုက်လေ၏။ မြွေသည် အတွင်းထဲတွင် နှစ်ရက်ခန့် အစာမစားရဘဲ နေရသဖြင့် ဒေါသဖြစ်ကာ ငါးပျဉ်းထောင်လျက် ထွက်လာ၏။ မြွေကို မြင်သည်နှင့် မင်းကြီးသည် အလွန် ထိတ်လန့်သွား၏။ မာဂဏ္ဍီက သူ့အကွက်ဝင်ပြီဟုဆိုကာ သာမာဝတီတို့ကို အပြစ်ဖို့၏။ သည်တစ်ကြိမ်တွင်ကား မင်းကြီး ယုံသွားလေပြီ။

ဒေါသအမျက် ချောင်းချောင်းထွက်ကာ ဗိုလ်ခြေတစ်ထောင်အားဖြင့် တင်ရသော ဆိတ်ချိုလေးကိုယူကာ ဆိပ်လူးမြားတပ်ပြီး လေးကိုတင်၏။ သာမာဝတီနှင့် မောင်းမငါးရာကို တစ်တန်းတည်း ထိုင်နေစေ၏။ မြားတစ်စင်း တည်းဖြင့် အယောက်ငါးရာလုံးကို သတ်မည့်အစီအစဉ် ဖြစ်၏။ သာမာဝတီသည် မောင်းမများအား မဂဏ္ဍီ၊ ဥတေနမင်း၊ မိမိကိုယ် ထပ်တူတပ်မျှ ထားကာ မေတ္တာ ပွားရင်း အသေခံဖို့ ဩဝါဒပေး၏။ သူကိုယ်တိုင် ရှေ့ဆုံးမှ မေတ္တာ ပွားနေ၏။

## မေတ္တာတန်ခိုး မြားမတိုး

သာမာဝတီ၏ မေတ္တာအစွမ်းကြောင့် မင်းကြီးသည် လေးဖြင့် ပစ်သော်လည်း လေးသည်မထွက်ပေ။ မင်းကြီးသည် အသိတရား ဝင်သွား၏။ အသက်မရှိသော လေးက သာမာဝတီ၏ ဂုဏ်ကို သိသေး၏။ အသက်ရှိသော ငါကား သာမာဝတီ၏ ဂုဏ်ကျေးဇူးကို မသိယောင်တကားဟု သံဝေဂဖြစ်ကာ၊ လေးကို လွှတ်ချသော်လည်း ချလို့မရ ဖြစ်နေ၏။ မင်းကြီးသည် ချွေးဒီးဒီးကျမျှ ကြောက်ရွံ့ ထိတ်လန့်ကာ သာမာဝတီ သင့်အား အားထားကိုးကွယ်ပါ၏။ ငါ့အား ကယ်တင်ပါဟုပြော၏။

သာမာဝတီက ဘုရားကိုသာ ကိုးကွယ်ပါ၏ဟု ပြင်၍ ဆိုခိုင်းပြီး မင်းကြီး၏ လေးမှ မြားကို မြေပြင်ဘက် စိုက်လွှတ်ပါဟု ပြောလိုက်ပြီး မြားတံ ထွက်စေ သတည်းဟု အဓိဋ္ဌာန်လိုက်မှ မြားတံသည် မြေပြင်ကို စိုက်သွား၏။ ဥတေနမင်းသည် သူ၏ အပြစ်ကို သာမာဝတီ၏ ခြေရင်းတွင်ထိုင်၍ တောင်းပန်၏။ သာမာဝတီကိုလည်း လိုသောဆုကို တောင်းခိုင်း၏။ သာမာဝတီက အချိန်ကျမှ ပြောမည်ဟု လျှောက်ထား၏။

သာမာဝတီ၏ ဆန္ဒအတိုင်း ဘုရားအမှူးရှိသော သံဃာတော်ငါးရာကို ပင့်ဖိတ်၍ ခုနစ်ရက်တိုင်တိုင် ဆွမ်းကျွေး၏။ ဥတေနမင်းကြီး ကိုယ်တိုင်

ဘုရားရှင်၏ ရှေ့မှောက်တော်တွင် သရဏဂုံ ဆောက်တည်၍ ဗုဒ္ဓဘာသာ အဖြစ်သို့ ရောက်၏။ ထိုနေ့မှာပင် ဥတေနမင်းက ချစ်နှမ သင်ယူမည် ဆိုသောဆုကို နှုတ်မှထုတ်၍ ပြောလေလော့ဟု မိန့်၏။ သာမာဝတီ တောင်းသော ဆုကား အံ့သြဖွယ်ရှိစွ။

"မင်းကြီး ဘုရားအမှူးရှိသော သံဃာတော် ငါးရာတို့ ဤနန်းတော် တွင်းသို့ နေ့စဉ်ကြွပြီး တရားဟောစေလိုပါတယ်"

ဘုရားရှင်အား လျှောက်ထားသောအခါ ဘုရားရှင်က အရှင်အာနန္ဒာနှင့် ရဟန်းငါးရာတို့ နေ့စဉ်ကြွပြီး တရားဟောပေးဖို့ စီစဉ်ပေးတော်မူ၏။ တစ်ရက်တွင် မောင်းမ ငါးရာတို့သည် အရှင်အာနန္ဒာ ဟောသော တရားတော်ကို ကြည်ညို ကြသောကြောင့် သူမတို့ပိုင် အပေါ်ရုံပုဆိုးစ ငါးရာကို လှူဒါန်းကြ၏။ အရှင် အာနန္ဒာကလည်း အလှူခံတော်မူ၏။

ထိုခေတ်ကပင် ထိုအပေါ်ရုံတစ်ထည်ကို ငါးရာတန်၏။ မောင်းမတို့ ကိုယ်ပေါ်တွင် အပေါ်ရုံများ မမြင်သဖြင့် ဥတေနမင်းကြီးက မေးကြည့်ရာ အရှင်အာနန္ဒာကို လှူလိုက်ကြောင်း ဖြေကြားကြ၏။ တစ်ပါးတည်းဖြင့် အထည် ငါးရာကြီး အလှူခံသောကြောင့် ပိုနေလျှင် မည်သူမျှ မသုံးရဘဲ အလဟဿ ဖြစ်မည်ဟု မင်းကြီးက စဉ်းစားမိ၏။ ထို့ကြောင့် အရှင်အာနန္ဒာနှင့် တွေ့သောအခါ သေချာမေးလျှောက်၏။

"အရှင်ဘုရား၊ ဤမျှ များပြားသော ငါးရာမျှသော အထည်တို့ကို မည်သို့ အသုံးပြုပါသနည်း"

"ဒကာတော်မင်းကြီး ငါ့အတွက် ဝတ်လောက်ရုံမျှကိုသာ ယူ၍ အခြားသင်္ကန်း ဆွေးမြေ့ပျက်စီးသော ကိုယ်တော်တို့အား ခွဲဝေ၍ လှူပါမည်"

“ထိုရဟန်းတို့သည် သူတို့၏ လက်ရှိ ပေါင်းနှမ်းဆွေးမြေ့သော သင်္ကန်းတို့ကို ဘယ်လို အသုံးပြုပါသနည်း”

“မိမိထက်ပို၍ သင်္ကန်း ပေါင်းနှမ်း ဆွေးမြေ့သော ကိုယ်တော်တို့ကို ပေးလှူကြပါသည်”

“ထိုရဟန်းတို့ကရော အဆွေးမြေ့ဆုံး သင်္ကန်းတို့ကို မည်သို့ပြုကြသနည်း”

“အိပ်ရာခင်း ပြုကြပါသည်”

“ရှေးကရှိနှင့်သော အိပ်ရာခင်းအဟောင်းတို့ကို မည်သို့ပြုကြပါသနည်း”

“မြေအခင်း ပြုလုပ်ကြပါသည်”

“မြေအခင်းဟောင်းတို့ကိုရော မည်သို့ပြုလုပ်ကြပါသနည်း”

“ခြေသုတ်ပုဆိုး ပြုကြပါသည်”

“ခြေသုတ်ပုဆိုး အဟောင်းတို့ကိုရော မည်သို့ ပြုလုပ်ကြပါသနည်း”

“ခြေသုတ်ပုဆိုး အဟောင်းတို့ကို သေးသေးနုပ်နုပ် ခုတ်စဉ်း၍ မြေညက်ဖြင့် ဆုပ်နယ်ကာ နံရံအကာကို လိမ်းကျံကြပါသည်”

“အရှင်မြတ်တို့အား လှူဒါန်းရခြင်းသည် အကျိုးရှိပေစွ” ဟု ကြည်ညိုပြီး ငါးရာသော အထည်တို့ကို ထပ်မံလှူဒါန်းလေ၏။

မာဂဏ္ဍီကား အမျက်ဒေါသ ကြီးမားလှ၏။ သာမာဝတီတို့ကို မသတ်ရ မနေနိုင်အောင် ဖြစ်နေ၏။ တစ်ရက် ဥတေနမင်းကြီး ဥယျာဉ်ကစားထွက်စဉ်

သာမာဝတီတို့ အဆောင် တစ်ခုလုံးကို အပြင်ဘက်က သော့ခတ်ပြီး မီးရှို့ သတ်နိုင်းလိုက်လေ၏။ မလွတ်သာသည့် အဆုံးတွင် သာမာဝတီနှင့် မောင်းမငါးရာတို့သည် တရားရှုရင်း သေပွဲဝင်ကြရရှာ၏။

တရားနှင့် သေရသောကြောင့် တချို့ သကဒါဂါမ်၊ တချို့ အနာဂါမ်အဆင့်သို့ ရောက်ကြ၏။ ဥတေနမင်းကြီးသည် မီးလောင်သည် ကြားသဖြင့် ဥယျာဉ်တော်မှ ချက်ချင်း ပြန်ခဲ့သော်လည်း မမီတော့ပေ။ မာဂဏ္ဍီ၏ လက်ချက်ဖြစ်ကြောင်း သိသော်လည်း မသိဟန်ပြု၍. . .

"ငါသည် သာမာဝတီတို့ကို သေစေချင်နေသည်မှာ ကြာပြီ။ သာမာဝတီတို့ ရှိနေသမျှ အေးဆေးစွာ မနေရဘူး။ ငါ့ကို ဘယ်အချိန် လုပ်ကြံမလဲ ဆိုတာကိုပဲ စိုးရိမ်နေရတယ်။ အခု သူ့အလိုလို မီးလောင်သေသွားပြီဆိုတော့ ငါအေးချမ်းစွာ နေရတော့မယ်"

ဟု မိန့်ရာ အမတ်များက မီးရှို့သည့်အမှုကို ဘယ်သူပြုသည် ထင်ပါသနည်းဟု မေးလျှောက်ရာ မင်းကြီးက. . .

"ငါ ဘုရင်မင်းမြတ်အပေါ် ချစ်ခြင်းမေတ္တာရှိတဲ့ သူတစ်ယောက်က ရှို့တာဖြစ်မှာပေါ့"

ဟု မိန့်တော်မူ၏။ ထိုစကားအဆုံးမှာပင် မာဂဏ္ဍီက ထ၍. . .

"အရှင်မင်းမြတ် ကျွန်တော်မျိုးမ လုပ်တာပါ၊ ဘထွေးကို ခိုင်းပြီး စီရင်လိုက်တာပါ"

ဒါဆိုရင် မြတ်သောဆုကို ပေးမယ်၊ သင့်ရဲ့ ဆွေးမျိုးအပေါင်းပါတို့ကို မကျန်ရအောင် ခေါ်ပါ"

ထိုအခါ မာဂဏ္ဍီသည် သူ၏ ဆွေမျိုးအားလုံးကို နန်းတော်သို့ ခေါ်လေ၏။ ရောက်လာသော သူများကို မင်းကြီးက မက်လောက်အောင် ဆုငွေများပေးပြီး အောင်ပွဲကြီး ကျင်းပပေး၏။ လောဘကြီးသောသူ အချို့သည် လာဘ်ထိုး၍ မာဂဏ္ဍီနှင့် ဆွေမျိုးတော်ကြ၏။ မာဂဏ္ဍီ၏ အမျိုးများ စုံလောက်ပြီး ဆိုသောအခါမှ မင်းကြီးသည် အားလုံးကို ဖမ်းယူပြီး ခါးလည်ထိ တွင်းတူး မြေမြှုပ်ထား၏။ ပြီးလျှင် မာဂဏ္ဍီ ခေါင်းဆောင်သော အမျိုးအားလုံး၏ ကိုယ်ပေါ်သို့ ကောက်ရိုးများ တင်ပြီးလျှင် မီးရှို့စေ၏။

အရေထူ လောင်ကျွမ်းသော အခါတွင်မှ သံထွန်သွားဖြင့် ထွန်ကာ အပိုင်းပိုင်းဖြတ်၍ သတ်လေ၏။ သူတော်ကောင်းသည် မီးနှင့်တူ၏။ မီးသည် အသုံးပြုတတ်လျှင် အလွန်အကျိုးရှိ၏။ ထမင်းဟင်းကို မီးဖြင့်ချက်စားရ၏။ ကား၊ ရထား၊ လေယာဉ်များသည် မီး (လျှပ်စစ်) အစွမ်းဖြင့် သွားနေကြခြင်း ဖြစ်၏။

အသုံးမပြုတတ်၍ လောင်ကျွမ်းပါကလည်း တစ်မြို့လုံး တက်တက် ပြောင်၏။ ဘုရားရှင်နှင့်တကွ သာမာဝတီတို့သည် သူတော်ကောင်းများ ဖြစ်၏။ ထိုသူတော်ကောင်းများကို ပူဇော်မည်၊ လှူဒါန်းမည်၊ တရားနာမည် ဆိုလျှင် အနည်းဆုံး နတ်ပြည်၊ အများဆုံး နိဗ္ဗာန်သို့ ရောက်ကြမည် ဖြစ်၏။ သတော်ကောင်းများကို စော်ကားပါက သူတော်ကောင်းမီး လောင်တော့၏။

သူတော်ကောင်း မီးလောင်ခြင်း ဟူသည် သူတော်ကောင်းများကို စော်ကားလို စိတ်က မကောင်းကျိုးပေးခြင်းပင် ဖြစ်၏။ ယခု မာဂဏ္ဍီတို့ ခံရသည်မှာ သူတော်ကောင်း မီးလောင်းခြင်ပင် ဖြစ်၏။ ဘုရားတည်း ဟူသော သူတော်ကောင်းကြီးကို မီဝဲသူများ၊ လှူဒါန်းသူများ၊ ပူဇော်သူများသည် လူ့ချမ်းသာ၊ နတ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာကို ခံစားနေကြရ၏။

ဘုရားရှင်ကို ပြစ်မှားစော်ကားကြသော အရှင်ဒေဝဒတ် စိဉ္စမာန၊ သုပ္ပဗုဒ္ဓတို့ကား အဝီစိငရဲတွင် ခံနေရလေပြီ။ ရိုးရိုး မီးလောင်၍ အပါယ်မကျ၊ သူတော်ကောင်း မီးလောင်လျှင်ကား အပါယ်ထိကျသည်။

●

## လွယ်သောအလုပ်နှင့် ခက်သောအလုပ်

သူတစ်ပါးအပြစ်ကို ရှာသောအလုပ်၊ ကိုယ့်ထက်သာ မနာလိုသော အလုပ်၊ ရန်ကိုရန်ချင်း တုံ့နှင်းသော အလုပ်တို့သည် လွယ်ကူ၏။ လွယ်သော အလုပ်ကို လုပ်သောသူများသည် အပါယ်သို့ ကျကြရ၏။ ကိုယ့် အပြစ်ကိုရှာပြီး ပြုပြင်သောအလုပ်၊ ကိုယ့်ထက်သာသူအပေါ် ဝမ်းမြောက်သောအလုပ်၊ စော်ကား သည်ကို သည်းခံရသော အလုပ်တို့သည် ခက်ခဲ၏။ ခက်ခဲသော အလုပ်ကို လုပ်သူများသည် နိဗ္ဗာန်သို့ ရောက်ကြ၏။

အရှင်ဒေဝဒတ်နှင့် အပေါင်းအဖော်များသည် လွယ်သောအလုပ်ကို လုပ်ခဲကြသောကြောင့် အပါယ်၌ နစ်မွန်းနေကြရ၏။ ဘုရားရှင်နှင့် တပည့် သာဝကများကား ခက်သောအလုပ်ကို လုပ်ခဲကြသောကြောင့် နိဗ္ဗာန်သို့ ရောက် ကြ၏။

တစ်ရက်တွင် ရဟန်းတော်များသည် သူတော်ကောင်းဖြစ်သော သာမာဝတီနှင့် မောင်းမငါးရာတို့၏ သေရခြင်းသည် မသင့်လျော်သော သေခြင်းဟု ပြောဆို နေကြသည်။ ထိုအချိန် ဘုရားရှင် ကြွရောက်တော်မူလာပြီး ရှေးသူတို့ ပြုခဲ့သောကံကို ထောက်ဆလျှက် သင့်လျော်သော သေခြင်းသာ ဖြစ်သည်ဟု မိန့်ကြားတော်မူ၏ ထိုအခါ ရဟန်းများက သာမာဝတီတို့

မောင်းမငါးရာ၏ ရှေးအတိတ်အကြောင်းကို ဟောတော်မူပါရန် လျှောက်ထားကြ၏။

●

## သာမာဝတီတို့၏ အတိတ်အကုသိုလ်ကံ

ရှေးက ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်မင်း မင်းပြုစဉ် နန်းတော်၌ ပစ္စေကဗုဒ္ဓါ ရှစ်ပါးသည် နေ့စဉ် ဆွမ်းစားကြ၏။ နန်းတွင်းသူ ငါးရာတို့သည် ဆွမ်းလုပ်ကျွေးကြရ၏။ တစ်ခါတွင် ပစ္စေကဗုဒ္ဓါခုနစ်ပါးသည် ဟိမဝန္တာသို့ ပြန်ကြ၏။ ကျန်တစ်ပါးကား မြစ်ဆိပ်ကမ်းနား တစ်ခုသော ချုံထဲတွင် နိရောဓ သမာပတ် ဝင်စားနေ၏။ တစ်ရက်တွင် မင်းကြီးသည် နန်းတွင်းသူ ငါးရာနှင့်အတူ မြစ်ဆိပ်တွင် ရေကစား၏။ နန်းတွင်းသူများသည် ရေကစားပြီး တက်အလာတွင် ချမ်းသောကြောင့် ချုံပုတ်ခြောက်ကြီး တစ်ခုကို မီးရှို့ပြီး မီးလှုံကြ၏။

ချုံကြီး မီးစဲသွားသောအခါ ထိုင်နေသော ပစ္စေကဗုဒ္ဓါသည် ပေါ်လာ၏။ နန်းတွင်းသူများလည်း မင်းကြီးသိလျှင် ဒဏ်သင့်တော့မည်။ မင်းကြီးမသိခင် အလောင်းပျောက်အောင် ဆက်ရှို့မည်ဟု ဆိုကာ ထင်းချောင်းများရှာကာ ပုံပြီး ထပ်မံရှို့ကာ ပြန်ခဲ့ကြ၏။ ပထမရှို့မိခြင်းကား သေစေလိုသော စေတနာ မပါသောကြောင့် ကံမထိုက်ပေ။ ဒုတိယရှို့ခြင်းကား သေစေလိုသော စေတနာ ပါသောကြောင့် ကံထိုက်ပေသည်။

မထေရ်ကား နိရောဓသမာပတ်၏ အစွမ်းကြောင့် သင်္ကန်းစကိုပင် မီးမစွဲချေ။ ထိုအကုသိုလ်ကြောင့် နန်းတွင်းသူငါးရာသည် ငရဲ၌ အနစ်တစ်သိန်း

ခံရ၏။ ငရဲမှလွတ်သော အခါတွင်လည်း ဘဝပေါင်းရာနှင့် ချီ၍ မီးလောင် သေကြရသည်။ ထိုနန်းတွင်သူငါးရာကား သာမာဝတီနှင့် ယခုမောင်းမ ငါးရာပင်တည်း။

●

## ခုဇ္ဇုတ္တရာ၏ အတိတ်ကံအကြောင်း

"ခုဇ္ဇုတ္တရာသည် အဘယ့်ကြောင့် ခါးကုန်းမ ဖြစ်ရပါသနည်း"

အဘယ့်ကြောင့် ပညာကြီးပါသနည်း။

အဘယ့်ကြောင့် သောတာပတ္တိဖိုလ်ကို ရပါသနည်း။

အဘယ့်ကြောင့် အစေခံ ဖြစ်ရပါသနည်း"

ဟု ရဟန်းတို့က ဘုရားရှင်ကို မေးလျှောက်ခြင်းကြောင့် ဘုရားရှင်က ယခုလို ဖြေကြားတော်မူ၏ ဖော်ပြပါ ဗာရာဏသီပြည်၌ နေ့စဉ်ကြွသော ပစ္စေကဗုဒ္ဓါ ရှစ်ပါးတွင် တစ်ပါးသည် ခါးကုန်း၏။ နန်းတော်မှ အလုပ်အကျွေး မိန်းမတစ်ယောက်သည် ကမ္ဗလာနီကိုခြုံ၍ ရွှေခွက်ငယ်ကို ပိုက်ပြီးလျှင် ခါးကုန်း ပြကာ လမ်းသွားလျက် ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကြီးသည် ဤသို့ လှမ်းကြွသည်ဟု ပြက်ရယ်ပြောင်လှောင် ခဲ့ဖူး၏။ ထိုအလုပ် အကျွေးမိန်းမသည် ယခု ခုဇ္ဇုတ္တရာ ပင်တည်း။

ပညာကြီးခြင်း၏ အကြောင်းကား ထိုပစ္စေက ဗုဒ္ဓါရှစ်ပါးတို့တွင် နန်းတော်က ကပ်လိုက်သော နို့ဃာနာဆွမ်းတို့သည် ပူလောင်သောကြောင့်

လက်ပြောင်း၍ ပြောင်း၍ ကိုင်ကြရ၏။ ထိုအလုပ်အကျွေး အမျိုးသမီး မြင်လေသော် သူ၏ ဆင်စွယ်လက်ကောက် ရှစ်ရံကို သပိတ်ခြေအဖြစ် လှူလိုက်၏။ ဤကုသိုလ်ကြောင့် ဉာဏ်ကောင်းပြီး ယခုဘဝတွင် တရား ပြန်ဟောနိုင်သော ပိဋကတ်သုံးပုံဆောင် ဖြစ်ရသည်။

ထိုပစ္စေကဗုဒ္ဓါ ရှစ်ပါးကို ဝိုင်းဝန်းဆွမ်းလုပ်ကျွေးသော ကုသိုလ်ကြောင့် သောတာပတ္တိဖိုလ်ကို ရသည်။

အစေခံဖြစ်ရခြင်း၏ အကြောင်းကား ကဿပ မြတ်စွာဘုရားရှင်၏ လက်ထက်အခါ ဗာရာဏသီပြည်၌ တစ်ယောက်သော သူဌေးသမီးသည် ညချမ်းအခါ မှန်ကြည့်လျက် မိမိကိုယ်ကို တန်ဆာဆင် ခြယ်သနေ၏။

ထိုအချိန်မှာပင် ထိုသူဌေးသမီးအား ချစ်ကျွမ်းဝင်သော ရဟန္တာ ထေရီမသည် ကြွလာ၏။ ထိုအချိန်တွင် သူဌေးသမီး အနားတွင် အစေခံများမရှိ ဖြစ်နေ၏။ ရဟန္တာထေရီမကို အနီးတွင်ရှိသော အလှပြင်ပစ္စည်းတစ်ခုကို ယူပေးရန် ခိုင်းလိုက်၏။ ရဟန္တာမသည် မည်သို့ပြုလုပ်သင့်သည်ကို ဆင်ခြင်၏။ ယူမပေးလျှင် ငါ့အပေါ် ပြစ်များပြီး ငရဲလားရမည်၊ ယူပေးမိလျှင် ဖြစ်ရာဘဝ အစေခံ ဖြစ်မည်။

ငရဲဖြစ်တာနှင့် စာလျှင် အစေခံဖြစ်တာက တော်သေး၏ဟု ဆုံးဖြတ်ပြီး ခိုင်းသည့်အတိုင်း ယူပေးလိုက်လေ၏။ ထိုအကုသိုလ်ကြောင့် သူတစ်ပါး၏ အစေခံ ဖြစ်ရသည်။ သာမာဝတီတို့ တစ်ဖွဲ့လုံးသည် သေရ၏။ မာဂဏ္ဍီတို့ တစ်မျိုးလုံးလည်း သေရ၏။ သို့သော် ကုသိုလ်ကောင်းမှု၌ မမေ့မလျော့သော သူများကို သေသည်ဟု မခေါ်သင့်ကြောင်း ဗုဒ္ဓက ယခုလိုဟောကြားတော်မူ၏။

အပ္ပမာဒေါ အမတံ ပဒံ၊

ပမာဒေါ မစ္စုနော ပဒံ။

အပ္ပမတ္တာ နမီယန္တိ၊

ယေ ပမတ္တာ ယထာ မတာ။

ကိုသိုလ်ကောင်းမှု၌ မမေ့၊ မလျော့ခြင်းသည် သေခြင်းကင်းသော နိဗ္ဗာန်ကို ရခြင်း၏ အကြောင်းတည်း။ ကုသိုလ်ကောင်းမှု၌ မေ့လျော့ခြင်းသည် သေရခြင်း၏ အကြောင်းတည်း။ မမေ့မလျော့သော သူတို့ကား သေသောသူတို့ ကဲ့သို့တည်း။

ဖော်ပြပါဂါထာကို ဆရာကြီး ဦးရွှေအောင်က ယခုလို ဖွင့်ပြ၏။

## သေသူနှင့် မသေသူ

မမေ့လျော့ခြင်းဟူသည် သတိရှိခြင်း ဖြစ်၏။ မေ့လျော့ခြင်းဟူသည် သတိမထားခြင်း ဖြစ်၏။ သေခြင်းဟူသည် သုံးမျိုးရှိ၏။ ဘဝတစ်မှ ဘဝတစ်ခုသို့ ပြောင်းသွားခြင်းသည် သေခြင်း မည်၏။ မြန်မာဝေါဟာရအားဖြင့် ကွယ်လွန်သည် ဟူ၍ လည်းကောင်း၊ သေသည်ဟူ၍ လည်းကောင်း ဆိုရ၏။ ပါဠိဝေါဟာရအားဖြင့် အဒ္ဓါမရဏဟူ၍ ဆိုရ၏။ နောက်တစ်မျိုးမှာ တစ်ဘဝအတွင်း၌ပင် ခန္ဓာအစဉ် တစ်မျိုးမှ ခန္ဓာအစဉ် တစ်မျိုးသို့ ပြောင်းသွားခြင်း ဖြစ်၏။ ယင်းသည်လည်း သေခြင်းပင် မည်၏။ အေးသော ခန္ဓာအစဉ်မှ ပူသော ခန္ဓာအစဉ်သို့ ပြောင်းသွားခြင်းမျိုး ဖြစ်၏။ ယင်းကို ပါဠိဝေါဟာရအားဖြင့် သန္တတိမရဏဟူ၍ ခေါ် ရ၏။

ခန္ဓာတို့၏ ခဏတိုင်း ခဏတိုင်း ပြောင်းသွားခြင်း သည်လည်း သေခြင်းပင် မည်၏။ ယင်းကို ပါဠိဝေါဟာရအားဖြင့် ခဏိကမရဏဟူ၍ ဆိုရ၏။ သတိသည် လောကီသတိနှင့် လောကုတ္တရာသတိဟူ၍ နှစ်မျိုးရှိ၏။ လောကီ ရေးရာ ကိစ္စတို့၌ အစဉ်အမြဲ သတိရှိခြင်းသည် လောကီသတိမည်၏။

ဗောဓိပက္ခိယ တရားတို့၌ အစဉ်အမြဲ သတိရှိခြင်းသည် လောကုတ္တရာ မည်၏။ လောကီရေးရာ၌ဖြစ်စေ၊ လောကုတ္တရာရေးရာ၌ဖြစ်စေ အစဉ်အမြဲ သတိရှိခြင်းသည် ဆိုင်ရာဆိုင်ရာ လုပ်ငန်းတို့၌ အောင်မြင်ခြင်း၏ ပဓာန အကြောင်း ဖြစ်၏။ သတိသည် ပိုသည် မရှိ၊ လိုသည်သာ၊ ရှိသည်ဟု ကျမ်းဂန် များ၌ ဆို၏။

သို့ရာတွင် ဤနေရာ၌ လောကီသတိကို မဆိုလို။ လောကုတ္တရာ ရေးရာ၌မူ သတိသည် သီလကိုလည်း အထောက်အပံ့ ပြု၏။ သမာဓိကိုလည်း အထောက်အပံ့ ပြု၏။ ပညာကိုလည်း အထောက်အပံ့ ပြု၏။ ထို့ကြောင့် သတိသည် မဂ္ဂင်ရှစ်ပါးလုံး သို့မဟုတ် သိက္ခာသုံးပါးလုံးကို အထောက်အပံ့ ပြု၏။ ဝိပဿနာအရာ၌ မိမိပြုနေကျ အာရုံများကို မပြတ်သွားအောင် သတိဖြင့် ထိန်းသိမ်းရ၏။ အာရုံပြတ်သွားခြင်းဟူသည်မှာ နီဝရဏတရားများ ဝင်လာခြင်း ဖြစ်၏။

နီဝရဏတရားများသည် ကုသိုလ်ဟူသမျှကို တားမြစ်၏။ ထို့ကြောင့် နီဝရဏများ ဝင်မလာ စေနိုင်ရန် သတိဖြင့် ထိန်းသိမ်း စောင့်ရှောက်ရ၏။ ဤသို့ မိမိယူနေကျ အာရုံများကို ပြတ်မသွားအောင် ထိန်းသိမ်းစောင့်ရှောက်နိုင်လျှင် အတွင်းသတိ ခိုင်မာလာသည် မည်၏။ အတွင်းသတိ ခိုင်မာလာသည်နှင့် အမျှ ပြင်ပအာရုံများကိုလည်း အလိုလိုသိလာမည် ဖြစ်၏။

ထိလျှင်လည်း ထိမှန်း သိလာ၏။ ကိုင်လျှင်လည်း ကိုင်မှန်း သိလာ၏။ စားမှု သွားမှုတို့၌လည်း ထို့အတူ သိလာ၏။ ဤသို့အတွင်း အပြင်အာရုံ နစ်မျိုးလုံး၌ နီဝရဏတရားများ ဝင်မလာနိုင်အောင် ထိန်းသိမ်းနိုင်သောအခါ၊ သတိသည် ကိုယ့်ကျင့်သိက္ခာ စင်ကြယ်မှု သီလဝိသုဒ္ဓိကို ထိန်းသိမ်းသည် မည်၏။

ကိုယ်ကျင့်သိက္ခာ ဖြူစင်လည်သည်နှင့်အမျှ စိတ်က အာရုံနောက်သို့ မလိုက်ရတော့ဘဲ အာရုံက စိတ်၌ အလိုလိုထင်လာ၏။ ထိုအခါ သတိသည် ထိမှု သမ္မဇညနှင့် ယှဉ်တွဲလာသည် မည်၏။

သတိသည် သမ္မဇည်နှင့် ယှဉ်တွဲလာပါက ဝီရိယကလည်း ဆိုင်ရာ အာရုံများကို ထောက်ပံ့လာ၏။ သမာဓိကလည်း ဆိုင်ရာအာရုံများကို စုစည်းလာ၏။ ထိုအဆင့်သို့ ရောက်လာပါက၊ သတိသည် စိတ်ဓာတ်ခိုင်မာ စင်ကြယ်မှု စိတ္တဝိသုဒ္ဓိကို ထိန်းသိမ်းသည် မည်၏။

သီလဝိသုဒ္ဓိအရ ကိုယ်ကျင့်သိက္ခာလည်း ဖြူစင် မြင့်မြတ်လာပြီး၊ စိတ္တဝိသုဒ္ဓိအရ စိတ်ဓာတ်လည်း ခိုင်မာလာပြီဆိုပါက ရှေ့ဆက်၍ တရား အားထုတ်ပါလျှင် ကလျာဏပုထုဇဉ် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဟူ၍ အစဉ်အတိုင်း ဖြစ်လာပြီး အတုမဲ့ ချမ်းသာကို ရရှိလေတော့၏။ ဒုစရိုက်ဟူသမျှမှ မြစ်ပြတ်လွတ်တော့၏။ ထိုအခါ ထိုပုဂ္ဂိုလ်မျိုး၌ အတ္တလွန်ကဲမှု ဟူ၍ လုံးဝမရှိတော့ဘဲ သူတစ်ပါးအတွက်သာ ဖြစ်တော့၏။

ထိုပုဂ္ဂိုလ်များ၏ သေခြင်းကို ပိုင်းခြား၍ ရ၏။ သောတာပန် ဖြစ်လျှင် အလွန်ဆုံး ခုနစ်ဘဝသာ သေ၏။ ထို့နောက် နိဗ္ဗာန်ကို မျက်မှောက်ပြုပြီး ဖြစ်သဖြင့် မသေတော့။

အကျဉ်းအားဖြင့် အရိယာပုဂ္ဂိုလ် ဟူသမျှသည် မသေရာနိဗ္ဗာန်ကို မျက်မှောက်ပြုပြီး ဖြစ်သဖြင့် ဘဝကို ပိုင်းခြား၍ ရသောကြောင့် သမ္မုတိသစ္စာ အနေဖြင့် သေသည်ဟု ဆိုရသော်လည်း ပရိယာယ်အားဖြင့်မူ မသေသူများ ဖြစ်ကြ၏။

အန္ဓ ပုထုဇဉ်များသည် ဘဝပေါင်းမည်မျှကုန်မှ နိဗ္ဗာန် ရောက်မည်ဟု ဘဝကို မပိုင်း ခြားနိုင်သောကြောင့် အသက်ရှင်နေသည်ဟု ဆိုရသော်လည်း သေခြင်း သုံးမျိုးဖြင့် သေသူများ ဖြစ်ကြ၏။ ထို့ကြောင့် သာမာဝတီ အုပ်စုသည် သေသော်လည်း မသေသူများ ဖြစ်ကြ၏။ မာဂဏ္ဍီအုပ်စုသည် ရှင်သော်လည်း သေသောသူများ ဖြစ်ကြ၏။

(ဦးရွှေအောင်၏ - သာမာဝတီဆောင်းပါးမှ)

●

## ဆင်းရဲရခြင်းအကြောင်းအရင်း

ဗုဒ္ဓက ခိုးသောသူ သို့မဟုတ် ခိုးသောနိုင်ငံ ဆင်းရဲမည်ဟု ဟောခဲ့၏။ ဆင်းရဲသော နိုင်ငံအများစုအကြောင်း လေ့လာကြည့်လိုက်လျှင် ပြည်သူအစ အုပ်ချုပ်သူအဆုံး အများစုမှာ သူခိုးများသာ ဖြစ်နေသည်ကို တွေ့ရ၏။ လက်တွေ့ဖြစ်ရပ်တစ်ခုကို တင်ပါမည်။ ဆရာကြီး ဦးအောင်သင်းနှင့် တပည့်များ တည်ထောင်ထားသည့် အဖြူရောင်မေတ္တာ ဟူသော အသင်းတစ်သင်းရှိ၏။

အများစုသည် ကျောင်းဆရာ၊ ကျူရှင်ဆရာလေးများသာ ဖြစ်သည်။ သူတို့လစာထဲမှ တတ်နိုင်သမျှ ဖဲ့ထုတ်၍ ပျက်စီးနေသော စာသင်ကျောင်းများကို ပြင်ပေးကြသည်။ ကျောင်းမနေနိုင်သော ကလေးများကို ကျောင်းထား ပေးကြသည်။ စာအုပ်စာတမ်းများ လှူကြသည်။

"လူခါးတောင်းကျိုက်ရင် ကုလီပဲ ဖြစ်မယ်၊ ပညာခါတောင်း ကျိုက်မှ အမြင့်ကို ရောက်မယ်" ဟူသော

ဆရာကြီး ဦးအောင်သင်း၏ ဩဝါဒတိုင်း ပညာခါးတောင်းကျိုက် ကြခြင်းပင် ဖြစ်၏။

သို့သော် အလှူခံကများပြီး အလှူရှင်က နည်းလေသောအခါ သူတို့ အဖွဲ့သည် စာရေးဆရာများထဲ ချဉ်းကပ်ပြီး စာမူတောင်းကြ၏။ စာအုပ်ထုတ်ပြီး အမြတ်ငွေဖြင့် လှူနိုင်ရန်ဖြစ်သည်။

စာရေးသူက စာအုပ်နှစ်အုပ် လှူပေးလိုက်သည်။ အမြတ်ငွေသိန်း ၁၅၀ ကျော် သူတို့ ရရှိသွားသည်။ တစ်ဖန် ထိုစာအုပ်ထဲမှ ဗုဒ္ဓဘာသာတိုင်း သိသင့်သော ဝတ္ထုတို သုံးပုဒ်ကို ပေါင်း၍ ဇာတ်ညွှန်းရေးပြီး 'ကံ' ဟူသော အမည်ဖြင့် ဗီဒီယိုတစ်ကား ရိုက်ကြသည်။

ဇာတ်ညွှန်းလည်း ကောင်း၊ သရုပ်ဆောင်လည်း ကောင်း၊ ရည်ရွယ်ချက်လည်း ကောင်းသောကြောင့် အတော်ပေါက်သွား၏။ မြန်မာနိုင်ငံသာ၊ ခိုးတတ်သော နိုင်ငံမဟုတ်လျှင်၊ သူခိုးအားပေးသောနိုင်ငံ မဟုတ်လျှင် သိန်းပေါင်း ရာနှင့်ချီရပြီး ပရဟိတအလုပ်များ လုပ်နိုင်မည် ဖြစ်၏။ သို့သော် ခိုးကူး ခွေများကြောင့် အရင်းတောင် အနိုင်နိုင် ပြန်ရကြသည်။

ခိုးကူးသူမှာသာ အပြစ်ရှိသည်မဟုတ်။ ခိုးကူးခွေမှန်း သိလျက်နှင့် ခွေငှားသူ၊ ဝယ်သူများလည်း အပြစ်ရှိပေသည်။ အဘယ့်ကြောင့်နည်း၊ အဲဒီလို ခွေကောင်းတွေ ထွက်ရင် များများသာ ခိုးကူးရောင်းပါ။ ကျွန်တော်တို့ အားပေးပါမယ်ဟု သူခိုးအားပေး ဖြစ်သောကြောင့်ပင်တည်း။ ခိုးကူးခွေများ ပျောက်သွားဖို့အတွက် အဓိက တာဝန်ရှိသူမှာ စားသုံးသူ ဟုခေါ်ရမည့် ပြည်သူများပင် ဖြစ်၏။ ခိုးကူးခွေကို ဝယ်သူ၊ ငှားသူမရှိလျှင် ကူးသူလည်း မရှိနိုင်တော့ပါ။

ထားဝယ်မြို့သူ၊ မြို့သားများကို ယဉ်ငေး မဟာစည်ရိပ်သာ ဆရာတော်ကြီးက အမဲသား မစားသင့်ကြောင့်၊ ဘုရားရှင် ကိုယ်တော်တိုင်က မိဘ အသားနှင့်တူ၍ မစားရန် ဟောကြားခဲ့ကြောင်း ဆုံးမသဖြင့် တစ်နယ်လုံး

အမဲသား မစားကြတော့ပေ။ ထို့ကြောင့် ထားဝယ်နယ်တွင် အမဲသတ်လိုင်စင် ချပေးလည်း ဆွဲမည့်သူ မရှိတော့ပေ။ အနုပညာရှင်များ၊ ထုတ်လုပ်သူများ၏ ဉစ္စာကို ခိုးရာရောက်သော ခိုးကူးခွေများကို မငှားခြင်း၊ မဝယ်ခြင်းဖြင့် မိမိ၏ စာရိတ္တကို ထင်ရှားပြသင့်သည်။

အမေရိကန်နိုင်ငံ၊ ဆန်ဖရန်စစ္စကိုတွင် ဟောပြောသော ဇာဂနာ၏ ခွေကိုကြည့်မိသည်။ ဇာဂနာသည် ဗိုလ်ချုပ်အောင်ဆန်း ဇာတ်ကားရိုက်ရန် ရန်ပုံငွေ ပေးလှူပွဲအတွက် ထိုအရပ်သို့ ရောက်နေခြင်း ဖြစ်သည်။ သူတည်းသော အိမ်မှ သူငယ်မလေးတစ်ယောက်၏ ကွန်ပျူတာထဲတွင် ရုပ်ရှင်ပညာအတွက် အထောက်အကူပြုမည့် အချက်တစ်ချက်ကို တွေ့ရသဖြင့် ဇာဂနာက သူ့ ကွန်ပျူတာထဲသို့ ထည့်ပေးရန် ပြောလိုက်ရာ ကလေးမလေးက. . .

“ဟာ. . . အဲဒါဆို မူလပိုင်ရှင်ရဲ့ မူပိုင်ခွင့်ကို မတရားယူရာ ကျမှာပေါ့၊ ကူးမပေးပါရစေနဲ့။

ဟုပြောသည် ဟူ၏။ အမေရိကန်အများစု ဘာ့ကြောင့် ချမ်းသာ နေကြသလဲဟူသော အဖြေကို ၁၅ နှစ်ပင် မပြည့်သေးသော ကလေးမလေးက ပေးလိုက်ပေပြီ။

●

**အဗ္ဗဒူကလန် (အိန္ဒိယနိုင်ငံ သမ္မတကြီး) ရဲ့ သေတ္တာနှစ်လုံး**

အိန္ဒိယနိုင်ငံတွင် အဗ္ဗဒူကလန် အမည်ရှိ အစ္စလာမ်ဘာသာဝင် အမျိုးသားကြီး တစ်ဦး သမ္မတဖြစ်ခဲ့ဖူးသည်။ အိန္ဒိယသည် ဟိန္ဒူဘာသာဝင် နိုင်ငံဖြစ်သော်လည်း အစ္စလာမ်ဘာသာဝင် တစ်ဦးကို အဘယ့်ကြောင့် သမ္မတ ရာထူး ပေးရလေသနည်း။

တစ်ခါတွင် နယ်ဘက်မှ သမ္မတကြီး၏ အမျိုးများ အလည် ရောက်လာကြရသည်။ ရိုးရိုးတည်းခိုခန်းများမှာသာ နေစေပြီး သူ့သမ္မတ လစာထဲက ကျသင့်ရာကို ရှင်းသည်။ နိုင်ငံတော်ပိုင် အဆောက်အဦးတစ်ခုမှ အသုံးမပြုသည်ကို သတိပြုပါ။ နှစ်စေ့၍ သမ္မတအိမ်တော်မှ ပြန်ရသောအခါ အဗ္ဗဒူကလန်က သေတ္တာနှစ်လုံးကို အိမ်တော်ရှေ့မှာ ချထားပြီး ပြည်သူကို ယခုလို ရဲရဲရင့်ရင့် ပြောသည်။

"ကျွန်တော် သမ္မတ တစ်ယောက်အနေနဲ့ ဒီအိမ်တော်ပေါ်ကို တက်လာတုန်းကလည်း၊ အဝတ်သေတ္တာနဲ့ စာအုပ်သေတ္တာ ဒီနှစ်လုံးပဲ ပါပါတယ်။ အခု ကျွန်တော် တာဝန်ပြီးဆုံးလို့ ကိုယ့်အိမ်ကို ပြန်ပါတော့မယ်။ သေတ္တာကတော့ ဒီနှစ်လုံးပါပဲ။ ဘယ်သူမဆို လာကြည့်လို့ရပါတယ်"

မြန်မာနိုင်ငံကြီး တိုးတက်ချမ်းသာချင်သလား၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ၌ အဗ္ဗဒူကလန်လို လူကြီးတွေ များများပါဖို့ လို၏။

ဝန်ကြီးမလုပ်ခင်က ဥစ္စာမစွည်းမည်မျှ ရှိပါသည်။ ယခု ဝန်ကြီးတာဝန်မှ နားပါပြီ၊ ဥစ္စာပစ္စည်း ဤမျှ ဤမျှပါပဲဟူ၍ ရဲရဲဝံ့ဝံ့ပြည်သူကို ချပြရဲပြီဆိုလျှင်တော့. . .

မှန်ကန်မှ ရဲရင့်ပါသည်

ချမ်းသာကိုယ်စိတ် မြဲကြပါစေ

**မေတ္တာရှင်**

**(ရွှေပြည်သာ)**